

တက္ကသိုလ်

# နေလင်းအောင်

## ဖြေရာမဲ့ သိုင်းရဲ့ကမ္ဘာ

ကုလုံ၏ ဝူးလင်ကူစု

စာစဉ်
၄



## အခန်း(၂၂)
## ထန်းပလက်ကို နတ်ရုပ်ထင်သူ

---

ချစ်ချစ်သည် ပန်းချီကားမှမျက်လုံးအစုံကိုလွှဲဖယ်ကာ ဝမ်းလင်းဝါးဘက်သို့လှည့်၍ မေးလိုက်၏။

"ကျွန်မမေးမယ်၊ ဟောဒီပန်းချီကားထဲက အမျိုးသမီးဟာ ရှင်နဲ့ဘယ်လိုပတ်သက်သလဲ"

"ကျုပ်ရဲ့ ဆရာသမားပါ"

ချစ်ချစ်မှာ မျက်မှောင်ကုတ်သွားတော့၏။

"မဟုတ်ဘူး ရှင်ညာတာ ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေပါ။ ရှင်ကသူ့ကို မေမေလို့ခေါ်တာ ကျွန်မနားနဲ့ဆတ်ဆတ်ကြားလိုက်တယ်"

ဝမ်းလင်းဝါးက စိတ်ရှည်လက်ရှည် ပြုံးလိုက်သည်။

"ဒီလိုပါ ကျုပ်ဆရာမှာ သားမရှိပါဘူး။ ဒီတော့ကျုပ်ကို သားတစ်ယောက်လိုပဲ သဘောထားပါတယ်၊ ဒါကြောင့်မို့ ကျုပ်ကလည်း

မေမေလို့ခေါ်တာပါ၊ ကျုပ် ကြောက်ရပုံကိုကြည့်ပါလား၊ အမေ တစ်ယောက်ကိုကြောက်ရတာထက် ပိုပါတယ်ဗျာ"

"ကောင်းပြီ သူ့မှာ သားအရင်းမရှိဘူးလား"

"ရှိခဲ့ပါတယ် သူ့မှာသားတစ်ယောက်ရှိခဲ့ပါတယ် ဒါပေမယ့် ပျောက်ကွယ်သွားခဲ့ပါတယ်"

ချစ်ချစ်ထံမှ မေးခွန်းများမပေါ်လာတော့ပေ၊ စဉ်းစားနေဟန် တူသည်။ အတန်ကြာမှ-

"ကျွန်မကို ပထမမြေအောက်ခန်းထဲမှာ ထည့်ထားပြီးမှ နောက်ပိုင်း ရှင်က ကျွန်မကိုလွှတ်လိုက်တာမဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီတုန်းက ကျွန်မဟာ ခေါင်းဆိုင်ထဲက ထွက်ပြေး လွတ်မြောက်လာတယ်၊ ဒီအချက်ကို ရှင်ငြင်းဦးမလား"

"ဟင့်အင်း ကျုပ်မငြင်းပါဘူး"

"ဒါဖြင့် ထင်အင်းရှန်တို့လူစုကို ရှင်တို့ဖမ်းခေါ်လာတာတွေ မြေအောက်ခန်းမှာချုပ်နှောင်ထားတာတွေကို ရှင်ဝန်ခံတယ်ပေါ့"

"ဝန်ခံပါတယ်"

ချစ်ချစ်မှာ ထခုန်ရင်း အော်ဟစ်လိုက်တော့သည်။

"နေပါဦး ချစ်ချစ်ရယ်၊ ကျုပ်ပြောတဲ့စကားလည်း သေသေ ချာချာနားထောင်ပါဦး။ ဘယ်လိုကိစ္စမျိုးမဆို အပေါ်ယံကြောကြည့်ပြီး မဆုံးဖြတ်ပါနဲ့၊ ကိစ္စတစ်ခုကိုနှိုက်နှိုက်ချွတ်ချွတ် မလေ့လာဘဲနဲ့ မဆုံးဖြတ်ပါနဲ့၊ နှိုက်နှိုက်ချွတ်ချွတ်မလေ့လာဘဲ ဆုံးဖြတ်လို့ကတော့ ဘယ်တော့မှ အမှန်တရားကိုမရနိုင်ဘူး။ နောက်ပြီး တစ်ယောက်ကို



တစ်ယောက် သံသယအကြည့်နဲ့ကြည့်ပြီး အထင်လွဲကုန်လိမ့်မယ်"

စင်လုံ၏စကားက ချစ်ချစ်အား အပ်နှင့်ထိုးလိုက်သကဲ့သို့ ဆတ်ခနဲဖြစ်သွားစေ၏။

"ဘာပြောတယ်ရှင့်၊ ကျွန်မက အထင်လွဲနေတယ် ဟုတ်လား"

"ဟုတ်တယ် အထင်လွဲနေတယ်၊ အဖြစ်မှန်တွေသိသွားပြီ ဆိုရင်တော့ မင်းအထင်မလွဲနိုင်တော့ပါဘူး"

"ကဲ- ပြောစမ်းပါဦး၊ ရှင့်အဖြစ်မှန်တွေကို"

"မိတ်ဆွေကြီးဝမ်းလင်းဝါးဟာ မင်းထင်သလို ကောက်ကျစ် ယုတ်မာတဲ့လူဆိုးကြီးတစ်ယောက်မဟုတ်ပါဘူး၊ သူ့ဆရာကလည်း မင်း ထင်သလောက် မဆိုးပါဘူး"

"တော်စမ်းပါ၊ ရှင်ကသာ ထန်းသလက်ကိုနတ်ရုပ်ထင်နေတာ၊ သူတို့တတွေ မတော်မတရားလုပ်နေတာတွေ၊ မဟုတ်တယုတ် လုပ်နေ တာတွေကို ကျွန်မ ကိုယ်တွေ့မျက်မြင် တွေ့ခဲ့တဲ့သူပါ၊ ဒါကို ရှင်က ဘာဖြစ်လို့လာဖုံးဖိနေရတာလဲ၊ ကျွန်မလို ကိုယ်တွေ့မျက်မြင်မဟုတ်တဲ့ သူကသာ ရှင်တို့ရဲ့ ဖြီးလုံးဖြန်းလုံးတွေကို လက်ခံမှာရှင့်၊ ကျွန်မက တော့ လက်မခံသေးဘူး"

စင်လုံက သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်၏။

"နားထောင်ပါဦးလေ၊ တဖြည်းဖြည်းတော့ မင်းလက်ခံလာ မှာပါ၊ အလင်းရောင်လည်း ရောက်လာရော အမှောင်လည်းပြေးရတာပဲ၊ တကယ့်အဖြစ်မှန်တွေသိတဲ့အခါကျတော့ မင်းလက်ခံသွားမှာကို ကျုပ် အသေအချာသိပါတယ်၊ နားထောင်ပါဦး"

စင်လုံက ထိဝါးဟာအား တစ်ချက်လှမ်းကြည့်လိုက်ရင်း-

"မင်းတွေ့ခဲ့ရတဲ့အဖြစ်တွေဟာ တကယ့်အဖြစ်မှန်တွေပါပဲ၊ ဒါပေမယ့် ဒီတကယ်ဖြစ်ရပ်တွေအပေါ်မှာ မင်းရှုမြင်သုံးသပ်ပုံတွေက မှားနေတယ်"

"ပြောစမ်းပါရင်၊ နီဒါန်းတွေ၊ အပျိုးတွေက တယ်မှားတာပဲ၊ ကျွန်မ ဘာတွေအမြင်မှားနေသလဲ ပြော"

"ထိဝါးဟာ၊ ဖန်ချန်းလီနဲ့ ထင်အင်းရှန်တို့ဟာ ပေယန်းမြို့ ကျောက်လိုဏ်ဂူထဲက အဖမ်းခံသွားကြရတာ မဟုတ်ပါဘူး။ ဝမ်းလင်းဝါးရဲ့ဆရာ ကဝ္ဂကံ ကကယ်ထုတ်သွားခဲ့တာပါ။ အဲဒီကနေ ဒီထဲ ပို့ထားတာကလည်း အန္တရာယ်ပေးဖို့မဟုတ်ပါဘူး။ သူတို့ အန္တရာယ်ကင်းကင်းရှင်းရှင်းဖြစ်အောင် ကူညီကယ်တင်တဲ့သဘောပါပဲ"

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ ကိုယ်ပြောတဲ့ စကား အဖြီးအမောက်တည့်ရဲ့လားဆိုတာကော သတိထားမိရဲ့လား။ ရှင်က ပြောတော့ သူတို့ကိုကူညီကယ်တင်တာတဲ့၊ ဘာဖြစ်လို့ မြေအောက်ခန်းထဲထည့်ထားရတာလဲ၊ ရှင်းစမ်းပါဦး"

"ဒါက ဒီလိုပါ၊ ဒီအချိန်မှာ သူတို့ကို အဲဒီအတိုင်းထားတာ သူတို့အတွက်အကောင်းဆုံး၊ အလုံခြုံဆုံးဖို့ပါပဲ၊ အဲဒီလိုမထားဘဲ ပြန်လွှတ်လိုက်ရင် ရန်သူလက်ထဲပြန်ရောက်သွားနိုင်တဲ့ အခြေအနေရှိနေတယ်၊ ဒါပါပဲ"

"နေစမ်းပါဦး၊ ရှင်က ဘာဖြစ်လို့ ဒီအထိတောင် သိနေရတာလဲ"

စင်လုံက အေးအေးချမ်းချမ်းပြုံး၍ပြောလိုက်၏။



"သိတာပေါ့၊ ဝမ်းလင်းဝါးက ကျုပ်ကိုအကုန်ပြောပြထားတာကိုး"

ချစ်ချစ်က မခံမရပ်နိုင်ဖြစ်သွားသည်။

"သူက ရှင့်ကိုတော့ အမှန်အတိုင်းပြောပြတယ် ဟုတ်လား။ ကျွန်မကိုတော့ မပြောပြဘူးပေါ့၊ ကျွန်မကို အဖြစ်မှန်ပြောပြလိုက်ရင် သေသွားမှာမို့လို့လား"

ဝမ်းလင်းဝါးက ကြားဖြတ်ပြောလိုက်သည်။

"ဒီလိုပါ- ဒီလိုပါ၊ သူ့ကိုလည်း ပြောပြချင်လွန်းလို့ ပြောပြလိုက်တာမဟုတ်ပါဘူး။ ဒီလို ပြောမပြရင် မဖြစ်တော့တဲ့ အခြေအနေမို့ ပြောပြလိုက်ရတာပါ"

ချစ်ချစ်မှာ မျက်မှောင်ကုတ်သွားတော့၏။ သူတို့ပြောသည့် အခြေအနေကို ချစ်ချစ်အနေဖြင့်လုံးဝနားမလည်နိုင်။

"ရှင်က ဘာကိုဆိုလိုတာလဲ၊ ရှင်ပြောတဲ့အဓိပ္ပါယ်ကို ကျွန်မ လုံးဝနားမလည်ဘူး"

ဝမ်းလင်းဝါးက ဣန္ဒြေရရပင်ရှင်းပြသည်။

"မနေ့က ခင်ဗျား မကျေမနပ်ဖြစ်နေတာနဲ့ ကျုပ်တို့အားလုံး ခေါင်းဆိုင်ကိုသွားစုံစမ်းကြတယ်မဟုတ်လား"

"အဲဒါ ဘာဖြစ်သလဲ"

"အဲဒီခေါင်းဆိုင်မှာ ခင်ဗျားအနေနဲ့ ဘာသဲလွန်စမှမတွေ့ခဲ့ပေမယ့် စင်လုံကတော့ တွေ့သွားတယ်ဗျ၊ ကျုပ်က ဒီမြင်လှုတွေကို ဝိဝိရိရိဖုံးကွယ်နိုင်ပေမယ့် စင်လုံကိုတော့ မဖုံးကွယ်နိုင်တော့ဘူး"

ချစ်ချစ်မှာ အလွန်တရာ အံ့သြသွားတော့သည်။

"ရှင်က ဘာတွေများတွေ့ခဲ့လို့လဲ၊ ကျွန်မတို့ကတော့ ဘာမှ မတွေ့ပါလား။ မတွေ့လို့ ကျွန်မ အရှုံးဖြစ်ခဲ့ရတာပေါ့"

စင်လုံက ချစ်ချစ်သိလိုသမျှ အေးဆေးစွာရှင်းပြသည်။

"ကျုပ်တို့အားလုံး ခေါင်းဆိုင်တွေကိုသွားပြီး စုံစမ်းကြတုန်းက ကျုပ်က နံရံမှာ အိုးမည်းတွေပေနေတာကို သတိပြုမိခဲ့တယ်၊ အိုးမည်းတွေ ဒီလောက်ပေနေခြင်းအားဖြင့် မီးကိုအသုံးပြုတဲ့နေရာတစ်ခုခုတော့ မှချရှိရမယ်-

ဥပမာအားဖြင့် မီးဖိုလို မီးဖိုချောင်လိုနေရာမျိုးပေါ့၊ ဒါပေမယ့် ဒီခေါင်းဆိုင်ထဲမှာ အဲဒါတွေတစ်ခုမှမရှိဘူး။ ဒီတော့ ဒီအိုးမည်းတွေဟာ ဘာဖြစ်လို့ ဒီနေရာရောက်နေရတာလဲဆိုတာ တွေးရတော့တာပေါ့"

ချစ်ချစ်သည် စင်လုံ၏စကားကို ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်နေသည်။

"နောက်တစ်ချက်ရှိသေးတယ်၊ အဲဒီအချက်က အတော်ကလေး အရေးပါတဲ့အချက်ပဲ၊ ခေါင်းဆိုင်တွေမှာ ထူးထူးခြားခြား အနံ့အသက်တစ်မျိုးရှိတတ်တယ်ဆိုတာ မင်း နားလည်သလား။ အရင့်အရင်တုန်းက သတိပြုမိခဲ့ဖူးသလား"

ချစ်ချစ်က ခေါင်းခါပြသည်။

"ခေါင်းဆိုင်တွေမှာ အဲဒီ ထူးထူးခြားခြား အနံ့အသက်ဟာ ရှိနေတတ်တယ်၊ ခေတ္တခဏဖွင့်တဲ့ဆိုင်မျိုး အသစ်စက်စက် ဖွင့်တဲ့ဆိုင်မျိုးဆိုရင်တော့ ဒီအနံ့အသက်မျိုးကရခဲပါတယ်၊ ကြာရှည်ဖွင့်ထားတဲ့ဆိုင်တွေမှာတော့ ဒီအနံ့အသက်မျိုးက ပြေးမလွတ်တမ်း



ထွက်နေတတ်တာပဲ၊ ကျုပ်တို့ ဝင်စစ်ဆေးတဲ့ဆိုင်တွေမှာတော့ ဒီအနံ့အသက်လုံးဝမရဘူး။ တခြားအနံ့အသက်ပဲရတယ်၊ ဒီတော့ ကျုပ်စိတ်ထဲမှာ ဒီခေါင်းဆိုင်ကိုသံသယဝင်လာမိတယ်၊ ဒါတွေဟာ အဓိကကျတဲ့အချက်တွေပဲ၊ ဒါတွေအပြင် တခြားသံသယဝင်စရာ တစ်ချက်လဲ တွေ့ခဲ့ရသေးတယ်"

"ဟင်- နောက်ထပ်တွေ့သေးတယ် ဟုတ်လား"

"ဟုတ်တယ် တွေ့သေးတယ်၊ ခေါင်းဆိုင်ထဲမှာရှိတဲ့ ပစ္စည်းတွေဟာ များသောအားဖြင့် သူ့နေရာနဲ့သူ ရှိနေတာမှန်ပေမယ့် ဆိုင်ရှေ့က စားပွဲရှည်ကတော့ နည်းနည်းသက်သာမကောင်းစရာဖြစ်နေတယ်လို့ ယူဆရတယ်၊ ပြောချင်တာက အားလုံးနေသားတကျရှိနေတဲ့ ပစ္စည်းတွေကြားထဲမှာ ဒီစားပွဲတစ်လုံးပဲ အထာမကျဖြစ်နေတယ်ဆိုတာပဲ"

ဝမ်းလင်းဝါးက ဝင်၍ထောက်ခံလိုက်၏။

"ဟုတ်ပါတယ်၊ ဒီစားပွဲရှည်ကို ကျုပ်က ညတွင်းချင်းလုပ်နိုင်းထားလိုက်တာပါ"

ချစ်ချစ်က မကျေမနပ်ဖြင့်ဝင်ပြောသည်။

"ရှင်တို့ ဘာတွေပြောနေတာလဲ၊ ကျွန်မ နားလည်အောင် ပြောမှဖြစ်ရင်လဲ နားလည်အောင်ပြောစမ်းပါ"

စင်လုံက ပြုံး၍ပြောသည်။

"မင်း နားလည်အောင် အတိုဆုံး အရှင်းဆုံးပြောရရင်တော့ ငါတို့သွားကြည့်တဲ့ခေါင်းဆိုင်ဟာ မင်းထွက်ပြေးလွတ်မြောက်လာခဲ့တဲ့ ခေါင်းဆိုင် မဟုတ်ဘူးဆိုတာပဲ"

"ရှင်- "

"မင်းထွက်ပြေးလွတ်မြောက်လာတဲ့ ခေါင်းဆိုင်က ညာဘက်ခန်းမှာရှိနေတယ်၊ ဝမ်းလင်းဝါးက တို့ သွားရာမယ်ဆိုတာ ကြို့တင်ရိပ်မိထားတော့ ဘယ်ဘက်ခန်းမှာရှိနေတဲ့ ဖယောင်းတိုင်ဆိုင်နဲ့ နေရာချင်း အခန်းချင်းပြောင်းထားလိုက်တဲ့သဘောပဲ-

ခေါင်းဆိုင် ပစ္စည်းတွေထားတဲ့ဆိုင်ဟာ ခေါင်းဆိုင်အစစ်မဟုတ်ဘူး၊ နေရာချင်းပြောင်း ပုံမှားရိုက်ထားတဲ့ဆိုင်ပဲ၊ မင်းသဘောပေါက်ပြီလား"

ချစ်ချစ်သည် ယခုမှ သဘောပေါက်သွားသည်။

စင်လုံ၏ မျက်စိအမြင်သန်မှုနှင့် တွေးခေါ်စဉ်းစားတတ်မှုကိုလည်း အထင်ကြီးသွားမိတော့၏။

"ရှင်က တကယ်အမြင်သန်တာပဲ"

ထိုစဉ်ချစ်ချစ်သည် တစ်စုံတစ်ရာအားသတိရသွားပြီး စင်လုံအား ထပ်မေးလိုက်၏။

"ဒါဖြင့်ရှင် ရှင်က မြေအောက်ခန်းကို သွားတဲ့ဝင်ပေါက်ကိုတွေ့လိုက်တယ်ပေါ့"

"တွေ့တာပေါ့၊ ဆိုင်ခန်းချင်းပြောင်းထားပြီဆိုတာ ရိပ်မိလိုက်တာနဲ့ တဘက်အခန်းကိုရှာရတော့တာပေါ့၊ ဒီမြေအောက်ခန်းသွားတဲ့ဝင်ပေါက်က ဘယ်ပြေးတော့မလဲ"

"အဲဒီ မြေအောက်ခန်းထဲ ရှင် ဆင်းမကြည့်ဘူးလား"

"ဘယ့်နယ့် ဆင်းမကြည့်ဘဲနေရမလဲ၊ ဆင်းကြည့်တာပေါ့"

"ဒါဖြင့် ရှင်လူသန်ကြီးနဲ့ မတွေ့ဘူးလား"

"တွေ့ရတယ်လေ- သူ့ကို သေးကြောပိတ်ပြီး ကျော်သွားရတာပေါ့၊ သိပ် မခက်လှပါဘူး"



"နောက်ကော ဘာတွေ့သေးသလဲ"

"မြေအောက်ခန်းရဲ့ ထွက်ပေါက်မှာ ဝမ်းလင်းဝါးရဲ့ဆရာ အမျိုးသမီးကြီးက ထိုင်စောင့်နေတာတွေ့ရတယ်"

ချစ်ချစ်အဖို့ စိတ်အဝင်စားဆုံးသောအခန်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ထိုအမျိုးသမီးကြီးကို စင်လုံ မည်ကဲ့သို့အနိုင်ယူလိုက်သည်ကို အလွန်သိလိုလှ၏။

"ရှင်တို့ ဘယ်လိုတိုက်ခိုက်ကြသလဲ၊ အဲဒီ အမျိုးသမီးကြီးရဲ့သိုင်းပညာ အတော်ကလေးတော်တာကိုတော့ ကျွန်မသိတယ်"

ထိုစဉ် ငြိမ်သက်စွာနားထောင်နေသည့် ဝမ်းလင်းဝါးက ဝင်၍ပြောသည်။

"တိုက်ခိုက်ဖို့မလိုပါဘူးဗျာ၊ ကျုပ်ဆရာက စင်လုံအကြောင်းကို စုံစမ်းထားပြီးပါပြီ၊ စင်လုံဟာ ထူးချွန်တဲ့သိုင်းသမားတစ်ယောက်ဖြစ်သလို အင်မတန်တရားမျှတတဲ့သိုင်းသမားတစ်ယောက်ဖြစ်တယ်ဆိုတာကိုလည်း ကျုပ်ရဲ့ဆရာက ကောင်းကောင်းကြီးယုံကြည်ထားပါတယ်၊ ဒီတော့ ဘာတိုက်ခိုက်စရာရှိတော့သလဲဗျာ၊ စင်လုံ လာတဲ့အခါ သူ့ကိုကြိုဆိုပြီး အကျိုးအကြောင်းရှင်းပြလိုက်တာပေါ့"

ဤစကားများသည် လျို့ဝှက်အဖြစ်အပျက်များအတွက်မှု အလွန်ရှင်းလင်းလှသည့် စကားများဖြစ်ပါသည်။

သို့သော် သူမအနေဖြင့် မည်သို့မျှမကျေနပ်နိုင်ပါ။ ထို့ကြောင့် စင်လုံအား အံကြိတ်ရင်းပြန်မေးလိုက်သည်။

"နေပါဦး- ရှင်ကကျွန်မကို ဘာဖြစ်လို့ ဖွင့်မပြောရတာလဲ၊ ကျွန်မကိုဖွင့်ပြောလောက်အောင် တန်ဖိုးမထားဘူးပေါ့လေ"

"ဒါလား- မင်းကို ဖွင့်ပြောလို့မဖြစ်လို့ ဖွင့်မပြောတာပေါ့ကွာ၊ ဖွင့်ပြောရင် ပြဿနာကမရှင်းတော့တဲ့ ရှုပ်သထက်ရှုပ်ကုန်တော့ မှာပေါ့"

ချစ်ချစ်က သူမ၏နှုတ်ခမ်းကိုမဲ့ရွဲ့လိုက်သည်။

"တော်ပါပေရဲ့ရှင် တော်ကြပါပေတယ်၊ တော်တော်လည်း အားကိုးယုံကြည်လောက်တဲ့ လူကြီးမင်းတွေပါပဲ၊ ကျွန်မကို ဒီလို ဖုံးကွယ်လိုက်ရတော့ ရှင်တို့ ပိုပြီးအရသာရှိတယ်ဆိုပါတော့လေ"

စင်လုံမှာ လုံးဝစကားမဟတော့ချေ။

ချစ်ချစ်တစ်ယောက် ဤသို့ အစပျိုးလာလျှင် ဆက်တိုက် ရန်စကားကိုသာပြောတော့မည်ကို စင်လုံကောင်းစွာသိ၏။

သူမနှင့်ဖက်၍ ရန်စကားပြောမည့်သူအဖို့ စကားမျိုးစုံ တတ်ထားဖို့ လိုပေလိမ့်မည်။ စင်လုံကိုယ်တိုင်က ဤကဲ့သို့ ရန်စကားမျိုး လုံးဝမပြောတတ်၊

ထို့ကြောင့် သူ့အဖို့ တိတ်တိတ်နေခြင်းသာ အကောင်းဆုံး ဖြစ်သည်ဟူ၍ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ချစ်ချစ်သည် စင်လုံတယောက် ရှေ့နှုတ်ပိတ်လုပ်နေသည်ကို တွေ့ရသောအခါ ဝံကြောင်ကလေးဘက်သို့ဦးလှည့်သွားလေတော့၏။

"ဟင်း- ရှင်တို့သုံးယောက် အရက်သောက်ပွဲ လုပ်တယ် ဆိုတာက ကျွန်မကိုပေါင်းပြီး လိမ်လိုက်ကြတာပေါ့လေ ဟုတ်လား"

ဝံကြောင်ကလေးမှာလည်း ချစ်ချစ်အကြောင်း အတော် အတန်သိနေပြီဖြစ်၍ ဖြေရှင်းရမှာခပ်လန့်လန့်ဖြစ်နေသည်။



ထို့ကြောင့် အဖြေမပေးနိုင်ဘဲ ချောင်းတဟွတ်ဟွတ်ဆိုးနေ လေတော့သည်။

ချစ်ချစ်သည် ဝံကြောင်ကလေးတစ်ယောက် ချောင်းဆိုးနေပုံ ကို ကြည့်ရင်း တဖြည်းဖြည်းဒေါသထွက်လာတော့၏။

ဝံကြောင်ကလေးရှေ့သို့ ဒေါမာန်ပါပါဖြင့်သွားရပ်လိုက်ပြီး ခါး ထောက်ကာမေးလိုက်သည်။

"ခုမှ ချောင်းလာဆိုးမနေနဲ့၊ ရှင်အရက်မူးတယ်ဆိုတာလဲ လိမ်ဆင်ကြီးမဟုတ်လား။ ရှင်အရက်မမူးဘဲနဲ့ မူးချင်ယောင်ဆောင်ပြီး ကျွန်မကို သက်သက်လိမ်နေတာ မဟုတ်လား။ ကျွန်မကို အရူးလုပ် နေတာ မဟုတ်လား"

ဝံကြောင်ကလေးမှာ စကားပြန်မပေးတော့လျှင် လုံးဝ မဖြစ် နိုင်တော့သည့်အခြေသို့ ဆိုက်ရောက်လာသည်။

ထို့ကြောင့် မတတ်သာသည့်အဆုံး ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောရတော့သည်။

"ကျုပ်- ကျုပ်- မမူးဘူး မဟုတ်ပါဘူးဗျာ၊ နည်းနည်းတော့ မူးနေတာပါပဲ၊ ဒါ- ဒါ- ဒါပေမယ့်- "

"တော်စမ်းပါ၊ ရှင် ဘာပေါက်ကရတွေလျှောက်ပြောဦး မလို့လဲဟင်၊ အခုမှ မိုးကြိုးပစ်ထန်းလက်ကာဆိုတာလို ဘာမှမရေရာ တဲ့ အကြောင်းပြချက်တွေနဲ့ဖြေရှင်းဖို့ ကြိုးစားမနေနဲ့၊ ရှင်တို့ ကျွန်မ ကိုလိမ်ကြတာ၊ ဘာဖြစ်လို့ ကျွန်မအရက်ကွဲအောင် ရှင်တို့ယောကျ်ား ရင့်မကြီးတွေက လုပ်ကြရတာလဲလို့"

ဝံကြောင်ကလေးမှာ တဖြည်းဖြည်း နောက်ဆုတ်သွား

တော့၏။

ချစ်ချစ်၏ ပီးတောင်ပေါက်ကွဲသကဲ့သို့သောဒေါသမျိုးကို ဝံကြောင်ကလေးအနေဖြင့် တွေ့ဖူးကြုံဖူးထားသဖြင့် ဤသို့ကြောက်လန့်နေသည်မှာလည်း အဆိုးမဆိုသာပေ။

သူသည် စင်လုံ၏နောက်ကျောသို့ ကွယ်၍ရပ်နေလိုက်၏။ စင်လုံ၏အကာအကွယ်သာလျှင် ချစ်ချစ်၏ရန်မှလွတ်နိုင်ပေလိမ့်မည်။

ဝံကြောင်ကလေးက-

"ကဲ- လုပ်စမ်းပါဦးဗျာ၊ ခင်ဗျားပဲ သူ့ကိုရေလည်အောင် ရှင်းပြလိုက်ပါဦး"

"မလိုဘူး- ရှင်းမပြနဲ့၊ ရှင်တို့ ဘာရှင်းပြမှာလဲ၊ ရှင်တို့ပါးစပ်က ထွက်လာသမျှတွေဟာ အားလုံးအလိမ်အညာစကားတွေချည်းပဲ"

စင်လုံက ဝင်ပြောလာသည်။

"မဟုတ်ပါဘူး ချစ်ချစ်ရယ်၊ ဒီကိစ္စမှာ ဝံကြောင်ကလေးမှာ လုံးဝအပြစ်မရှိပါဘူး"

"ကဲ- ရှင့်ပါးစပ်ကထွက်လာတာပဲ၊ သူ့မှာ လုံးဝအပြစ် မရှိပါဘူးတဲ့၊ ဒီလိုဆို အပြစ်ရှိတဲ့လူတွေရှိသေးတယ်ဆိုတဲ့သဘောပေါ့ ကဲ- ဘယ်သူ့မှာအပြစ်ရှိသလဲ၊ ပြောစမ်းပါဦး"

စင်လုံက စဉ်းစဉ်းစားစားဖြင့်ပြောလိုက်သည်။ စင်လုံ၏ ဟန်ပန်မှာ အလွန်လေးနက်ဟန်ရှိသည်။

"ဒီနေ့ တစ်နေ့လုံး လူတစ်ယောက်ပျောက်နေတာကို မင်း သတိထားမိရဲ့လား"

ချစ်ချစ်မှာ တအံ့တသြဖြစ်သွားတော့၏။



"ဘယ်သူပျောက်နေတာလဲ"

"ကျင်းစုမန်ပေါ့ သူ ဒီနေ့မနက် စောစောကတည်းက ထွက်သွားတာပဲ၊ ဘယ်ကို ထွက်သွားတယ်ဆိုတာ ဘယ်သူမှမသိကြဘူး။ ဘယ်သူ့ကိုမှလည်း အမှာစကားပြောမသွားဘူး။ အခုထက်ထိလည်း ပြန်မလာသေးဘူး"

"အဲဒါနဲ့ ကျွန်မက ဘာဆိုင်လို့လဲ"

"ဆိုင်ပါသော်ကော ချစ်ချစ်ရယ်၊ ကျုပ်က မင်းကိုရှင်းပြပြီ ဆိုပါတော့ သူက ကျုပ်တို့နဲ့အမြဲရှိနေတဲ့လူ၊ သူမကြားဘဲ ရှိပါ့မလား"

"သူ ကြားလို့ ဘယ်ဖြစ်ပါ့မလဲ"

ဝံကြောင်ကလေးကလည်း ဝင်၍ထောက်ခံလိုက်၏။ ချစ်ချစ် တစ်ယောက် ပြေပြေလည်လည်လက်ခံသွားနိုင်ရန် အရေးကြီးသည် မဟုတ်ပါလော။

သူမ မပြေမလည်ဖြစ်နေလျှင် မည်သူမျှ ငြိမ်ငြိမ်သက်သက် နေရလိမ့်မည်မဟုတ်ချေ။

"ကျုပ်တို့က ကျင်းစုမန်ကိုမယုံဘူးမဟုတ်ပါဘူး။ ယုံပါတယ်၊ ခက်နေတာက သူဟာ ရှင်ပျော့ပျော့မြို့စားကြီးရဲ့ ကိုယ်ရံတော်တစ်ယောက်ဖြစ်နေတာပဲ၊ ဒီတော့ သူ့ကိုအတိုင်းအတာတစ်ခုအထိပဲ ယုံကြည်နိုင်တယ်၊ လုံးဝဥဿုံ မယုံကြည်နိုင်ဘူး၊ အဖြစ်အပျက်အားလုံး ကိုတော့ သူ့ကို ပြောပြလို့မဖြစ်ဘူးလေ"

ချစ်ချစ်ကမဲ့ရွဲ၍ စင်လုံအားလှမ်းပြောလိုက်၏။

"တော်စမ်းပါရှင်၊ ရှင်ပြောတဲ့စကား ယုတ္တိရှိသလားဆိုတာ ပြန် စဉ်းစားကြည့်စမ်းပါဦး။ ကျွန်မကိုတော့ ကျင်းစုမန်းရှိနေလို့

မပြောနိုင်ဘူးတဲ့၊ ဒါဖြင့်- ဒီကြောင်စုတ် ကြောင်နှာကိုတော့ ရှင် ဘာကြောင့် ပြောရသလဲ"

စင်လုံကပြုံးလိုက်သည်။ စင်လုံသည် အရေးကြီးသည့်အခါ ဖြစ်စေ၊ အရေးမကြီးသည့်အခါဖြစ်စေ မည်သည့်အခါမျှ ပျာယာခတ်လေ့မရှိပေ။

"သူကတော့ နှုတ်လုံတယ်မဟုတ်လား"

ချစ်ချစ်မှာ ဆွေဆွေခုန်ဒေါပွပြန်လေတော့၏။

"ဟုတ်ပါတယ်- ဟုတ်ပါတယ်၊ ရှင်တို့က လူတော်လူတတ်ကြီးတွေပါ၊ ရှင်တို့ကသာနှုတ်လုံတဲ့လူတွေပါ၊ ကျွန်မကတော့ နှုတ်လည်းမလုံ၊ အင်မတန်လည်း လျှာရှည်တဲ့မိန်းမပါ"

အခြေအနေက ရှင်းရှင်းရှင်းရှင်းရှုပ်ရှုပ်လာသည်။

ချစ်ချစ်၏ ဒေါသသည် အချိန်မရွေးပေါက်ကွဲတတ်သည်ကလည်း အကြောင်းတစ်ကြောင်းဖြစ်နေသည်။

ထို့ကြောင့် ဝံကြောင်ကလေးက အခြေအနေအေးဆေးငြိမ်သက်သွားရန် ကြိုးစားသည့်အနေဖြင့် ပြေရာပြေကြောင်းထပ်မံကြိုးစားလိုက်သည်။

"ကဲပါလေ- ပြီးတာလဲ ပြီးပါစေတော့၊ ခင်ဗျားကိုလည်း ကျုပ်တို့အားလုံးက လေးစားရက်ပါပဲဗျာ၊ စိတ်လည်းဆိုးမနေပါနဲ့တော့၊ ဟုတ်လား"

"ဟင်း-ရှင်တို့ကတော့ ပြောနိုင်တာပေါ့၊ ရှင်တို့ ပေါ့ပေါ့တန်တန်ပြောလိုက်ရင် ပြီးသွားတာပဲလို့ ထင်နေတာပေါ့၊ လေးလေးနက်နက်ထားတဲ့လူက ရှင်တို့ ပေါ့ပေါ့တန်တန်ပြောတဲ့စကားလေးနဲ့ မကျေနပ်



နိုင်ဘူးရှင့်၊ ကျွန်မကတော့ ရှင်ဒုက္ခရောက်နေပြီဆိုပြီး အသက်စွန့်ပြီး ရှင့်ကိုဝင်ကယ်တင်ခဲ့ရတာရှင့်၊ ရှင်သိရဲ့လား"

ချစ်ချစ်၏စကားကြောင့် ဝံကြောင်ကလေးမှာ ခေါင်းငုံ့သွားမိတော့၏။

ချစ်ချစ်အား မလိမ်လိုပါ။

သို့သော် အခြေအနေကလိမ်ရန်ဖန်တီးလာသဖြင့် လိမ်လိုက်ရခြင်းဖြစ်ပါသည်။

ချစ်ချစ်အသက်စွန့်၍ ဤအခန်းထဲသို့ ဝင်လာခြင်းမှာ မိမိအား ကယ်တင်ရန်ဖြစ်ကြောင်းသိလိုက်ရသောအခါ ဝံကြောင်ကလေးအဖို့ မည်သို့မျှစကားမဟနိုင်အောင် ဖြစ်သွားမိတော့သည်။

သူ၏ရင်ထဲ၌ သူ့အားကယ်တင်သည့်အတွက် ကျေးဇူးရှင်အပေါ်လိမ်မိ၍ အားတုံ့အားနာဖြစ်ခြင်းစသည့် ဝေဒနာနှစ်ခုကိုရောမွှန်းခံစားလျက်ရှိနေရတော့၏။

❋

"ရှင်တို့ဟာ ဉာဏ်ပညာကြီးမားတဲ့လူတွေပါ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မလိုမိန်းမသားတစ်ယောက်ထက် ရှင်တို့အားလုံးဟာ ဉာဏ်ပညာရော၊ သိုင်းစွမ်းရည်ပါ သာတဲ့လူတွေပါ"

စင်လုံနှင့် ဝမ်းလင်ဝါးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြတော့၏။

ချစ်ချစ်၏မကျေနပ်ချက်များသည် မပြေနိုင်ဘဲရှိလွန်းလှချေသည်တကား။

ချစ်ချစ်ကမဲ့ပြုံးပြုံးရင်း ဆက်ပြောနေ၏။ သူမ၏မဲ့ပြုံးနောက်ကွယ်တွင် စိတ်ထိခိုက်ခြင်းတို့ပေါ်ထွက်နေသည်။

"ရှင်တို့လိုလူတွေက စိုးရိမ်တကြီး ဖော်ထုတ်ချင်တဲ့စိတ်နဲ့ တွေကရာတွေလျှောက်လုပ်နေတဲ့ ကျွန်မကိုကြည့်ပြီး ရယ်ကြမယ်ဆိုပါတော့၊ ကြိတ်ပြီးတော့ လှောင်ကြမယ်ဆိုပါတော့၊ ဟုတ်လား-"

ချစ်ချစ်၏မျက်ဝန်းအိမ်၌ မျက်ရည်များရစ်ဝိုင်းလာသည်။



သူမသည် မျက်ရည်များကျမလာစေရန် အံကိုတင်းတင်းကြိတ်၍ ထားသည်။

"ရှင်တို့ရဲ့လုပ်ရပ်တွေဟာ ကျွန်မစိတ်ကို ဘယ်လောက်ထိခိုက်စေတယ်ဆိုတာ ရှင်တို့သိကြရဲ့လား"

စင်လုံက ချောင်းတစ်ချက်ဟန့်၍-

"ဒါက ဒီလိုရှိပါတယ်" ဟုစကားစလိုက်သည်။ သူ့စကားမဆုံးသေး။ ချစ်ချစ်၏စူးစူးဝါးဝါးအော်သံက ထွက်ပေါ်လာသည်။

"ရှင်တစ်ခွန်းမှ မပြောနဲ့"

ချစ်ချစ်၏ပါးပြင်သို့ မျက်ရည်များ လိမ့်ဆင်းလာချေပြီ။ စက်ဆုပ်ရွံရှာဖွယ်ကောင်းလှသောလူများအား ရှောင်ရှားလိုသဖြင့် ရှောင်ရှားနေသည့် ပုံဟန်ပေတည်း။

"အခု ကျွန်မထွက်ပြေးသွားတော့မယ်၊ ဘယ်တော့မှ ပြန်မလာတော့ဘူး။ ရှင်တို့နဲ့ ဘယ်တော့မှမျက်နှာချင်းမဆိုင်တော့ဘူး"

ချစ်ချစ်၏စကားများမှာ မပီမသ၊ ဗလုံးဗထွေးဖြစ်လာ၏။ ခံစားရချက်ကြီးမားလှသောကြောင့် ဖြစ်ပေလိမ့်မည်။

သူမက သူတို့အားလုံးကို လက်ညှိုးထိုးလိုက်ပြီး-

"ရှင်တို့အားလုံး ကျွန်မနောက်ကို တစ်ယောက်မှလိုက်မလာကြနဲ့၊ လိုက်လာရင် ကျွန်မကိုယ်ကျွန်မ သတ်သေပစ်မယ်"

စကားဆုံးသွားသောအခါ ချစ်ချစ်သည်ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့၏။

မြင်းတစ်ကောင် သွေးရူးသွေးတန်း ထွက်ပြေးသွားသည့်ပုံနှယ်တည်း။

"ချစ်ချစ်"

ဝံကြောင်ကလေးက ထိတ်လန့်တကြား အော်လိုက်၏။ ချစ်ချစ်သည် နောက်သို့တစ်ချက်မှလှည့်မကြည့်ဘဲ ထွက်ပြေးသွားသည်ကို မြင်လိုက်ရသောအခါ မတ်တတ်ထပြန်ပြင်လိုက်၏။

သို့သော်- စင်လုံက ဝံကြောင်ကလေး၏လက်မောင်းကို ဖမ်းဆွဲလိုက်သည်။

"လိုက်မသွားနဲ့"

"ဗျာ- "

"လိုက်သွားဖို့ မလိုပါဘူးဗျာ"

"အို- သူတစ်ယောက်ထဲထွက်သွားတာကို ကျုပ်တို့က ဒီအတိုင်း လက်ပိုက်ပြီးကြည့်နေသင့်သလားဗျာ၊ တော်ကြာ သူ ဒုက္ခရောက်နေတော့မှာပေါ့"

စင်လုံက သူ၏ခေါင်းကိုခါယမ်းပြရင်း---

"ခင်ဗျား သူ့ဒေါသကိုသိသားပဲဗျာ၊ သူဘယ်လောက် ဒေါသကြီးတယ်ဆိုတာ ကျုပ်ထပ်ရှင်းပြဖို့ လိုမယ်မထင်ပါဘူး။ ခင်ဗျားလိုက်သွားရင် သူ့ကိုယ်သူ တကယ်သတ်သေမှာဗျ၊ ဒါကြောင့်မို့ ခင်ဗျားကို တားရတာပါ"

ဝံကြောင်ကလေးမှာ စိတ်ပျက်စွာထိုင်ချလိုက်မိတော့၏။ ခေါင်းတယမ်းယမ်းဖြင့် ညည်းညည်းညူညူပြောလိုက်မိသည်။

"ခက်တာပဲဗျာ၊ သူ့တစ်ယောက်ထဲ ဒီအတိုင်းလွှတ်ထားလို့ကတော့ ကျိန်းသေဒုက္ခရောက်မှာ သေချာပါတယ်"

စင်လုံက ပြုံး၍ပြောသည်။



"ဒီလောက်လဲ စိတ်ပူမနေပါနဲ့ဗျာ၊ သူသိပ်ဝေးဝေးသွားမှာမဟုတ်ပါဘူး"

"ဗျာ- "

ဝံကြောင်ကလေးမှာ စင်လုံ၏စကားကြောင့် အလွန်အံ့ဩသွားသည်။ အာမေဋိတ်တစ်ခွန်းသာ ထွက်လာနိုင်တော့၏။

"ချစ်ချစ် ကျုပ်တို့ကို မေးသွားတဲ့မေးခွန်းတွေက အစီအစဉ်တကျမေးတဲ့ မေးခွန်းတွေမဟုတ်ပါဘူး။ တောင်တစ်ခွန်း မြောက်တစ်ခွန်းမေးခွန်းတွေပါ။ သူလည်း ဘာကနေစပြီးမေးရမယ်မှန်း မသိဘူးနဲ့တူပါတယ်ဗျာ"

စင်လုံက ချစ်ချစ်ထွက်ပြေးသွားရာသို့ မျှော်ကြည့်လိုက်သည်။ ဝံကြောင်ကလေးကမူ စင်လုံထံမှစကားကို ဆက်၍နားစွင့်နေလိုက်သည်။

"သူ့ရင်ထဲမှာ မရှင်းတဲ့အချက်တွေ အများကြီးကျန်နေပါသေးတယ်၊ တချို့ မေးသင့်တဲ့အချက်တွေကိုမေးဖို့ သူ သတိမရသေးဘူးလေ၊ ဒီတော့ သူ့ရင်ထဲဘယ်ရှင်းတော့မလဲ၊ ဒါတွေကို သဘောပေါက်အောင်မမေးရရင် သူတစ်ညလုံး အိပ်ပျော်မှာမဟုတ်တော့ဘူး။ ဒါကြောင့် သူ ဝေးဝေးသွားမှာမဟုတ်ဘူးလို့ ကျုပ်ပြောတာပါ"

စင်လုံ၏စကားများမှာ အကျိုးအကြောင်းနှင့်ဆီလျော် အဆင်ပြေလှ၏။

ထိုစဉ် ဝမ်းလင်းဝါးက-

"ဟုတ်ပါတယ်ဗျာ- ချစ်ချစ်အကြောင်းကို စင်လုံကအသိဆုံးပါ။ ချစ်ချစ်ပါးစပ်ဟလိုက်တာနဲ့ သူ့ဝမ်းထဲအူဘယ်နှစ်ခွေရှိတယ်ဆိုတာ

စင်လုံက သိပါတယ်၊ သူပြောတဲ့စကားတွေကလည်း ယုတ္တိရှိပါတယ်၊ ချစ်ချစ် သိပ်ဝေးဝေးသွားမယ်မထင်ပါဘူး။ ခင်ဗျားလည်း သိပ် စိတ်ပူ မနေပါနဲ့ဗျာ"

ဝံကြောင်ကလေးက ဦးခေါင်းကိုညိတ်ပြရင်း ပြောလိုက်သည်။

"အေးဗျာ၊ ကျုပ်လည်း ရုတ်တရက်တော့ စိတ်ပူသွားတာဗျ။ မိန်းကလေးတစ်ယောက်ထဲ မဟုတ်လား။ အရင်ကလဲ မသူတော်နဲ့ တွေ့ပြီး တစ်ခါဒုက္ခရောက်ခဲ့ရပြီဆိုတော့ အဲဒီလိုထပ်ဖြစ်မှာ စိုးရိမ် မိသွားတယ်၊ သူ မြန်မြန်လာပါစေလို့ပဲ ဆုတောင်းနေရတော့မှာပဲ"

ဝံကြောင်ကလေးသည် စကားဆုံးသွားသောအခါ တံခါးဝ၏ အပြင်ဘက်သို့ ငေးမောနေမိတော့၏။

တံခါးအပြင်ဘက်တွင် မှောင်နှင့်မည်းမည်း-

သို့သော်-

နှင်းတဖွဲဖွဲကျသံကိုလည်း ကြားနေရချေသည်တကား။

သူ့မျက်စိထဲတွင် နှင်းတသဲသဲ၌ပြေးလွှားနေသော မိန်းကလေး တစ်ယောက်ကို မြင်ယောင်နေချေ၏။



တဖွဲဖွဲ တသဲသဲကျနေသော နှင်းပွင့်များအောက်၌ ချစ်ချစ် တစ်ယောက် ခြေကုန်သုတ်ပြေးလွှားနေ၏။

ချစ်ချစ်သည် သူမ ပြေးလွှားလာခဲ့သည်မှာ မည်မျှအချိန် ကြာသွားခဲ့ပြီကို လုံးဝ မခန့်မှန်းမိတော့ချေ။

သူမရှေ့၌ မြင့်မားသောအုတ်နံရံအနီကြီး ကာဆီးနေသည်ကို တွေ့လိုက်ရသောအခါမှ သူမ အပြေးရပ်သွားရတော့၏။

ချစ်ချစ်သည် အုတ်နံရံအနီကြီးကို မျှော်၍ ကြည့်လိုက်၏။ အလို- မြို့ရိုးကြီးပါကလား။ ယခုအချိန်၌ မြို့ရိုးကြီးအနီးသို့ သူမ ပြန်ရောက်နေပြီကို သိလိုက်ရတော့သည်။

သို့သော် မြို့တံခါးကမူ အချိန်စောသေးသဖြင့် မဖွင့်သေးပါ။

ချစ်ချစ်ပြေးလွှားလာသည့်ခရီးမှာ နည်းနည်းနောနော ခရီး မဟုတ်ပါချေ။

ဤခရီးကို ခြေကုန်သုတ်ပြေးလာသဖြင့် သူမအဖို့ သက်သာ လှသည်တော့မဟုတ်ပါ။

ချစ်ချစ်သည် အပြေးကိုရပ်လိုက်သောအခါမှ သူမ၏ရင်ထဲ၌ တလှိုက်လှိုက်မောနေကြောင်း သတိပြုမိလေတော့၏။

လမ်းဘေးတနေရာ၌ ချစ်ချစ်သည် ရုတ်တရက်ထိုင်ချလိုက် တော့သည်။ ထိုအခါကျမှ သူမ၏မျက်လုံးမှ မျက်ရည်များသည် ရေကာတာကျိုးပေါက်သကဲ့သို့ ဒလဟောကျဆင်းလာတော့၏။

ချစ်ချစ်သည် တစ်ယောက်တည်း အားရပါးရငိုကြွေးနေရာမှ နောက်ဆုံး မငိုနိုင်တော့သည့်အချိန်ကျမှ စင်လုံတို့ကို ပြန်လည်တွေး တောမိတော့၏။

စင်လုံကို ပြန်လည်တွေးမိလိုက်သည်နှင့် သူမသည် တစ်စုံ တစ်ခုကို ရုတ်တရက်သတိရမိလိုက်လေ၏။

ဝမ်းလင်းဝါး၏ဆရာဆိုသူသည် အဘယ့်ကြောင့် သူမအား ထွက်၍ မတွေ့ဆုံခဲ့ရသနည်း။

ဝမ်းလင်းဝါး၏ဆရာဆိုသူကို သူမအနေဖြင့် လုံးဝမတွေ့ ဆုံခဲ့ရချေ။ အခြေအနေအားလုံးရှင်းပြချိန်၌ သူမကိုထွက်၍တွေ့သင့်သည် မဟုတ်ပါလော။

နောက်တစ်ချက် ရှိသေးသည်။

ထိဝါးဟုကို သူမကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ ရပါ၏။



သို့သော် ထင်အင်းရှန်နှင့်ဖန်ချန်းလီတို့ကိုမူ လုံးဝမတွေ့မမြင် ခဲ့ရပါ။ ထိုလူနှစ်ယောက် မည်သည့်နေရာသို့ရောက်နေသနည်း။

ဤအချက်များကို သူမ မမေးခဲ့သဖြင့် သူမအနေဖြင့် မသိခဲ့ ရချေ။

ထို့ကြောင့် ထိုင်ရာမှထ၍ ထိုမေးခွန်းများကို ပြန်မေးရန် အတွက် စင်လုံရှိရာသို့ပြန်သွားရန်ဟန်ပြင်လိုက်မိသည်။

သို့သော် စင်လုံ၏ပြောင်လှောင်ရယ်မောနေသော မျက်နှာကို သူမမျက်စိထဲဝယ် မြင်ယောင်လာသည်။

ထိုတဒင်္ဂအတွင်း၌ သူမ၏အဆုံးအဖြတ်ကို ပြောင်းလဲပစ် လိုက်၏။

စင်လုံ၏ အလှောင်အပြောင်ကိုခံ၍ ထိုမေးခွန်းများကို မမေးတော့ဟု ပြင်ဆင်ဆုံးဖြတ်လိုက်၏။

သို့ပါသော်လည်း သူမ၏ရင်ထဲ၌ သိချင်နေသော အကြောင်း အရာတစ်ခုကမူ ယခုတိုင် မပျောက်မပျက်ရှိနေသည်။

ထိုအချက်ကား သူမ၏မောင်လေးကြူးပ မည်သည့်နေရာ တွင် ရောက်နေသလဲဆိုသည့် အချက်ပင်တည်း။

သို့သော်- စင်လုံ၏လှောင်ပြောင်နေသော မျက်နှာကို မြင် ယောင်ပြီးကတည်းက ထိုအချက်ကိုလည်း မမေးတော့ရန် ဆုံးဖြတ်လိုက် ပြန်သည်။

ချစ်ချစ်သည် ထိုအကြောင်းများကို တွေးနေသဖြင့် ကျောက် ရုပ်တစ်ရုပ်အလား တွေတွေဝေဝေကြီးရပ်နေမိလေ၏။

သူမအဖို့ ရှေ့သို့သွားစရာလမ်းလည်းမရှိ၊

နောက်ဘက် ပြန်လှည့်ရန်လည်း အခက်ဖြစ်နေ၏။

ရှေ့သို့သွားရန်ဆိုသည်မှာလည်း မိမိ၌မည်သည့်သဲလွန်စမျှ မရှိ။

ကြူးပ နောက်ကိုလိုက်ရန်ဆိုသည်မှာ သဲလွန်စမရှိဘဲလိုက်၍မဖြစ်နိုင်။

နောက်သို့ပြန်ဆုတ်၍ စင်လုံတို့ဆီသွားပါကလည်း မိမိအဖို့ တစ်ရက်က နှစ်ရက်ဖြစ်ရပေတော့မည်။

"ချစ်ချစ် နင်- ဘယ်လိုလုပ်မလဲ"

ချစ်ချစ်သည် သူ့ကိုယ်သူ ပြန်မေးလိုက်သည်။ နောက်ဆုံး မှလနေရာ၌ ပြန်ထိုင်ချကာ ကြူးကြူးပါအောင် ငိုချလိုက်မိတော့သည်။

ထိုစဉ် အေးစက်သောလက်ဝါးတစ်ခုက သူမ၏ ပခုံးပေါ်သို့ ရောက်ရှိလာ၏။

ချစ်ချစ်မှာ အလန့်တကြားဖြင့် နောက်သို့လှည့်ကြည့်မိလိုက်သည်။ သူ့နောက်မှလူသည် သူမ၏ပခုံးပေါ်မှလက်ကို ပြန်ရုပ်သိမ်းပြီး မလှုပ်မယှက်ရပ်နေသည်။

"ဟင်- ကျောင်းစုမန်း"

ချစ်ချစ်သည် လွှတ်ခနဲအော်လိုက်မိသည်။ ကျောင်းစုမန်းကမူ ထုံးစံအတိုင်း အေးတိအေးစက်ရပ်နေလေ၏။

သူ့မျက်နှာပေါ်၌ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း လုံးဝမရှိ။ ခံစားမှုကင်းမဲ့သောမျက်နှာဖြင့် ချစ်ချစ်ကိုကြည့်နေသည်။

ချစ်ချစ်က တအံ့တသြဖြင့်ပြောလိုက်သည်။

"ရှင်- ထွက်သွားပြီဆို၊ ရှင်ပြန်မလာတော့ဘူးလို့ကျွန်မက



မှတ်နေတာ၊ ဘယ်နှယ့် ရှင်က ဒီနေရာရောက်နေရတာလဲ"

ကျောင်းစုမန်း၏အသံကလည်း အေးစက်စက်ပင်ဖြစ်၏။

သို့သော် သူ၏ စကားအဓိပ္ပါယ်ကမူ အေးစက်ခြင်းနှင့် ကွာခြားလွန်းလှ၏။

"ဒီလောက် တိတ်ဆိတ်ငြိမ်သက်နေတဲ့ညမှာ ခင်ဗျားငိုသံကို ဘယ်နေရာကမဆိုကြားနိုင်တာပဲ၊ ခင်ဗျားရဲ့ငိုသံကြားရမှတော့ ကျုပ်အနေနဲ့ ဘယ်လိုငြိမ်ငြိမ်ကလေးနေနိုင်ပါတော့မလဲ"

"ဒါနဲ့ ကျွန်မ မေးပါရစေဦး၊ ရှင် မနေ့ကတစ်နေ့လုံး ဘယ်ကိုသွားနေတာလဲ"

သူမ၏အမေးကို ကျောင်းစုမန်းက နှုတ်မှမဖြေချေ။ ခေါင်းကိုသာ ခါယမ်းပြသည်။

ချစ်ချစ်မှာ သူ့အား တလေးတစား ဖြေကြားခြင်းမပြုကြောင်း တွေ့လိုက်ရသဖြင့် စိတ်မကောင်းဖြစ်သွားသည်။

ထို့ကြောင့် သူမ၏ခေါင်းကလေးကို ငုံ့ထားလိုက်မိလေတော့သည်။

ကျောင်းစုမန်းသည် ခေါင်းငုံ့နေသောချစ်ချစ်အား မလှုပ်မယှက်ကြည့်ပြီး အေးတိအေးစက်လေသံဖြင့်မေးလိုက်သည်။

"ဘာဖြစ်လို့ ငိုနေတာလဲ"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး"

"မလိမ်ပါနဲ့ ခင်ဗျားမှာဝမ်းနည်းစရာတွေရှိနေတယ် မဟုတ်လား"

ချစ်ချစ်မှာ ထိုစကားကိုကြားလိုက်ရသောအခါ စိတ်ကို

မထိန်းနိုင်တော့ဘဲ ထပ်မံငိုကျွေးမိပြန်တော့သည်။

အဘယ်မှာလျှင် မငိုချင်ဘဲရှိပါအံ့နည်း။

တစ်ယောက်တည်း စိတ်ထိခိုက် ဝမ်းနည်းနေရသူအဖို့ မျက်ရည်သာလျှင် အဖော်မဟုတ်ပါလား။

အတော်အတန် ငိုထားပြီးဖြစ်သော်လည်း ဝမ်းနည်းကြေကွဲစိတ်မှာ-

ယခုတိုင်မပြေနိုင်သေးဘဲရှိရာ ငိုချင်လျက်လက်တို့ ဆိုသကဲ့သို့ ကျင်းစုမန်းကမေးလိုက်သည်နှင့် မျက်ရည်များက ထပ်မံကျဆင်းလာရခြင်းဖြစ်တော့သည်။

ကျင်းစုမန်းထံမှ လေးတွဲ့သောသက်ပြင်းချသံကို ကြားလိုက်ရလေသည်။

"အင်း--သနားစရာကောင်းတဲ့ မိန်းကလေးပဲ"

ကျင်းစုမန်း၏ မှတ်ချက်ချသံကို ကြားလိုက်ရသောအခါ ချစ်ချစ်မှာ ဆတ်ခနဲဖြစ်သွားတော့သည်။

"ရှင် ဘာဖြစ်လို့ကျွန်မကိုသနားရတာလဲ၊ ရှင်ကမှသနားဖို့ကောင်းတာရှင့်"

ကျင်းစုမန်းက မတုန်လှုပ်သောမျက်လုံးအစုံဖြင့် ချစ်ချစ်အား ကြည့်ကာ-

"ခင်ဗျားက သူများသနားတာကို မခံယူချင်ပေမယ့် ခင်ဗျားအဖြစ်ကတော့ အင်မတန် သနားစရာကောင်းဖို့ ဖြစ်နေတယ်ဆိုတာ ခင်ဗျား သိသင့်ပါတယ်"

ချစ်ချစ်၏ပါးပြင်ပေါ်မှ မျက်ရည်စများမှာ ခြောက်သွေ့သွားခဲ့လေပြီ။ မျက်ဝန်းအိမ်မှ မျက်ရည်စများလည်း ကျဆင်းမလာတော့။ ချစ်ချစ်ကမဲ့ပြုံးပြုံးရင်း ကျင်းစုမန်းအားချေပလိုက်၏။



"ကျွန်မမှာ သူများသနားစရာ ဘာတစ်ခုမှမရှိဘူး။ ကျွန်မ ခြေကျိုးနေသလား။ လက်ကျိုးနေသလား။ မျက်စိကန်းနေသလား။ ဘာတစ်ခုမှမရှိဘူး။ ကျွန်မဟာ ချမ်းသာတယ်၊ ရုပ်ချောတယ်၊ သိုင်းပညာလည်း အထိုက်အလျောက်တတ်တယ်"

"ကဲ- ကျွန်မမှာ ဘာလို သေးလဲ၊ အားလုံးပြည့်စုံနေတာပဲ၊ ကျွန်မလိုလူမျိုးကို သနားဖို့ကောင်း တယ်လို့ပြောတဲ့လူဟာ အရူးပဲဖြစ်ရမယ်"

ကျင်းစုမန်း၏အေးတိအေးစက်လေသံက ပေါ်လာသည်။

"လောကမှာ ငွေရှိရုံ- ရုပ်ချောရုံ- သိုင်းပညာတတ်ရုံနဲ့ စိတ်ချမ်းသာရမယ်လို့ ခင်ဗျားကအသေမှတ်ထားသလား။ ဒီအချက်တွေ ပြည့်စုံတာနဲ့ သနားစရာမဖြစ်တော့ဘူးလို့ ခင်ဗျားကဆိုချင်သလား"

ကျင်းစုမန်း၏အေးစက်သောမျက်လုံးများ၌ တည်ကြည်လေးနက်သော အရိပ်အရောင်များဖုံးလွှမ်းနေသည်။

"အခု ခင်ဗျားကိုယ်တိုင်ပဲ ကိုယ့်ကိုယ်ကို ပြန် ဆန်းစစ်စမ်းပါဦး။ ခင်ဗျားပြောတဲ့အချက်တွေ ခင်ဗျားမှာပြည့်စုံနေရက်သားနဲ့ ဘာဖြစ်လို့ စိတ်ဆင်းရဲနေရတာလဲ-

လောကမှာ ငွေကြေးဥစ္စာတွေအများကြီးရှိနေတယ်ဆိုတာ ခင်ဗျားသိပါတယ်လေ၊ သိရက်သားနဲ့ ခင်ဗျား မသိချင်ယောင်ဆောင်နေတာပါ။ စိတ်ဆင်းရဲနေတဲ့လူဟာ သူများရဲ့သနားခံစရာ ဖြစ်တတ်တာပါပဲ"

ချစ်ချစ်သည် သူမ၏ဦးခေါင်းကို သွက်သွက်ခါအောင် ခါယမ်းလိုက်လေသည်။

"မဟုတ်ဘူး- ရှင်ပြောတာလုံးဝမဟုတ်ဘူး။ ကျွန်မတစ်ခုမှ နားမလည်ဘူး"

"ငြင်းမနေပါနဲ့လေ၊ ကျုပ်ကို ခင်ဗျား ငြင်းလို့မရပါဘူး။ ခင်ဗျားဟာ နေရာတကာမှာ ခွက်ခွက်ဖက်ဖက်လုပ်တတ်တဲ့အကျင့် ရှိပေမယ့် ခင်ဗျားရဲ့စိတ်ဓာတ်ကတော့ အလွန် ပျော့ညံ့ပါတယ်၊ ခင်ဗျားဟာ သူများတွေကိုကြိမ်းမောင်းတတ်ပေမယ့် အဲဒီလိုအပေါ်မှာ ကြင်နာသနားတတ်တဲ့စိတ်ဟာ ခင်ဗျားရဲ့ရင်ထဲမှာ ကိန်းအောင်းနေတယ်"

ချစ်ချစ်မှာ လွန်စွာအံ့ဩသွားလေတော့သည်။

အလွန်တရာ အေးတိအေးစက်နိုင်လှသော ကျင်းစုမန်း တစ်ယောက်က မိမိ၏အတွင်းသန္တာန်ကို ဤမျှ နားလည်ထားလိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ပေ။

ယခု သူပြောနေသည့်အချက်များသည် မိမိ၏စိတ်ကို အတိအကျပြောလိုက်ခြင်းပင်မဟုတ်ပါလား။

ချစ်ချစ်သည် တုန်တုန်ယင်ယင် လှိုက်လှိုက်လှဲလှဲဖြစ်လာပြီး ကျင်းစုမန်း၏လက်နှစ်ဘက်အား ကိုင်လှုပ်လိုက်သည်။

"ရှင်- ရှင်ဘယ်လိုလူစားလဲဟင်၊ ရှင့်ကိုကြည့်တော့ အေးတိအေးစက်နဲ့ ဘာကိုမှစိတ်ဝင်စားမယ့်လူ မဟုတ်ဘူးလို့ ထင်ရတယ်၊ ဒါပေမယ့် အခုတော့- အခုတော့---"

"အခုတော့ ဘာဖြစ်သလဲ"



ကျင်းစုမန်း၏ အေးစက်သောလေသံက ထုံးစံအတိုင်း ပေါ်လာသည်။

"ကျွန်မကို ဘယ်သူမှ နားမလည်ကြဘူး၊ ဒါပေမယ့် ရှင်ကတော့ ကျွန်မကိုကောင်းကောင်းနားလည်နေတာပဲနော်၊ ရှင်- နားလည်သဘောပေါက်ပေမယ့် ရှင့်ကိုတော့ ကျွန်မဘယ်လိုမှနားလည်မပေးနိုင်သေးပါဘူးရှင်၊ ရှင် ဘာဖြစ်လို့ လူတိုင်းနဲ့ ရင်းရင်းနှီးနှီးမရှိရတာလဲဟင်"

ကျင်းစုမန်းထံမှ လေးတွဲ့သော သက်ပြင်းချသံပေါ်လာသည်။

"ဟင်း- ကျုပ်အကြောင်းကို မေးမနေပါနဲ့တော့ဗျာ- ဘယ်သူမှ ကျုပ်အကြောင်းကို နားလည်နိုင်စွမ်းရှိမှာမဟုတ်ဘူး။ ဒါကို ကျုပ်ကောင်းကောင်းသိနေပါတယ်လေ"

"မဟုတ်ဘူး။ ဒါ- မဟုတ်ဘူး။ ဟိုတုန်းက ရှင့်ကို နားလည်မယ့်သူ မရှိဘူးဆိုတာ ဟုတ်ကောင်းဟုတ်မယ်၊ အခုအချိန်မှာတော့ ရှင့်ကို ကျွန်မ ကောင်းကောင်းကြီးနားလည်နေပါပြီ"

ကျင်းစုမန်းသည် အဝေးသို့ လှမ်းမျှော်ကြည့်ရင်း ပြောလိုက်သည်။

"ခင်ဗျားက ကျုပ်ကို တကယ်နားမလည်နိုင်ပါဘူးလေ"

"ဘာဖြစ်လို့ နားမလည်ရမှာလဲ၊ ကျွန်မ ကောင်းကောင်းနားလည်တယ်"

ချစ်ချစ်သည် စကားဆုံးသွားသည်နှင့် ကျင်းစုမန်း၏လက်ကို ဆွဲကာ ပြေးထွက်သွားလေတော့သည်။

ဤသို့ဖြင့် မြို့တံခါးဘေးသို့ ရောက်ရှိသွားကြတော့သည်။

ထို့နောက် တံခါးကိုမှီကိုင်လိုက်ကြရင်း ချစ်ချစ်ကမေးလိုက်သည်။

"ကဲ- ပြောစမ်းပါဦး- ရှင် မနေ့က တစ်နေ့လုံး ဘယ်သွားနေတာလဲ၊ ဘာဖြစ်လို့ ပြန်မလာတာလဲ၊ တိတ်တိတ်ကလေး ထွက်သွားဖို့ ကြံနေတာလား"

ကျင်းစုမန်း၏မျက်နှာ၌ အံ့ဩသည့်အရိပ်အရောင်များပေါ်လာသည်။

"ခင်ဗျားပြောသလို တစ်ခုမှ မဟုတ်ရပါဘူးဗျာ၊ မနေ့ညက စင်လုံနိုင်းလိုက်လို့ သွားနေတာပါ၊ သူ ပြောမပြဘူးလား"

ဤတစ်ကြိမ် အံ့ဩသွားရသူကား ချစ်ချစ်ပင်ဖြစ်တော့သည်။ သူမက ကျင်းစုမန်းထက်ပင် ပို၍အံ့ဩသွားသည်။ စင်လုံဘာတွေ လျှို့ဝှက်ထားသနည်း။

"ဟုတ်လား- သူက ရှင့်ကို ဘာတွေနိုင်းလိုက်တာလဲဟင် ကိစ္စက တော်တော်အရေးကြီးလို့လား"

ကျင်းစုမန်းက ပြောသင့်မပြောသင့် ချိန်ဆနေသေး၏။ အတန်ကြာတွေဝေစဉ်းစားပြီးမှ သူ၏ထုံးစံအတိုင်း စကားကို တစ်လုံးချင်းပြောသည်။

"ကတိစကားကို အလေးထားတဲ့လူတွေအဖို့တော့ ဒီကိစ္စဟာ အရေးကြီးတယ်လို့ ဆိုနိုင်ပါတယ်၊ စင်လုံနဲ့ တရားဘက်တော်သားတွေ ချိန်းဆိုထားကြတဲ့ကိစ္စကို ခင်ဗျားမှတ်မိသေးလား"

"အင်း- ဟုတ်ပြီ- ဟုတ်ပြီ မှတ်မိပြီ"

"အဲဒီကိစ္စဟာ မနေ့ကတည်းက ရက်ချိန်းစေ့သွားပြီလေ"



"ဪ- ဒါဖြင့် ရှင့်ကို တရားဘက်တော်သား ခြံဆီကို လွှတ်လိုက်တယ်ဆိုပါတော့"

"ဟင့်အင်း- သူ့အစား တခြားလူတွေသွားကြတယ်"

ချစ်ချစ်မှာ ကျင်းစုမန်း၏စကားကို နားမလည်နိုင်အောင်ဖြစ်သွားတော့သည်။ ထို့ကြောင့် ချက်ချင်းပင် မျက်မှောင်ကုတ်သွားမိတော့သည်။

"ဒါဖြင့် ရှင့်ကို ဘာကိစ္စနဲ့ သူကလွှတ်လိုက်ရတာလဲ၊ ရှင်ပြောတာ ကျွန်မ နားမရှင်းဘူး၊ မရှင်းတဲ့အပြင် ရှုပ်တောင်သွားသေးတယ်"

"ကျုပ်က အဲဒီလိုလူတွေ လိုက်ပြီးအကဲခတ်ရတာပါ"

"ဟင်း- တစ်မျိုးပါလား၊ ဘာဖြစ်လို့ ဒီလို ခိုးကြောင်ခိုးဝှက် လိုက်အကဲခတ်ရတာလဲ"

"ဘာဖြစ်လို့ဆိုတာတော့ ကျုပ်မသိဘူး၊ ကျုပ် တာဝန်ကတော့ ဒီလူတွေ တရားဘက်တော်သားခြံကို ရောက် မရောက် လိုက်ကြည့်ရတာပဲ၊ ကြည့်ပြီးတာနဲ့ သူ့ကိုပြန်ပြောဖို့ မှာလိုက်တာပဲ"

"ဒီလိုဆိုရင် ရှင်နဲ့သူနဲ့ ပြန်ဆုံကြရဦးမှာပေါ့၊ ပြန်ဆုံမှ ရှင်သွားတဲ့ကိစ္စ အဆင်ပြေ မပြေ သူသိမှာပေါ့"

"ဟုတ်ပါတယ် ပြန်ဆုံကြရဦးမယ်"

"ဒါဖြင့် ဘယ်နေရာမှာ ချိန်းထားသလဲ"

"ဒီနေရာ ဒီအချိန်မှာပဲ"

ထိုစကားသံသည် ကျင်းစုမန်းထံမှ ထွက်ပေါ်လာသောစကား မဟုတ်ပါချေ။

ကျင်းစုမန်း ပါးစပ် မဟာသေးမီ ထွက်ပေါ်လာသော စကား ဖြစ်ပါ၏။

ချစ်ချစ်မှာ အလန့်တကြားနောက်သို့လှည့်ကြည့်လိုက်သည်။

သူမ၏နောက်တွင် လူတစ်ယောက်ရပ်လျက်ရှိနေသည်။

သူ၏မျက်နှာပေါ်၌ မည်သည့်အခါမှပျောက်ကွယ်မည်မဟုတ်သည့် ကြည်လင်လန်းဆန်းသော အပြုံးတစ်ခုပွင့်လန်းနေသည်။

ချစ်ချစ်သည် အံ့ဩသွားသည်။

ဝမ်းသာသည့် ဟန်အမူအရာများလည်း မဖုံးနိုင် မဖိနိုင် ပေါ်လာသည်။

သို့သော် ကြည်လင်သောကောင်းကင်ပြင်၌ တိမ်မည်းညိုများ ဖုံးလွှမ်းလာသကဲ့သို့ ချစ်ချစ်၏မျက်နှာတစ်ပြင်လုံး၌ ဒေါသခြောင်းခြောင်း ထွက်လာပြန်တော့သည်။

လှပသန့်စင်သော မျက်နှာကလေးသည် တဖြည်းဖြည်း နီရဲ သုန်မှုန်လာလေပြီ။

"ရှင်--ရှင် ဘယ်တုန်းက ရောက်နေတာလဲ"

စင်လုံ၏အပြုံးက ယခုတိုင် မပျောက်ကွယ်သေးပေ။

"အခုလေးတင်ရောက်လာတာပါ"

ချစ်ချစ်က မဲ့ပြုံးပြုံးဖြင့်မေးလိုက်သည်။

"ရှင်ရောက်လာတာနဲ့အတော်ပဲ၊ ရှင့်ကို ကျွန်မမေးစရာတွေ ရှိနေသေးတယ်"

"မေးလေ ဘာမေးမလို့လဲ"

"ရှင်က ဘာဖြစ်လို့ တိတ်တခိုးလုပ်နေရတာလဲ၊ ရှင်လုပ်နေ



ပုံက ခိုးကြောင်ခိုးဝှက်နဲ့၊ ကျွန်မက တခြားလူလား-

ရှင်က သစ္စာဖောက်မယ့်လူလား။ အခုဖြစ်ပြီးခဲ့တဲ့ ကိစ္စတွေ အားလုံးမှာ ကျွန်မကို ဘာတစ်ခုမှ အသိမပေးဘူး။ အားလုံး ဖုံးကွယ်ထားခဲ့တာပဲ၊ ဘာဖြစ်လို့ ကျွန်မကို ဒီလောက်ဖုံးကွယ်နေ ရတာလဲ"

"မင်းမေးမယ့် အဓိကအချက်ကို မေးစမ်းပါချစ်ချစ်ရယ်- ဒီ အကြောင်းတွေက အပ်ကြောင်းထပ်နေပါပြီ"

ချစ်ချစ်မှာ ခြေဆောင့်ရင်းမေးလိုက်သည်။

"ဖန်ချန်းလီတို့နောက်ကို လိုက်ကြည့်ဖို့ ကျင်းစုမန်းကို ဘာ ဖြစ်လို့ လွှတ်လိုက်ရတာလဲ"

"ဒါက ဒီလိုရှိပါတယ်၊ မင်းသိပ်ကြောက်ရွံ့နေတဲ့ အမျိုးသမီး ကြီးနဲ့ကျုပ်နဲ့ တွေ့ဆုံစကားပြောပြီးတဲ့နောက် အဲဒီအမျိုးသမီးကြီးက ဖန်ချန်းလီတို့လူစုကို မြေအောက်ခန်းက လွှတ်ပေးလိုက်ပါတယ်၊ တရား ဘက်တော်သားခြံနဲ့ချိန်းထားတဲ့ကိစ္စ ရှိနေသေးတယ်ဆိုတာလည်း ကျုပ် က သတိရတယ်၊ ဒါပေမယ့် ကျုပ်မှာက လုပ်စရာကိုင်စရာတွေက တစ်ပုံကြီး။ ဒီတော့ ကျင်းစုမန်းကို ကျုပ်ကိုယ်စား ဆောင်ရွက်ပေးဖို့ အကူအညီတောင်းလိုက်ရတာပဲ"

"ဟုတ်ပါပြီ၊ ဒီ ယေဘုယျသဘောကို ကျွန်မသိပါတယ်၊ ဖန်ချန်းလီတို့နောက်ကို လိုက်ချောင်းနိုင်းတဲ့ကိစ္စ ကျွန်မသိချင်တာ၊ ဘာဖြစ်လို့ လိုက်ချောင်းရတာလဲ"

"ဒါလား- မင်း သိပ်ကြောက်ရွံ့နေတဲ့ အမျိုးသမီးကြီးအပေါ် ငါ့စိတ်ထဲမှာ သင်္ကာမကင်းဖြစ်နေလို့ပဲ"

"ရှင်- သူ့ကိုသက်သေမကောင်းဖြစ်နေတယ် ဟုတ်လား"

"ဟုတ်တယ်လေ- သူကလည်း သက်သေမကောင်းဖြစ်အောင် လုပ်တာကိုး။ အမျိုးသမီးကြီးဟာ ဖန်ချန်းလီကိုလွှတ်ပေးပြီးတာနဲ့ သူ့မှာ အင်မတန်အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေတယ်ဆိုပြီး ကပျာကယာ ထွက်သွားခဲ့တယ်"

ချစ်ချစ်က အနည်းငယ်စဉ်းစားလိုက်ပြီး မေးလိုက်၏။

"ဘာလဲ- သူက လမ်းတစ်ဝက်ကနေ ဖန်ချန်းလီတို့ လူစုကို လုပ်ကြံမှာ စိုးရိမ်လို့လား"

စင်လုံက နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်သည်။

ချစ်ချစ်အား ချီးကျူးသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"အင်း- မင်းတော်င် အတော်ဉာဏ်ထက်လာပါလား"

ချစ်ချစ်သည် စင်လုံထံမှချီးကျူးသံကို မကြားရစဖူး ကြားလိုက်ရသဖြင့် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်သွားမိသည်။

သို့သော် သူ၏ဝမ်းသာမှုကို တတ်နိုင်သမျှ ဖုံးဖိထား၏။

စင်လုံထံမှ စကားသံထွက်ပေါ်လာသည်။

"ဒီအကြောင်းတွေကို ဖုံးကွယ်မထားချင်ပါဘူး။ ကိုယ့်လူရင်းတွေကိုအသိပေးဖို့ ဘယ်တော့မှ ကျုပ်မှာ တွန့်တိုတဲ့စိတ်မရှိပါဘူး။ ဝမ်းလင်းဝါး ဘယ်လိုလူဆိုတာ ဘယ်သူမှမသိသေးဘူး။ သူ့ရှေ့မှာ မင်းကိုပြောပြလို့ ဘယ်ဖြစ်မှာလဲ"

ဤစကားက ချစ်ချစ်ကြားလိုသောစကားတည်း။

ဝမ်းလင်းဝါးနှင့်ပတ်သက်၍ စင်လုံ၌သံသယစိတ်တို့ရှိနေသည်ကို ယခုသိရပြီ။



ချစ်ချစ်သည် စင်လုံ၏ဖြေရှင်းချက်ကို ကျေနပ်သွားလေသည်။

ကျင်းစုမန်းကမူ စင်လုံနှင့်ချစ်ချစ်တို့ စကားပြောနေသည်ကို ကျောက်ရုပ်ကြီးတစ်ရုပ်အလား မတုန်မလှုပ်ရပ်ကြည့်နေလေသည်။ သူတို့စကားပြတ်သွားသည့်အခါမှ သူပြောချင်သည့်စကားကို ဝင်၍ပြောသည်။

"ဖန်ချန်းလီတို့လူစု တရားဘက်တော်သားခြံထဲကို ဘေးမသီရန်မခ ရောက်သွားပါပြီ"

"အေးဗျာ ဒီအတွက်ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုပါဘူးဗျာ"

ကျင်းစုမန်းထံမှအေးစက်စက်လေသံသည် သူ့အား မည်သူနှင့်မျှ ရင်းနှီး၍မရအောင်ဟန့်တားထားသည့် အရာသာဖြစ်ပေလိမ့်မည်။ စင်လုံကမူ ကျင်းစုမန်း၏လေသံအတွက် မည်သို့မျှ စိတ်အနှောင့်အယှက်ဖြစ်ဟန်မတူပေ။

စင်လုံက စဉ်းစားရင်း မေးလိုက်သည်။

"ကဲ- အခုဘယ်လိုစီစဉ်မလဲ၊ ခင်ဗျားအတွက်ပြောတာပါ။ ကျွန်တော်တို့နဲ့ခွဲပြီး သွားတော့မလား။ ဒါမှမဟုတ် ဒီမှာနေဦးမလား"

ကျင်းစုမန်းထံမှ လေးတွဲ့စွာ သက်ပြင်းချသံပေါ်လာသည်။

"ကိစ္စအားလုံးပြီးသွားပြီပဲ၊ ကျုပ်ပြန်သွားရတော့မှာပေါ့"

"ခင်ဗျား ပြန်သွားမယ်-ဟုတ်လား။ ဖြစ်ပါ့မလား"

"ဟုတ်ပါတယ်၊ ရှင်ပျော်ပျော်မြို့စားကြီးဟာ ကြမ်းတမ်းရက်စက်တာမှန်ပေမယ့် ကျုပ်အပေါ်မှာ သူ့ကျေးဇူးတွေ အများကြီး

ရှိနေပါတယ်၊ ဒါကြောင့် ကျုပ်ပြန်သွားချင်ပါတယ်"

သူသည် စကားဆုံးသည်နှင့် စင်လုံအား စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"ကျုပ်ကို သွားခွင့်ပြုမယ်မဟုတ်လား"

စင်လုံ၏ စိမ်းညိုနက်မှောင်သော မျက်လုံးအစုံမှာ အပေါ်သို့ စုတက်သွားလေတော့၏။

"အလို- ဘယ်လိုများ ပြောလိုက်တာလဲဗျာ၊ ခင်ဗျားသွားချင်တဲ့နေရာကို အချိန်မရွေး သွားနိုင်ပါတယ်၊ ခင်ဗျားဟာ ကျုပ်ရဲ့ သုံ့ပန်းမှမဟုတ်တာဘဲဗျာ၊ ခင်ဗျားက ကျုပ်ကို လိုက်ကူညီနေတဲ့သူပဲ"

ကျင်းစုမန်းထံ၎ အေးစက်တည်ငြိမ်သော စကားသံထွက်ပေါ်လာသည်။

"ခင်ဗျား သေသေချာချာစဉ်းစားပါဦး။ အလုပ်တစ်ခုကို စဉ်းစားစားလုပ်မှ အမှားအယွင်းနည်းတာပါ။ အခုကျုပ်ကို လွှတ်လိုက်ပြီးလို့ နောက်တစ်ခါပြန်တွေ့ရင်တော့ ခင်ဗျားအတွက် သိပ်ကောင်းတော့မယ် မဟုတ်ဘူးလို့ ကျုပ်ပြောထားပါရစေ၊ ကျုပ်ဟာ ခင်ဗျားရဲ့ ရန်သူဖြစ်ကောင်းဖြစ်နိုင်တယ်"

စင်လုံက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"ဆင်ခြင်စဉ်းစားဉာဏ်ကင်းမဲ့တဲ့မိတ်ဆွေထက် ပညာရှိတဲ့ ရန်သူဟာ ပိုကောင်းတယ်ဆိုတဲ့ စကားလဲရှိသားပဲမိတ်ဆွေရဲ့၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားလိုလူမျိုးကို ရန်သူဖြစ်ရတာ ကျုပ်အဖို့တော့ ကျေနပ်ပါတယ်ဗျာ"

သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာဖြင့် တစ်ယောက်



မျက်နှာတစ်ယောက် စူးစူးစိုက်စိုက်ကြည့်လိုက်ကြသည်။

"သွားကြမယ်"

ထိုစကားသံသည် နှစ်ယောက်စလုံး၏နှုတ်မှ ပြိုင်တူထွက်ပေါ်လာသည်။

ကျင်းစုမန်းသည် စင်လုံအား နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် သူ့လက်ကို တစ်ချက်မြှောက်ယမ်းပြလိုက်၏။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွါသွားတော့၏။

ချစ်ချစ်သည် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားနေသော ကျင်းစုမန်းအားကြည့်ရင်း ရင်ထဲ၌ဆို့နစ်နစ်ဖြစ်လာသည်။

စင်လုံအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ကျင်းစုမန်းအား လှမ်း၍အော်လိုက်သည်။

"ခဏနေပါဦး- ကျွန်မကို စောင့်ပါဦး"

ကျင်းစုမန်း၏ခြေလှမ်းများသည် ချစ်ချစ်၏အော်သံကြောင့် တုံ့ခနဲရပ်သွားလေသည်။

သို့သော် သူ၏ဦးခေါင်းကမူ သည်မှာဘက်သို့ လုံးဝ ပြန်မလှည့်ကြည့်ပါချေ။ သူ၏အေးစက်စက်အသံကမူ ထွက်ပေါ်လာပါသည်။

"ပြောပါ ခင်ဗျား ဘာပြောချင်လို့လဲ"

ချစ်ချစ်သည် နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး စင်လုံအား လှည့်ကြည့်လိုက်သည်။

ထို့နောက် ကျင်းစုမန်းအား လှမ်းအော်ပြောလိုက်သည်။

"ကျွန်မ ရှင့်နောက်ကို လိုက်မလို့ပါ"

ကျင်းစုမန်း၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားသည်။

ချစ်ချစ်၏စကားက တုန်လှုပ်စရာပင် မဟုတ်ပါလော။

သို့သော် လှည့်၍ပင်မကြည့်ပါ။ မည်သည့်စကားကိုမျှ တုံ့ပြန်အဖြေမပေးပါ။

စင်လုံမှာလည်း ချစ်ချစ်၏အော်သံကြောင့်ကြောင်အမ်းအမ်းဖြစ်သွားသည်။

ချစ်ချစ်သည် စင်လုံအား လုံးဝ မကြည့်တော့ချေ။

"ဒီလောကကြီးထဲမှာ ရှင်တစ်ယောက်ထဲ ကျွန်မကို သနားမယ့်လူရှိတယ်- ရှင်တစ်ယောက်ထဲ ကရုဏာထားတတ်တယ်၊ ကျွန်မကိုနားလည်တဲ့လူဟာ ရှင်တစ်ယောက်ပဲရှိတယ်၊ ဒါကြောင့်မို့ ရှင့်နောက်ကို ကျွန်မလိုက်မယ်"

ကျင်းစုမန်း၏ခန္ဓာကိုယ်သည် တစ်ချက်မျှ လှုပ်ရှားယောင်ပြုလိုက်သည်။

နောက်သို့လှည့်ကြည့်ရန် ကြံစည်လိုက်ခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။

သို့သော် တကယ်တမ်းအားဖြင့် နောက်ဘက်သို့ လှည့်မလာပါ။ သူ့စိတ်ကို ပြန်ထိန်းလိုက်ခြင်းဖြစ်ဟန်တူသည်။

"ဟား-ဟား-ဟား-ဟား"

ကျင်းစုမန်း၏ရယ်သံသည် ဝန်းကျင်တစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။

ထို့နောက် သူ့ခရီးကိုဆက်၍ လျှောက်သွားလေတော့သည်။

"ကျင်းစုမန်း ခဏနေပါဦး- ကျွန်မကိုစောင့်ပါဦး။ ကျွန်မကိုခေါ်သွားပါ၊ ကျွန်မလိုက်ပါရစေ"



ချစ်ချစ်သည် အော်ရင်း ပြေးလိုက်သွားလေသည်။ စင်လုံက သူမ၏လက်ကို လှမ်းဆွဲရန် ဟန်ပြင်လိုက်သည်။

သို့သော် စိတ်ပြောင်းသွားဟန်ဖြင့် မိအောင် လှမ်းမဆွဲလိုက်တော့ဘဲ ဆွဲမည့်လက်ကို ချက်ချင်းရုပ်တန့်ပစ်လိုက်သည်။

ချစ်ချစ်တစ်ယောက် ပြေးထွက်သွားလေပြီ။

စင်လုံသည် တရိပ်ရိပ်ပြေးလွှားထွက်ခွါသွားသော ချစ်ချစ်ကို လှမ်းကြည့်ရင်း အနည်းငယ်ပြုံးလိုက်မိလေသည်။

ချစ်ချစ်သည် ကိုက်ပေါင်းများစွာပြေးလွှားသွားပြီးမှ နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

စင်လုံတစ်ယောက် မိမိ၏နောက်သို့ လိုက်များလာလေသလား ဟူ၍--။

သို့သော်- သူမ မြင်လိုက်ရသည့် မြင်ကွင်းမှာမူ စင်လုံတစ်ယောက် မူလနေရာ၌ မားမားမတ်မတ်ရပ်နေခြင်းပင်တည်း။

ချစ်ချစ်သည် အံကိုတင်းတင်းကြိတ်၍ ကြေကွဲစွာပြောလိုက်မိသည်။

"စင်လုံရယ်- ရှင်ဟာ အတော် နေစိမ့်ပါလား-"

သူမ၏မျက်လုံးအစုံမှ မျက်ရည်များတလိမ့်လိမ့် ကျဆင်းလာလေတော့၏။

သူမ၏မျက်ရည်များကို လက်ဖမိုးအစုံဖြင့် သုတ်လိုက်ကာ ရှေ့သို့ဆက်၍ ပြေးနေပြန်လေတော့သည်။

မျက်ရည်များဝေဝါးစွာဖြင့်ပြေးခြင်းဖြစ်ရာ လူတစ်ယောက်၏ရင်ခွင်ထဲသို့ ပြေးဝင်တိုးတိုက်မိလေမှ အပြေးရပ်သွားမိတော့၏။

“ကျွန်မကို မတားနဲ့၊ ကျွန်မကိုမတားနဲ့၊ အခုမှ ရှင်က လာတားလို့မရလား။ မရဘူး။ ကျွန်မ သူ့နောက်လိုက်သွားမှာပဲ မတားနဲ့”

ချစ်ချစ်သည် မျက်ရည်များကြောင့် မျက်လုံးများဝေဝါးနေသဖြင့် မျက်စိကိုမှိတ်၍အော်နေသည်။

သူမ၏စိတ်ထဲတွင် စင်လုံက သူ့ရှေ့သို့ပြေး၍ဆီးတားလိုက်သည်ဟုထင်နေသဖြင့် ဤသို့အော်နေခြင်းဖြစ်သည်။

သို့သော် သူမ မျက်စိဖွင့်ကြည့်လိုက်သောအခါတွင်မှ စင်လုံမဟုတ်ဘဲ ကျင်းစုမန်းဖြစ်နေကြောင်း တွေ့လိုက်ရတော့သည်။

သူမသည် စင်လုံအား အချစ်ကြီးချစ်လှ၏။

စင်လုံဘက်ကမူ သူမအပေါ် သူ၏ကရုဏာကို တစ်ချက်ကလေးမျှ ထုတ်ဖော်မပြဘဲ နေစိမ့်သည်။ ချစ်ချစ်သည် စင်လုံအပေါ် အမျက်ကြီးမျက်မိလေတော့သည်။

ကျင်းစုမန်းသည် ရှိုက်ကြီးတငင်ငိုကြွေးနေသော ချစ်ချစ်၏ နက်မှောင်သော ဆံပင်ကလေးများပေါ်မှ နှင်းပွင့် နှင်းဖတ်ကလေးများကို ခါချပေးလိုက်သည်။

“မင်းဘာဖြစ်လို့ လိုက်လာတာလဲ”

ချစ်ချစ်သည် ကျင်းစုမန်း၏ရင်ခွင်မှ လူးလဲရုန်းထွက်လိုက်ပြီး မာကျောစွာမေးလိုက်သည်။

“ဘာလဲ ရှင်က ကျွန်မကို လက်မခံချင်ဘူးပေါ့ ဟုတ်လား”

ကျင်းစုမန်းက လေးတွဲ့စွာသက်ပြင်းချလိုက်သည်။

“ခင်ဗျား တကယ်ပြောနေတာဟင်”

“အိုးနောက်စရာ မဟုတ်ဘဲရှင့်၊ ရှင်က ကျွန်မကိုမောင်းထုတ်



ပစ်ရင်တောင် ကျွန်မ မသွားနိုင်ဘူး။ ကျွန်မ စကားကုန်နေပြီ”

ကျင်းစုမန်းသည် ချစ်ချစ်၏ဆံနကလေးများကို ကြင်နာစွာ ပွတ်သပ်ပေးရင်း ညည်းညူမြည်တမ်းနေမိသည်။

“အင်း---သနားစရာကောင်းလိုက်တဲ့ မိန်းကလေးပါလား”

ချစ်ချစ်သည် ကျင်းစုမန်း၏ရင်ဘတ်ကို တွန်းထုတ်လိုက်သည်။

“ပြောပြန်ပြီလား သနားစရာကောင်းတယ်လို့၊ ကျွန်မက အခု ဘာဖြစ်နေလို့ သနားစရာကောင်းရတာလဲ၊ ကျွန်မမှာ ဘာမှသနားစရာမရှိဘူးရှင့်”

ကျင်းစုမန်း၏ အသုံးအနှုန်းသည် ချစ်ချစ်အပေါ် ပြောင်းလဲသွားသည်။

ဤ မသိ နားမလည်သော မိန်းကလေးကို သူ့အနေဖြင့် တန်းတူရည်တူထား၍ သုံးနှုန်းဆက်ဆံရန် မဖြစ်နိုင်ပေ။

“မိန်းကလေးက စင်လုံဆီကဝေးအောင် ပြေးနေတာမဟုတ်ပါဘူးကွယ်-

စင်လုံကို မခံနိုင်အောင်လုပ်နေတာပါ- မင်းရဲ့ပါးစပ်က ပြောနေတာက တစ်မျိုးပါ။ မင်းရဲ့အသည်းနှလုံးကတော့ မင်းရဲ့ပါးစပ်နဲ့ ဆန့်ကျင်ဘက်ဆန္ဒပဲ ရှိပါလိမ့်မယ်”

“မဟုတ်ပါဘူး- ရှင်ပြောတာ မဟုတ်ဘူး။ စင်လုံကို ကျွန်မက ဘာဖြစ်လို့ မခံချင်အောင်လုပ်ရမှာလဲ၊ ကျွန်မနဲ့စင်လုံက ဘာမှဆိုင်တာမှ မဟုတ်တာ”

ကျင်းစုမန်းထံမှ ရုံ့ရှုးပါးပါးအပြုံးက ပေါ်လာပြန်လေသည်။

"တကယ်ပြောနေတာလား။ စင်လုံလိုက်လာရင် ဘယ့်နှယ့်လုပ်မလဲ၊ ဖြစ်ပါ့မလား"

"ကျွန်မ သူ့ကို စကားမပြောဘူး"

"တကယ်နော်"

"အို- ရှင်က ကျွန်မကို မယုံဘူးလား။ သူလိုက်လာပြီး ကျွန်မကို ဝေါနဲ့တင်ခေါ်ပါမယ်ဆိုတာတောင် စကားမပြောဘူးရှင့်၊ သိလား"

ကျင်းစုမန်းသည် ချစ်ချစ်ကိုကျော်၍ သူမ၏နောက်ဘက်သို့ လှမ်းကြည့်ရင်း ပြောလိုက်သည်။

"ဟောဟိုမှာ စင်လုံလိုက်လာနေပြီ"

ချစ်ချစ်၏မျက်နှာကလေး၌ အံ့ဩဝမ်းသာမှုများသည် ဝင်းလက်တောက်ပလာတော့၏။

"တကယ်- သူဘယ်မှာလဲဟင်"

သူမသည် ချက်ချင်းပင် နောက်သို့လှည့်ကြည့်လိုက်သည်။ သို့သော်- မည်သည့်လူရိပ်ကိုမျှ မတွေ့ရပါ။

ချစ်ချစ်သည် နားမလည်ဟန်ဖြင့် ကျင်းစုမန်းကို ပြန်လှည့်ကြည့်လိုက်သည်။

ကျင်းစုမန်း၏ ပြုံးယောင်ပြုံးတုံ့မျက်နှာကို တွေ့မြင်လိုက်ရသောအခါမှ ကျင်းစုမန်းက သူမအား လိမ်ပြောလိုက်မှန်း ရိပ်မိတော့သည်။

ထိုအခါ သူမ၏မျက်နှာတစ်ပြင်လုံး၌ ရဲခနဲ ရက်သွေးတက်သွားတော့၏။

"ရှင်- ရှင်- ကျွန်မကိုလိမ်တယ်"



ကျင်းစုမန်းက အေးဆေး တည်ငြိမ်စွာဖြင့် သူမအား နှင်ထုတ်လိုက်သည်။

"မိန်းကလေး။ မင်းရင်ထဲ ဘယ်လို ခံစားနေရတယ်ဆိုတာ ကျုပ်သိပါတယ်လေ၊ အမှုအရာတွေဟာ စကားလုံး ထောင်သောင်းထက် အရာရောက်ပါတယ်၊ ဒီတော့ မင်းပြန်သာသွားပါတော့"

ချစ်ချစ်မှာ ရှက်ပြီးရင်း ရှက်နေရတော့၏။

သူမသည် ခြေထောက်ကိုဆောင့်ရင်း ရှက်ဒေါသဖြင့် အော်ဟစ်လိုက်သည်။

"ကျွန်မ ဘယ်နည်းနဲ့မှ စင်လုံဆီပြန်မသွားဘူး- သိလား။ ကျွန်မကို အတင်းပြန်ခိုင်းမနေနဲ့"

ကျင်းစုမန်းက ချစ်ချစ်အား ပြုံးကြည့်ရင်း ပြောလိုက်သည်။

"ကောင်းပြီလေ၊ အခု မင်းကျုပ်ဆီကိုပြေးလာပေမယ့် စင်လုံနောက်ကလိုက်လာတာကို မတွေ့ရဘူး-

အကြောင်းမဲ့တော့ လိုက်မလာတာ ဟုတ်ဟန်မတူဘူး။ မင်းကငါနဲ့အတူတူလိုက်လာတော့ သူ့အတွက် သဲလွန်စ အမျှင်တတန်းတန်းတွေ့ရအောင် လိုက်မလာတာဘဲဖြစ်ပါလိမ့်မယ်-

ရှင်ပျော်ပျော်မြို့စားကြီး ဘယ်မှာရှိတယ်ဆိုတာ သူသိချင်နေတယ်နဲ့တူပါရဲ့"

သူသည် ပြောရင်း သက်ပြင်းရှည်ကြီးချလိုက်ပြန်၏။

"အင်းလေ ဒါ သူလုပ်ရမယ့်အလုပ်ပဲ၊ သူ့ကို အပြစ်တင်နေလို့တော့ မဖြစ်နိုင်ဘူးပေါ့လေ"

ချစ်ချစ်က မျက်မှောင်ကုတ်ရင်းမေးလိုက်သည်။

"ကျင်းစုမန်း၊ ရှင့်ဘာတွေပြောနေတာလဲ"

ကျင်းစုမန်းက ပြုံးရင်း ပြောလိုက်သည်။

"ဩော်- မင်းက ငါနဲ့လိုက်မယ်ဆိုတော့ အခုပဲ သွားကြရအောင်လို့ ပြောနေတာပါ"

❋



အခန်း (၂၃)

စီးကုမြို့

စီးကုမြို့သည် မြို့ကြီးတစ်မြို့မဟုတ်။

မြို့ငယ်ကလေးတစ်မြို့ ဖြစ်၏။

သေးပင် သေးငယ်ငြားသော်လည်း စည်ကားလှသောမြို့ကလေး တစ်မြို့သာဖြစ်၏။

အဘယ်ကြောင့်ဆိုသော်-

ဤ မြို့ကလေးသည် လမ်းဆုံလမ်းခွ အချက်အချာကျသော မြို့ငယ်ကလေး ဖြစ်နေခြင်းကြောင့်ပေတည်း။

ဤမြို့ငယ်ကလေးမှနေ၍ အရှေ့ဘက်သို့သွားလျှင် လယ်ယာမြို့သို့ရောက်၏။

အနောက်ဘက်သို့သွားလျှင် ထင်အမ်းမြို့သို့ရောက်ရှိနိုင်ပြီး မြို့မြောက်ဘက်ရှိ မြစ်ကြီးကိုဖြတ်ကူးရန် ကူးတို့ဆိပ်လည်း ရှိနေသောကြောင့်ဖြစ်ပေ၏။

ထို့ကြောင့် ဤမြို့တွင် ကုန်သည်ပွဲစားများဖြင့် ပြည့်နှက်စည်ကားနေတော့သည်။ အနယ်နယ်အရပ်ရပ်သို့တင်ပို့ရန် ကုန်စည်များလည်း အစုစုအပုံပုံဖြင့်ရှိနေသည်။

ဤမြို့ကလေးသည် အချိန်ကြာလာသည်နှင့်အမျှ မြို့ကြီးပြကြီးအဖြစ်သို့ ပြောင်းလဲလာရမည်ဖြစ်ပေသည်။

ကျင်းစုမန်းနှင့်ချစ်ချစ်သည် ဤစီးကုမြို့ကလေးသို့ရောက်ရှိလာကြတော့၏။ ချစ်ချစ်သည် တချိန်လုံးလိုလိုပင် ကျင်းစုမန်း၏လက်မောင်းကိုဆွဲ၍ လိုက်ပါလာသည်။

သူမအား တစ်ယောက်တည်း ထားပစ်ခဲ့မည်ကို စိုးရိမ်သည့်အလားပင်။

ယင်းကဲ့သို့ မိန်းကလေးတစ်ယောက်က ယောကျာ်းကလေးတစ်ယောက်၏လက်မောင်းကိုဆွဲကိုင်ကာ လမ်းလျှောက်နေကြခြင်းမှာ လူအများ၏ စိတ်ဝင်စားဖွယ်ရာမြင်ကွင်းပင် ဖြစ်နေတော့၏။

လမ်းသွား လမ်းလာတိုင်း၊ ခရီးသည်တိုင်း ချစ်ချစ်တို့အား ဝိုင်း၍ မကြည့်သူမရှိ။ အားလုံးလိုလိုက အထူးအဆန်း ဝိုင်းကြည့်နေကြသည်သာ။

သို့သော် ဤသို့ ဝိုင်းကြည့်ကြသည့်အချိန်မှာ ခေတ္တခဏ



တဒင်္ဂမျှသာ ဖြစ်ပါသည်။

ထိုတဒင်္ဂမျှသော အချိန်ထက်ပို၍ ကြည့်မိပါက သူတို့၏ကျန်းမာရေးအခြေအနေ မကောင်းနိုင်တော့ကြောင်း သိလိုက်ကြ၍ဖြစ်ပါသည်။

အဘယ်ကြောင့် တဒင်္ဂမျှသော အချိန်ထက် ပို၍ မကြည့်ရဲကြပါသနည်း။

အကြောင်းက ရှိနေပါသည်။ ကျင်းစုမန်း၏ သေမင်းမျက်နှာနှင့်တူသော မျက်နှာသေကြီးကို တွေ့လိုက်ရသောကြောင့်သာဖြစ်၏။ ထိုမျက်နှာပိုင်ရှင်၏အသည်းနှလုံးကို သံမဏိများဖြင့်သွန်းလုပ်ထားပေမည်ဟု ကြည့်မိသူလူတိုင်းက အလိုလို အသိအမှတ်ပြုသွားကြသည်သာ ဖြစ်ပါ၏။

ကိုယ်နှင့် တိုက်ရိုက်မသက်ဆိုင်သော ကိစ္စတစ်ခုအတွက်ကိုယ့်အသက်နှင့် ရင်းရန်မလိုဟူသော လူတို့တွင်ရှိတတ်သည့် စိတ်ဓာတ်အတိုင်း သူတို့အား ခဏမျှကြည့်ပြီးသည်နှင့် သုတ်သီးသုတ်ပျာ ရှောင်ကွင်းသွားကြလေတော့၏။

ထိုအချက်ကို ချစ်ချစ်ကသတိပြုမိသည်။ ထို့ကြောင့် တိုးတိုးလေသံဖြင့် ပြောလိုက်သည်။

"ကြည့်စမ်း- လူတွေကို ကျွန်မတော့ သိပ်သဘောကျတာပဲ"

ကျင်းစုမန်းက အေးစက်သော လေသံဖြင့် ပြန်မေးသည်။

"ဘာတွေ သဘောကျနေတာလဲ"

"လူတွေလေ-လူတွေ၊ သူတို့က ရှင့်ကို သိပ်ကြောက်နေကြတာပဲ၊ ကျွန်မတို့ကို ခဏခဏကြည့်တယ်၊ ရှင့်မျက်နှာ မမြင်ခင်

အထိပေါ့၊ ရှင့်မျက်နှာလည်း မြင်ပြီးရော သူတို့မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်သွားတာပဲ"

"ဒါ မဆန်းပါဘူးကွယ်"

"ရှင့်အဖို့တော့ မဆန်းဘူးပေါ့၊ ကျွန်မအဖို့တော့ ဆန်း တယ်၊ ဒါမျိုးကို ကျွန်မကသဘောကျတယ်"

"မင်းက တစ်မျိုးပါလား"

"ဟုတ်တယ်၊ ကျွန်မက တစ်မျိုးပဲ၊ ကျွန်မကို လူအားလုံးက ကြောက်စေချင်တယ်၊ ကျွန်မကိုမြင်သွားတာနဲ့ မျက်နှာချင်းမဆိုင်ရဲလောက်အောင် ကြောက်ရွံ့ပျပ်ဝပ်သွားစေချင်တယ်-

ဒါပေမယ့် ကျွန်မကို ဘယ်သူကမှ မကြောက်ကြဘူး၊ အခု ရှင်နဲ့သွားတော့မှ ကျွန်မလိုချင်တဲ့ပုံစံကို ရတော့တယ်၊ အားလုံးဟာ ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာနဲ့ကြည့်ပြီး ကျွန်မတို့နဲ့ဝေးနိုင်သမျှဝေးရာကို သုတ်သီးသုတ်ပျာ သွားကြတော့တာပဲ-

ဒါပေမယ့် ကျွန်မမျက်နှာကိုတော့ ကျွန်မလိုချင်တဲ့အတိုင်း အတာအထိ တင်းမထားနိုင်ပါဘူးရှင်"

ကျင်းစုမန်းက တအံ့တဩမေးလိုက်၏။

"ဘာဖြစ်လို့ တင်းမထားနိုင်ရတာလဲ"

"ကျွန်မ သိပ်ဆာနေပြီရှင့်၊ အူတကြျတ်ကြျတ်ဖြစ်နေပြီ"

"ထမင်းစားရရင်ကော စားနိုင်ပါ့မလား"

"ဘာဖြစ်လို့ မစားနိုင်ရမှာလဲရှင့်"

"မဟုတ်ဘူးလေ၊ လွှမ်းဖျားလွှမ်းနာကျပြီး ထမင်းတောင် မစားနိုင်တော့ဘူးလားလို့ပါ"



ချစ်ချစ်က နှုတ်ခမ်းကလေးကိုမဲ့၍ ပြောလိုက်သည်။

"တော်စမ်းပါ၊ ကျွန်မက ဘယ်သူ့ကိုလွှမ်းရမှာလဲ၊ အမြဲ တမ်း စိတ်ညစ်တယ်ဆိုတာ ကျွန်မဘဝမှာ မရှိဘူးရှင့်-

စိတ်ညစ်ရင် ခဏလေးပဲညစ်တယ်၊ အချိန်ရှိတိုင်း လွမ်းနေတတ်တဲ့ မိန်းကလေးမျိုးမဟုတ်ဘူး-

အစားအသောက်ကို ကျွန်မ သိပ်စုံမက်တာ၊ ကျွန်မ အစ်ကိုကြီးတောင် ဒီလောက် အစားပုပ်နေရင် နင်တော့ ဝတုတ်ကြီးဖြစ်လာလိမ့်မယ်လို့ ပြောဖူးတယ်ရှင့်"

ကျင်းစုမန်းတစ်ယောက် ရယ်မောလိုက်လေတော့၏။

"ဝတုတ်ကြီးဖြစ်လာတော့ ဘာဖြစ်ရမှာလဲ၊ ကဲပါလေ- ကိုယ့်ဗိုက်ဆာနေတာ ဘာကိုစောင့်နေရမှာလဲ၊ တစ်ဆိုင်ဆိုင် ဝင်ပြီး အားရပါးရ စားသောက်ကြတာပေါ့ မဟုတ်လား"

ကျင်းစုမန်းကား ယခင်က ကျင်းစုမန်း မဟုတ်တော့ပေ။

ယခင်က ကျင်းစုမန်းကား-

အေးစက်သောလေသံ၊

အေးစက်သော မျက်လုံး။

အေးစက်သောမျက်နှာပိုင်ရှင် ကျင်းစုမန်းဖြစ်၏။

ကျောက်ရုပ်မျက်နှာ၊

ကျောက်ရုပ်အသည်းနှလုံးနှင့် ကျင်းစုမန်းဖြစ်၏။

ပြုံးရယ်ခြင်းဆိုသည်မှာ ကျင်းစုမန်းထံမှ ရှားရှားပါးပါးပေါ်လာသောအရာသာဖြစ်၏။

ယခုမူ ကျင်းစုမန်းတစ်ယောက် သူ့ဘဝ၌ အလွန့်အလွန်

ရှားပါးလှသော ရယ်မောခြင်းအမှုကို ပြုနေလေပြီ။

ယခင်ကနှင့်မတူ အပြုံးအမည်းပမာ ခြားနားလှစွာ ပျော်ပျော်ရွှင်ရွှင်ဖြစ်လာလေပြီ။

အေးစက်မာကျောသော ကျောက်ရုပ်လူ ကျင်းစုမန်း တစ်ယောက် အဘယ်ကြောင့် ဤသို့ ပွင့်ပျော့ပျောင်းလာရသနည်း။

သူတို့နှစ်ယောက်သည် ဝဲယာသို့ မျက်စိများကိုဝေ့ကြည့်ရင်းမှ ကျင်းစုမန်းက တစ်စုံတစ်ခုကို သတိရသွားသည့်ဟန်ဖြင့် ရုတ်တရက်မေးလိုက်၏။

"ဒါထက် မင်းအစ်ကိုတွေထဲမှာ "ကြူးရူး"ဆိုတဲ့ အစ်ကိုတစ်ယောက်များ ရှိသလား"

"ရှိတယ်- သူက လူတိုင်းနဲ့ အကျွမ်းတဝင် ရှိတယ်၊ လူတိုင်းကလည်း သူ့ကို ချစ်ချစ်ခင်ခင်ရှိပါတယ်"

"ဟုတ်တယ်၊ ကျုပ်လည်း ကြားဖူးနေတာပဲ၊ ကြားဖူးတာတောင် အတော်ကြာနေပါပြီ၊ ဒါပေမယ့် လူချင်းတော့ တစ်ခါမှ မတွေ့ဖူးသေးဘူး"

"သူ့ကို တွေ့ဖူးဖို့ကတော့ သိပ်မလွယ်ဘူးရှင့်"

"အလို- ဘာဖြစ်လို့ပါလိမ့်"

"သူက အိမ်မှာမှ ကြာကြာမနေတာ---၊ အိမ်ကနေ တစ်ခါထွက်သွားရင် သုံးလေးနှစ်လောက်ကြာတယ်၊ ဒီတော့ ကျွန်မတို့ မောင်နှမတွေတောင် သူ့ကို တွေ့ချင်ရင် သုံးလေးနှစ်လောက် စောင့်ကြရတယ်"

ချစ်ချစ်သည် စကားဆုံးသည်နှင့်-



သူမ၏ခြေလှမ်းကို ရပ်တန့်လိုက်သည်။

ကျင်းစုမန်းကလည်း ရပ်တန့်လိုက်ရတော့၏။

ကျင်းစုမန်းက ချစ်ချစ် အဘယ်ကြောင့် ရပ်တန့်လိုက်ရသည်ကို တစ်ခဏချင်းပင်သိလိုက်ရလေသည်။

သူတို့နှစ်ဦးသည် အလွန်စည်ကားလှသော စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိနေလေပြီ။

"အင်း- ဒီလောက် စားသောက်တဲ့လူတွေ များနေပုံထောက်ရင် ဒီဆိုင်ဟာ အစားကောင်း၊ အသောက်ကောင်းတွေ ရောင်းချတဲ့ဆိုင်ဖြစ်လိမ့်မယ်"

"ထမင်းဟင်းကောင်းတာက ကိစ္စမရှိဘူး၊ ထိုင်စရာနေရာမရှိတာက ခက်နေတယ်၊ မတ်တပ်ရပ်စားလို့ ဘယ်ဖြစ်နိုင်မှာလဲ"

ချစ်ချစ်က ကျေနပ်စွာပြုံးလိုက်သည်။

"ဒါလား၊ ဒါလေးက အကြောင်းမဟုတ်ပါဘူးရှင့်၊ ရှင်သာ ကျွန်မနောက်ကို လိုက်ခဲ့ပါ၊ ကျွန်မ ပြမယ်"

သူမက ပြောပြောဆိုဆိုနှင့် ကျင်းစုမန်း၏လက်ကိုဆွဲကာ ဆိုင်ထဲသို့ ဝင်သွားလေတော့၏။

အတွင်းသို့ရောက်သွားသည်နှင့် စားပွဲတစ်လုံးအနီးတွင် ရပ်လိုက်သည်။

သူတို့ရပ်လိုက်သည့်စားပွဲတွင် ကုန်သည်နှစ်ယောက်သည် ခေါင်းမဖော်တမ်း အားရပါးရစားသောက်နေကြလေ၏။ ကျင်းစုမန်းတို့အား မော့၍ပင် မကြည့်အားပါချေ။

သို့သော်-

သူတို့၏ မျက်လုံးအစုံသည် စားပွဲဘေး၌ လာရပ်နေသော ခြေထောက်အစုံကို တွေ့လိုက်ရသောအခါ စားသောက်ရင်းတန်းလန်း မော့ကြည့်မိကြသည်။

ထိုကုန်သည်နှစ်ယောက်သည် စားလက်စထမင်းဟင်းများကိုပင် မစားရဲလောက်အောင် ဖြစ်လာတော့၏။

ကုန်သည်တစ်ယောက်ကမူ ပါးစပ်ထဲသွင်းနေသည့် ထမင်းလုတ်ကို အတင်းမျိုချနေသဖြင့် ထမင်းပင်နင်နေတော့သည်။

ချစ်ချစ်ကမူ ကျင်းစုမန်း၏လက်ကိုကိုင်လျက် အေးအေးသက်သာစွာ ရပ်နေသည်။

မည်သည့်စကားကိုမျှလည်း ပြောရန်မလိုအပ်ပါ။

အဘယ်ကြောင့်ဆိုသော်-

ကြောင်ပြီး ကြည့်နေမိသည့် ကုန်သည်နှစ်ယောက်သည် သူတို့၏လက်ထဲမှ တူများကို ပစ်ချလိုက်ပြီး-

ထိုင်ခုံမှ သုတ်သီးသုတ်ပျာ ထွက်ခွါသွားကြသောကြောင့် ဖြစ်သည်။

ချစ်ချစ်နှင့်ကျင်းစုမန်းတို့သည် လစ်လပ်သွားပြီဖြစ်သည့် ထိုထိုင်ခုံများတွင် ဝင်၍ထိုင်လိုက်ကြ၏။

"အေး- မင်းအကြံမဆိုးဘူး"

ချစ်ချစ်က ပြုံးရယ်ရင်းပြောလိုက်၏။

"ဒါပေါ့ရှင့်၊ မျောက်ပြဆန်တောင်းတယ်ဆိုတာ"

"ဟား- ဟား- ဟား- ဟား-"

ကျင်းစုမန်းက အားရပါးရရယ်မောလိုက်မိတော့၏။



သို့သော်-

ကျင်းစုမန်း၏ ရယ်မောသံသည် ရုတ်တရက် ရပ်ဆိုင်းသွားလေသည်။

"ရှင်က ဒီလောက် အားရပါးရ ရယ်နေရင်းက ဘာဖြစ်လို့ အရယ်ရပ်သွားရတာလဲ၊ ရှင်ရယ်တာ သိပ်ကြည့်ကောင်းတာပဲ"

ဤစကားမှာ ချစ်ချစ်၏ရင်ထဲမှလာသော စကားဖြစ်၏။ ကျင်းစုမန်းရယ်သည်ကို ချစ်ချစ် မတွေ့ဘူးခဲ့ပေ။

ကျင်းစုမန်းသည် အတန်ကြာအောင် တိတ်ဆိတ်နေရာမှ ဖြည်းညင်းစွာ စကားပြောလာသည်။

"ကျုပ်ကိုကျုပ်လည်း သိပ်နားမလည်တော့ပါဘူးကွယ်၊ ခုတလောမှာ ကျုပ်သိပ်ပြီး ရယ်မောနေမိသလား မသိပါဘူး။ ကျုပ်တစ်သက်မှာ ခုလောက် တစ်ခါမှ မရယ်မောခဲ့သေးတာကတော့ အမှန်ပဲ"

ချစ်ချစ်သည် ကျင်းစုမန်းအားစေ့စေ့ကြည့်ရင်း သူမ၏ ရင်ထဲ၌ ဖော်ပြခြင်းမပြုနိုင်သော ခံစားချက်များကို ခံစားလိုက်ရတော့သည်။

ထိုစဉ်မှာပင် ထမင်း၊ ဟင်းများသည် စားပွဲခုံပေါ်သို့ ရောက်ရှိလာတော့၏။

ချစ်ချစ်သည် မည်သူ့ကိုမျှ ဂရုမစိုက်တော့။

မည်သည့်အရာမျှ ဂရုမပြုတော့။

စားသောက်ဖွယ်ရာများကိုသာ အားပါးတရ စားသောက်လေတော့သည်။

ထို့အပြင် သာမန်အမှုကိစ္စ၌ အေးဆေးတည်ငြိမ်လှသော

ကျင်းစုမန်း၏ပန်းကန်ထဲသို့လည်း ဟင်းများခပ်ထည့်ပေးလေသည်။

ပတ်ဝန်းကျင်စားပွဲများမှ လူများမှာ ထိုအပြုအမူကို ကြည့်လျက် တအံ့တဩ ဖြစ်နေကြတော့၏။

ချစ်ချစ်သည် ဝက်နံရိုးကြော်တစ်ခုကို တူဖြင့် ကောက်ကိုင်၍ ကျင်းစုမန်း၏ပန်းကန်ထဲသို့ထည့်ပေးရန် ဟန်ပြင်လိုက်စဉ် သူမ၏ တစ်ကိုယ်လုံး တုန်ခါသွားလေတော့၏။

သူမ၏ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံမှာလည်း-

သူမ၏ ရှေ့ဘက်ရှိတံခါးဘက်သို့ ထိတ်လန့်ကြောက်ရွံ့စွာ ကြည့်နေသည်။

ကျင်းစုမန်းသည် ချစ်ချစ်၏ ချောက်ချားတုန်လှုပ်သွားပုံကို ကြည့်၍ ချစ်ချစ်တစ်ယောက် ကြောက်ရွံ့ဖွယ်တစ်စုံတစ်ခုကို မြင်တွေ့သွားခဲ့ပြီဟု သိလိုက်၏။

ငို့ကြောင့် မျက်မှောင်ကုတ်ရင်းမေးလိုက်သည်။

"ဘာမြင်လိုက်သလဲ- ချစ်ချစ်"

ချစ်ချစ်သည် ကျင်းစုမန်း၏နောက်ကျော တံခါးဘက်သို့ ညွှန်ပြလိုက်ပြီး တုန်ယင်စွာဖြင့် ပြောလိုက်သည်။

"ဟို- ဟို- ဟိုမှာ--"

သူမ ညွှန်ပြနေသည့်လက်ညှိုးပင်လျှင် တဆတ်ဆတ်တုန်ခါနေကြောင်း တွေ့ရသဖြင့်-

သူမ အဘယ်မျှကြောက်လန့်နေကြောင်း ကျင်းစုမန်း ကောင်းစွာရိပ်မိသွားသည်။

ကျင်းစုမန်းက နောက်သို့ လှည့်ကြည့်လိုက်သည်။ တံခါးဝ



မည်သည့်လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါချေ။

"မင်း ဘာကိုတွေ့ရလို့လဲ၊ ဘာမှ မရှိပါလား"

"တံခါးပေါက်မှာ လူ- လူ"

"မရှိပါဘူး။ မင်း မျက်စိမှားလို့ဖြစ်ပါလိမ့်မယ်၊ ကျုပ်ကြည့်တော့ ဘာမှမရှိပါလား"

"ခုနက ရှိနေတယ်ရှင့်၊ ဒါကြောင့် ကျွန်မ လက်ညှိုးထိုးပြနိုင်တာပေါ့၊ ရှင် လှည့်ကြည့်တော့မှ သူထွက်သွားတာ"

"ဘယ်သူလဲ သိသလား"

"ဟိုလူပေါ့၊ ကျွန်မကို ဆွံ့အ သွားအောင်၊ ခြေလက်တွေ မလှုပ်ရှားနိုင်အောင် လုပ်ခဲ့တဲ့ လူယုတ်မာပေါ့၊ ဒါကြောင့် ကျွန်မ ဒီလောက် ကြောက်သွားတာ"

ကျင်းစုမန်းမှာ ကွက်ခနဲ မျက်နှာပျက်သွားလေတော့၏။

"မင်း သေသေချာချာ တွေ့လိုက်ရသလား။ မျက်စိမှားတာတော့ မဟုတ်ဘူးနော်"

"မမှားပါဘူးရှင်- သေသေချာချာတွေ့လိုက်ရတာပါ။ သူ့ မျက်နှာကို ကျွန်မ တစ်သက်လုံးမမေ့ပါဘူး။ နောက်တစ်သက်မှာတောင် မှတ်မိဦးမယ့်မျက်နှာပါ"

ချစ်ချစ်၏ အသေအချာစကားကို ကြားလိုက်ရသောအခါ ကျင်းစုမန်း၏မျက်နှာတစ်ခုလုံး သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော်ဖြစ်သွားလေတော့၏။

ချစ်ချစ်မှာ ကျင်းစုမန်း၏ ထူးခြားလှသော အမူအရာကို ကြည့်လျက် မိမိကြောက်ရွံ့နေမှုများကိုပင် ခေတ္တခဏ မေ့လျော့သွား

တော့၏။

အဘယ်ကြောင့် ကျင်းစုမန်းတစ်ယောက် ဤသို့ ဖြုံဖပ်ဖြူ ရော်ဖြစ်သွားရသနည်း-

ချစ်ချစ်သည် ဆက်လက်၍မတွေးတော့ပါ။ နှုတ်ခမ်းကလေး ကို ကိုက်၍မေးလိုက်သည်။

"ဘယ့်နှယ့်လဲ- ကျွန်မတို့လိုက်ကြမလား"

ကျင်းစုမန်းက သူ၏ဦးခေါင်းကို ခါယမ်းလျက် အဖြေပေး လိုက်သည်။

"အခုမှတော့ လိုက်လို့မဖြစ်နိုင်တော့ပါဘူး"

ချစ်ချစ်၏စိတ်ထင်အရ ကျင်းစုမန်းထလိုက်လိမ့်မည်ဟု ယူဆထားခဲ့သည်။

ယခု ကျင်းစုမန်း၏စကားကို ကြားလိုက်ရသောအခါ အ ထင်နှင့်အမြင်လွဲမှားသွားပြီး ထိတ်ထိတ်ပျာပျာဖြစ်သွားရတော့၏။

"ဒါဖြင့် ကျွန်မတို့ ဘယ့်နှယ့်လုပ်ကြမလဲဟင်၊ ကျွန်မ သူ့ကို သိပ်ကြောက်တာပဲ-

သူ့ဆီမှာ ခဏအဖမ်းခံလိုက်ရတာ ဆယ်သက် ဆယ်ကမ္ဘာ လောက်ကြာတယ်လို့ မှတ်ထင်ခဲ့ရတယ်၊ သူ့ကိုတွေ့ရင် ဘယ်လို ကြောက်မှန်းမသိဘူး၊ စားလို့လည်း မဝင်၊ အိပ်လို့လည်းမပျော် ဖြစ် တော့မှာပဲ"

ချစ်ချစ်သည် ဂယောင်ချောက်ခြားဖြစ်လာတော့၏။

ကျင်းစုမန်းက ခေတ္တမျှ တွေဝေစဉ်းစားလိုက်ပြီး မတ်တတ် ရပ်လိုက်သည်။



သူ့အိတ်ထဲမှ ဒင်္ဂါးပြားတစ်ပြားကိုထုတ်ကာ စားပွဲပေါ်သို့ ပစ်ချလိုက်သည်။

ထို့နောက် ချစ်ချစ်၏လက်ကိုဆွဲကာ ပြောလိုက်သည်။

"ကဲ- ကျုပ်နောက်ကို လိုက်ခဲ့တော့"

"ဘယ်ကိုသွားမှာလဲ"

ယခုအချိန်တွင် ကျင်းစုမန်း၏မျက်နှာတစ်ခုလုံး ရှုပ်ထွေး ပွင့်ဝေလျက် ရှိနေချေပြီ။

တစ်စုံတစ်ခုကို အပြင်းအထန်စဉ်းစားနေရဟန်တူ၏။

မည်သည့်စကားကိုမျှ အဖြေမပေးဘဲ ချစ်ချစ်၏လက်ကိုဆွဲ၍ အပြင်သို့သာ ထွက်ခွာသွားလေတော့၏။

ဆိုင်ပြင်သို့ရောက်သည်နှင့် အရပ်ရှစ်မျက်နှာစလုံးလှည့်ပတ် အကဲခတ်ကြည့်သည်။

မည်သည့်ထူးခြားသော အရိပ်အရောင်မျှ မတွေ့ရသောအခါ လူသူခေါင်းပါးလှသည့်မြို့ပြင်သို့ ပြေးလွှားသွားလေတော့၏။

ချစ်ချစ်မှာ ကျင်းစုမန်းအား အမီပြေးလိုက်ရင်း အံ့ဩ ထိတ် လန့်စွာ ကြည့်မိတော့သည်။

အိမ်ခြေများကင်းဝေးလျက် လူသူ အတော်ပြတ်သောနေရာ သို့ ရောက်သောအခါမှ ကျင်းစုမန်း၏ပြေးနေသောခြေလှမ်းများမှာ ခပ် သွက်သွက် ခပ်ကျဲကျဲအဖြစ်သို့ ပြောင်းလဲသွားလေတော့၏။

လူသူကင်းမဲ့သဖြင့် ပတ်ပန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ် သက်နေပါသည်။

ချစ်ချစ်၏ခြေသံမှတစ်ပါး-

အခြားအသံဗလံဟူ၍ လုံးဝမကြားရပါချေ။ ချစ်ချစ်၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာတော့သည်။

"ကျွန်မတို့ ဘယ်ရောက်နေတာလဲ၊ ကျွန်မကြောက်တောင်ကြောက်လာတယ်"

"ကျုပ်လည်းမသိဘူး"

ချစ်ချစ်မှာ မျက်မှောင်ကုတ်သွားတော့၏။

ကျင်းစုမန်း၏ အပြုအမူကိုလည်း နားမလည်နိုင်အောင် ဖြစ်သွားတော့၏။

"ဒါဖြင့် ရှင်က ဘာသဘောနဲ့ ဒီဘက်ထွက်ပြေးရတာလဲ၊ ကြည့်စမ်းပါဦး- သုသာန်တစပြင်ကျနေတာပဲ၊ လူသူဆိုလို့လည်း တစ်ယောက်မှမရှိဘူး"

"ကျုပ်ဘာဖြစ်လို့ ဒီဘက်ထွက်ပြေးလာရတယ်ဆိုတာ မင်းမကြာခင် သိရမှာပေါ့"

သူ့အသံသည် ပြောရင်း တဖြည်းဖြည်းတိုးသွားသည်။ ဆက်တိုက်လိုလိုပင် တီးတိုးပြောပြန်၏။

"ဟော- လာနေပြီ"

ချစ်ချစ်မှာ ကျင်းစုမန်း၏တိုးတိုးတိတ်တိတ်လေသံကြောင့် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားတော့၏။

ကျင်းစုမန်းပြောသော လာနေပြီဆိုသည့်လူကို လုံးဝမမြင်ရပါ။

ထို့ကြောင့် သူမ၏နားကိုသာ ပို၍စွင့်ထားလိုက်၏။

အမြင်အာရုံထက် အကြားအာရုံကို ပို၍အလေးထားရမည့်



အချိန်မဟုတ်ပါလား။

ထိုစဉ် လျင်မြန်စွာပြေးလာနေသော လူတစ်ယောက်၏ခြေသံကို ကြားလိုက်ရလေ၏။

အထူးအာရုံစိုက်လေ ပို၍ ပီပီသသ ကြားရလေဖြစ်တော့သည်။

ခြေသံသည် သူတို့၏နောက်ဘက်မှလာသော ခြေသံဖြစ်ကြောင်း ချစ်ချစ်အနေဖြင့် ကောင်းစွာခန့်မှန်းလိုက်နိုင်သည်။

ကျင်းစုမန်းကမူ ထိုအချက်ကို အစောကြီးကတည်းက သိထားဟန်တူနေပေသည်။

သို့သော်-

သူသည် တစ်ချက်ကလေးမျှ နောက်ပြန်မကြည့်ဘဲ ရှေ့သို့လျှောက်မြဲလျှောက်နေ၏။

ကျင်းစုမန်းကလှည့်မကြည့်သဖြင့် ချစ်ချစ်သည်လည်း လှည့်မကြည့်ဝံ့ပါချေ။ မိမိတို့ကို ကြီးစွာသောအန္တရာယ်ပေးမည့် လူများပေလား။

"ဘယ်သူများပါလိမ့်"

ချစ်ချစ်၏စိတ်ထဲမှ တီးတိုးရေရွတ်လိုက်သည်။

ထိုစဉ် သူတို့နောက်မှခြေသံသည် သူတို့အနီးသို့ ရောက်ရှိလာလေတော့၏။

ကျင်းစုမန်းက ချစ်ချစ်အား လေသံဖြင့်ပြောလိုက်သည်။

"ဒီလူက သိုင်းပညာတော့ သိပ်မခေပါဘူး၊ ဒါပေမယ့် အတွင်းအားကတော့ သိပ်မဟန်ဘူး-

ဒါကြောင့် ကျုပ်က သူ့ကို အတွင်းအားတွေကုန်ခန်းသွားအောင် ပရိယာယ်ဆင်နေရတာ-

ဥပါယ်တံမျဉ်နဲ့ အောင်မြင်ပြီးစီးနိုင်တဲ့ကိစ္စကို ခွန်အားသုံးလို့ မအောင်မြင်နိုင်ဘူး-

အခြေအနေ အချိန်အခါကို ကြည့်ပြီး ခုလို လျှောက်ပြေးနေရတာပဲ"

ချစ်ချစ်မှာ လွန်စွာဝမ်းသာသွားသည်။ ကျင်းစုမန်းသည် အလုပ်တစ်ခုကို မည်သည့်အခါမျှ အကြောင်းမဲ့လုပ်ဟန်မတူပေ။

သူတစ်စုံတစ်ခုလုပ်ပြီဆိုလျှင် အကြောင်းတစ်စုံတစ်ခုရှိ၍သာ ဖြစ်ကြောင်း ချစ်ချစ်နားလည်လာသည်။

ထို့ကြောင့် ချစ်ချစ်သည် ကျင်းစုမန်း၏လည်ပင်းကို ဖက်၍ နမ်းလိုက်သည်။

ကျင်းစုမန်းထံမှ လိုက်လိုက်လဲလဲရယ်မောသံ ထွက်ပေါ်လာပြန်လေသည်။

သူပြောခဲ့သည့်အတိုင်း ယခုအချိန် အတောအတွင်း၌ သူသုံးလေးကြိမ်မျှ လိုက်လိုက်လဲလဲ ရယ်မောပြီးခဲ့လေပြီ။ သူက နှစ်ခြိုက်စွာပြောလိုက်သည်။

"ကောင်းတယ်ဟေ့"

ထိုစဉ် သူတို့နောက်မှ အသံကြားလိုက်ရတော့သည်။

"ကောင်းတယ်ဟေ့"

သူတို့နောက်မှ လူကလည်း-

"မင်း ဒီလိုလိုက်လာမယ်ဆိုတာ ငါသိပါတယ်"



ကျင်းစုမန်းက-

"မင်းရောက်လာပြီပဲ၊ ဘာဖြစ်လို့ စကားမပြောတာလဲ မပြောရဲဘူးလား"

ကျင်းစုမန်း၏ မျိုသိပ်သိမ်းဆည်ထားသော ဒေါသများသည် ပေါက်ကွဲထွက်လာလေတော့သည်။

"မင်းက ငါ့ကို နောက်ပြောင်နေတယ်ပေါ့ ဟုတ်လား- အေးပအောင်နောက်ထား ပြောင်ထားပေတော့၊ မင်းကို ငါ အရင်းဆုံးပြောလိုက်မယ်၊ မင်းရဲ့သေနေ့ဟာ ဒီနေ့စေ့ရောက်ပြီ-

မင်းနဲ့ငါ တစ်ဂိုဏ်းထဲသားဖြစ်ပေမယ့် မင်းကိုငါမညှာနိုင်တော့ဘူး၊ မင်းကို ဒီနေရာမျှားခေါ်လာတာ အကြောင်းမဲ့သက်သက်များခေါ်လာတာသိလား"

သည်တစ်ကြိမ်တွင်တော့ သူတို့နောက်ဘက်မှ ပဲ့တင်ထပ်သံကို မကြားရတော့ချေ။

ပဲ့တင်ထပ်သံအစား "ဗျာ"ဟူသော အာမေဋိတ်သံကိုသာ ကြားလိုက်ရ၏။

ကျင်းစုမန်းသည် အာမေဋိတ်သံကို ကြားလိုက်ရသည်နှင့် တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့်-

သူ့ကိုယ်ကို ချာခနဲလှည့်၍ နောက်ဘက်မှလူကို ရင်ဆိုင်လိုက်သည်။

ထိုအခါ ကျင်းစုမန်းမှာ အံ့အားကြီးသင့်သွားရတော့သည်။

"ဩ--မင်းကိုး"

"ရှင်ကိုး"

သူတို့တွေ့မြင်လိုက်ရသူမှာ အခြားသူမဟုတ်ပေ။

ကျင်းပုဟန်ဖြစ်နေသည်။

ကျင်းစုမန်း၏ဒေါသသည် အံ့သြမှုကြောင့်ခေတ္တတိမ်ငုပ်သွားသော်လည်း ချက်ချင်းပင် ပေါက်ကွဲထွက်လာပြန်၏။

ချစ်ချစ်ကလည်း ဒေါသတကြီး မီးတောက်မျက်လုံးများဖြင့်စိုက်ကြည့်နေသည်။

ဤသူကား မိမိတို့အားအန္တရာယ်ပေးမည့် မကောင်းဆိုးရွားကောင်သာတည်း။

ကျင်းပုဟန်က ရယ်မောနေသည်။

"ဟုတ်ပါတယ် ကျုပ်ပါ"

ချစ်ချစ်က ဒေါသကိုမမျိုသိပ်နိုင်တော့ဘဲ ရုရှကျယ်လောင်စွာလှမ်းမေးလိုက်သည်။

"ရှင် ကျွန်မတို့နောက်လိုက်ပြီး ဘာဒုက္ခပေးဦးမလို့လဲ"

"ဒါလား- တခြားအကြောင်းကိစ္စ မရှိပါဘူးလေ၊ ခင်ဗျားတို့ကိုယ့်ဘာသာ ပြန်ပြီးမေးကြည့်ပါလား"

"ဘာ မေးရမှာလဲ- ရှင်ကဘာတွေ အူကြောင်ကြောင်လုပ်တာလဲ"

"တယ်ခက်ပါလား ကိုယ့်အကြောင်းကိုယ်မသိဘူးဆိုတော့ သူစိမ်းဖြစ်တဲ့ကျုပ်က ပိုခက်သွားတာပေါ့-

ဒီလိုပါ- ဒီလိုပါ- ခင်ဗျားတို့ တစ်ယောက်နဲ့တစ်ယောက် ဒီလောက် ချစ်ချစ်ခင်ခင်လက်တွဲပြီး လူမရှိတဲ့ မြို့ပြင်ကို ဘာကြောင့်



ထွက်လာကြတယ်ဆိုတာ သိချင်လို့ ကျုပ်က လိုက်လာရတာပါ- တခြားအကြောင်းမရှိပါဘူး"

ကျင်းစုမန်းက ဟိန်းဟောက်လိုက်သည်။

"မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း"

ကျင်းပုဟန်က ပထီလေးစားရယ်မောလိုက်သည်။

"ဟုတ်ကဲ့ခင်ဗျာ- အစ်ကိုကြီးရဲ့စကားဟာ ညီအပေါ်မှာ အာဏာတည်ရမှာပေါ့၊ အစ်ကိုကြီးက ပါးစပ်ပိတ်ထားခိုင်းရင် ကျုပ်က ပိတ်ထားရမှာပေါ့၊ ဟား- ဟား- ဟား"

ကျင်းပုဟန်၏ရယ်သံက မဆုံးနိုင်လောက်အောင်ရှည်လျားလှ၏။

အရယ်ရပ်သွားသော်လည်း သူ့စကားသံကမူ ဆက်၍ထွက်လာသေး၏။

"အင်း- ကျုပ်ကတော့ ကျုပ်အစ်ကိုကြီးရဲ့ အစွမ်းအစထက်မြက်ပုံကို ချီးကျူးပါသဗျာ၊ ကျုပ်အစ်ကိုကြီးညံ့လှပြီအောက်မေ့နေတာ -

ခုမှ ပညာ့ပွန်းသိရတော့တယ်၊ စင်လုံလိုလူမျိုးရဲ့မိန်းကလေးကို ရအောင်ယူလာနိုင်တော့ တကယ့် ချီးကျူးလောက်တဲ့ကိစ္စပါပဲ"

ကျင်းစုမန်းမှာ နှုတ်ခမ်းကိုတင်းတင်းစေ့၍ မီးတောက်မတတ်မျက်လုံးဖြင့် ရူးရူးစိုက်စိုက်ကြည့်နေ၏။

သူ၏မျက်လုံးများကြောင့် အရည်ပျော်ကျစေနိုင်သည် ဆိုလျှင် ကျင်းပုဟန်၏ခန္ဓာကိုယ်တစ်ခုလုံးကို အကောင်အထည် ဖြပ်ဝတ္ထုအဖြစ် တွေ့မြင်နိုင်တော့မည်မဟုတ်ချေ။

ထိုစဉ်-

ချစ်ချစ်၏ရှုရကျယ်လောင်သော အသံက လိုက်၍ထွက်ပေါ်လာတော့သည်။

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ- ရှင်ရူးနေသလား ရူးနေတယ်ဆိုရင်လည်း ဒီပြင်နေရာသွားပြီး ပြောချင်ရာပြောနေ ဒီနေရာမှာတော့ ရှင်သေသွားလိမ့်မယ်"

ကျင်းပုဟန်က အားပါးတရ ရယ်မောလိုက်သည်။

"အမလေးဗျာ- ဒါက သတို့သမီးဆိုတာ ချိုချိုသာသာ သိမ်သိမ်မွေ့မွေ့ပြောမှပေါ့၊ ခုတော့ အတော့်ကို ကြမ်းပါလား။ ကျုပ်ကတော့ ခင်ဗျားကိုကြည့်ပြီး သနားနေတယ်ဗျာ"

"တော်- တိတ်။ ရှင့်အပူ တစ်ပြားသားမှမပါဘူး"

"ခင်ဗျားက တိတ်ခိုင်းပေမယ့် ကျုပ်ကတော့ မတိတ်နိုင်သေးဘူး။ ခင်ဗျားအတွက် အတော်ကလေးအရေးကြီးမယ့် လျှို့ဝှက်ချက်တစ်ခုကို ကျုပ်ပြောပြမယ်ဗျာ"

ကျင်းပုဟန်သည် ကျင်းစုမန်းအား မေးငေါ့ပြလိုက်သည်။

"လျှို့ဝှက်ချက်က သူနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်ဗျ။ သူ့ကြည့်ရတာ ရိုးရိုးသားသားရှိတယ်လို့ထင်ရတယ် မဟုတ်လား-

အဲဒီ အထင်နဲ့ သူ့ရဲ့အကျင့်စရိုက်ကတော့ တစ်ခြားစီဗျ။ သူ ငယ်ငယ်တုန်းကဆိုရင် မိန်းကလေးအတော်များများနဲ့ ချစ်ကြိုက်ခဲ့တာပေါ့ဗျာ"

ကျင်းပုဟန်သည် ထိုစကားဆုံးသောအခါ လုံးဝ ဆက်မပြောတော့ဘဲ နှုတ်ပိတ်ရေငုံနေပြန်တော့သည်။



ချစ်ချစ်၏သိချင်စိတ်ကို နှိုးဆွပေးရန်အတွက် တမင်စကားဖြတ်လိုက်ခြင်းသာဖြစ်သည်။

သူထင်ထားသည့်အတိုင်း ချစ်ချစ်ထံမှ စကားသံ ထွက်ပေါ်လာသည်။

"ရှင့်စကားကို ဆက်စမ်းပါဦး"

ကျင်းပုဟန်က ကြောက်ရွံ့ဟန် အမူအရာလုပ်ပြသည်။

"ကျုပ်မပြောရဲဘူးဗျာ- ကြောက်တယ်"

မကြောက်သည်ကို ကြောက်ဟန်လုပ်ပြသည့်အမူအရာကို ချစ်ချစ် ကြည့်၍ရယ်ချင်မိသည်။

သို့သော် မရယ်နိုင်ပါ။

"ပြောစမ်းပါရှင်- တကယ်မကြောက်ဘဲနဲ့ ရယ်စရာလုပ်မနေစမ်းပါနဲ့"

ကျင်းပုဟန်က ရယ်မောလိုက်သည်။

"ခင်ဗျားမဆိုးဘူး။ ကျုပ်အကြောင်းတော့ နည်းနည်းပါးပါးသိသားပဲ၊ အခု ကျုပ်ပြောတဲ့ သူ့ရဲ့လျှို့ဝှက်ချက်ကိုကြားပြီး ကြောက်တော့မသွားနဲ့နော်-

ကျုပ်က ကြိုပြီးပြောထားတာ- သူ့ရဲ့ချစ်သူ မိန်းကလေးတစ်ယောက်ရဲ့မျက်နှာကို သူ ဖျက်ဆီးပစ်ခဲ့ဖူးတယ်ဗျာ"

"အို- ဖြစ်မှ ဖြစ်ရလေရှင်"

ကျင်းပုဟန်သည် စကား၏ထိရောက်မှု အတိုင်းအတာကို ကောင်းစွာခန့်မှန်းနိုင်သည်။

သူ့စကားများက ချစ်ချစ်ကို ကောင်းစွာဆွဲဆောင်ထားနိုင်

ကြောင်း ကောင်းကောင်းကြီးသိလိုက်သဖြင့် ဆက်၍ပြောသည်။

"သူ အဲဒီလိုလုပ်ပြီးတဲ့နောက်ပိုင်းမှာ သူ့စိတ်ထားတွေ လုံးဝ ပြောင်းလဲသွားတယ်၊ တော်တော့်ကိုအံ့ဩလောက်အောင် ပြောင်းလဲ သွားခဲ့တာပါ-

အဲဒီနောက်ပိုင်းမှာ မိန်းမဆိုရင် လုံးဝ မုန်းတီးသွားတဲ့အပြင် ယောကျ်ားတွေနဲ့ပါ အပေါင်းအသင်းမလုပ်တော့ဘူး-

ရှင်းရှင်းပြောရရင် လူသူတွေနဲ့ လုံးဝ အဆက်အဆံမလုပ် တော့ဘူးဆိုတဲ့ သဘောပေါ့"

သူမသည် စကားဆုံးသည်နှင့် ကျင်းပုပဟန်၏ပါးကို ဖြန်းခနဲ ရိုက်ချလိုက်လေသည်။

သို့သော် ကျင်းပုပဟန်ထံမှ စိတ်ဆိုးသည့်အမူအရာ အရိပ် အရောင်မျှ မမြင်ရပါချေ။ စိတ်မဆိုးသည့်အပြင် ဦးညွှတ်ပြီး ပြော လိုက်သေး၏။

"အခုလို လက်ဆောင်ပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ"

သူသည် စကားဆုံးသည်နှင့် ကျင်းစုမန်းဘက်သို့လှည့်ကာ-

"ဝမ်းသာပါတယ်ဗျာ၊ ဒီလောက်ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ကို ဒီလိုလွယ်လွယ်ကူကူရဖို့ဆိုတာ သိပ်လွယ်လှတဲ့ကိစ္စ မဟုတ်ဘူး-

အခုလို ခင်ဗျား ပိုင်ဆိုင်ရယူနိုင်တဲ့အတွက် ကျုပ် သိပ်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရတဲ့အကြောင်း ပြောကြားပါရစေ"

ကျင်းစုမန်းထံမှ ဒေါသအရိပ်အရောင်များ မမြင်ရတော့ချေ။ သို့သော်-



ဒေါသထက် ကြောက်မက်ဖွယ်ရာကောင်းလှသည့် အေးစက် မာကျောမှုက ပြန်လည်နေရာယူလျက်ရှိပေပြီ။

ကျင်းစုမန်းက အေးတိအေးစက်လေသံဖြင့် ပြောလိုက်သည်။

"မင်းစကားတွေက ပြောလို့မကုန်နိုင်သေးဘူးလား"

ကျင်းပုပဟန်က မထီတရီလေသံဖြင့်-

"ကုန်သွားပါပြီခင်ဗျာ"

ကျင်းစုမန်း၏ အေးစက်သောစကားသံများက တစ်လုံးချင်း ပီပီသသ ထွက်ပေါ်လာသည်။

"မင်းနဲ့ငါဟာ ညီအစ်ကိုဖြစ်တယ်ဆိုပေမယ့် ညီအစ်ကိုဆိုတဲ့ ကြိုးဟာ အခုအချိန်ကစပြီး လုံးဝပြတ်တောက်သွားပါပြီ-

ဘယ်လိုပဲဖြစ်ဖြစ် ဒီတစ်ကြိမ်မှာတော့ နောက်ဆုံးအနေနဲ့ မင်းရဲ့အသက်ကိုချမ်းသာပေးဖို့ ငါဆုံးဖြတ်လိုက်တယ်၊ နောက်တစ်ကြိမ် အတွက်တော့ အာမ မခံနိုင်ဘူး-

ကဲ- မင်းမြန်မြန်ပြန်ပေတော့၊ ငါစိတ်ပြောင်းသွားရင် မင်း သက်သာမှာ မဟုတ်ဘူး"

ကျင်းပုပဟန်က ပြုံးလိုက်သည်။

သူ၏အပြုံးသည် ကောက်ကျစ်မှုကို ဖုံးကွယ်ထားသည့် အပြုံးသာဖြစ်၏။

အရင်းဆုံးဆိုရလျှင် သူ၏အပြုံးသည် သင့်မှန်းစားသွားပေါ်မှ ပျားရည်စက်သာတည်း။

"အစ်ကိုကြီးက သွားခိုင်းရင် ညီလေးဖြစ်တဲ့ကျုပ်က သွားရ မှာပေါ့ဗျာ၊ ကျုပ်က အစ်ကိုကြီးရဲ့အမိန့်ဩဇာကို လွန်ဆန်ဝံ့တဲ့သူ

မဟုတ်ပါဘူး။ ဒါပေမယ့် အစ်ကိုကြီးကို စကားတစ်ခွန်းလောက်တော့ မေးချင်ပါတယ်"

သူသည် ကျောင်းစုမန်း၏အဖြေကို မစောင့်တော့ဘဲ သူမေးလိုသည့်မေးခွန်းကို ဆက်တိုက်ပင်မေးလိုက်သည်။

"ရှင်နဲ့စင်လုံနဲ့ ဘာဆိုင်လို့လဲ၊ စင်လုံကလည်း ရှင်နဲ့ ဘာမှပြဿနာရှုပ်မယ့်လူမဟုတ်ဘူး။ ဘာဖြစ်လို့ စင်လုံကို လာမေးနေရတာလဲ"

ကျောင်းပုဟန်က တဟားဟား အော်ဟစ်ရယ်မောလိုက်လေသည်။

"ဒါလား- စင်လုံကို ကျုပ်ကမေးရတာက အကြောင်းရှိလို့ပေါ့ဗျာ- ကျုပ်တစ်ယောက်ထဲအတွက်ဆိုရင် ဒီလောက်တောင်တောင်းတောင်းပန်ပန်ခခယယမေးနေမှာ မဟုတ်ဘူးဗျ။ သူ့ကိုတွေ့ချင်နေတဲ့လူတွေက အတော်ကလေးများနေတော့ အဲဒီလူတွေအစား ကျုပ်က မေးပေးရတာပါ"

ချစ်ချစ်က အနည်းငယ် အံ့သြသွားလေသည်။

"ဘယ်သူတွေက တွေ့ချင်နေရတာလဲ"

"တရားဘက်တော်သားခြံက ညီအစ်ကိုသုံးယောက်ရယ်၊ ရသေ့တန်ဟုန်ရယ်၊ ခြင်္သေ့ကြီးချောင်ဝူးရယ် နောက်တစ်ယောက်ကတော့ ကျုပ်ပဲဆိုပါတော့လေ၊ စင်လုံကို တွေ့ချင်နေတဲ့လူတွေက နည်းနည်းနောနောလူတွေလား။ မနည်းပါဘူးနော်"

ချစ်ချစ်မှာ မစဉ်းစားတတ်အောင်ဖြစ်သွား၏။ ဤလူများသည် စင်လုံအား အဘယ်ကြောင့် ဤမျှ အရေးတကြီးတွေ့ဆုံနေ



လိုကြသနည်း။ အဖြေကိုရှာသည်။ မရ။

"ဒီလူတွေက ဘာဖြစ်လို့ စင်လုံကိုတွေ့ချင်နေကြရတာလဲ"

"တခြားကိစ္စတော့မဟုတ်ပါဘူး။ သူ့ကို တစ်နေရာကိုပို့ပေးကြမလို့ပါ"

"ရှင်- တစ်နေရာကိုပို့မယ်- ဘယ်ကိုပို့မှာလဲ"

"တမလွန်ဘဝကိုပါ"

"ရှင်---"

"ကျုပ်ပြောတာ နားမရှင်းဘူးနဲ့တူတယ်၊ ရှင်းရှင်းလေးပါ၊ ဒီလူသိုက်က စင်လုံကို လိုက်ပြီးရှာဖွေနေကြပါတယ်၊ သတ်ပစ်ကြဖို့ပါ၊ ရှင်းသွားပါပြီနော်"

ချစ်ချစ်မှာ ပထမစကားကတည်းက နားလည်သဘောပေါက်ပြီးဖြစ်ပါသည်။

အံ့သြလွန်းသဖြင့် "ရှင်"ဟု အာမေဋိတ်သံထွက်သွားခြင်းဖြစ်သည်။

အခြေအနေအရပ်ရပ်ကို နားလည် သဘောပေါက်ပြီးသောအခါ ချစ်ချစ်မှာ စင်လုံအတွက် စိုးရိမ်တကြီးဖြစ်သွားရတော့၏။

"ဘာဖြစ်လို့လဲ- အကြောင်းတော့ရှိလို့ပေါ့၊ စင်လုံလိုလူကို သတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး"

"ဘာဖြစ်ရမှာလဲ- ခင်ဗျားပြောတဲ့ အကြောင်းတွေ ရှိလို့ပေါ့ဗျာ၊ သူဟာ ကတိသစ္စာမတည်ကြည်ဘူး။ မတရားမှုမှန်သမျှတွေ အကုန်လျှောက်လုပ်တယ်၊ သူတော်ကောင်းဟန်ဆောင်ထားတဲ့ အင်မတန် ကောက်ကျစ်ရက်စက်တဲ့ ကလိမ်ချိုတစ်ယောက်ပဲ"

သူ၏စကားကို ကြားလိုက်ရသောအခါ ချစ်ချစ်၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။ သူပြောသည့်အချက်အလက်များသည် စင်လုံနှင့်လုံးဝအပ်စပ်သည့် အချက်အလက်များမဟုတ်။

စင်လုံသည် သူတော်စင်တစ်ယောက်နီးပါးမျှ သန့်ရှင်းကြည်လင်သူဖြစ်သည်။

"တရားဘက်တော်သားခြံက ဘာဖြစ်လို့လိုက်လာရတာလဲ စင်လုံက သူဆောင်ရွက်နိုင်သမျှ ဆောင်ရွက်ပေးပြီးပြီပဲ၊ ဖန်ချန်းလီတို့လူစု တရားဘက်တော်သားခြံကို ရောက်လာကြပြီမဟုတ်လား။ ဒါ့အပြင် စင်လုံကဘာလုပ်ပေးရဦးမှာလဲ၊ ဒီလူစုကိုတရားဘက်တော်သားခြံအရောက် ပို့ပေးပြီးရင် သူ့တာဝန်ကျေပြီပေါ့"

ကျင်းပုဟာန်၏ ပျားရည်ဖုံးသော သင်ဓုန်းသွားအပြုံးသည် ပြန်ပေါ်လာပြန်၏။

"ထင်အင်းရှန်တို့ ဖန်ချန်းလီတို့လူစုကို စင်လုံက ပို့ပေးတယ် ဟုတ်လား"

"ဟုတ်တယ်- စင်လုံကပို့လိုက်တာပဲ"

ကျင်းပုဟာန်သည် ကျင်းစုမန်းအားလှည့်ကြည့်ရင်း-

"ဟုတ်ရဲ့လားဗျာ- ထင်အင်းရှန်တို့ကို စင်လုံပို့ပေးတယ်ဆိုတာ အစ်ကိုကြီးသက်သေခံနိုင်လို့လား"

ဟု လှမ်း၍မေးလိုက်၏။

"ငါက သက်သေခံဖို့လိုသေးလို့လား။ သူတို့ခြံဝင်းထဲဝင်သွားတာ ငါကိုယ်တိုင်တွေ့လိုက်တာပဲ၊ ဒါဘာဖြစ်သလဲ"



ချစ်ချစ်သည် ကျင်းပုဟာန်၏ အထပ်ထပ် စစ်ကြောမေးမြန်းနေမှုကို သံသယရှိလာသည်။

သာမန်အားဖြင့် ဤသို့ အသေးစိတ်မေးမြန်းနေရန် မလိုဟုယူဆမိသည်။

"နေပါဦး- ရှင်မေးတာက တရားခံတွေကိုစစ်သလို ဖြစ်နေတယ်၊ ဘာများ အမှားအယွင်းရှိနေလို့လဲ"

ကျင်းစုမန်းက ခေါင်းတယမ်းယမ်းဖြင့် ပြောလိုက်သည်။

"မမှားနိုင်ပါဘူးလေ၊ ဘာမှ အမှားအယွင်းမရှိနိုင်ပါဘူး။ သူတို့အားလုံး ခြံဝင်းထဲကို တန်းတန်းမတ်မတ်ဝင်သွားကြတာပဲ"

ဤစကားကိုပြောခြင်းအားဖြင့် ကျင်းစုမန်းသည်ပင်လျှင် အမှားအယွင်းတစ်စုံတစ်ခုအတွက် စိတ်စနောင့်စနင်းဖြစ်နေကြောင်း ပေါ်လွင်နေသည်။

တော်ရုံတန်ရုံကိစ္စအတွက် တည်ငြိမ်အေးစက်သော ကျင်းစုမန်း၏နှလုံးသားသည် ဤမျှ လှုပ်ရှားလာလိမ့်မည်မဟုတ်ချေ။

မကြာမီပင်-

ကျင်းပုဟာန်ထံမှဝက်ဖဲကို မြင်လိုက်ရတော့၏။

ကျင်းပုဟာန်က ဝိုင်နိုင်စွာပြုံးရင်းပြောချလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သူတို့အားလုံး ခြံထဲတန်းတန်းမတ်မတ်ကြီးဝင်သွားကြပါတယ်-

ဒါပေမယ့် ခြံဝင်းထဲဝင်လိုက်တာနဲ့ အားလုံး စကားမပြောနိုင်ကြတော့ဘူးဗျ"

"ဘာ---"

"ရှင့်စကားက ဘာစကားလဲ၊ ဘာဖြစ်လို့ စကားမပြောနိုင်တာလဲ"

"အင်း- ခင်ဗျားတို့က ဉာဏ်ကောင်းချင်တဲ့အခါကျတော့လည်း တကယ့်ကို ဉာဏ်ကောင်းကြတာပဲ၊ ညံ့ချင်တဲ့အခါကျတော့လည်း တကယ့်ကိုနလပိန်းတုံးဖြစ်နေတော့တာပဲ၊ သူတို့ဟာ လုံးဝစကားမပြောနိုင်ကြတော့ဘူး။ တစ်သက်လုံးကို စကားမပြောနိုင်ကြတော့ဘူး။ လူသေတွေ စကားပြောတယ်လို့ ခင်ဗျားတို့တစ်သက်မှာကြားဖူးကြရဲ့လား သူတို့အားလုံးသေသွားကြပြီဗျ- သေသွားကြပြီ"

ချစ်ချစ်မှာ တစ်ကိုယ်လုံး တောင့်တင်းသွားလေတော့၏။

ဣန္ဒြေ ပျက်ခဲလှသော ကျင်းစုမန်းပင်လျှင် မျက်နှာပျက်သွားမိသည်။

လုံးဝမျှော်လင့်ထားခြင်းမရှိသော သတင်းစကားကြောင့်နှစ်ယောက်စလုံး မင်သက်ငေးကြောင်သွားကြရသည်။

ချစ်ချစ်က တုန်ယင်ထစ်ငေါ့စွာဖြင့်မေးလိုက်သည်။

"သူ- သူ- သူတို့ဘယ်လိုသေသွားကြတာလဲ"

ကျင်းပုဟန်က သူတို့အား မယုံသင်္ကာမျက်လုံးများဖြင့်ကြည့်ရင်း ပြုံးလိုက်၏။

"သူတို့ သေသွားပုံကို ပြောပြရမှာလား။ ဖြစ်ပါတယ်လေ၊ ပြောပြနိုင်ပါတယ်၊ သူတို့ခြံဝင်းထဲတစ်ယောက်ပြီး တစ်ယောက်ဝင်လာကြတာပဲ၊ နောက်ပြီး တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးသွားကြတာပဲ"

"ဒါပဲလား။ သူတို့ကိုယ်ကို ဘာမှမစစ်ဆေးဘူးလား"



"ဟာ- စစ်ဆေးပြီလား။ သူတို့ခန္ဓာကိုယ်မှာ ဘာဒဏ်ရာဒဏ်ချက်မှမတွေ့ရဘူး။ သေသေချာချာ စစ်ဆေးကြည့်တော့လည်း ဘာအဆိပ်မှ မိမထားဘူးဆိုတာတွေ့ရတယ်၊

အင်း- စစ်ဆေးတဲ့လူတွေမသိတဲ့ အဆိပ်တစ်မျိုးဖြစ်နေရင်တော့ မပြောတတ်ဘူးပေါ့လေ"

အလွန်အေးဆေးသော အလွန်တည်ငြိမ်သော ကျင်းစုမန်းသည်ပင်လျှင် ကျင်းပုဟန်၏စကားကြောင့် အံ့ဩထိတ်လန့်သွားလေတော့၏။

ချစ်ချစ်ကမူ ခေါင်းတယမ်းယမ်းဖြစ်နေသည်။

"စင်လုံသတ်တာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။ စင်လုံက အဆိပ်ကို ဘယ်တုန်းကမှ မကိုင်ခဲ့ဘူး။ ဒီလို အလုပ်မျိုးကိုလည်း ဘယ်တော့မှမလုပ်ဘူး"

"မိုးကြိုးပစ်ရာထန်းလက်ကာ မလုပ်စမ်းပါနဲ့၊ ဆင်ကောင်ကြီးမြင်နေတာတောင် ဆင်ခြေရာ ပြန်ရှာချင်သေးသလား။ သူ့လက်ချက်မဟုတ်ရင် ဘယ်သူ့လက်ချက်ဖြစ်မလဲ"

"အို- ဟို အမျိုးသမီးကြီးရဲ့လက်ချက်ဖြစ်မှာပေါ့"

"ဘယ်အမျိုးသမီးကြီးလဲ-"

ချစ်ချစ်မှာ မည်သည့်နေရာကစ၍ ရှင်းပြရမည်မှန်းမသိဘဲဖြစ်သွားရသည်။

"ဒါတော့ ကျွန်မလည်း ရှင်းမပြတတ်ဘူး။ စင်လုံသတ်တာတော့ ဘယ်နည်းနဲ့မှမဟုတ်နိုင်ဘူး"

သူမက ကျင်းစုမန်း၏လက်မောင်းကိုဆွဲကာ ပြောလိုက်၏။

"ကျွန်မတို့ စင်လုံကို သွားပြီးအကြောင်းကြားမှဖြစ်မယ်၊ ကြိုနိုမဟုတ်ရင် အခြောက်တိုက်ထောင်ချောက်အဆင်ခံနေရဦးမယ်၊ ကြိုတင်တင်သိထားရင် သူ ကောင်းကောင်းကြီးဖြေရှင်းနိုင်မှာပါ"

ကျောင်းပုဟန်က မရယ်ချင့်ရယ်ချင်ဖြင့် ဟန်လုပ်ရယ်လိုက်သည်။

"ခင်ဗျားတို့ ဒီလောက်လည်း ဒုက္ခခံမနေပါနဲ့ဗျာ၊ ခင်ဗျားတို့ သွားလည်း သူ့ကိုတွေ့တော့မှာမဟုတ်ဘူး။ သူ့ဆီကို လူအများကြီး သွားနေကြပါပြီ၊ ခုလောက်ဆိုရင် ဖမ်းတောင် ဖမ်းမိထားလောက်ရောပေါ့"

သူသည် စကားဆုံးသည်နှင့် ချစ်ချစ်တို့အားစေ့စေ့ကြည့်ကာ ပြောလိုက်သည်။

"မင်း မင်းတို့လဲ ဘယ်နည်းနဲ့မှ ပြေးမလွတ်တော့ပါဘူး"

ကျောင်းစုမန်းက အေးစက်စွာမေးလိုက်သည်။

"မင်းက ငါ့ကို ဖမ်းမလို့ဟုတ်လား"

"ဟင့်အင်း- ကျုပ်ကတော့ ကျုပ်အစ်ကိုကြီးကို မဖမ်းဝံ့ပါဘူးဗျာ၊ ဒါပေမယ့် သူတို့ကတော့"

သူသည် သူ့စကားကို အဆုံးမသတ်-

မျက်ဝန်းကို ပတ်ဝန်းကျင်သို့ တစ်ချက် ဝေ့ကြည့်လိုက်လေသည်။ ကျောင်းစုမန်းနှင့်ချစ်ချစ်တို့ကလည်း သူတို့၏ဘေးဘီသို့ လှည့်ပတ် ကြည့်လိုက်ကြသည်။

လေးဘက်လေးတန်မှလူတစ်ယောက်စီ သူတို့ထံသို့လျှောက်လာနေကြသည်တကား-



လီချန်ချင်း-

ဟုတ်ပါသည်။ တရားဘက်တော်သားခြံဝင်းမှ လီချန်ချင်းဖြစ်ပါသည်။ သူသည် အရှေ့ဘက်မှ ဖြည်းဖြည်းချင်း လျှောက်လာနေပါသည်။

ထင်းယင်-

ဟုတ်ပါသည်။ တရားဘက်တော်သားခြံဝင်းမှ ထင်းယင်ဖြစ်ပါသည်။

သူသည် တောင်ဘက်မှ ဖြည်းညင်းစွာလျှောက်လာနေသည်။

ရေခဲမျက်နှာ-

ဟုတ်ပါသည်။ သူလည်း တရားဘက်တော်သားခြံဝင်းမှပင်ဖြစ်ပါသည်။

သူက အနောက်ဘက်မှ လျှောက်လာနေသည်။

ဆရာတော်ထင်းဖန့်-

ဟုတ်ပါသည်။ ပေ့ယန်းမြို့အနီးရှိ ဂူထဲသို့ဦးဆောင်သွားခဲ့သည့် ဆရာတော်ထင်းဖန့်ဖြစ်ပါသည်။ သူက မြောက်ဘက်မှဖြည်းညင်းစွာ လျှောက်လာနေပါသည်။

ဤလူလေးယောက်တို့သည် သာမညသိုင်းသမားများမဟုတ်။ သိုင်းလောကမှ တကယ့် ထိပ်သီးသိုင်းသမားများဖြစ်ကြပါ၏။

သူတို့အား တော်ရုံတန်ရုံအစွမ်းထက်သော သိုင်းသမားများအနေဖြင့် ယှဉ်ပြိုင်ရဲလိမ့်မည်မဟုတ်ပါ။

ထိုလေးယောက် ဝန်းရံထားသည့်အထဲမှ ထွက်ပြေးလွတ်မြောက်နိုင်ရန်ဆိုသည်မှာ-

ထိုသူသည် ငှက်ကဲ့သို့အတောင်ပေါက်၍ ပျံတက်ပြေးနိုင်မှသာ လွတ်မြောက်နိုင်ပေလိမ့်မည်။

ကျင်းပုဟန်သည် ထိုလေးယောက် အနီးသို့ရောက်ရှိလာသောအခါမှ နောက်သို့တစ်ပတ်ကျွမ်းပစ်ကာ ဆုတ်သွားသည်။

မြေပြင်ပေါ်၌ အသင့်အနေအထား ပြန်ရောက်သွားသည်နှင့် ဝိုင်းလာသူလေးယောက်အား လှမ်းပြောလိုက်သည်။

"ကဲ- ကျုပ် ခုနကမေးတဲ့စကားတွေကို ခင်ဗျားတို့အားလုံး ကြားလိုက်ကြပြီ မဟုတ်လား။ ဒီထက်တော့ ရှင်းနိုင်စရာ အကြောင်း မရှိတော့ဘူး"

"ကြားတယ်ကွ"

ဤကား ထင်းယင်၏အသံဖြစ်သည်။

ကျင်းပုဟန်က-

"ထင်အင်းရှန့်နဲ့ဖန်ချန်းလီတို့ကို စင်လုံပို့လိုက်တယ်ဆိုတာ သူတို့ကိုယ်တိုင်ဝန်ခံပြီးပါပြီ၊ ဒီကိစ္စဟာ၊ စင်လုံရဲ့လက်ချက်ပဲဆိုတာ သေချာသလောက်ဖြစ်နေပါပြီ"

ထင်းယင်က-

"အေး- မင်းရဲ့စကားကို ငါလက်ခံတယ်၊ လက်ခံနိုင်လောက်အောင်လည်း မှန်နေတာကိုး။ ဒီတော့ စင်လုံကိုသတ်လိုက်မှ သေသူတွေအတွက် တရားမျှတရာကျလိမ့်မယ်"

"ကောင်းပါတယ်လေ၊ သတ်သာသတ်လိုက်ပါ၊ သူတော်ကောင်း ဟန်ဆောင်နေတဲ့ကလိမ်ချွတ်စ်ယောက် သေသွားလို့ ဘာမှ ဝမ်းနည်းစရာမရှိဘူး-



ဒါပေမယ့် ခင်ဗျားတို့ကို အင်မတန်အရေးကြီးတဲ့ လူတစ်ယောက်နဲ့တော့ မိတ်ဆက်ပေးရဦးမယ်"

လီချန်ချင်းက မျက်မှောင်ကုတ်သွားသည်။

"ဘယ်သူများလဲ"

ကျင်းပုဟန်က ကျင်းစုမန်းအား လက်ညှိုးထိုးညွှန်ပြလိုက်သည်။

"သူ့ကိုကြည့်စမ်းပါ၊ သူ ဘယ်သူလဲ"

လီချန်ချင်း၏မျက်မှောင် ပိုကုတ်သွား၏။

"ပဟေဠိလုပ်မနေစမ်းပါနဲ့- သူဘယ်သူလဲ"

"ဖြည်းဖြည်းပေါ့ဗျာ၊ အရေးကြီးတဲ့လူဆိုတာ ဖြည်းဖြည်းပဲ မိတ်ဆက်ပေးပါရစေ၊ သူက ရှင်ပျော်ပျော်မြို့စားကြီးရဲ့ကိုယ်ရံတော်လေးယောက်အနက်က ရွှေငွေကိုယ်ရံတော်ကျင်းစုမန်းဆိုတာပဲ"

ကျင်းပုဟန်၏ မိတ်ဆက်စကားသည် အလွန်ပင် ထိရောက်လှပါ၏။

ထိုစကားကို ကြားလိုက်ရသည်နှင့် လူအားလုံး ဆတ်ခနဲဖြစ်သွားကြကာ သတိကြီးစွာဖြင့် ရှေ့သို့ ထပ်တက်ဝိုင်းရံလိုက်ကြတော့၏။

ဤရန်သူကို မည်သည့်နည်းနှင့်မျှ အလွတ်မပေးတော့ဆိုသည့် သဘောမျိုး။

ထိုလေးယောက်၏ ပိုင်းဖြတ်တိကျသော မျက်နှာများကို တွေ့လိုက်ရသောအခါ ချစ်ချစ်မှာ လွန်စွာထိတ်လန့်ကြောက်ရွံ့သွားတော့၏။

ကျောင်းစုမန်းနားသို့ ပို၍တိုးကပ်သွားလေတော့သည်။

ယခုအချိန်တွင် ကျောင်းစုမန်းမှတပါး အားကိုးဖွယ်ရာမရှိတော့ပြီမဟုတ်ပါလော။

လီချန်ချင်းတို့လေးယောက်သည် ကျောင်းစုမန်းအား ရူးရူးစိုက်စိုက်ကြည့်နေကြသည်။

စွန်ရဲ၏မျက်လုံးများသည် သူ၏အစာကို မလွှတ်တမ်း စိုက်ကြည့်သကဲ့သို့ ကြည့်နေကြခြင်းပေတည်း။

ကျောင်းစုမန်းကမူ လီချန်ချင်းတစ်ယောက်ကိုသာစူးစိုက်ကြည့်နေသည်။

သို့သော်-

သူ၏ သတိဝီရိယကမူ လေးဘက်လေးတန်လုံး၌ ဖြန့်ကျက်ထားမည်ကိုမူ မည်သူမျှသံသယရှိရန်မလိုပါချေ။

ကျောင်းစုမန်းဆိုသူကား ရှင်ပျော့ပျော့မြို့စားကြီး၏ကိုယ်ရံတော်တစ်ဦးပေပဲ။

ချစ်ချစ်မှာ သည်းမခံနိုင်တော့သည့်အဆုံး အော်မေးလိုက်မိ၏။

"ရှင်- ရှင်တို့ ဘာလုပ်ကြမလို့လဲ၊ ပြောကြစမ်းပါဦး"

ထိုလေးယောက်သည် ချစ်ချစ်အား တစ်ချက်မျှစိုက်ကြည့်လိုက်ပြီး သူတို့မျက်လုံးများကို ကျောင်းစုမန်းထံသို့ပြန်လည်ပို့လွှတ်လိုက်ကြပြန်သည်။

ချစ်ချစ်အား ဖုတ်လေသည့်ငါးပိ ရှိသည်မျှမထင်။

ချစ်ချစ်က အသံကုန်အော်ဟစ်လိုက်သည်။



"ဘယ်လိုလဲ- ရှင်တို့ ဘာလိုချင်တယ်ဆိုတာ ပြောကြဦးမှပေါ့"

ချစ်ချစ်၏စကားများသည် မည်သို့မျှ အရာမရောက်ဘဲဖြစ်နေ၏။

လီချန်ချင်းတို့သည် သူမ၏စကားကိုလုံးဝဂရုမစိုက်ကြပါချေ။

ချစ်ချစ်သည် သူမ၏နှုတ်ခမ်းများကိုကိုက်လိုက်ပြီး-

"ကျောင်းစုမန်း- လာသွားကြစို့၊ သူတို့ကမှ ကျွန်မတို့ကိုစကားမပြောတာ၊ ကျွန်မတို့က ဘာဖြစ်လို့ ဆက်စောင့်နေရမှာလဲ၊ အချိန်ကုန်ရုံတော့မပေါ့၊ သွားကြမယ်"

ဟုပြောလိုက်သည်။

ထိုစဉ် ကျောင်းပုဟန်၏စကားသံပေါ်လာသည်။

"ခင်ဗျားတို့ ကြားကြတဲ့အတိုင်းပဲ၊ ဒီမိန်းကလေးဟာ ကျုပ်တို့အပေါ် ဘယ်လောက် ပေါ့ပေါ့တန်တန်သဘောထားတယ်ဆိုတာ ကျုပ်တို့က သူတို့ကို နည်းနည်းတော့ဆုံးမသင့်တယ်ဆိုတာ ဒီအချက်ကပြနေတာပဲ"

"တော်စမ်းပါ- ရှင်အပိုစကားတွေပြောမနေစမ်းပါနဲ့၊ ရှင်တို့မှာ စကားပြောစရာရှိသလား။ ပြောစရာရှိရင်ပြော-

တိုက်ခိုက်စရာရှိလား ရှိရင် တိုက်ခိုက် ရပ်နေလို့ အလကားပဲအချိန်ကုန်တယ်. ကျွန်မပြောချင်တာက ဒါပဲ"

လီချန်ချင်းက ရယ်မောရင်းပြောလိုက်သည်။

"ဦးကြီးတို့က သူကိုတိုက်ခိုက်ဖို့ လိုသေးသလားမိန်းကလေးရဲ့ ဦးကြီးကတော့ တိုက်ခိုက်ဖို့ မလိုဘူးထင်တာဘဲ"

ကျင်းပုဟန်က ခေါင်းညိတ်လိုက်ရင်း ဝင်ပြောသည်။

"ဟုတ်တယ်- ကဲ-ကဲ ခင်ဗျားနဲ့ ကျုပ်ရဲ့နောင်တော်ကြီး နှစ်ယောက်စလုံး အချိန်ဖြုန်းမနေကြပါနဲ့တော့၊ အချိန်ကုန်ပါတယ်၊ လက်မြှောက်အရှုံးပေးပြီး အဖမ်းခံလိုက်ပါတော့၊ ဒါဟာ ခင်ဗျားတို့အတွက် အကောင်းဆုံးအခွင့်အရေးပါပဲ"

ကျင်းစုမန်းထံမှ မည်သည့်စကားသံမှထွက်မလာ၊ သို့သော် အေးစက်စက်အပြုံးကမူ ပေါ်လာသည်။

ထို့စဉ် ထင်းယင်၏ ရူးရကျယ်လောင်သော အသံထွက်ပေါ်လာသည်။

"ဟုတ်တယ် သူတို့နဲ့ စကားပြောစရာမလိုဘူး၊ ဖြေရှင်းစရာမလိုဘူး သူတို့ကို ရိုက်နက်ဖမ်း ကြိုးနဲ့တုပ် နောက်မှ စစ်စရာရှိတာကို စစ်ရမယ်"

ကျင်းစုမန်း၏ အေးစက်မာကျောသော ရယ်မောသံက လေလှိုင်းထဲ၌ ပဲ့တင်ထပ်ထွက်ပေါ်လာလေတော့သည်။

"ဟား ဟား- ဟား- ဟား- ခင်ဗျားတို့အားလုံး ထိပ်သီးသိုင်းပညာရှင်တွေပဲ ဘာဖြစ်လို့ အပိုစကားတွေပြောနေကြတာလဲ-

သိုင်းလောကထဲမှာ ကြက်ကလေး ငှက်ကလေးတွေလို အဖမ်းခံတယ်ဆိုတဲ့သိုင်းသမားကို ခင်ဗျားတို့ ဘယ်မှာကြားဖူးခဲ့သလဲ၊ ကဲ- လာကြစမ်း၊ ခင်ဗျားတို့အတွက် ကျုပ်က အဆင်သင့်စောင့်နေပါတယ်"

ချစ်ချစ်က နှုတ်ခမ်းကို မဲ့ရွဲ့ပြောလိုက်သည်။

"ဒါလား ထိပ်သီးသိုင်းပညာရှင်- ဘယ်သူတွေက သူတို့ကို ထိပ်သီးသိုင်းပညာရှင်လို့ သတ်မှတ်သလဲ-

အခုပဲကြည့်စမ်းဦး- တစ်ယောက်ထဲကို ငါးယောက်ဝိုင်းထားသတဲ့၊ လူကြားလို့တောင်မကောင်းဘူး၊ ဒီလို လူစုလူအုပ်နဲ့ ဝိုင်းအနိုင်ကျင့်တဲ့ သတ္တိခဲကြီးတွေကို ထိပ်သီးသိုင်းပညာရှင်တွေလို့ ခေါ်နိုင်မလား ဝေးသေးတယ်"



ထင်းယင်က ရယ်မောလိုက်သည်။

"ဟုတ်တယ်မိန်းကလေး၊ မင်းပြောတာမှန်တယ် ကျုပ်လက်ခံတယ်၊ ကျန်တဲ့လူတွေမလိုဘူး၊ ဒီ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ ကိုယ်ရံတော်တစ်ယောက်တည်း ဆုံးမလိုက်မယ်"

လီချန်ချင်းက တားရန်ဟန်ပြင်လိုက်သည်။

ထိုအချိန်တွင် ထင်းယင်က ရှေ့သို့ တိုးထွက်သွားပြီဖြစ်၍ မတားလိုက်နိုင်တော့။

ထင်းယင်နှင့် ကျင်းစုမန်းတို့ မျက်နှာချင်းဆိုင် ရပ်နေကြလေသည်။

ကျင်းစုမန်းက-

"ခင်ဗျားက ကျုပ်ကို တကယ်ပဲ တစ်ယောက်ချင်း ယှဉ်ဝံ့မလား"

"မင်းက ဘာကောင်မို့ ငါကမယှဉ်ဝံ့ရမှာလဲ"

ကျင်းစုမန်းက အေးတိအေးစက်လေသံဖြင့်-

"အရင်တုန်းကဆိုရင်တော့ ဟုတ်ကောင်း ဟုတ်နိုင်ပါလိမ့်မယ်၊ အရင်ကအခြေအနေ ခင်ဗျားမှာ အပြည့်အဝရှိနေရင် ခင်ဗျားကျုပ်ကိုမှချုပြိုင်နိုင်မှာပဲ-

ဟန်ဆန်းတော်ခုင်တိုက်ပွဲပြီးတဲ့နောက်မှာ ခင်ဗျားရဲ့ အ တွင်းအားတွေဟာ အပြည့်အဝ မရှိတော့ဘူး-

ဆယ်ပုံပုံ သုံးပုံလောက်ပဲကျန်တော့တယ်၊ ဒီတော့ ခင်ဗျား ကျုပ်နဲ့ယှဉ်ပြိုင်နိုင်ပါဦးမလား။ စဉ်းစားပါဦးလေ"

ကျင်းစုမန်း၏စကားက အမှန်တရား သစ္စာစကားများသာဖြစ် ပေ၏။

သို့သော်-

ဟုတ်တာဆို နာလိုခံခက်ဟူသည့် လူ့သဘာဝ အတိုင် ထင်းယင်မှာ ထိုစကားများကြောင့် ပို၍ မခံချိမခံသာဖြစ်သွားရတော သည်။

တစ်ယောက်ချင်း ယှဉ်ပြိုင်လိုသည့် သူ၏စိတ်ဓာတ် ကျင်းစုမန်း၏စကားများက မီးလောင်ရာ လေပင့်လိုက်သကဲ့သို့ ဖြ သွားသည်။

"ယား-"

ထင်းယင်သည် ဒေါသအမျက်ချောင်းချောင်းထွက်လျ လေထဲ၌ခုန်ပျံကာ-

ကျင်းစုမန်းအား ဝင်ရောက်တိုက်ခိုက်လေတော့၏။

ကျင်းစုမန်းကမူ ချစ်ချစ်အား ဘေးဘက်သို့ အသာအယ တွန်းဖယ်ပစ်လိုက်သည်။

ကျွဲနစ်ကောင်ခတ်သည့်ကြားက မြေစာပင်မဖြစ်စေလို၊

"သတိထားချစ်ချစ်"

ကျင်းစုမန်းသည် နှုတ်မှချစ်ချစ်အားသတိပေးရင်း ထင်းယ



၏တိုက်ခိုက်မှုကို ရှောင်ရှားလိုက်သည်။

ဤတိုက်ခိုက်မှုကိုပင်-

ကျင်းစုမန်းက သိပ် အလေးမထားလှကြောင်း အားလုံးက တွေ့ရှိလိုက်ကြရသည်။

လီချန်ချင်းမှာ ချက်ချင်း မျက်မှောင်ကုတ်သွားလေတော့ သည်။

သူသည် ရေခဲမျက်နှာဘက်သို့လှည့်ကာ-

"ဒီလူရဲ့သိုင်းပညာက တော်တော့်ကိုထူးချွန်ပုံရတယ်ဟေ့- တုန့်လှုပ်ချောက်ချားတဲ့ပုံ မတွေ့ရဘူး-

ဒီလောက်သွေးအေးပုံထောက်ရင် ထင်းယင်တော့မလွယ်ဘူး ကောင်းကောင်းရှုံးသွားတော့မှာပဲ"

ရေခဲမျက်နှာက ခေါင်းညိတ်သဘောတူသည်။

"ဖြစ်နိုင်တယ်"

လီချန်ချင်းက သူ့အား တီးတိုးပြောလိုက်သည်။

"အခုတလော မင်းချောင်းဆိုးနေသေးသလား"

ရေခဲမျက်နှာက ပြုံးလိုက်သည်။

"နည်းနည်းတော့ ဆိုးသေးတယ်၊ ကိစ္စတော့မရှိပါဘူး။ ဘာများ အရေးကြီးလို့လဲ"

လီချန်ချင်းသည် အတန်လှမ်းလှမ်းတွင် ရပ်နေသော ကျင်း ပုဟန်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ကျင်းပုဟန်က လှမ်း၍ပြုံးပြသဖြင့် သူကလည်း ပြန်လည် ပြုံးပြလိုက်ရ၏။

ကျင်းပုဟန်ရှိသောနေရာမှ သူ့စကားကို မကြားနိုင်ကြောင်း သေချာသွားသောအခါမှ ဆက်၍တီးတိုးပြော၏။

“ကျင်းပုဟန်က သိုင်းအကျော်အမော် တစ်ယောက်ဖြစ်ပေမယ့် ကျင်းစုမန်းဆိုတဲ့လူနဲ့ ယှဉ်နိုင် မယှဉ်နိုင်ဆိုတာကိုတော့ အတပ်မပြောနိုင်ဘူး-

ဆရာတော်ထင်းဖန့်ကလည်း ဒဏ်ရာရနေတော့ ခက်နေတယ်- ဒဏ်ရာပျောက်သွားလို့ကတော့ ဒီလူကို ကောင်းကောင်း ယှဉ်နိုင်တယ်-

ဒီတော့ ဒီလူနဲ့ယှဉ်နိုင်တဲ့လူဆိုလို့ မင်းတစ်ယောက်ထဲပဲ ကျန်တော့တယ်- ငါဆိုလိုတာကို နားလည်ရဲ့မဟုတ်လား”

“ကောင်းပြီ- နားလည်ပါတယ်”

“ဒါပေမယ့် အခု မဝင်နဲ့ဦး။ တော်ကြာ ထင်းယင်က မင်းကို အထင်လွဲသွားဦးမယ်-

သူတို့နှစ်ယောက် တိုက်ကြပါစေဦး။ ထင်းယင်က သူ့အခြေအနေ မလုတော့ဘူးဆိုရင် သူရဲ့ နောက်ဆုံးသိုင်းကွက်ကို ထုတ်သုံးမှာပဲ-

အဲဒီအချိန်ကျမှ မင်းဝင်ရမယ်၊ နားလည်တယ်မဟုတ်လား”

ရေခဲမျက်နှာက ခေါင်းညိတ်လိုက်သည်။

ထိုအချိန်တွင် ထင်းယင်နှင့် ကျင်းစုမန်းတို့သည် သိုင်းကွက်နှစ်ဆယ်ကျော်မျှ တိုက်ခိုက်ပြီးကြလေပြီ။

ထင်းယင်၏ သိုင်းကွက်များမှာ အားမာန် အပြည့်အဝရှိပြီး ကြောက်မက်ဖွယ်ရာကောင်းလှ၏။



ကျင်းစုမန်းသာမဟုတ်ဘဲ သာမန် သိုင်းသမားတစ်ယောက်ဆိုလျှင် ထိုနေရာ၌ ပြားပြားဝပ်သွားလောက်ပေပြီ။

ကျင်းစုမန်း၏တိုက်ကွက်များကိုလည်း ကောင်းစွာ ဝိတ်ဆို့ဟန့်တားနိုင်ခဲ့သဖြင့် ကျင်းစုမန်းပင် မျက်မှောင်ကုတ်နေချေပြီ။

“အင်း- ဒီလူတစ်ယောက်တည်းကိုတောင်မှ ဒီလောက်ကြာအောင် တိုက်ခိုက်နေရင် ကျန်လူတွေကိုတော့ ဘယ်နည်းနဲ့မှတိုက်ခိုက်နိုင်တော့မှာ မဟုတ်ဘူး-

ကျန်တဲ့လူတွေရဲ့ သိုင်းပညာ အခြေအနေကိုလည်း ငါလုံးဝမသိရသေးဘူး။ အင်း- မလွယ်ပါလား”

ကျင်းစုမန်းမှာ ထိုသို့တွေးရင်း စိတ်မသက်မသာ ဖြစ်သွားရသည်။

သို့သော် သူ၏တိုက်ကွက်များမှာမူ အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်ပင်ဖြစ်၏။

ပျာလောင်ခတ်ခြင်း လုံးဝမရှိချေ။

သို့သော်-

များမကြာမီမှာပင် ကျင်းစုမန်းတစ်ယောက် အသက်ရှု ချောင်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်-

သိုင်းကွက် နှစ်ဆယ်ကျော်လာသည့်နောက်ပိုင်းတွင် ထင်းယင်၏တိုက်ခိုက်မှုသည် တဖြည်းဖြည်းအားပျော့လာကြောင်း တွေ့ရှိလိုက်ရသောကြောင့် ဖြစ်ပေသည်။

မည်မျှ သိသာသနည်းဆိုသော်-

ထင်းယင်၏တစ်ကိုယ်လုံးတွင် ချွေးများစိုရွှဲနေသည်အထိ ပင်ဖြစ်တော့သည်။ ထင်းယင်သည် အားကုန်ထုတ်၍ တိုက်ခိုက်နေရပေပြီ။

အနည်းငယ်မျှ မလျှော့နိုင်တော့။ လျှော့လိုက်သည်နှင့် မရှုမလှ ရှုံးနိမ့်ရပေတော့မည်။

ကျင်းစုမန်းကမူ အေးအေးဆေးဆေး တိုက်ခိုက်နေသော်လည်း အသာစီးရနေသည်။

ဤပုံအတိုင်းသာဆက်၍ တိုက်ခိုက်နေပါက-

များမကြာမီပင် ပွဲသိမ်းနိုင်မည်ဖြစ်ကြောင်း ကျင်းစုမန်းက တွေးလိုက်မိသည်။

ထိုစဉ်-

ထင်းယင်က သူ၏လက်နှစ်ဘက်ကို ဆန့်ထုတ်လိုက်ပြီး "ကျောက်ခွဲလက်သီး" တိုက်ကွက်ဖြင့် ကျင်းစုမန်း၏ရင်ဝသို့ ရုတ်တရက် ထိုးသွင်းတိုက်ခိုက်လေ၏။

လီချန်ချင်းသည် ပို၍ ဂရုတစိုက်စောင့်ကြည့်လိုက်သည်။ ရေခဲမျက်နှာအားလည်း တီးတိုးပြောလိုက်၏။

"ဟေး- သတိထားဟေ့၊ ထင်းယင်တိုက်လာတာ အခုဆိုရင် သုံးဆယ့်ရှစ်ကွက်တောင် ရောက်လာပြီ။ မင်းဝင်ဖို့ အသင့်ပြင်ထားပေတော့"

ထင်းယင်၏ "ကျောက်ခွဲလက်သီး"သည် လွန်စွာ ပြင်းထန်လှသဖြင့် ကြံ့ကြံ့ခံ၍မခုခံနိုင်ပေ။



နောက်ဘက်သို့ ခြေတစ်လှမ်းဆုတ်ကာ ရှောင်တိမ်းလိုက်ရသည်။

ထိုစဉ် ထင်းယင်ကလည်း နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ အော်လိုက်သည်။

"ရပ်လိုက်"

ကျင်းစုမန်းသည် အံ့သြမှုနှင့်အတူ သူ၏တိုက်ခိုက်မှုကို ခေတ္တရပ်ဆိုင်းလိုက်ရသည်။

သို့သော် သတိကိုမူ လုံးဝ လက်မလွှတ်စေဘဲထား၏။ အများနှင့် တစ်ယောက် ဖြစ်နေသဖြင့် သတိလက်လွှတ်၍ လုံးဝ မဖြစ်နိုင်ပေ။

ထိုအခိုက် သေးသွယ်သော လူတစ်ယောက်သည် သူတို့နှစ်ယောက်ကြားသို့ လျှပ်တစ်ပြက်ဝင်ရောက်လာလေတော့သည်။ ထိုသူမှာ ရေခဲမျက်နှာပင်ဖြစ်တော့သည်။

ထင်းယင်မှာ ရေခဲမျက်နှာဝင်ရောက်လာသည်နှင့် ဒေါသထွက်လာတော့သည်။

" မင်း ဘာဝင်ရှုပ်တာလဲ"

ရေခဲမျက်နှာက အေးစက်စက်ပြန်ဖြေလိုက်သည်။

"ခင်ဗျားပဲ ရပ်လိုက်ဆိုပြီးတိုက်ပွဲကိုရပ်နိုင်းတာ မဟုတ်လား။ တိုက်ပွဲတစ်ပွဲရပ်ပြီးရင် နောက်တစ်ပွဲထပ်စရမှာပေါ့၊ ဒါကြောင့် ကျုပ်ဝင်လာရတာ"

ထိုစဉ် လီချန်ချင်းသည် ထင်းယင်အား နောက်သို့ဆွဲခေါ်သွားလေတော့သည်။

ထင်းယင်မှာ မကျေမနပ်ဖြင့် လီချန်ချင်းနောက်သို့ ပါသွားသည်။ ဒေါသအလျောက် တွန်းထိုးရန်းကန်ပါသွားရသော်လည်း ဤအခြေအနေသည်သာ သူ့အတွက် မျက်နှာပန်းအလှဆုံးဖြစ်ကြောင်း ထင်းယင်သိနေ၏။

ရေခဲမျက်နှာသည် ချောင်းတဟွတ်ဟွတ်ဖြင့် အဆက်မပြတ်ချောင်းဆိုးနေလေ၏။

သူ ချောင်းဆိုးနေပုံကို ကြည့်၍ ချစ်ချစ်ပင် စိတ်မသက်မသာဖြစ်သွားသည်။

"ရှင်က နေမှ မကောင်းဘဲ၊ ယှဉ်ပြိုင်တိုက်ခိုက်ဦးမလို့လား နေကောင်းဝဲ့လူတွေပဲ၊ တိုက်ကြပါစေရှင်"

ရေခဲမျက်နှာက သူမအား ပြုံးပြလိုက်သည်။

"ကျေး- ကျေးဇူးတင်ပါတယ်၊ အဟွတ်- အဟွတ်- ကျုပ်မယှဉ်လို့မဖြစ်ဘူး။ ကျုပ်တာဝန်ပဲ"

ချစ်ချစ်က သက်ပြင်းချလိုက်ကာ-

"အံ့ညြပါရဲ့ရှင်- လူတွေ ဒီလောက်များရက်နဲ့ ဘာဖြစ်လို့ ရှင့်ကိုမှ ရွေးပြီးပြိုင်ခိုင်းရတာလဲ-

မကျန်းမာတဲ့လူတစ်ယောက်နဲ့ယှဉ်ပြိုင်လို့ ဘယ်သူ့အတွက် ဝိအကျိုးထူးလာမှာလဲရှင်"

သူမက ကျင်းစုမန်းဘက်သို့လှည့်လိုက်သည်။

"အစ်ကိုကြီး- သူနေမကောင်းဘူး။ သူ့ကိုပြန်သွားပါစေ၊ သူ့အစား အခြားတစ်ယောက်နဲ့ပြိုင်ရင် မကောင်းဘူးလား"

ကျင်းစုမန်းကမူ ရေခဲမျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေ၏။



ချစ်ချစ်စကားကို မည်သို့မျှမဖြေကြားပေ။

ကျင်းစုမန်းမှာ လွန်စွာအကင်းပါးလှသူဖြစ်၍ သူ့ရှေ့ရှိ ချောင်းတဟွတ်ဟွတ်ဆိုးနေသူသည် သူ့အတွက် ကြီးမားလှသော အန္တရာယ်ကြီးဖြစ်ကြောင်း ကောင်းစွာရိပ်မိနေ၏။

ချောင်းဆိုးရောဂါသည် ထိုလူ့အတွက် အပရိကသာ ဖြစ်ကြောင်းကိုလည်း သိနေ၏။

ထို့ကြောင့်-

ချစ်ချစ်အား မည်သို့မျှ မပြန်ကြားခြင်းဖြစ်သည်။

ထိုစဉ် ကျင်းပုဟန်က ချစ်ချစ်အားပြောလိုက်သည်။

"ခင်ဗျားက သူ့ကိုအထင်သေးနေတယ်ပေါ့၊ ကြည့်ပါဦးလေ မကြာခင် ခင်ဗျား မှဆိုးမဖြစ်ရတော့မှာပါ"

ချစ်ချစ်က ပြန်လည်ချေပရန် ပြင်လိုက်သည်။

ဤကောက်ကျစ်ယုတ်မာသောသူသည် ဝမ်းတွင်းမှ ကောက်ကျစ်ရုံမကသေး။

နှုတ်အပြောအားဖြင့်လည်း ပက်စက်သေးသည်။

ချစ်ချစ် ပြန်လည်မချေပမီ ရေခဲမျက်နှာက ကျင်းပုဟန်အား ရုတ်တရက် လှည့်ကြည့်လိုက်ပြီး-

"ခင်ဗျားပါးစပ်ပိတ်ထားစမ်း"

ဟု ငေါက်ငန်းလိုက်၏။

ကျင်းပုဟန်မှာ ရေခဲမျက်နှာ၏အငေါက်အငမ်း ခံလိုက်ရသောအခါ ကြောင်အမ်းအမ်းဖြစ်သွားတော့၏။

"ဒီကောင် ဘာကောင်လဲ ငါလို သိုင်းအကျော်အမော်

တစ်ယောက်ကိုတောင် ဒီသိုင်ဝေါက်ငမ်းရဲသလား"

ကျင်းပုဟန်ရင်ထဲ၌ ရက်စိတ်များဆူဝေလာတော့၏။

"ဟော့ကောင် မင်းက ငါ့ကို ပြောတာလား"

"ဟုတ်တယ် ခင်ဗျားကိုပြောတာပဲ"

"မင်းက ငါ့ကို ဘာဖြစ်လို့ပြောရတာလဲ၊ အခုအချိန်မှာ ငါတို့အားလုံးဟာ မဟာမိတ်ဆွေချည်းပဲ၊ ဟိုလူကသာ ငါတို့ရဲ့ ဘုံရန်သူ မင်းမှာ ဦးနှောက်မရှိဘူးလား။ ရန်သူနဲ့ မိတ်ဆွေကိုတောင် မခွဲခြားတတ်ဘူးလား"

ရေခဲမျက်နှာက သူ၏မျက်နှာကို အကျည်းတန်စွာ မဲ့ရွဲ့လိုက်၏။

"သူ့လို ရန်သူမျိုးကို ကျုပ်ကလေးစားတယ်၊ ခင်ဗျားလို မိတ်ဆွေမျိုးကိုတော့ ကျုပ်ကစွံမုန်းတယ်"

ရေခဲမျက်နှာ၏စကားများသည် ကျင်းပုဟန်အဖို့ ဝိသလေးနှင့် ဘေးပစ်သကဲ့သို့ရှိပေသည်။

သူ့စကားက ဤမျှနှင့်မဆုံးသေးပါ။

"ခင်ဗျားလိုလူမျိုးက လျှာကလေး ဟိုလှည့် ဒီလှည့်နဲ့ စကားအမျိုးမျိုးပြောပြီး ကိုယ်ကျိုးအတွက် သူများကို ဒုက္ခပေးမယ့်လူမျိုး- ခင်ဗျားစကားကို ကျုပ်ကယုံမယ်များမှတ်နေသလား-

ခင်ဗျားနဲ့ ပေါင်းသင်းမဟာမိတ်ဖွဲ့ရတာ တောထဲက ကျီးကန်းအရိုင်းတစ်ကောင်ကို အိမ်မွေးဖို့ယူလာသလိုပဲ-

ကျေးဇူးတော့ခံစားရမှာ မဟုတ်ဘူး၊ ကိုယ့်မျက်လုံးကိုတော့ ဖောက်ထုတ်ခံရမှာသေချာတယ်"



ဤစကားများကား စကားနည်းလှသော ရေခဲမျက်နှာအတွက် အလွန့်အလွန်များပြားစွာ ပြောလိုက်သည့်စကားများပေတည်း။

ကျင်းပုဟန်မှာ ဒေါသထွက်လှသဖြင့် အသားများပင် တဆတ်ဆတ်တုန်လာသည်။

အရက်လုံးဝမရှိသော ကျင်းပုဟန်တစ်ယောက် ရေခဲမျက်နှာကြောင့် ဤမျှဒေါသထွက်နေသည်မှာ အံ့ဩဖွယ်ကောင်းလှသည်။

သူသည် လီချန်ချင်းဘက်သို့ ရုတ်တရက်လှည့်ကြည့်လိုက်၏။ လီချန်ချင်းက သူ့အား လုံးဝလှည့်မကြည့်ကြောင်း တွေ့လိုက်ရသဖြင့် ကျင်းပုဟန်မှာ မခံချိမခံသာဖြစ်သွား၏။

ထို့ကြောင့် သူသည် ရေခဲမျက်နှာဘက်သို့ ပြန်လှည့်လိုက်သည်။

ရေခဲမျက်နှာ၏ ရွှံရှာမုန်းတီးစွာ ကြည့်နေသည့်အကြည့်က မှရထက်မြက်လှသောလှံတစ်ချောင်းနှယ် သူ၏ရင်ခွင်ထဲသို့ ထိုးဖောက်ရောက်လာပြန်သည်။

ကျင်းပုဟန်တစ်ယောက် မခံချိ မခံသာဖြစ်နေသည်ကို တွေ့လိုက်ရသောအခါ-

ရေခဲမျက်နှာမှာ လွန်စွာသဘောကျသွားပြီး တဟားဟားယ်ဟောလိုက်လေတော့သည်။

"ဟား- ဟား- ဟား- ကျုပ်က ခင်ဗျားဟာ အမှန်တရားကို ကိုမ်နီးမယ့်လူထင်လို့ ခင်ဗျားရဲ့စိတ်အတွင်းသဏ္ဌာန်ကို သိအောင်ပြောပြတာပါ-

အမှန်တရားကိုတကယ်မြတ်နိုးတဲ့လူဆိုရင် ကိုယ့်အကြောင်း

အမှန်အတိုင်းသိရတော့ သိပ်ဝမ်းသာမှာပေါ့ဗျာ- ဒါ့ပြင် ခင်ဗျားက လက်မခံဘူးဆိုရင်တော့ တစ်မျိုးပေါ့၊ ကျုပ်လည်း သိပ်လေးကနက်ခံပြီး ပြောနေချင်တာ မဟုတ်ပါဘူး"

ရေခဲမျက်နှာသည် စကားဆုံးသောအခါ ကျင်းပုပ ဟန်အား ကျောခိုင်းလိုက်လေသည်။

ကျင်းစုမန်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ကဲ- ကျုပ် အဆင်သင့်ဖြစ်ပါပြီဗျာ"

ချစ်ချစ်သည် ချောင်းတဟွတ်ဟွတ်ဆိုးနေသူအား မည်သည့် စကားမျှ မတားမြစ်တော့။

သူ၏ အပြောအဆို သူ၏ ဟန်ပန်အမူအရာကိုက သူ၏ လေးနက်တည်ကြည်မှုကို ပြသနေသည်။

ထိုသူသည် သိုင်းပညာအဆင့် အလွန်မြင့်မားသော ရ တစ်ယောက်ဖြစ်ရမည်ဟု ယုံကြည်သွားတော့သည်။

ဤသို့မဟုတ်လျှင် ထိုသူကို အဘယ်မှာလျှင် ပွဲထုတ်ကြ ပါမည်နည်း။

ကျင်းစုမန်းနှင့်ရေခဲမျက်နှာတို့၏ တိုက်ပွဲကိုသာမျက်တော မခတ် စောင့်ဆိုင်းကြည့်ရှုနေတော့၏။

ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြလေပြီ။

အောင်ပွဲသည် မည်သူ့အတွက်ပေနည်း-

သို့သော်-

ထိုနှစ်ယောက်စလုံး တိုက်ခိုက်ခြင်း လုံးဝမပြုကြသေး။ မျက်နှာချင်းဆိုင်ရပ်ကာ မျက်တောင်မခတ်ဘဲ တစ်ယော



မျက်နှာတစ်ယောက် စူးစူးစိုက်စိုက်ကြည့်နေကြ၏။

တစ်ယောက်မျက်နှာကို တစ်ယောက် စူးစိုက်၍ကြည့်နေကြရင်း ရုတ်တရက် သူတို့၏လက်ဝါးချင်းရိုက်မိကာ ကပ်နေကြ၏။ လက်ဖဝါးနှစ်ခုတွန်းနေကြပြီ။

အချိန်ပင် အတော်ကုန်သွားပေပြီ။

နှစ်ယောက်စလုံး ကျောက်ရုပ်ကြီးများအလား ငြိမ်သက်တိတ် ဆိတ်နေတော့သည်။

ရေခဲမျက်နှာသည် အနည်းငယ်မျှလှုပ်ရှားခြင်းမပြုပါ။

သူ၏အင်အားများ တဖြည်းဖြည်း ကုန်ခမ်းလာသည်ကို သူ ကောင်းစွာရိပ်မိသည်။

နဖူးထက်မှချွေးသီးချွေးပေါက်များ မျက်နှာထက်သို့ လိမ့်ဆင်း လာရာ သေးငယ်သောပိုးကောင်ကလေးများက မျက်နှာပြင်ထက် ရွေ့ လျားလှုပ်ရှားနေသည်ဟုပင် ထင်မှတ်နေရတော့၏။

သူ ကောင်းစွာရိပ်မိသည်။

အင်အားကုန်ခန်းသွားပြီဟု-

စိတ်လျှော့လိုက်ပါက ဝုန်းခနဲ ပြိုလဲကျသွားပေတော့မည်။

ထို့ကြောင့်-

အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် အံကိုတင်းတင်း ကြိတ်၍ တောင့်ခံထားသည်။

သို့သော်-

သူ၏မျက်လုံးအစုံမှာမူ ဝေဝါးလျက်ရှိနေပေပြီ။

စူးစိုက်၍ ကြည့်သာကြည့်နေရသော်လည်း မျက်လုံးများက

ကြည်ကြည်လင်လင် မြင်နိုင်စွမ်းမရှိတော့။

သူ့ရှေ့ရှိမြင်ကွင်းသည် ဝိုးတဝါးဖြစ်လျက် တရိပ်ရိပ်လှုပ်ရှားနေလေပြီ။

သူ၏ ခြေနှင့်လက်များသည်လည်း မူလ ပကတိအတိုင်း မရှိတော့။

ထုံကျင်လျက် ရှိလာပြီ။

သူတို့တိုက်ပွဲက ထူးခြားဆန်းကြယ်စွတကား-

အဘယ်သို့သော တိုက်ပွဲနည်း-

သူတို့တိုက်ပွဲသည် အကာယ်စင်စစ်အားဖြင့် သိုင်းကွက်များဖြင့် ယှဉ်ပြိုင်တိုက်ခိုက်သော တိုက်ပွဲမဟုတ်ပါချေ။

အတွင်းအား မည်မျှကောင်းမွန်ကြောင်း ယှဉ်ပြိုင်နေသည့် တိုက်ပွဲသာ ဖြစ်ပါချေ၏။

သိုင်းကွက်ချင်း ယှဉ်ပြိုင်မှုထက် ပို၍ ခက်ခဲနက်နဲသည်ကို ဘေးပတ်လည်မှ ကြည့်နေသည့်သိုင်းသမားတိုင်း နားလည်ကြပါ၏။

တိုက်ပွဲ၏သူရဲကောင်းဟုသတ်မှတ်ရမည့် ကျင်းစုမန်းပင်လျှင် ရေခဲမျက်နှာခံစားရသည့်အတိုင်း ခံစားနေရပါချေ၏။

အချိန်တို့သည် တရွေ့ရွေ့ ကုန်ဆုံးသွားပြန်သည်။

တိုက်ပွဲကား ဆက်လက်ယှဉ်ပြိုင်နေဆဲ-

နှစ်ယောက်စလုံး အံတင်းတင်းကြိတ်၍ အာရုံ မပျက်အောင် ထိန်းသိမ်းနေကြသည်။

တိုက်ပွဲဝင်နှစ်ယောက်တို့ ချွေးသီးချွေးပေါက်ကျသည်များမှာ များစွာ မထူးဆန်းချေ။



ဘေးပရိသတ်ကြီးဖြစ်သည့်-

လီချန်ချင်းနှင့် ဆရာတော်ထင်းဖန့်တို့ပင်လျှင် ချွေးသီးချွေးပေါက်များ ယိုစီးကျလျက်ရှိနေသဖြင့် တိုက်ပွဲရှိန် မည်မျှပြင်းထန်နေကြောင်း ခန့်မှန်းသိရှိနိုင်သည်။

ကျင်းပုဟန်က လီချန်ချင်း၏အင်္ကျီကို လှမ်းဆွဲလိုက်ရင်း တိုးတိုးမေးလိုက်၏။

"သူတို့နှစ်ယောက် ဘယ်သူနိုင်မယ်လို့ ထင်သလဲ"

လီချန်ချင်းက ရုတ်ခြည်းမဖြေပေ။

အနည်းငယ် စဉ်းစားနေလိုက်၏။

ဤအဖြေမျိုးကို မည်သူသည် အလွယ်တကူဖြေနိုင်ပါမည်နည်း-

"အင်း- သူတို့နှစ်ယောက်ဟာ အင်မတန်လက်ရည်ညီနေတယ်၊ ဘယ်သူနိုင်မယ်လို့ ဘယ်သူကမှ အသေအချာမပြောနိုင်ပါဘူး"

ကျင်းပုဟန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်- ဒီသိုင်းသမား နှစ်ယောက်ဟာ သိုင်းပညာမှာ အတော့်ကိုထူးချွန်တဲ့ လူတွေပဲ-

ကျုပ်တို့ သိုင်းအကျော်အမော်ခုနစ်ယောက်တောင် သူတို့နှစ်ယောက်ကိုမီမယ်မထင်ဘူး-

စောစောကဆို ဒီလိုပြိုင်မယ်တောင် မထင်မိခဲ့ဘူး၊ သာမန်သိုင်းကွက်တွေနဲ့ပြိုင်ကြမယ်လို့ ထင်နေတာ-

အခုတော့ သူတို့က တကယ့် ထိတ်ထိတ်ကြဲတွေ ဖြစ်နေတာကိုး"

လီချန်းချင်းက သက်ပြင်းတစ်ချက်ချကာ-

"အင်း- ကျုပ်ကတော့ ရေခဲမျက်နှာပဲနိုင်ပါစေလို့ဆုတောင်းနေရတော့တာပဲ၊ ဒါမှ ကိစ္စကပြတ်မှာ၊ နို့မဟုတ်ရင် မီးနိုးကြွက်လျှောက်တစ်မျှင်တန်းကြီး ထပ်လိုက်နေရလိမ့်ဦးမယ်"

ဟုပြောလေ၏။

လီချန်ချင်း၏စကားကြောင့် ကျင်းပုဟန်မှာ များစွာစိတ်အနှောင့်အယှက် ဖြစ်သွားတော့၏။

သူ့အနေဖြင့် ကျင်းစုမန်းအနိုင်ရမည့်ကိစ္စကို လုံးဝမလိုလားနိုင်ပေ။

ယခု လီချန်ချင်း၏စကားမှာ ဘာလိုလိုကြီးဖြစ်နေ၏။

"တကယ်လို့ဗျာ- ရေခဲမျက်နှာရှုံးသွားရင် ခင်ဗျားတို့ ဘယ်နှယ့်လုပ်မလဲ၊ ခင်ဗျားအနေနဲ့ကော- ကျင်းစုမန်းကို အနိုင်မတိုက်နိုင်ဘူးလားဗျ"

လီချန်ချင်းက သက်ပြင်းချလိုက်၏။

"အမှန်အတိုင်းပြောရရင် ဒီလူကို ကျုပ်မနိုင် နိုင်ဘူးဗျ၊ ဒီလူ့သိုင်းစွမ်းရည်က သိပ်ကြီးမားနေတယ်၊ ဒါကြောင့်မို့ ရေခဲမျက်နှာနဲ့ပဲ ကိစ္စပြတ်သွားပါစေလို့ ဆုတောင်းနေရတာပေါ့"

"ဒီလောက်တောင်ပဲလား၊ ဒါဖြင့် ဆရာတော် ထင်းသန့်ကကော ဘယ့်နှယ့်လဲ"

"ဟင့်အင်း- သူလည်း နိုင်မယ်မထင်ပါဘူး၊ ပိုဆိုးတာက သူ့ဒဏ်ရာတွေ မပျောက်သေးတာဘဲ၊ ဒဏ်ရာပျောက်တာတောင် ကျင်းစုမန်းဆိုတဲ့လူကို ဆရာတော် မနိုင်နိုင်ပါဘူး"



"ဟုတ်ပါတယ်၊ ဒီလူ့အကြောင်းကို ကျုပ်ကောင်းကောင်းသိပါတယ်-

တစ်ချိန်တုန်းကဆို သူတစ်ယောက်တည်းနဲ့ ထိပ်သီးသိုင်းသမား ဆယ်ယောက်နဲ့ ယှဉ်ပြိုင်ခဲ့ဖူးတယ်-

နောက်ဆုံး သူပဲ အနိုင်ရသွားခဲ့တာပဲ-

ဒါတစ်ချိန်တုန်းကနော်၊ အခုလောက်တောင် သိုင်းပညာ အဆင့်မမြင့်သေးဘူး၊

အခုဆိုရင်တော့ ကျုပ်တို့ဘက်ကလည်း ချိုကျိုး နားရွက်ပဲ့တွေချည်းပဲဖြစ်နေတော့ တော်တော့်ကို မလွယ်ကူတဲ့ကိစ္စ ဖြစ်နေတာပေါ့လေ"

"အင်း- ဒီလိုဆိုရင်တော့ လုံးဝ မျှော်လင့်ချက် မရှိတော့ဘူးလား၊ ကျုပ်တို့ ငါးယောက်ဟာ တစ်ယောက်ပြီး တစ်ယောက်အရှုံးပေးရတော့မယ့်ကိန်း ဆိုက်နေပြီပေါ့"

ကျင်းပုဟန်က ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"ဒီလောက်တောင် စိတ်လျှော့ဖို့ဆိုတာ မလိုသေးပါဘူးဗျာ၊ လိုလျှင်ကြံဆ နည်းလမ်းရှာဆိုတဲ့ စကားလည်းရှိသေးတာပဲ-

သူက ဘာသားနဲ့ ထုထားလို့လဲ၊ ကျုပ်မှာ အနိုင်ရနိုင်တဲ့ နည်းလမ်းရှိပါတယ်ဗျာ"

"ဘယ်လိုနည်းလမ်းများလဲ၊ နည်းလမ်းရှိရင် မျှော်လင့်ချက်ရှိသေးတာပေါ့"

"စစ်နှင့်အချစ်မှာ မတရားတာ ဘာမှမရှိဘူးတဲ့ဗျ၊ အခု ဥစ္စာက သူနဲ့ကျုပ်တို့ ငါးယောက်စစ်ခင်းနေကြတာပဲ-

သမာဓိကျနည်းလမ်းကြီးနဲ့ ကျုပ်တို့က တစ်ယောက်ပြီး တစ်ယောက် ယှဉ်ပြိုင်နေလို့ကတော့ ဘယ်လိုမှ မနိုင်နိုင်ဘူး၊ မြေကြီးလက်ခတ်မလွဲ ရှုံးမှာသေချာတယ်-

ဒီတော့ ကျုပ်တို့ငါးယောက်စလုံးက တစ်ချိန်တည်း တစ်ခါတည်း တစ်ပြိုင်နက်ဝင်တိုက်ခိုက်ကြမယ်-

ဘယ်မှာ ကျုပ်တို့ ရှုံးနိုင်တော့မလဲ၊ ကျုပ်တို့ ငါးယောက်စလုံးကို တစ်ပြိုင်နက် ခုခံနိုင်လောက်အောင်တော့ သူ မတော်ပါဘူးဗျာ"

ကျောင်းပုဂ္ဂိုလ်၏စကားမှာ စဉ်းစားစရာပင်-

တရားမျှတမှု မရှိသည်ကတော့ အမှန်ပင်-

သို့သော်-

ယခုအချိန်အခါက တရားထိုင်နေကြသည့် အချိန်မဟုတ်။ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲနေသည့်စစ်ပွဲကာလ။

လီချန်ချင်းသည် ရေခဲမျက်နှာအား လှမ်းကြည့်လိုက်သည်။ ရေခဲမျက်နှာတစ်ယောက် ရှုံးနိမ့်စပြုနေလေပြီ။

ထို့ကြောင့် တစ်စုံတစ်ခုကို ယတိပြတ်ဆုံးဖြတ်ရန် အချိန်အခါ ရောက်လာလေပြီ။

ရေဓာ့ဦးမလား-

နောက်ဆုတ်မလား-

ရှေ့ဓာ့ဦးလျှင် တရားမျှတမှုတော့မရှိ။

အောင်ပွဲဆင်နိုင်မည်။

နောက်ဆုတ်လျှင် တရားမျှတမှုတော့ရှိမည်။

သို့သော် ရှုံးနိမ့်မည်။



ရွှေဖလားနှင့် ကြက်သား ကိုင်လား-

ကြေးဖလားနှင့် ကြက်ချေးတုံးလား-

လီချန်ချင်းသည် အံကိုတင်းတင်းကြိတ်၍

"ကောင်းပြီ- မင်းပြောတဲ့အတိုင်းပဲ လုပ်ကြမယ်"

ဟုပြောလိုက်လေတော့၏။

ကျောင်းပုဂ္ဂိုလ်မှာ သူ့အကြံအစည်အောင်မြင်သွားသဖြင့် ရင်ထဲ၌ ဝမ်းမြောက်ပီတိဖြစ်သွား၏။

"ကောင်းတယ်၊ အခုပဲ တိုက်ကြစို့"

သူသည် စကားဆုံးသည်နှင့် သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ အလင်းရောင်တန်းကလေးများသည် ကျောင်းစုမန်း၏ရင်ဝနှင့် ဝမ်းဗိုက်ဆီသို့ လွင့်ပျံပြေးထွက်သွားလေ၏။

ထိုအလင်းရောင်တန်းများသည် ကျောင်းစုမန်း၏ခန္ဓာကိုယ်သို့ စိုက်သွားခြင်း မရှိပါချေ။

ထိုအလင်းရောင်တန်းများ လင်းခနဲ လက်ခနဲ လွင့်ပျံသွားသည်နှင့် ကျောင်းစုမန်းမှာ လူတစ်ရပ်ကျော်ကျော်မျှ လေထဲသို့ခုန်ဆုတ်ရောင်တိမ်းလိုက်သောကြောင့်ဖြစ်ပါသည်။

သူသည် ချစ်ချစ်အနီးသို့ရောက်ရှိသွားပြီး ကျောင်းပုဂ္ဂိုလ်အား အားစက်စွာလှမ်းပြောလိုက်သည်။

"ဒီမှာ ကျောင်းပုဂ္ဂိုလ်၊ မင်းငါ့ကို ဒီလိုအလစ်တိုက်လိမ့်မယ်ဆိုတာ ငါကြိုတင်သိထားတယ်-

ငါ့ လိပ်၊ မိကျောင်းတွေဟာ ရေနဲ့ကင်းပြီး မနေနိုင်သလို၊ မင်းဟာလည်း ယုတ်မာမှုနဲ့ကင်းပြီးမနေနိုင်ဘူးဆိုတာ ငါကောင်းကောင်း

သိထားတယ်-

လူယုတ်မာတွေရဲ့အကျင့်ကို ကြိုတင်သိတတ်ခြင်းဟာ အသက်ရှည်ရာရှည်ကြောင်းတစ်ခုပေါ့ကွာ"

ကျင်းပုဟန်သည် ကျင်းစုမန်းအား မည်သည့်စကားမျှပြန်မပြောချေ။

သူပြောသည့်အသံကတော့ တိုက်ပွဲခေါ်သံပေးလိုက်ခြင်းဖြစ်ပါသည်။

"ဘာဖြစ်လို့ ဒီရာဇဝတ်သားကို ဒီအတိုင်းကြည့်နေကြတာလဲ၊ တိုက်ကြပါလား။ နှိက်ကြပါလား"

လီချန်ချင်းနှင့် ဆရာတော်ထင်းဖန့်တို့သည် ကျင်းပုဟန်က တိုက်ပွဲခေါ်သံပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်ကြလေတော့၏။

ကျင်းပုဟန်ကလည်း နောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်သည်။

သုံးယောက်တစ်ယောက်တိုက်ပွဲဖြစ်နေသဖြင့် ကျင်းစုမန်းမှာ အပြင်းအထန်ခုခံရှောင်တိမ်းနေရလေတော့၏။

ရေခဲမျက်နှာကမူ ဆက်၍တိုက်ခိုက်ခြင်းမပြုတော့ဘဲ နောက်သို့ ဆုတ်ခွာသွားတော့သည်။

ရေခဲမျက်နှာ၏စိတ်ဓာတ်မှာ တစ်မျိုးဖြစ်ရာ ဤသို့သော တိုက်ပွဲမျိုး၌ သူ့ပညာကိုအသုံးချကောင်းမှ ချမည်ဖြစ်သည်။

ယခု မတိုက်ခိုက်ဘဲ နောက်ဆုတ်လာသည်။

မည်သည့် စိတ်ကူးရှိသည်ကိုမူ မည်သူမျှမသိနိုင်ပေ။



ထင်ယင်းမှာမူ ခေါင်းငုံ၍ တွေတွေကြီးရပ်နေလေသည်။

ကျင်းစုမန်းသည် ချစ်ချစ်ကိုထိခိုက်မည်စိုးသဖြင့် သူမ၏လက်ကိုဆွဲကာ ရန်သူသုံးယောက်အား ခုခံကာကွယ်နေသည်။

ခုခံနေရင်းမှ--

"လီချန်ချင်း ခင်ဗျားရဲ့ညီထင်းယင်ကို ပြန်ကြည့်လိုက်စမ်းပါဦး။ ကျုပ်ကိုချည်းပဲ လောကြီးပြီးတိုက်မနေပါနဲ့"

ကျင်းပုဟန်က ဟန့်တားလိုက်သည်။

"လှည့်မကြည့်နဲ့- သူဒီလိုပဲ ညာပြီး အနိုင်ယူတတ်တယ်၊ တိုက်ရမယ့်ကိစ္စသာ ဆက်တိုက်ပါ၊ သူကြောက်နေပြီ"

သို့သော် လီချန်ချင်းက ကျင်းပုဟန်၏စကားကို နာခံမည့်သူမဟုတ်ပါ။

သူ့ညီ တစ်စုံတစ်ခုဖြစ် မဖြစ်က အခြားအရာထက်ပို၍ အရေးကြီးသည်မဟုတ်ပါလား။

သူလှည့်ကြည့်လိုက်သောအခါ-

လီချန်ချင်းတစ်ယောက် ထိတ်လန့်တုန်လှုပ်ခြင်း ဝေဒနာကို ခံစားလိုက်ရတော့၏။

အကြောင်းမူကား-

ထင်းယင်တစ်ယောက် မျက်လုံးများ စုံမှိတ်ထားပြီး ပါးစပ်မှ အမြှုပ်များထနေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပေတည်း။

လီချန်ချင်းမှာ ဆက်လက်မတိုက်ခိုက်တော့ချေ။ ထိတ်လန့်တကြား အော်ဟစ်မေးလိုက်မိသည်။

"မင်း- မင်း သူ့ကို ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာအဆိပ်

နဲ့ခတ်လိုက်တာလဲ- ပြောစမ်း"

ဆရာတော်ထင်းဖန်နှင့် ကျင်းပုဟန်တို့မှာလည်း အတိုက်အနိုက်ရပ်ဆိုင်းသွားချေပြီ။

သူတို့နှစ်ယောက် တိုက်ခိုက်ရုံနှင့်တော့ ကျင်းစုမန်းကိုနိုင်မည်လည်း မဟုတ်ပါချေ။

ကျင်းစုမန်းက မဲ့ပြုံးပြုံးလိုက်၏။

"သိပ်လဲစိတ်မပူပါနဲ့ဗျာ၊ ကျုပ်ကသူ့ကို အဆိပ်ခတ်လိုက်တာ မဟုတ်ပါဘူး။ မေ့ဆေးပေးလိုက်တာပါ-

ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဒီမေ့ဆေးက ဆိုးဆိုးဝါးဝါးမေ့ဆေးတစ်မျိုးဆိုတာတော့ ကျုပ်က ကြိုတင်ပြောထားချင်ပါတယ်- ကျုပ်ရဲ့ဖြေဆေးကိုမရရင် သူဟာ နောက်နှစ်နာရီအတွင်းမှာ သေဆုံးသွားနိုင်ပါတယ်"

ကျင်းစုမန်း၏စကားများက အေးဆေးတည်ငြိမ်လှသော်လည်း လီချန်ချင်း၏နားထဲသို့ သံရည်ပူများပမာ ပူလောင်စွာစီးဝင်သွားလေတော့၏။

သူက စိုးရိမ်ထိတ်လန့်စွာဖြင့် မေးလိုက်သည်။

"မင်း- မင်းဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

"အလို- ဘယ်လိုလဲဗျာ၊ ခင်ဗျားတို့ကလည်း ဘာဖြစ်လို့ သုံးယောက်တစ်ယောက် ဝင်တိုက်ရတာလဲ၊ ခင်ဗျားရဲ့မေးခွန်းကို ကျုပ်က ဒီမေးခွန်းနဲ့ပဲ ပြန်ဖြေပါတယ်"

လီချန်ချင်းမှာ စကားမပြောနိုင်အောင်ဖြစ်သွားလေတော့၏။

"ဒီလိုတိုက်ပွဲမျိုးတွေနဲ့ ပတ်သက်ပြီး ကျုပ်မှာအများကြီး



သင်ခန်းစာရခဲ့ပြီးပါပြီ-

ဒါကြောင့် ထင်းယင်ကို ကြိုကြိုတင်တင် မေ့ဆေးပေးလိုက်တာ၊ တစ်ခုတော့မမေ့နဲ့နော်၊ ဒါဟာ စစ်ပွဲ- စစ်ပွဲ"

လီချန်ချင်းမှာ အာစေးထည့်ခံရသူပမာ ပါးစပ်ပင် မဟနိုင်အောင်ဖြစ်နေရတော့သည်။

မိမိတို့ တီးတိုးပြောသည့်စကားများကို ကြားသွားခဲ့လေသလော။

ကျင်းစုမန်းက အေးဆေးတည်ငြိမ်စွာပင် ပြောလိုက်သည်။

"ကျုပ်က ခင်ဗျားတို့ ထင်သလောက် ရက်စက်တဲ့လူ မဟုတ်ပါဘူး-

အလဲအလှယ် အတုံ့အပြန်လုပ်တတ်တဲ့ လူတစ်ယောက်ပါ၊ ထင်းယင်အတွက် ဖြေဆေးလိုချင်ရင် ကျုပ်ပေးပါ့မယ်-

ဒါပေမယ့် ကျုပ်ကိုတော့ လိုက်ပြီးမနှောင့်ယှက်ရဘူးတယ့်နယ်လဲ-

တန်ဖိုးက သိပ်မများပါဘူးလေ၊ ကျုပ်နဲ့ ခင်ဗျားတို့လည်း ရန်ငြိုးရန်စ ရှိတာမဟုတ်ပါဘူး"

ကျင်းပုဟန်က ကြားဖြတ်၍ဝင်ပြော၏။

"ဘာပြောတယ်- ခင်ဗျားစကားကို ကျုပ်တို့က နားထောင်ရမှာလား။ ခင်ဗျားကိုဖမ်းပြီး ဖြေဆေးယူလိုက်ရင် ကိစ္စက အားလုံးပြတ်သွားတာပဲ"

"ဟင်း- ဟင်း- ဟင်း- ဟင်း"

ကျင်းစုမန်း၏ အေးစက်စက်ရယ်သံကြီးဖြစ်သဖြင့် ကြားရသူ

အပေါင်း ကျော့ချမ်းစရာကောင်းလှပေသည်။

ကျင်းပုဟာန်က အဓိပ္ပာယ်မရှိရယ်မောနေသော ကျင်းစုမန်းကို ကြည့်၍ မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားက ဘာဖြစ်လို့ရယ်ရတာလဲ"

ကျင်းစုမန်းက ပြန်မဖြေချေ။

သူ၏လက်ဝါးကို ဖြန့်ပြလိုက်၏။

အနက်ရောင်ဆေးလုံးကလေးများသည် လက်ဝါးပေါ်၌ တည်ငြိမ်စွာရှိနေသည်။

ထိုတဒင်္ဂအတွင်းမှာပင်-

ထိုဆေးလုံးကလေးများကို သူ၏ပါးစပ်ထဲသို့ ပစ်သွင်းလိုက်လေတော့သည်။

လီချန်ချင်းက စိုးရိမ်တကြီးလှမ်းမေးလိုက်လေသည်။

"မင်း- မင်း ဘာလုပ်တာလဲ"

ကျင်းစုမန်းက ပြုံးလိုက်သည်။

"ကျုပ် ဘာလုပ်တယ်ဆိုတာ ခင်ဗျားတို့အမြင်ပဲ၊ ဘာဖြစ်လို့ မေးနေရတာလဲ"

ဟု ပြန်မေးလေသည်။

"မင်း-ပညာရှိနိုင်စက်နည်းနဲ့ မနိုင်စက်နဲ့- မင်းပါးစပ်ထဲထည့်လိုက်တာ ဘာဆေးလုံးတွေလဲ"

"ဒါတွေလား- တခြားမဟုတ်ပါဘူး၊ ထင်းယင်အတွက် ဖြေဆေးပေါ့"

လီချန်ချင်းမှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။



"မင်းက အဲဒီ ဖြေဆေးတွေ မျိုချပစ်မလို့လား"

"ဟုတ်တယ်လေ၊ ကျုပ်က မျိုချပစ်ဖို့စိတ်ကူးထားတာပဲ၊ တစ်ခုတော့ရှိတာပေါ့-

ကျုပ်ကိုဝိုင်းထားတဲ့လူတွေ ကျုပ်ကို ရုတ်တရက် မတိုက်ခိုက်နိုင်လောက်တဲ့ အကွာအဝေးအထိ နောက်ဆုတ်သွားကြရင်တော့ အခြေအနေက တစ်မျိုးပေါ့"

သူ၏စကားဆုံးသည်နှင့် ကျင်းပုဟာန်မှအပ လူအားလုံး နောက်သို့ လေးငါးဆယ်လှမ်းမျှ ဆုတ်ခွါသွားကြလေသည်။

ကျင်းစုမန်းက ထီးတည်းကြီးရပ်နေသော ကျင်းပုဟာန်ကို လက်ညှိုးထိုးပြလိုက်သည်။

မြွေပွေး မြွေဟောက်တို့အတွက် ကုသရန်ဆေးရှိသည်။

ဤလို လူယုတ်မာများ၏ယုတ်မာမှုကို တားဆီးကာကွယ်ရန် ဆေးမရှိပါချေ။

ဤလူယုတ်မာအနီး၌ ရှိနေသမျှကာလပတ်လုံး မြွေပွေးခါးပိုက် ပိုက်ထားသည်နှင့်တူနေမည်။

ကျင်းပုဟာန်အား လီချန်ချင်းနှင့် ဆရာတော်ထင်းဖန့်တို့က မျက်နှာတည်မျက်နှာထားဖြင့် ဝိုင်းကြည့်လိုက်ကြသောအခါ ကျင်းပုဟာန်သည် ကပျာကယာနောက်ဆုတ်သွားလေတော့သည်။

လီချန်ချင်းက-

"မင်းကိုလွှတ်ပေးပြီးမှ ဖြေဆေးတောင်းရတဲ့ ကိစ္စကတော့ တကယ်ကိုမလွယ်တဲ့ကိစ္စဘဲ၊ မင်းကိုဘယ်လိုလုပ်ပြီးယုံရမှာလဲ၊ ဒီအတွက် နှစ်ဦးနှစ်ဘက်မျှတမယ့်အပေးအယူတစ်ခုတော့လုပ်မှဖြစ်မယ်"

ကျင်းစုမန်းက ပြုံး၍ပြောလိုက်သည်။

"ကျုပ်က ဖြေဆေးမပေးဘဲ သွားမယ်ဆိုရင်လည်း ခင်ဗျားတို့ထဲက ဘယ်သူ ကျုပ်ကိုတားနိုင်မှာလဲ"

ကျင်းပုဟာန်က စိုးရိမ်တကြီးဖြစ်ဟန်ဖြင့် ဝင်ထောက်လိုက်သည်။

"ကဲ- ကြည့်စမ်း။ အခုစကားကိုက မယုံရတော့ဘူး"

ကျင်းစုမန်းက တဟားဟားရယ်မောလေတော့သည်။

"ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ၊ ကျုပ်ကို လွှတ်ပေးဖို့ စကားတစ်ခွန်းများပြောခဲ့မိလို့လား"

လီချန်ချင်းတို့လူစုမှာ ကျင်းစုမန်း၏ စကားကြောင့် နဝေတိမ်တောင်ဖြစ်သွားကြတော့သည်။ လီချန်ချင်းက တအံ့တသြပြန်မေးလိုက်သည်။

"မင်းကိုလွှတ်ပေးဖို့ ပြောနေတာမဟုတ်ဘူးလား"

"မဟုတ်ပါဘူးဗျာ၊ သူ့အတွက် ကျုပ်ကပြောနေတာပါ"

လီချန်ချင်းက သေချာအောင်ပြန်မေးလိုက်၏။

"မင်းပြောတာ ဒီမိန်းကလေးကို လွှတ်လိုက်ရမယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ် ဒီမိန်းကလေးက ကျုပ်နဲ့ဘာမှမဆိုင်ဘူး။ သူ့ကို ပြန်လွှတ်လိုက်ပါ၊ ဖြေဆေး ချက်ချင်းထုတ်ပေးမယ်"

လီချန်ချင်းမှာ သက်ပြင်းချလိုက်မိတော့သည်။

အလွန် စိတ်သက်သာရာရသွားသည်။

ကျင်းစုမန်း၏အပေးအယူမှာ မိမိတို့အတွက်အတော်ကလေး



အသာစီးရသည့်အပေးအယူဖြစ်နေသည်။

သို့သော်-

ရှေးထပ်ဆစ်သည့်သဘောဖြင့်---

"မင်းရဲ့စကားကို ကျုပ်က ဘယ်လိုယုံရမှာလဲ"

ဟု ထပ်မေးလိုက်သည်။

"ဒါတော့- ခင်ဗျားတို့ ယုံချင်မှယုံ မယုံချင်နေ"

လီချန်ချင်းက ထပ်၍ရှေးမကိုင်တော့ပေ။

"ကောင်းပြီလေ- မင်းပြောတဲ့အတိုင်း လုပ်ကြတာပေါ့"

လီချန်ချင်းသည် ဆရာတော်ထင်းဖန့်အား တိုင်ပင်သည့်သဘောဖြင့် နောက်သို့လှည့်ကြည့်လိုက်သည်။ ဆရာတော်က ခေါင်းညိတ်လိုက်သည်။

ကျင်းပုဟာန်ကမူ သူတို့၏အပေးအယူကို လုံးဝ လက်မခံလိုပါချေ။

ထိုမိန်းကလေးအားငဲ့ညှာနေသဖြင့် ကျင်းစုမန်းစိတ်လွတ်ကိုယ်လွတ် မလှုပ်ရှားနိုင်ခြင်းဖြစ်သည်ကို ကျင်းပုဟာန် ကောင်းစွာရိပ်မိ၏။

သို့သော်-

လီချန်ချင်းနှင့် ဆရာတော်ထင်းဖန့်တို့အား သူ မလွန်ဆန်နိုင်မှန်းသိသဖြင့် သည်အတိုင်း ငြိမ်သက်နေလိုက်ရတော့သည်။

မည်ကဲ့သို့ပင်ဖြစ်စေ-

ကောက်ကျစ်ယုတ်မာသူတို့၏ သဘာဝအတိုင်း ဝမ်းထဲမှာ မည်သို့ပင်ရှိနေစေ နှုတ်အပြောကမူ ချိုမြချိုနေ၏။

"ဟဲ- ဟဲ- ဟဲ အစ်ကိုကြီးက ဒီမိန်းကလေးအတွက် စိတ်ပူနေ နေတာကိုး-

ဒါက သက်သက်စိတ်ပူနေတာပဲ၊ အစ်ကိုကြီးက လွှတ်ဖို့မပြောလဲ- သူ့ကိုလွှတ်ပေးလိုက်မှာပါဗျ"

ကျင်းစုမန်းက ချစ်ချစ်ဘက်သို့လှည့်ကာ–

"ကဲ- ချစ်ချစ် ဒီနေရာက အမြန်ဆုံးပြေးပေတော့"

ဟု ပြောလိုက်လေသည်။

ချစ်ချစ်မှာ လွန်စွာစိတ်ထိခိုက်သွားတော့သည်။

အဘယ့်ကြောင့်-

မိမိအား ထွက်ပြေးခိုင်းသည်ကို ကောင်းစွာ သဘောပေါက်လိုက်မိလေသည်။

"ရှင်က ကျွန်မကို တကယ်သွားခိုင်းတာလားဟင်"

"ဟုတ်တယ်- တကယ်သွားခိုင်းနေတာ မင်းမသွားရင် ဒီမှာ အများကြီး ဒုက္ခရောက်နိုင်တယ်၊ အဲဒါကို မင်းသဘောပေါက်ပါ"

ချစ်ချစ်က နှုတ်ခမ်းကိုကိုက်ရင်းပြောလိုက်သည်။ သူမ၏စကားသံ၌နိုင်မာသောသန္နိဋ္ဌာန်ပါကြောင်း ကျင်းစုမန်းကောင်းစွာသတိပြုမိလိုက်၏။

"ကောင်းပြီ- ကျွန်မသွားမယ်၊ ရှင် အသက်ရှင်နေခဲ့ရင် ရှင့်ကို ကျွန်မလိုက်ရှာမယ်- ရှင်သာ အသက်သေသွားမယ်ဆိုရင်တော့ ရှင့်အတွက် လက်စားပြန်ချေမယ်၊ သွေးကြွေးကို သွေးနဲ့ပဲ ပြန်ပေးဆပ်မယ်"

ချစ်ချစ်သည် စကားဆုံးသည်နှင့် ချာခနဲလှည့်ကာပြေး



ထွက်သွားလေတော့သည်။

ကျင်းစုမန်းကမူ ပြေးထွက်သွားသော ချစ်ချစ်၏ကျောပြင်ကလေးအား ငေးမောကြည့်နေမိသည်။ သူ၏မြင်ကွင်းမှ ချစ်ချစ်တစ်ယောက် ပျောက်ကွယ်သွားသောအခါမှ သူ၏ရန်သူတော်များဘက်သို့ ပြန်လှည့်လိုက်သည်။

ကျင်းပုဟန်က မဲ့ပြုံးပြုံး၍ပြောလိုက်သည်။

သူ၏စုတ်တသပ်သပ်ပြောနေပုံမှာ လွန်စွာရွံရှာဖွယ်ကောင်းလှတော့၏။

"ကျွတ်- ကျွတ်- ကျွတ် သနားစရာကောင်းလိုက်တဲ့ အစ်ကိုကြီးပဲ"

သူက ဆက်ပြောသည်။

"ဟိုမိန်းကလေးကလည်း သစ္စာရှိလိုက်တာ လွန်နေတာပဲ၊ ဒီလိုမိန်းကလေးမျိုး မသိုးထမင်း မသိုးဟင်းနဲ့ လိုက်ရှာရမယ့်ပုံပေါ်နေတယ်-

သေရေးရှင်ရေးမှာ ဒိုးတူပေါင်ဖက်နေမယ်ဆိုတဲ့စိတ် တစ်စက်ကလေးမှမရှိဘူး-

"သွား" ဆိုတဲ့စကား နှစ်ခွန်းမပြောရဘူး- ထွက်ပြေးသွားလိုက်တာ တန်းနေတာပဲ-

ဟင်း- ဟင်း- ဟင်း အတော့်ကို အပြောင်းအလဲမြန်တဲ့မိန်းကလေးပါလား ကျွတ်- ကျွတ်"

"ခွေးတိရိစ္ဆာန်- ထွီ"

ကျင်းစုမန်းသည် သူ၏ပါးစပ်ထဲ၌ငုံထားသော ခေါးလုံးများ

ဖြင့် ထွေးထုတ်လိုက်သည်။

ထိုဆေးလုံးများသည် ကျင်းပုဟာန်၏မျက်နှာပေါ်၌သွားရောက်တွယ်ကပ်နေလေတော့၏။

ကျင်းပုဟာန်မှာ မျက်နှာတစ်ပြင်လုံး စပ်ဖျဉ်းဖျဉ်းခံစားလိုက်ရလေ၏။

ကျင်းပုဟာန်က မျက်နှာကိုပွတ်သပ်ရန် လက်ကိုမြှောက်လိုက်သည်။

"နေဦးလေ"

လက်တစ်ဘက်က မျက်နှာကိုပွတ်သပ်တော့မည့် ကျင်းပုဟာန်၏လက်ကို လာဆွဲထားလိုက်သည်။

ကျင်းပုဟာန်က ဒေါသတကြီးဖြင့်လှည့်ကြည့်လိုက်၏။

ရေခဲမျက်နှာဖြစ်နေသတည်း။

"ဒါဘာလုပ်တာလဲ"

ကျင်းပုဟာန်အသံသည် မိုးခြိမ်းသံကဲ့သို့ ဟိန်း၍ ထွက်လာလေသည်။

ရေခဲမျက်နှာက အေးတိအေးစက်လေသံဖြင့်--

"ခင်ဗျားရဲ့မျက်နှာမှာကပ်နေတဲ့ ဆေးလုံးတွေဟာ နောင်တော်ကြီးထင်းယင်ရဲ့အသက်ကို ကယ်နိုင်တဲ့ဆေးလုံးတွေပါ- ခင်ဗျား ဒီဆေးလုံးတွေကို အချည်းနှီးခွါချပစ်ဖို့မကြိုးစားပါနဲ့ ခွါချပစ်ရင်တော့ လူမသတ်ချင်ပေမယ့် သတ်ရတော့မှာပဲ"

ကျင်းပုဟာန်မှာ အကျဉ်းအကျပ်ကျသွားလေတော့သည်။ သူ့အတွက် အခြေအနေမပေးသည်ကို ကောင်းစွာရိပ်မိလိုက်သဖြင့်



မလှုပ်မယှက် ငြိမ်သက်စွာရပ်နေလိုက်သည်။

ရေခဲမျက်နှာက ဆေးလုံးများကို တစ်လုံးချင်း တစ်လုံးချင်း ခွါယူနေတော့၏။

ဤဆေးလုံးများကား ထင်းယင်၏အသက်ပင် ဖြစ်ချေသည်တကား။

လီချန်ချင်းမှာ ယခုမှပင် လုံးဝစိတ်အေးသွားသည်။

ဖြေဆေးမရမချင်း ထင်းယင်အတွက် စိတ်မချရသောကြောင့် လက်မြန်ခြေမြန်ရှိမှုအတွက်လည်း လွန်စွာအားရချီးကျူးမိတော့သည်။

"ဟား- ဟား- ဟား- ဟား"

လီချန်ချင်းမှာလန့်ဖျပ်သွားပြီး လှမ်းကြည့်လိုက်သည်။

ကျင်းစုမန်းတစ်ယောက် ဟက်ဟက်ပက်ပက် ရယ်မောနေသည်ကိုတွေ့ရသောအခါ စိတ်ထဲ၌ထင့်ခနဲ ဖြစ်သွားလေ့တော့၏။

"မင်း- ဘာရယ်တာလဲ"

"ခင်ဗျားက ကျုပ် ဖြေဆေးအတုပေးတယ်လို့များ ထင်နေလို့လား"

လီချန်ချင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။ သူသည် သူတစ်ပါး၏စိတ်ကို ဖောက်ထွင်းမြင်နိုင်သည့်တန်ခိုးများရှိနေသလားဟုဆိုနိုင်ပေ။

ထိုစဉ် ကျင်းစုမန်းက-

"ကဲ ကျုပ်ဖြေဆေးပေးလိုက်ပြီးပြီ၊ ဒီအတွက် ခင်ဗျားတို့လည်း စိတ်အေးသွားကြပြီ- တိုက်ကြဖို့ပဲရှိတော့တယ်၊ သတ္တိရှိတဲ့လူ ဝင်ခဲ့ကြပေတော့"

သူ၏စကားဆုံးသွားသည်နှင့် လှုံရိပ်နှစ်ခုတို့သည် သူ့ထံသို့ ခုန်ဝင်သွားကြလေတော့သည်။

❋



## အခန်း(၂၄)
## အချစ်အတွက် အသက်ပင်သေသေ

---

ချစ်ချစ်သည် နောက်သို့ တစ်ချက်မျှစောင်းငဲ့မကြည့်ဘဲ ရှေ့တူရူသို့သာ ဦးတည်ပြေးလွှားလာခဲ့သည်။

ကျောင်းစုမန်းတို့၏နေရာနှင့် အတော်ဝေးကွာသောအရပ်သို့ ရောက်သည့်အခါမှ-

ချစ်ချစ်၏ချုပ်တည်းထားရသည့် မျက်ရည်များသည် တာရိုး ကျိုးပေါက်သောရေများကဲ့သို့ ဖြိုင်ဖြိုင်စီးကျလာလေတော့၏။

သူမ၏ ဝေဝါးသောမျက်လုံးများထဲတွင် တစ်ယောက်တည်း ဟိုက်ရင်းနိုက်ရင်းကျန်ရစ်သည့် ကျောင်းစုမန်းကိုသာ မြင်ယောင်နေတော့ သည်။

သူမ သတိရ၍ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ သစ်ပင်ကြီးတစ်ပင်အောက်၌ ဝင်ရပ်နေမိသည့်အဖြစ်ကို တွေ့ရှိရ

တော့သည်။

သူမသည် အံကိုတင်းတင်းကြိတ်လျက် ပန်းတိုင်မရှိသော ခရီးကို စတင်ပြန်လေတော့သည်။

"ညည်း ဘယ်သွားမလို့လဲဟင်"

"ငါ ဘယ်သွားရမလဲ- စင်လုံဆီသွားရမှာပေါ့"

"ညည်း စင်လုံဆီသွားမလို့ဟုတ်လား"

"အို- မဟုတ်ဘူး မဟုတ်ဘူး။ စင်လုံဆီကို ဒီတစ်သက် မ ပြောနဲ့ နောက်ဆယ်သက်တောင်မသွားဘူး"

"မသွားလို့ဖြစ်မလား။ ကျောင်းစုမန်းတစ်ယောက် ဟိုမှာ ဒုက ရောက်နေပြီမဟုတ်လား။ ကျောင်းစုမန်းကို စင်လုံတစ်ယောက်ပဲ ကယ်နိုင် မှာ မဟုတ်လား"

"အို- ဘာဖြစ်လို့ သူ့ဆီသွားရမှာလဲ၊ ဒီလောကကြီးတစ် လုံးက လူတွေသေကုန်တော့မယ်ဆိုတာတောင် သူ့ဆီသွားပြီး အကူအညီ မတောင်းဘူး သိလား"

ချစ်ချစ်၏စိတ်တို့သည် အချင်းချင်းပဋိပက္ခဖြစ်လျက် ရှိ ကြသည်။

သူမသည် ဦးတည်ရာမရှိ လျှောက်သွားနေသည်ဟု သူ ကိုယ် သူမထင်နေသည်။

အကယ်စင်စစ်တွင်မူ သူမ၏ခြေထောက်များသည် ဝင် ရှိမည်ဟု ယူဆရသည့်အရပ်သို့ ဦးတည်လျှောက်လှမ်းနေခြင်းသာ ဖြ လေတော့သည်။

ဤသို့လျှောက်လာရင်းမှ မြို့ကလေးတစ်မြို့သို့ ရောက်ရှိလ



တော့သည်။

ယင်းမြို့ကလေးမှာ သူမ မရောက်ဖူးခဲ့သည့် မြို့ကလေး မဟုတ်ပါ။

သူမအတွက် လုံးဝစိမ်းနေသောမြို့ကလေး မဟုတ်ပါချေ။ သူမနှင့် ကျောင်းစုမန်းတို့ စတင်ရောက်ရှိခဲ့သည့် မြို့ကလေးသာ ဖြစ်ပါသည်။

သူမသည် ထမင်းဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်လိုက်သည်။ အံ့သြအရှာ ကြည့်ရှုလိုက်သောအခါ-

ဤထမင်းဆိုင်သည် သူမနှင့်ကျောင်းစုမန်းတို့ ဝင်ရောက်စားသောက်ခဲ့ကြသော ထမင်းဆိုင်ဖြစ်ကြောင်း သိလိုက်ရလေတော့သည်။

ဆိုင်လုလင်က သူမအား ကောင်းစွာမှတ်မိလိုက်၏။

မမှတ်မိစရာလည်း မရှိပေ။

ချစ်ချစ်၏မျက်နှာမှာ လွန်စွာလှပချောမောလှသဖြင့် တစ်ကြိမ် တစ်ခါမြင်လိုက်ရုံဖြင့် တစ်သက်မမေ့နိုင်သော ရုပ်ရည်မျိုး ဖြစ်သည် မဟုတ်ပါလား။

ဆိုင်လုလင်ကလေးက ဖျတ်လတ်စွာဖြင့် နေရာထိုင်ခင်းများ ပြင်ဆင်ပေးသည်။

"ကြွပါ- ကြွပါခင်ဗျာ၊ စောစောက နောင်ကြီး မပါလာဘူး လားခင်ဗျ"

ချစ်ချစ်သည် စားပွဲခုံကို ဝုန်းခနဲရိုက်ချလိုက်လေသည်။

"တိတ်စမ်း- စကားမရှည်နဲ့"

ဟု ငေါက်ငမ်းလိုက်မိသည်။

ချစ်ချစ်မှာ စိတ်သောကများကာ ထွေပြား ဝေဝါးနေသဖြင့် မည်သည့်အဝိုစကားမျှ မကြားချင်လောက်အောင် ဖြစ်နေခဲ့ရလေသည်။ ချစ်ချစ်၏ အော်ငေါက်သံကြောင့် ဆိုင်လုလင်ကလေးမှာ ထိတ်လန့်တကြား ဖြစ်သွားရရှာတော့သည်။

ချစ်ချစ်သည် သူစားမည့် ဟင်းလျာများ၏အမည်များကို တစ်သီကြီး ရွတ်ချလိုက်လေသည်။

ဆိုင်လုလင်ကလေးမှာ ချစ်ချစ်ရွတ်ဆိုသမျှကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။

ပြီးမှ-

"ကျွန်တော်တို့ဆိုင်မှာ အစ်မပြောတဲ့ဟင်းတွေ လုံးဝမရှိပါဘူးခင်ဗျာ"

"ဒါဖြင့် မင်းတို့ဆိုင်မှာ ဘာတွေရှိသလဲ"

"ရိုးရိုးထမင်းဟင်းနဲ့ ခေါက်ဆွဲပဲရှိပါတယ်ခင်ဗျာ"

ချစ်ချစ်သည် မျက်မှောင်ကုတ်၍ အော်ပစ်လိုက်လေသည်။

"သွားစမ်း- မြန်မြန်၊ ရှိတဲ့ ခေါက်ဆွဲတစ်ခွက်ကိုသာ အမြန်ယူခဲ့"

ချစ်ချစ် အလိုရှိသည့်အတိုင်းပင် ခေါက်ဆွဲခွက်သည် သူမ၏ရှေ့သို့ အမြန်ဆုံးရောက်လာလေသည်။

ချစ်ချစ်သည် ခေါက်ဆွဲပြုတ်ကို ရေငွေ့ချလျက် တွေးတော ငေးမောနေလေတော့သည်။

မည်မျှတွေးတော ငေးမောနေမိသနည်းဟူမူ သူမရှေ့တွင် ပူလောင်သောခေါက်ဆွဲများသည် အေးစက်သွားသည်အထိ ဖြစ်သွား



မဲ့လေသည်။

ခေါက်ဆွဲများကို စားချင်စိတ်လည်းမရှိ၊ စားရန်မဆိုထားနှင့် လက်နှင့်ပင် တို့ချင်စိတ်မရှိဘဲ ဖြစ်နေသည်။

ထိုစဉ် ဆိုင်တွင်းသို့ လူတစ်ယောက် အော်ဟစ်ပြေးဝင်လာတော့သည်။

သူ၏တစ်ကိုယ်လုံးတွင်လည်း သွေးများစွန်းပေနေသည်။ ပုံပျက်ပန်းပျက်ဖြစ်နေသောထိုလူကို ကြည့်ကာ ဆိုင်တွင်း၌စားသောက်နေကြသောလူများ ရုတ်ရုတ်သဲသဲဖြစ်သွားကြတော့၏။

ထိုသူမှာ အခြားသူမဟုတ်ပေ။ ဤထမင်းဆိုင်၏ဆိုင်ရှင်ပင် ဖြစ်လေတော့သည်။

ဆိုင်သားများသည် သူတို့၏ဆိုင်ရှင်ဘေး၌ ဝိုင်းအုံပြီးမေးနေကြလေသည်။

"ဆရာ့ကို ဘယ်သူတွေစော်ကားလိုက်သလဲ၊ ကျုပ်တို့သွားပြီး ဆုံးမလိုက်မယ်"

ဆိုင်ရှင်က လက်တကာကာဖြင့် ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး သူ၏ဖြစ်ပုံအကြောင်းကို ရှင်းပြနေလေသည်။

"ဒီလိုပါ- ဒီလိုပါ၊ ငါကငါ့ဆိုင်အတွက်လိုအပ်တဲ့ အသားတွေ သွားဝယ်တာ၊ ဝက်သားဆိုင်မှာဝက်သားဝယ်နေရင်းနဲ့ ငါလည်း ဝက်သားဆိုင်ရှင်နဲ့ စကားစမြည်ပြောမိကြတယ်-

ငါ့ဆိုင်မှာ ထမင်းလာစားသွားတဲ့ လုကလျာနဲ့နတ်မိစ္ဆာအကြောင်းလည်းပြောရော- အဲဒီလူက ဘာမဆိုင် ညာမဆိုင်နဲ့ ငါ့ကို ဝင်ထိုးတာပါပဲကွာ"

"အဲဒီကောင်က ဘယ်သူလဲ သူ့ကို ကျုပ်တို့သွားချမယ်"

"အောင်မယ်လေး- အေးအေးနေကြပါ၊ ကျေးဇူးပြုပြီး အေ အေးဆေးဆေးငြိမ်နေကြပါ-

မင်းတို့ပါ ငါ့လိုဖြစ်ချင်ကြလို့လား ဒီလူက ထောင်ထော မောင်းမောင်းနဲ့ အင်မတန်အားသန်တဲ့လူကွ၊ မင်းတို့ကတော့ သူ့ကို ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး၊ သူက မင်းတို့ကို ခြေနှစ်ချောင်းကကိုင်ပြ ရိုက်သတ်သွားလိမ့်မယ်"

ထိုအခါချစ်ချစ်သည် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်တော့သည်

ချစ်ချစ်သည် ငွေများကိုတွန်းဖယ်ထုတ်လျက် ထိုဆိုင်ရှင်ရှေ့ သွားရပ်လိုက်သည်။

ဆိုင်ရှင်မှာ ချစ်ချစ်အားမြင်လိုက်ရသောအခါ ကြက်သေသေ သွားတော့သည်။

"ခင်- ခင် ခင်ဗျား--"

"အပိုတွေပြောမနေနဲ့- စောစောက ရင့်ကိုရန်ပြုလွှတ်လိုက် တဲ့လူရဲ့ ပုံပန်းကိုပြောစမ်း"

"အဲဒီလူက မျက်ခုံးမွေးထူထူမျက်လုံးဝိုင်းဝိုင်း နောက်ပြီး-"

ချစ်ချစ်သည် ထိုလူ၏စကားဆုံးအောင်ပင် မစောင့်တော့ဘဲ ဆိုင်တွင်းမှ တဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

ဤသို့ ပြေးထွက်လာ၍ မကြာမီ လမ်းပေါ်၌ထူးခြားချက် တစ်ခုကို တွေ့ရှိရပါလေပြီ။

လူအများသည် စုရုံးစုရုံးနှင့် လူတစ်ဦးတစ်ယောက်ကို လိုက် ကြည့်နေ၏။



သူတို့လိုက်ကြည့်နေသည့်လူမှာ အရက်ဗူးတစ်ဗူးကိုကိုင်၍ မည်သူ့ကိုမျှ ထီမထင်ဟန်ဖြင့် လျှောက်သွားနေ၏။

ချစ်ချစ်မှာ ထိုလူ့ကို တွေ့မြင်လိုက်ရသည်နှင့် မဖေါ်ပြနိုင် အောင် ဝမ်းသာသွားတော့သည်။

"ဝံကြောင်ကလေး---"

ချစ်ချစ်၏အော်သံကြောင့် ဘေးပတ်ဝန်းကျင်မှလူများပင် လန့် ဖျပ်သွားကြလေသည်။

အရက်ဗူးကိုကိုင်၍ လျှောက်သွားနေသူမှာလည်း အသံကြား ရာသို့ ချာခနဲလှည့်ကြည့်တော့သည်။

ဟုတ်ပါသည်။ ဝံကြောင်ကလေးမှ ဝံကြောင်ကလေးအစစ် ပါတည်း။

ချစ်ချစ်သည် ဝံကြောင်ကလေးကို တွေ့လိုက်ရသည်နှင့် မိမိ ၏ ဆွေမျိုးရင်းချာတစ်ယောက်ကို တွေ့ဆုံလိုက်ရသကဲ့သို့ လွန်စွာဝမ်း သာအယ်လဲ ဖြစ်သွားမိတော့သည်။

ချစ်ချစ်၏စိတ်၌ ထိုအတွေးမျိုး ထားနိုင်သည်မှာလည်း အ ကြောင်းရှိပါသည်။

ဝံကြောင်ကလေးသည် အိုယန်းရှိ၏အိမ်၌ရှိစဉ်က သူမ၏ အနှံ့အတာကို လွန်စွာခံခဲ့သည်မဟုတ်ပါလား။

ချစ်ချစ်မှာ ထိုတဒင်္ဂအတွင်းမှာပင် မျက်ရည်များစီးကျလာ လေတော့သည်။

သူမသည် ဝံကြောင်ကလေးထံပြေးလွှားသွားပြီး သူ၏လက် မောင်းနှစ်ဘက်ကို ဆုပ်ကိုင်လိုက်သည်။

"ဝမ်းသာလိုက်တာရှင်- ရှင့်ကို တွေ့လိုက်ရတာ ဘယ်လို ဝမ်းသာမှန်း မသိဘူး"

သူ၏အသံက တုန်ယင်လိုက်လှ၏။

အခက်အခဲ အကျပ်အတည်းပေါ်နေစဉ် မိမိအား ကူညီနိုင်သူ တစ်ဦးကို တွေ့လိုက်ရသောအခါ မည်သူသည် အားမတက် ဝမ်းမမြောက်ဘဲ ရှိပါအံ့နည်း။

ဝံကြောင်ကလေးကလည်း သူမ၏လက်ကို ပြန်လည်၍တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"အေးဗျာ- ခင်ဗျားဝမ်းသာတာက တော်တော်ရယ်၊ ကျုပ်က ခင်ဗျားထက်တောင် ဝမ်းသာမိသေးတယ်၊ ခင်ဗျားကို ဒီနေရာမှာ တွေ့ရလိမ့်မယ်လို့ လုံးဝမမျှော်လင့်မိဘူး"

"ရှင်ကကော ဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ"

"ခင်ဗျားကိုလိုက်ရာတာပေါ့၊ ခင်ဗျားကကော ဒီနေရာကို ဘယ်လိုလုပ် ရောက်လာတာလဲ"

"ကျွန်မလည်း ရှင့်ကိုလိုက်ရာတာပဲ"

နှစ်ယောက်စလုံး ပြိုင်တူရယ်မောမိလေသည်။

ဝံကြောင်ကလေးသည် ဝမ်းသာအားရဖြင့် သူမ၏ပခုံးကို ဖက်ကာ ပြောလိုက်၏။

"ကဲ--နောက်မှအကြောင်းစုံပြောကြတာပေါ့၊ အခုတော့ ဗိုက်ပြည့်သွားအောင် တစ်ခုခုသွားစားလိုက်ကြဦးစို့"

သူတို့နှစ်ယောက်သည် ရယ်ကာ မောဖြင့် စားသောက်ဆိုင်များဆီသို့ ပြန်လျှောက်လာကြတော့သည်။



ဘေးပတ်ဝန်းကျင်မှလူများသည် သူတို့၏အပြုအမူများကို ကြည့်၍ အလွန်အံ့သြနေမိကြတော့၏။

သို့သော် သူတို့အားလုံးသည် ထိုနှစ်ယောက်အား ရဲရဲတင်းတင်းကြည့်ဝံ့သည်မဟုတ်ပါချေ။

နှိုးကြောင်နှိုးဝှက်ကြည့်၍ တိုးတိုးတိတ်တိတ်သာ ဝေဖန်ကြရသည်ဖြစ်ပါ၏။

ဝံကြောင်ကလေးနှင့်ချစ်ချစ်တို့ ဆိုင်ထဲသို့ လှမ်းဝင်လိုက်ကြသည်နှင့်တပြိုင်နက် စားသောက်နေကြသူများသာမက ဆိုင်ရှင်နှင့် ဆိုင်လုလင်များပင် ထွက်ပြေးတိမ်းရှောင်ကုန်ကြသည်။

ဆိုင်ရှင်က ပြောပြထားသဖြင့် ဝံကြောင်ကလေးအကြောင်း သိထားကြပြီးဖြစ်ရာ မည်သူကမျှ အကြောင်းမဲ့ ထိနိုက်ဒဏ်ရာရမည့် အဖြစ်ကို မလိုလားကြသဖြင့် ဤသို့ ထွက်ပြေးကြခြင်းသာဖြစ်ပါသည်။

ချစ်ချစ်နှင့် ဝံကြောင်ကလေးတို့သည် လူသူရှင်းလင်းလှသော ဆိုင်ခန်းတစ်ခုလုံးကို အားရ ကျေနပ်စွာ လှည့်လည်ကြည့်ရှုလိုက်ပြီး ဝံကြောင်ကလေးက ခွက်တစ်ခုကို ယူ၍ သူ့အရက်ဗူးထဲမှ အရက်များကို ငှဲ့ထည့်ပေးနေသည်။

ချစ်ချစ်ကမူ အခြားသူများမှာထားသည့် ခေါက်ဆွဲပန်းကန်များနှင့်ဝက်သားပန်းကန်များကို သယ်ယူလာပြီး နှစ်ယောက်သား အားပါးတရ စားသောက်နေကြသည်။

ချစ်ချစ်က ပြုံး၍ပြောလိုက်သည်။

"ရှင်က ကျွန်မကိုမေ့နေပြီထင်တာ၊ အခုလိုကျတော့ ကျွန်မကို

သတိရနေသေးသားပဲ"

"ဘယ်လိုပြောလိုက်တာလဲဗျာ၊ ခင်ဗျားက ကျုပ်စိတ်ကိုမသိလို့ပါ၊ ခင်ဗျားကိုသတိရလွန်းလို့ ရူးတောင်ရူးချင်နေတာဗျ၊ ရှာလိုက်ရတာလည်းခြေတိုမတတ်ဖြစ်နေပြီ- ဘယ်မှာမှရှာလို့မတွေ့- သတင်းလည်းမရ- စိတ် ဆင်းရဲလိုက်ရတာဗျာ၊ ကြားရင် ခင်ဗျားကြောင့် ကျုပ် လုံးပါး ပါးရမှာပဲ"

ချစ်ချစ်သည် ဝံကြောင်ကလေး၏အရိုးခံစကားကို ကြားလိုက်ရသောအခါ ပြုံးလိုက်မိသည်။

"ဟုတ်တယ်- ကျွန်မကလည်း ရှင့်ကိုလိုက်ရှာနေတာ ဆိုင်ရှင်က သူ့အရိုက်ခံရတဲ့အကြောင်းပြောမှ အဲဒီလူဟာ ရှင်ပဲ ဖြစ်ရမယ်ဆိုပြီး ပြေးထွက်လာတာ ရှင်နဲ့ တန်းတွေ့ရတော့တာပဲ"

ဝံကြောင်ကလေးက တဟားဟားရယ်မောလိုက်လေသည်။

"ကျုပ်က သူများကို တမင်သက်သက် စော်ကားမော်ကားလုပ်တတ်တဲ့ အလေ့အကျင့်မရှိပါဘူး။ ကျုပ်ကြောင့် သူများအနာတရဖြစ်မှာကို စိုးရိမ်ပါတယ်၊ ဒီတစ်ခါတော့ သည်းမခံနိုင် နိုင်တာနဲ့ ရိုက်လွှတ်လိုက်တာဗျ"

"သူက ရှင့်ကို ဘာပြောလို့လဲ"

"ကျုပ်ကို ပြောတာမဟုတ်ပါဘူးဗျာ၊ ဝက်သားဆိုင်ရှင်ကို ပြောနေတာပါ၊ ခင်ဗျားအတင်းကို ပြောနေသံကြားလိုက်ရတော့ ကျုပ်လည်း ဒေါပွပွနဲ့ရိုက်လွှတ်လိုက်တာဗျ"

နှစ်ယောက်စလုံး ပြိုင်တူရယ်မောမိလိုက်ပြန်၏။ ချစ်ချစ်သည် တစ်စုံတစ်ခုကိုသတိရသွားဟန်ဖြင့်-



"သူ- သူ- သူ"

ချစ်ချစ်သည် သူမ၏စကားကို ဆုံးအောင်ဆက်မပြောနိုင်ပါချေ။ လမ်းခွတ်လတ်၌ပင် ရပ်ဆိုင်းသွားရပါလေ၏။

ဝံကြောင်ကလေးသည် ချစ်ချစ်ကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"ဘာလဲ ခင်ဗျား စင်လုံအကြောင်းကိုမေးမလို့ မဟုတ်လား"

ချစ်ချစ်၏နှုတ်ခမ်းကလေးမှာ ချက်ချင်းစုလာသည်။

"တော်စမ်းပါ၊ သူ့ကို ဘာဖြစ်လို့ ကျွန်မကမေးရမှာလဲ၊ သူနဲ့ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ မဆိုင်တာတွေလာမပြောစမ်းပါနဲ့"

"အင်းလေ- ခင်ဗျား မမေးပေမယ့် ကျုပ်ကတော့ ပြောရမှာပဲ၊ ခင်ဗျား ထွက်သွားပြီးတဲ့နောက် သိပ်မကြာဘူး။ သူလည်း ထွက်သွားတာပဲ၊ သူက ခင်ဗျားကို ပြန်လာခေါ်လိမ့်မယ်ထင်တာနဲ့ ကျုပ်တို့လည်း သူ့ကို စောင့်နေကြတာ၊ နောက်ဆုံးတော့ သူလည်း ပြန်မလာတော့ပါဘူးဗျာ"

ချစ်ချစ်က နှုတ်ခမ်းကိုမဲ့၍ ပြောလိုက်၏။

"ရှင်က ဘာဖြစ်လို့ သူ့ကိုစောင့်ရတာလဲ၊ သူနဲ့ ဘာကိစ္စရှိနေလို့လဲ"

"ဗျာ- ကျုပ်က သူနဲ့ ဘာကိစ္စမှမရှိဘူး။ သူ့ကို စောင့်တာလည်း မဟုတ်ဘူး။ ခင်ဗျားကိုစောင့်တာဗျ၊ ခင်ဗျားကိုစောင့်တာ"

ချစ်ချစ်၏ မျက်လုံးကလေးများမှာ ကြည်လင်ဝင်းပသွားလေတော့၏။

မျက်တောင်တဖျပ်ဖျပ်ခတ်လိုက်ရင်း-

"တကယ်"

"တကယ်ပေါ့ဗျာ၊ ဘာဖြစ်လို့ ကျုပ်က ညာရမှာလဲ၊ ကျုပ် ခင်ဗျားတို့ကိုစောင့်နေတုန်း-

ဝမ်းလင်းဝါးဆိုတဲ့ကောင်က စင်လုံအကြောင်း အသေးစိတ်မေး နေသေးတယ်၊ အင်မတန် စပ်စုတဲ့ကောင်"

"ဟုတ်လား- ဒီလူက လူကောင်းမဟုတ်ဘူးရှင့်၊ ရှင်က ဘာတွေ ပြောလိုက်သေးသလဲ"

"ကျုပ်က ဘာ-ပြန်ပြောရမှာလဲ၊ ကျုပ်နဲ့စင်လုံနဲ့ တွေ့ဖူးတာ က ဘာမှကြာသေးတာမှမဟုတ်တာ၊ ဒီတော့ စင်လုံအကြောင်းလည်း ဘာမှ ပြည့်ပြည့်စုံစုံဘယ်သိမလဲ၊ အဲဒီအချိန်မှာပဲ လူတစ်ယောက် ရောက်လာတာနဲ့ ကျုပ်လည်း သက်သာရရသွားတယ်"

"အဲဒီလူဟာ ဘယ်သူလဲ- ရှင်သိသား"

"ဘယ်သူလဲဆိုတာတော့ ကျုပ်မသိဘူး။ ဒါပေမယ့် ဒီလူဟာ လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာတော့ ထင်ရှားပါတယ်"

"ဘာဖြစ်လို့လဲ- အကြောင်းထူးတစ်ခုခု ရှိနေလို့လား"

"ဟုတ်တယ်၊ ဒီလူဟာ ရောက်လာတာနဲ့ ဝမ်းလင်းဝါးကို တိုးတိုးတိတ်တိတ် ကပ်ပြောလိုက်တယ်၊ ဝမ်းလင်းဝါးဟာ ထိတ်ထိတ် ပျာပျာပုံစံနဲ့ အဲဒီလူနောက် လိုက်သွားတာပဲ"

"သူတို့ ဘာတွေပြောတယ်ဆိုတာကော ရှင်ကြားလိုက်သေး သလား။ အဲဒီစကားသာကြားလိုက်ရရင် သိပ်ကောင်းမှာ-"

"ကျုပ်လည်း နားစွင့်ထားတာပဲ၊ ဟိုလူပြောတာက သိပ်တိုး လွန်းတော့ ကျုပ်လည်း ဘာမှမကြားရဘူး။ ကြည့်ရတာ တော်တော်



ကလေးတော့ အရေးကြီးပုံရတယ်"

ချစ်ချစ်သည် ဟင်းခနဲ သက်ပြင်းချလိုက်လေ၏။

"ဒီမှာ ဝံကြောင်ကလေး။ စင်လုံရဲ့လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး ရှင် ဘယ်လိုသဘောရသလဲ"

"ခင်ဗျားသဘောပဲ ပြောစမ်းပါဦး"

"ကျွန်မအနေနဲ့ ပြောရမယ်ဆိုရင်တော့ စင်လုံ့လုပ်ရပ်တွေကို ကျွန်မ မကြိုက်ဘူး-

သူ အခုလုပ်နေတာတွေက သိပ်ပြီး လျှို့ဝှက်လွန်းနေတယ်၊ ကျွန်မတို့အပေါ် ဒီလောက်လျှို့ဝှက်ဖို့မလိုဘူးလို့ ကျွန်မထင်တာပဲ၊ သူ့မှာ ဘာလျှို့ဝှက်ချက်တွေ ရှိနေတယ်ဆိုတာလည်း ကျွန်မ လုံးလုံး အကဲခတ်လို့မရဘူး"

ဝံကြောင်ကလေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်- ကျုပ်အထင်လည်း ဒီလိုပဲ၊ စင်လုံနဲ့ ဝမ်းလင်းဝါးတို့ဟာ တော်တော်ကလေးရင်းနှီးနေပြီလို့ ထင်နေတယ်-

တကယ့်တကယ်ကျတော့ ဝမ်းလင်းဝါးအကြောင်း ကျုပ်ကောင်းကောင်း သိနေတာပဲ၊ စင်လုံလိုလူမျိုးနဲ့ တကယ်တမ်း ဘယ်တော့မှ မဟာမိတ်မဖြစ်နိုင်ပါဘူး-

အခုလည်း ကျုပ်အကဲခတ်မိတဲ့ တစ်ချက်ကတော့ ရှိနေပါတယ်၊ သူတို့နှစ်ယောက်ဟာ တစ်ယောက်အပေါ် တစ်ယောက် သက်မကင်းရှိနေတယ်ဆိုတာတော့ အသေအချာပဲ"

ချစ်ချစ်က စဉ်းစဉ်းစားစားဖြင့်ပြောသည်။

"ဟုတ်တယ်- စင်လုံနဲ့ကျွန်မ တွေ့တာကြာပါပြီ၊ စင်လုံ

ဟာ စိတ်ထားကောင်းတာတော့ မှန်တယ်၊ ဒါပေမယ့် သူလုပ်ပုံကိုင်ပုံတွေ ကြည့်ရင်တော့ ဘာတွေလုပ်မယ်မှန်း အကဲခတ်လို့ကိုမရဘူး-

သူကလူတစ်မျိုးပါ။ ကျွန်မတောင် စင်လုံအကြောင်းကောင်း ကောင်း အကဲခတ်လို့ မရရင် ရှင်တို့တော့ ဝေလာဝေးပဲ-

နောက်ပြီး ကျွန်မ သူ့အပေါ်သံသယရှိနေတာက သူ့မှာ လျှို့ဝှက်ချက်ကြီးတစ်ခုရှိနေသလိုပဲ"

"ကျုပ်လည်း သူ့အကြောင်း စဉ်းစားနေတာပဲ၊ သူ့မှာ ဘာ ရည်ရွယ်ချက်တွေရှိပြီး ဘာတွေလျှောက်လုပ်နေတယ်ဆိုတာ လုံးဝ အကဲခတ်လို့မရဘူး"

ချစ်ချစ်က နာနာကျည်းကျည်းပြောလိုက်သည်။

"သူက ဘယ်သူ့ကိုမှစိတ်ချယုံကြည်တာမဟုတ်ဘူး။ ကျွန်မ ကိုဆိုရင်လည်း တစ်စက်ကလေးမှ အယုံအကြည်မရှိဘူး။ မုန်းတယ်- ကျွန်မ သူ့ကိုမုန်းတယ်"

ဝံကြောင်ကလေးက ခေါင်းတယမ်းယမ်းဖြင့် ချစ်ချစ်ကိုကြည့် ကာ ဖျောင်းဖျ နှစ်သိမ့်သည်။

"ဒီလိုလဲ အရမ်း အထင်မလွဲပါနဲ့လေ၊ သူ့ကိုကြည့်ရတာ လျှို့ဝှက်ချက်ရှိပုံရပေမယ့် သူများကိုဖွင့်မပြောနိုင်လောက်တဲ့ လျှို့ဝှက် ချက်တွေ ဖြစ်ကောင်းဖြစ်မလားမှမသိတာ-

တကယ့် လျှို့ဝှက်ချက်မှန်ရင် ကိုယ်ကျူးရင် ကိုယ့်ဒူးတောင် မယုံရဘူးလို့ အဆိုရှိထားတယ်မဟုတ်လား။ ဒီတော့ အဖြေကိုစောင့် ကြည့်ပြီးမှ ဆုံးဖြတ်တာအကောင်းဆုံးပါ"

ချစ်ချစ်သည် ဝံကြောင်ကလေးအား ငေးမောကြည့်လိုက်ရင်း-



"အင်း- ရှင်ကတော့ တကယ့်ကို စိတ်ကောင်းနှလုံးကောင်း ရှိတဲ့လူပါပဲလေ၊ လူတစ်ယောက်အပေါ် ဆုံးဖြတ်ချက်ချတာတောင်မှ အရမ်းကာရော ဆုံးဖြတ်ချက်မချဘူး။ နှိုင်းနှိုင်းချိန်ချိန် ဆုံးဖြတ်ချက် ချတတ်တယ်"

ချစ်ချစ်မှာ ထိုတဒင်္ဂအတွင်း၌ ဝံကြောင်ကလေးအပေါ် အထင်ကြီး လေးစားသွားမိပြန်သည်။

ထို့ပြင် ကြမ်းတမ်းပွင့်လင်းသော ဝံကြောင်ကလေးမှာ လွန်စွာ ယောက်ျားပီသပြီး လွန်စွာ ချစ်စရာကောင်းလှသည်ဟု စိတ်ထဲ၌ ထင် မှတ်လာမိပြန်၏။

ဤသည်မှာ ချစ်ချစ်၏ မထူးခြားလှသောသဘာဝဖြစ်၏။ ချစ်ချစ်သည် စိတ် အပြောင်းအလဲမြန်ပြီး စိတ်နောက်ကိုယ်ပါ လုပ် တတ်သောမိန်းကလေးဖြစ်၍လည်း မကြာခဏ ပြဿနာတက်ရခြင်း ဖြစ်ပေသည်။

သူမသည် ဝံကြောင်ကလေးနှင့်ကျင်းစုမန်းတို့ကို နှိုင်းယှဉ် ကြည့်မိသည်။

ကျင်းစုမန်း၏အပြုအမူများသည် အေးတိအေးစက်နိုင်လှ သည်။ ဆောင်ရွက်ရမည့်အချိန်မကျသေးပါက ငြိမ်သက်အေးဆေးစွာ နေလေသည်။

စကားနည်းသည်။

စကားနည်းသည်နှင့်အမျှ တိကျပြတ်သားမှုရှိသည်။ ဆင်ခြင် တုံတရားရှိ၍ လောကကြီး၏အကြောင်းကို ကောင်းစွာနားလည်သည်။

ရှင်ပျော်ပျော်မြို့စားကြီး၏ ကိုယ်ရံတော်ဖြစ်နေခြင်းကိုပင်

စဉ်းစားဖွယ်ရာဖြစ်နေသည်။

ထို့အပြင် ကျင်းစုမန်းသည် "ဆိုခဲစေ၊ မြဲစေ"ဆိုသော လူစားမျိုးဖြစ်၏။

သူကတိအတိုင်း စင်လုံနှင့် လက်တွဲဆောင်ရွက်ခဲ့သည်က သာဓကပြနေပြီဖြစ်သည်။

သို့သော်- ဝံကြောင်ကလေး၏ ကြမ်းကြမ်းတမ်းတမ်းနှင့် ပွင့်လင်းရိုးသားလှသော အပြောအဆိုအပြုအမူက ပို၍နှစ်သက်စရာကောင်းသည်ဟု ချစ်ချစ်၏စိတ်တွင် ထင်မြင်လာမိသည်။

"ငါ့အသည်းနှလုံးမှာ စင်လုံအတွက် အစားထိုးနိုင်မယ့် လူဟာ ဒီဝံကြောင်ကလေးပဲဖြစ်မှာပဲ၊ ငါ့အနံ့တာကိုလည်း ခံတယ်၊ ငါ့ကိုလည်း သိပ်ဦးစားပေးတယ်၊ စင်လုံနဲ့တော့ တခြားစီပဲ"

ဤကား ချစ်ချစ်၏အတွေး။ စိတ်အပြောင်းအလဲ မြန်သူဖြစ်သဖြင့် သူမအတွက် စိတ်ဖြေသိမ့်စရာ ကြံဖန်တွေးတောနေခြင်းသာ ဖြစ်၏။

သူမသာ ငေးမောတွေးတောနေခြင်းမဟုတ်၊

ဝံကြောင်ကလေးသည်လည်း တွေးတောငေးမောနေကြောင်း တခဏချင်းပင် သတိပြုမိလေ၏။

တွေးတော ငေးမောနေသော ဝံကြောင်ကလေးကို မြင်၍ ချစ်ချစ်မှာ ကြင်နာသနားစိတ်များ တဖွားဖွားပေါ်လာမိပြန်သည်။

"အင်း- သူက ငါ့ကို အတော်ချစ်ရှာတာ၊ ဒီလောက်လှည့်ပတ်ရှာဖွေနေကတည်းက ငါ့ကို တော်တော်ကလေးချစ်လို့ပေါ့၊ ငါက ဘာဖြစ်လို့ စင်လုံကိုချစ်နေရတာလဲ"



ချစ်ချစ်သည် တိုးညှင်းသော အသံကလေးဖြင့် မေးလိုက်သည်။

"ရှင်- ဘာတွေတွေးနေတာလဲ ဟင်"

"ခင်ဗျားအကြောင်း တွေးနေတာပေါ့"

ချစ်ချစ်က အံ့ဩဟန်ဖြင့်ချစ်စဖွယ်ပြုံးလိုက်ပြီး-

"ဘုရားရေ- ရှင့်ရှေ့မှာ ထိုင်နေတဲ့လူအကြောင်း ရှင်က တွေးနေတယ်၊ ကဲ- ပြောစမ်းပါဦး။ ဘာတွေတွေးနေတယ်ဆိုတာ"

ဟုမေးလိုက်သည်။

ဝံကြောင်ကလေးက သူမအား စူးစူးစိုက်စိုက်ကြည့်ကာ-

"ဩော်- ကျုပ်နဲ့ထိုင်နေရာလို့ ခင်ဗျား ပျင်းများ ပျင်းနေမလားလို့ စိုးရိမ်ပြီး တောင်တွေးမြောက်တွေး လုပ်နေတာပါ"

"အို- ဘာဖြစ်လို့ ပျင်းရမှာလဲ၊ ကျွန်မတစ်ယောက်တည်းမှ မဟုတ်တာ၊ ကျွန်မမှာ ရှင်တစ်ယောက်လုံးအဖော်ရှိနေတာပဲ ဥစ္စာ"

ချစ်ချစ်သည် ပြောရင်းဆိုရင်း အလန့်တကြား ထခုန်လိုက်သည်။

"ဒုက္ခပဲ- ဒုက္ခပဲ"

ဝံကြောင်ကလေးမှာလည်း အလန့်တကြားဖြစ်သွားလေသည်။

"ဘာလဲချစ်ချစ်--ဘာဖြစ်လဲ"

"ကျင်းစုမန်း- ကျင်းစုမန်း"

ချစ်ချစ်သည် ထစ်ထစ်ငေါ့ငေါ့ပြောရာမှ စကားကိုမဆက်ဘဲ ထားသည်။

"ကျင်းစုမန်း- ဘာဖြစ်လို့လဲ၊ ပြောစမ်းပါဦး"

"ကျောင်းစုမန်း ဒုက္ခရောက်နေတာကို ကျွန်မမေ့နေတယ်၊ သူ့ကို ကျောင်းပုဟန်တို့လူစုက ဝိုင်းပြီးတိုက်ခိုက်နေကြတာ-

တစ်ယောက်ချင်း တိုက်တာတောင် မဟုတ်ဘူး၊ အများနဲ့ တစ်ယောက် မတရားသဖြင့်ဝိုင်းတိုက်နေကြတာ၊ ကျွန်မတို့ သူ့ကို သွားပြီးကယ်ရလိမ့်မယ်"

ဝံကြောင်ကလေးက ချစ်ချစ်အား မသက်မသာ မျက်နှာထား ဖြင့် စိုက်ကြည့်လိုက်သည်။

"ခင်ဗျားနဲ့ ကျောင်းစုမန်းတို့ ကျုပ်နဲ့မတွေ့ခင်အထိ တစ်ချိန်လုံး ရှိနေတာပဲ မဟုတ်လား"

"ဟုတ်တယ်လေ"

ဝံကြောင်ကလေးသည် မည်သည့်စကားမျှ ဆက်မပြောတော့ဘဲ တုံဏှိဘာဝေလုပ်နေတော့သည်။

ချစ်ချစ်က-

"အို- ရှင်က ဘယ်လိုဖြစ်သွားတာလဲ၊ ကျွန်မတို့ သွားကြမယ်လေ၊ ခပ်မြန်မြန်သွားမှ အချိန်မီမှာရှင့်-

မြန်မြန်မသွားရင် ကျောင်းစုမန်းဒုက္ခရောက်သွားလိမ့်မယ်၊ တစ်ယောက်နဲ့အများဆိုတော့ သူလည်း ဘယ်လိုမှတတ်နိုင်မှာ မဟုတ်ဘူး၊ နောက်ပြီး သူ့ကို ဝိုင်းတိုက်နေတဲ့လူတွေက လူညစ်တွေ၊ ကတိတည်တဲ့လူတွေ မဟုတ်ဘူး"

ဝံကြောင်ကလေး၏မျက်နှာမှာ ချစ်ချစ်နှင့် တွေ့စကကဲ့သို့ မဟုတ်တော့ပေ။

မည်းညစ်ညိုမှောင်နေလေပြီ။



ချစ်ချစ်နှင့်ကျောင်းစုမန်းတို့နှစ်ယောက်တည်း သွားသွားလာလာ လုပ်နေသည်ဆိုကတည်းက သူ့စိတ်ထဲ၌ လုံးဝ မကြည်လင်တော့ပေ။

"အင်း- ခင်ဗျားက သူနဲ့ တစ်ချိန်လုံးရှိနေတာကိုး၊ အခုပဲ ကြည့်စမ်းပါဦး၊ သူ့အတွက်နဲ့မနေနိုင်၊ မထိုင်နိုင် ပရိဒေဝမီးတောက် လောင်နေပြီ"

ချစ်ချစ်သည် ဝံကြောင်ကလေး၏သဘောကို ချက်ချင်း ရိပ်မိသွားတော့၏။

ချစ်ချစ်က ပြုံးရယ်လိုက်ပြီး-

"ရှင်နော်- ဘာတွေ တောင်တွေးမြောက်တွေးလုပ်နေတာ လဲ၊ ကျွန်မတို့က ရိုးရိုးသားသားပါရှင်၊ ကျွန်မ သူ့ကို မိတ်ဆွေတစ် ယောက် အဖြစ်ကထက် မပိုပါဘူး၊ ရှင့်ကိုတွေ့ရလို့ သူ့ကော စင်လုံးကို ပါ မေ့သွားရသေးတယ်ရှင့်"

"ကျုပ်ကို တွေ့လို့ သူတို့ကိုမေ့သွားတယ်၊ ဟုတ်လား"

"ဟုတ်ပါသတဲ့ရှင်၊ ရှင့်ကိုတွေ့လို့ ဘယ်လောက်ဝမ်းသာသွား ရတယ် မှတ်သလဲ"

"ခင်ဗျား တကယ်ပြောနေတာလား၊ နှုတ်ခမ်းဖျားကလေးက ပြောတာလား၊ ရင်ထဲအသည်းထဲကပြောတာလား"

"ရင်ထဲက အသည်းထဲက ပြောတာပါရှင်၊ တကယ်ပါ"

ဝံကြောင်ကလေးက ဝမ်းသာအားရထခုန်လိုက်၏။

"ကဲ- ကြာတယ်-သွားကြမယ်"

ချစ်ချစ်သည် ဝံကြောင်ကလေး၏လက်မောင်းကို ကိုင်ရင်း ပုတ်ချက်ချလိုက်မိသည်။

"အင်း- ရှင်လည်း ကလေးတစ်ယောက်နဲ့သိပ်မထူးပါလား"

ဤမှတ်ချက်သည် ပါးစပ်မှထုတ်ဖော်ပြောဆိုလိုက်သည့် မှတ်ချက်မဟုတ်ပါချေ။

ရင်ထဲမှ တီးတိုးပြောလိုက်သည့် မှတ်ချက်သာဖြစ်ပါ၏။

သူတို့နှစ်ယောက်သည် လက်ချင်းတွဲကာ ရှေ့သို့ပြေးသွားတော့၏။

သူတို့နှစ်ယောက် အတန်ကြာ ပြေးလွှားမိကြသောအခါ ကျင်းစုမန်းတို့ တိုက်ခိုက်ကြသည့် နေရာသို့ ရောက်ရှိလာလေတော့သည်။

ချစ်ချစ်သည် သူမ၏ခြေလှမ်းများကို အရှိန်သယ်လိုက်သည်။ လူဟူ၍ တစ်ဦးတစ်ယောက်မျှမတွေ့ရတော့။

မြေပြင်ပေါ်မှ ရှုပ်ထွေးပွေလီနေသောခြေရာများကိုသာ တွေ့မြင်ရတော့သည်။

ချစ်ချစ်မှာ ထိုခြေရာများကိုငေးကြည့်ကာ စိတ်မကောင်းဖြစ်သွားရလေတော့၏။

အလာမကောင်း၍ အခါနှောင်းခဲ့လေပြီထင့်။

ဝံကြောင်ကလေးမှာမူ အရုပ်လေးမျက်နှာသို့ လှည့်ပတ်အကဲခတ်လိုက်သည်။

"ကျင်းစုမန်းတို့ ရှိတယ်ဆိုတာ ဒီနေရာလား"

"ဟုတ်တယ် ဒီနေရာမှာပါ။ သူတို့က ငါးယောက်တစ်ယောက်ဝိုင်းတိုက်ကြတာ၊ အခုပုံအတိုင်းဆိုရင်တော့ ကျင်းစုမန်းကို သူတို့ဖမ်းသွားကြပြီနဲ့တူတာပဲ"



ဝံကြောင်ကလေးက မြေပြင်အနံ့အပြားလိုက်၍ စစ်ဆေးနေသည်။

သူသည် ခပ်လှမ်းလှမ်း တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်ပြီး ချစ်ချစ်အားလှမ်းပြောလိုက်၏။

"ချစ်ချစ် ဟိုမှာကြည့်စမ်း"

ချစ်ချစ်သည် ဝံကြောင်ကလေး ညွှန်ပြသောနေရာသို့ လှမ်းကြည့်လိုက်ရာ သူမ၏မျက်နှာ ဖြူရော်ရော်ဖြစ်သွားလေတော့၏။

အဘယ့်ကြောင့်ဆိုသော် ထိုနေရာ၌ ခြေရာများရှုပ်ထွေးပွေလီနေမရုံမျှမက သွေးကွက်တစ်ကွက်ပါ တွေ့လိုက်ရသောကြောင့်ဖြစ်ပေသည်။

ဝံကြောင်ကလေးသည် သွေးများစွန်းနေသော နှင်းခဲများကို လက်ဖြင့် ကောက်ဆုပ်ယူငင်ကာ နှာခေါင်းဖြင့်ကပ်၍အနံ့ခံကြည့်လိုက်သည်။

"ဒါ လူ့သွေးပဲ"

ဝံကြောင်ကလေး၏မှတ်ချက်သံကြောင့် ချစ်ချစ်မှာ တုန်လှုပ်သွားတော့သည်။

ဤသွေးသည် မည်သူ့သွေးဖြစ်မည်နည်း။

ငါးယောက် တစ်ယောက်တိုက်ပွဲ၌ ဖြစ်ချင်း ဖြစ်လျှင် ကျင်းစုမန်း၏ သွေးသာဖြစ်ရပေလိမ့်မည်။

" ဒီလိုဆိုရင် သူ- သူ အသတ်ခံလိုက်ရပြီနဲ့တူတယ်"

ဝံကြောင်ကလေးက စကားမပြော။ သူ့မှာ စကားပြောစရာထက် လုပ်စရာအလုပ်ကပို၍ရှိနေ၏။

သူ့အလုပ်သည် ဤမြေပြင်အနံ့အပြား၌ ရှိနေသည်။

ရှုပ်ထွေးနေသည့် ခြေရာများကို စေ့စေ့ကြည့်၍ သရုပ်ခွဲရပေဦးမည်။

သို့မှသာ မည်သို့ဖြစ်ပျက်သွားသည်ကို အတိအကျမဟုတ်သော်လည်း အတော်အတန် ခန့်မှန်းနိုင်သည့်အဆင့်သို့ ရောက်ရှိပေလိမ့်မည်။

ဝံကြောင်ကလေးက ချစ်ချစ်အားပြောလိုက်သည်။

"ချစ်ချစ် ဟောဒီမှာ လာကြည့်စမ်း"

ချစ်ချစ်သည် အသော့နှင်၍လာကြည့်၏။

"ဟောဒီ ခြေရာတွေကိုကြည့်ရင် တစ်ခုတည်းပဲလို့ ယူဆရတယ်၊ ဒါပေမယ့် သေသေချာချာကြည့်ရင် ကွာခြားချက်တွေရှိနေတယ်ဆိုတာ တွေ့ရလိမ့်မယ်"

ချစ်ချစ်သည် ခြေရာများကို အသေအချာလေ့လာကြည့်လိုက်သည်။

"ကျွန်မတော့ ဘာမှမတွေ့ပါလား။ တစ်မျိုးတစ်စားတည်းအောက်မေ့တာပဲ"

"သေသေချာချာကြည့်ပါဦး။ တွေ့ရမှာပေါ့"

"ကျွန်မ အရှုံးပေးပါတယ်ရှင်၊ ကျွန်မ ရှင့်လောက်အမြင်မသန်တော့ ထူးခြားချက်ကိုမတွေ့ဘူးရှင့်၊ ထပ်ကြည့်လည်း တွေ့မှာ မဟုတ်ဘူးရှင်-"

"အဲဒါ ခင်ဗျားမှာ ပတ်ဝန်းကျင်အရာဝတ္ထုတွေကို လေ့လာတတ်တဲ့အကျင့်မရှိဘူးဆိုတာ ပြနေတာပဲ၊ အဲဒီ အကျင့်ကလေးကို



တော့ စွဲစွဲမြဲမြဲလေ့ကျင့်ထားဗျ၊ ကိုယ့်အတွက်ဘယ်တော့မှ အကျိုးမယုတ်ဘူး။ အရေးအကြောင်းကျရင် အသုံးဝင်လာတာပဲ"

ချစ်ချစ်သည် နှုတ်ခမ်းစူ၍ ခြေဆောင့်လိုက်၏။

"ဟုတ်ပါသတဲ့ရှင်- ရှင်က လူတော်ကြီးပါ၊ ရှင်ပဲ ဆက်ရှင်းပြပါလို့ ကျွန်မကတောင်းပန်ပါသတဲ့ရှင်"

ဝံကြောင်ကလေးက ပြုံးလိုက်သည်။

"ကြည့်- ဟောဒီခြေရာဟာ အားလုံးထက် နည်းနည်း ပိုကြီးတယ်၊ ဒါကြောင့် ဒီခြေရာပိုင်ရှင်ဟာ ခန္ဓာကိုယ်ကြီးမားထွားကြိုင်းတဲ့လူဖြစ်ရမယ်၊ အဲဒီလူဟာ ဘယ်သူဖြစ်နိုင်မလဲ၊ ခင်ဗျားမြင်ခဲ့တဲ့လူတွေထဲက ခန္ဓာကိုယ်ကြီးထွားတဲ့လူတစ်ယောက်ကို ပြောစမ်းပါ"

ချစ်ချစ်က လက်ခုပ်လက်ဝါးတီး၍ပြောလိုက်သည်။

"ဟား- ဟား- ဟား ဟုတ်ပြီ ဟုတ်ပြီ ဒီခြေရာဟာ ထင်းယင်းရဲ့ခြေရာပဲ"

ဝံကြောင်ကလေးသည် နောက်ထပ်ခြေရာတစ်ခုကို ညွှန်ပြလိုက်သည်။

"ဟောဒီခြေရာကိုကြည့် တစ်ခြားလူတွေရဲ့ ခြေရာနဲ့ လုံးဝမတူဘူး။ ကောက်ရိုးဖိနပ်စီးထားတဲ့လူတစ်ယောက်ရဲ့ ခြေရာဆိုတာ အင်မတန်ထင်ရှားတယ်၊ ကောက်ရိုးဖိနပ်ကို ဘယ်သူစီးထားသလဲ"

ချစ်ချစ်က အားပါးတရပြောလိုက်သည်။

"မှန်တယ် သိပ်မှန်တယ်၊ ဒါက ဆရာတော်ထင်းဖန့်ရဲ့ ခြေရာပေါ့၊ ဆရာတော်က ကောက်ရိုးဖိနပ်စီးထားတယ်"

ချစ်ချစ်သည် သူမ၏စကားဆုံးသည်နှင့် ဝံကြောင်ကလေး၏

အပြောကိုမစောင့်တော့ဘဲ အခြားခြေရာတစ်ခုကို လက်ညှိုးညွှန်ပြ လိုက်ပြီး သူမ ဘာသာ အဖြေပေးလိုက်၏။

"ဒီခြေရာက ဂုန်လျှော်ကြိုးနဲ့ယက်ထားတဲ့ဖိနပ်ကို စီးထား တဲ့ခြေရာမဟုတ်လား"

ဝံကြောင်ကလေးက ခေါင်းညိတ်ပြ၏။

ချစ်ချစ်က ဆက်၍ပြောသည်။

"ဆောင်းရာသီမှာ ဒီလိုဖိနပ်စီးတဲ့လူဟာ သူတောင်းစားပဲ ဖြစ်ရမယ်၊ ဒီတော့ ဒီခြေရာဟာ ကျင်းပုဟန်ရဲ့ခြေရာပေါ့"

သူမသည် စကားဆုံးသည်နှင့် ထိုခြေရာပေါ်သို့ ခြေထောက် ဖြင့် သုံးလေးချက်မျှဆောင့်ချလိုက်သည်။ ကျင်းပုဟန်အပေါ် စိတ်ဆိုးဆိုး ဖြင့် ဤသို့ ခြေထောက်ဆောင့်ချလိုက်ခြင်း ဖြစ်ပါသည်။

ဝံကြောင်ကလေးက ချစ်ချစ်၏အပြုအမူကို ရယ်ရင်း-

"ဘယ်ဆိုးလို့လဲ၊ ခင်ဗျားက ချစ်စရာကောင်းရုံတင်မကဘူး ဉာဏ်လည်း အတော်ကောင်းတာပဲ"

ဟု ချီးကျူးလိုက်သည်။

ချစ်ချစ်က အခြားခြေရာများကိုကြည့်ရင်း မေးလိုက်သည်။

"တခြား ခြေရာသုံးခုလည်း ရှိသေးတယ်၊ ဒီခြေရာကိုတော့ ကျွန်မလည်း မခွဲခြားတတ်ဘူး။ ရှင်ပဲခွဲခြားပြပါဦး။ ကျွန်မလည်း ရှင့် ပညာကို ရတာပေါ့၊ နောင်ဆိုရင် ကျွန်မလည်း ရှင့်လို ခွဲခြားတတ်အောင် ပေါ့"

ဝံကြောင်ကလေးက ပြုံးလိုက်သည်။

"ဟုတ်တယ်- ဒီခြေရာတွေကို မခွဲခြားတတ်လို့ ခင်ဗျားကို



ဘယ်လိုမှ အပြစ်မတင်နိုင်ဘူး။ ဘာဖြစ်လို့ဆိုတော့ ဒီခြေရာတွေက တစ်ခုနဲ့တစ်ခုခွဲခြားရခက်လောက်အောင် တူညီနေတာကိုး-

တော်ရုံတန်ရုံ အလေ့အကျင့်မရှိဘဲနဲ့ ဒီခြေရာတွေကိုမခွဲခြား နိုင်ဘူး-

ဒါပေမယ့် ထူးခြားချက်ဆိုတာကတော့ အနည်းနဲ့အများ ရှိကြတာပဲ၊ သေးသေးမွှားမွှားကလေးရှိတာနဲ့ ကြီးကြီးမားမားရှိတာပဲ ကွာမယ်၊ ဟောဒီမှာကြည့်- ဒါကို ကြည့်ရင်ခွဲခြားနိုင်လိမ့်မယ်"

ဝံကြောင်ကလေးသည် အတော်အတန်တူညီနေသည့် ခြေရာ နှစ်စုံအား ညွှန်ပြလိုက်သည်။

ထိုခြေရာနှစ်စုံသည် မျက်နှာချင်းဆိုင်လျက်ရှိနေပြီး မြေပြင်၌ နက်ရှိုင်းစွာချိုင့်ဝင်နေသည်။

ချစ်ချစ်သည် ချက်ချင်းသဘောပေါက်သွားသည်။

"ကျွန်မသိပြီ၊ ရှင်မပြောနဲ့ ကျွန်မပြောမယ်၊ ဟောဒီ ခြေရာ တွေဟာ ကျင်းစုမန်းနဲ့ရေခဲမျက်နှာတို့ရဲ့ ခြေရာတွေဖြစ်ရမယ်၊ သူတို့ နှစ်ယောက်ဟာ အတွင်းအားချင်းပြိုင်ဖို့ အကြာကြီးရပ်နေခဲ့ကြတယ်"

"ဒီပွဲမှာ ဘယ်သူရှုံးသွားသလဲ"

"ရေခဲမျက်နှာ ရှုံးသွားတယ်"

"ဒါဖြင့်ရင် ဒီခြေရာနှစ်ခုထဲက ပိုပြီးချိုင့်ဝင်နေတဲ့ခြေရာဟာ ရေခဲမျက်နှာရဲ့ ခြေရာပဲ"

"ဟုတ်တယ် ဟုတ်တယ်"

"ဒီလိုဆိုရင် ခြေရာနှစ်စုံကတော့ ရှင်းသွားပြီ၊ ကျန်တဲ့တစ်စုံ ကတော့ လီချန်ချင်းရဲ့ခြေရာပဲ ဖြစ်ရတော့မှာပေါ့"

ချစ်ချစ်သည် ဝမ်းသာအားရ လက်ခုပ်လက်ဝါး တီးလိုက်တော့သည်။

"ဝံကြောင်ကလေး- ရင်ဟာ ကျွန်မထင်တာထက်တောင် တော်နေသေးတယ်၊ ခြေရာကောက်တဲ့ အတတ်ပညာမှာတော့ ရင့်ကို မီတဲ့လူ ရှိမှာမဟုတ်ဘူး"

ချစ်ချစ်သည် ဝံကြောင်ကလေး၏ပါးအား ချစ်စနိုးလိမ်ဆွဲလိုက်လေသည်။ ဝံကြောင်ကလေးကမူ အားရပါးရ ရယ်မောနေလေတော့သည်။

ဝံကြောင်ကလေးသည် အားရပါးရ ရယ်မောပြီးသောအခါမှ ချစ်ချစ်အား ပြောလိုက်သည်။

"ခင်ဗျားက ဒီပညာတွေကို ကျုပ်ပညာတွေမှတ်နေလို့လား"

"နို့ ရင့်ပညာတွေမဟုတ်ဘူးလား"

"ဘယ်ကလာ ကျုပ်ပညာတွေဟုတ်ရမှာလဲ၊ စင်လုံဆီက သင်ကြားလေ့လာခဲ့ရတဲ့ ပညာတွေပါ-

ဒီလူက သူ့စေတနာတွေကိုပါးစပ်နဲ့မပြောဘူး၊ အလုပ်နဲ့ပဲပြတယ်၊ ပညာဆိုတာ မီးတိုင်လိုပဲတဲ့၊ မီးတိုင်တွေ ဘယ်လောက်ပဲ ကူးပေးလိုက် ကူးပေးလိုက် ပထမမီးတိုင်မှာ အလင်းရောင် ယုတ်လျော့မသွားဘူးတဲ့၊ အများကြီးလင်းလာတော့ ပို ကောင်းသေးသတဲ့၊ ကဲ- ဘယ်လောက်ပြည့်ဝတဲ့လူလဲလို့"

ချစ်ချစ်က ခြေဆောင့်ရင်းအော်လိုက်သည်။

"တော်စမ်းပါ- ဘာဖြစ်လို့ သူ့အကြောင်း ထည့်ထည့်ပြောနေရတာလဲ၊ သူ့အကြောင်း မကြားချင်ဘူး"



ဝံကြောင်ကလေးက ပခုံးတစ်ချက်တွန့်လိုက်မိသည်။

"အင်းလေ- ခင်ဗျား သဘောမကျရင်တော့ နောက် မပြောတော့ပါဘူး ကျုပ်ကလည်း ရိုးရိုးသားသားပြောမိတာပါ"

ချစ်ချစ်က ပြုံးလိုက်ပြီး-

"ကဲ- ခြေရာတွေတော့ ခွဲခြားလို့ရပြီ၊ နောက်ကော ဘာဖြစ်သေးလဲ၊ ဆက်စမ်းပါဦး"

ဟုမေးလိုက်သည်။

ဝံကြောင်ကလေးက ကျောင်းစုမန်း၏ခြေရာများကို ညွှန်ပြလိုက်၏။

"ဟောဒီခြေရာတွေကိုကြည့်- ပထမပိုင်း နင်းထားတဲ့ခြေရာတွေဟာ ခပ်ဖော့ဖော့ပဲရှိတယ်၊ နောက်ပိုင်းခြေရာတွေပဲ တော်တော်ကလေး နက်နက်ရှိုင်းရှိုင်းနင်းထားတာတွေ့ရတယ်"

"ဒါက ဘာသဘောလဲ"

"ဒါက ဘာကိုပြသလဲဆိုရင် ကျောင်းစုမန်းဟာ ရန်သူတွေနဲ့ တိုက်ခိုက်ရင်း တဖြည်းဖြည်းအားအင်ကုန်ခန်းလာတယ်ဆိုတဲ့ အချက်ကိုပြနေတယ်"

"ဒါဆိုရင် ကျောင်းစုမန်း ဒဏ်ရာဖြစ်ပြီဆိုတဲ့သဘောပေါ့"

ချစ်ချစ်စကားကို ဝံကြောင်ကလေးက အဖြေမပေးချေ။ အခြားနေရာများကိုသာ လက်ညှိုးထိုးညွှန်ပြလိုက်သည်။

"ဟောဒီ ခြေရာကိုကြည့်- ဒီခြေရာတွေဟာ တိုက်ပွဲစည်းအပြင်ဘက်ကို ခြေဦးလှည့်သွားတာတွေ့ရလိမ့်မယ်၊ သူတို့တွေ ကိစ္စပြီးလို့ လမ်းခွဲထွက်ကြတဲ့သဘောပဲ၊ ဒါပေမယ့် ထူးခြားချက်တစ်ခု

ရှိနေတယ်၊ ဒီခြေရာတွေထဲမှာ ကျင်းစုမန်းရဲ့ခြေရာကို လုံးဝမတွေ့ရတာပဲ”

ချစ်ချစ်က ထိတ်လန့်တကြားဖြစ်သွားသည်။

“ဒီလိုဆိုရင် ကျင်းစုမန်းရှုံးနိမ့်သွားလို့ သူ့ကိုဖမ်းသွားကြတာဖြစ်မှာပေါ့၊ ဒါကြောင့်မို့ သူ့ခြေရာပျောက်နေတာပဲ ဖြစ်ရတော့မှာပေါ့”

ဝံကြောင်ကလေးက လေးတွဲ့စွာသက်ပြင်းချလိုက်သည်။

“အင်း- ဒီလိုပဲကျုပ်လည်း ယူဆမိတာပါပဲလေ- ခြေရာတွေကတော့ ဒီအတိုင်းညွှန်ပြနေတာပဲ၊ တကယ့်အခြေအနေက ဒီအတိုင်းဖြစ်ခဲ့ မဖြစ်ခဲ့ဆိုတာကတော့ ကာယကံရှင်တွေနဲ့တွေ့ပြီး မေးကြည့်မှ သိနိုင်တော့မှာပဲ”

ချစ်ချစ်၏ မျက်ဝန်းအိမ်မှ မျက်ရည်များ တလိမ့်လိမ့် ကျဆင်းလာလေသည်။

“ဒီလူဟာ အတော်ခေါင်းမာတဲ့ငှ တစ်ယောက်ပဲ၊ တော်ရုံတန်ရုံ ကိစ္စမျိုးမှာ အသာကလေးရှောင်ထွက်သွားရင် လွတ်နိုင်ပေမယ့် သူကတော့ ရှောင်နေမှာမဟုတ်ဘူး။ ဇွတ်တရွတ်လူမျိုး သူတို့လက်ထဲ ရောက်သွားလို့ကတော့ ဘယ်နည်းနဲ့မှအသက်ရှင်မှာ မဟုတ်ဘူး”

ဝံကြောင်ကလေးက သက်ပြင်းချလိုက်သည်။

“ဟုတ်တယ်- ကျင်းစုမန်းဟာ ခင်ဗျားပြောသလို ခေါင်းမာမယ့် လူတစ်ယောက်ပဲဖြစ်မှာပေါ့”

ချစ်ချစ်သည် အံကိုတင်းတင်းကြိတ်၍ ကြုံးဝါးလိုက်လေသည်။

“လူယုတ်မာတွေ- ရှင်တို့ သူ့ကိုသာ တစ်ခုခုလုပ်ရင်တော့



ရှင်တို့ကို ကျွန်မကပြန်ပြီးလက်စားချေမယ်၊ ရှင်တို့ကို ပြန်သတ်မယ်ပါလား”

ဝံကြောင်ကလေးသည် ချစ်ချစ်တစ်ယောက် ကျင်းစုမန်းအတွက် မျက်ရည်စက်လက်ကျရင်း ဒေါသ အကြီးအကျယ်ထွက်နေသည်ကို တွေ့ရသောအခါ-

သူ၏ရင်ထဲ၌ မဖော်ပြနိုင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရလေသည်။

ထို့ကြောင့် တိတ်တခိုးသက်ပြင်းချလိုက်လေသည်။ သူသည် အဝေးမိုးကုပ်စက်ဝိုင်းဆီသို့သာ ငေးမောနေမိတော့သည်။

ထိုစဉ် ချစ်ချစ်က သူ၏လက်မောင်းကို လာရောက်ဆွဲယမ်းလှုပ်ကိုင်လိုက်သဖြင့် လန့်ဖျပ်သွားသည်။

“ ဝံကြောင်ကလေး ကျွန်မကို ကူညီပါရင်၊ ကျွန်မကို ကူညီမယ်မဟုတ်လား။ သူ့ကို သွားကယ်ကြရအောင်နော်”

ဝံကြောင်ကလေးက မည်သည့်စကားမျှမပြော။

ဦးခေါင်းကိုသာ တွင်တွင်ကြီး ငုံ့ထားလေသည်။ သူ၏ စိတ်ထိခိုက်မှုကို သူသာသိသည်။

သူ့ထက်ပို၍ မည်သူမျှမသိနိုင်။

ချစ်ချစ်၏ ကြေကွဲဝမ်းနည်းဖွယ်အသံက ဆက်၍ထွက်ပေါ်လာသည်။

“ဒီလောကကြီးထဲမှာ ကျွန်မရဲ့အရင်းနှီးဆုံးဆိုလို့ ရှင်တစ်ယောက်ထဲပဲကျန်ပါတော့တယ်၊ ရှင်မှမကူညီရင် ဘယ်သူကမှ ကျွန်မကို ကူညီတော့မှာမဟုတ်ပါဘူး။ ကျွန်မကို ပစ်မထားပါနဲ့နော်”

ဝံကြောင်ကလေးသည် သူ၏ဦးခေါင်းကို ပြန်မော့လာသည်။

"ကဲ- သွားကြမယ်"

ချစ်ချစ်နှင့်ဝံကြောင်ကလေးတို့သည် ခြေရာများ၏လမ်းကြောင်းအတိုင်း ပြေးလွှားနေကြတော့သည်။

မကြာမီပင် အတော်အတန် မြင့်မားသော တောင်ကုန်းတစ်ခုသို့ ရောက်ရှိသွားကြတော့သည်။

ဝံကြောင်ကလေးသည် ချစ်ချစ် မျက်ရည်စက်လက်ဖြစ်နေသည်ကို မကြည့်ရက်၍သာ ယခုကဲ့သို့ လိုက်ပါလာခြင်းဖြစ်သည်။

ဆရာတော်ထင်းဖန့်တို့လူစုလက်ထဲမှ ကျင်းစုမန်းအား ပြန်လည်ကယ်တင်ရန်အလုပ်မှာ လွယ်ကူသောကိစ္စမဟုတ်မှန်း သူ့အနေဖြင့် ကောင်းကောင်းကြီးသိထားပြီးဖြစ်ပါသည်။

ဆရာတော်ထင်းဖန့်တို့လူစုသည် အင်အားများပြားရုံမျှသာမက သိုင်းပညာစွမ်းရည်၌လည်း တစ်ဦးချင်း အစွမ်းထက်ကြသေးသည်။

မိမိကတစ်ယောက်တည်း-

အဘယ်မှာလျှင် ထိုလူစုကို ယှဉ်ပြိုင်နိုင်ပါမည်နည်း။

သို့သော် အချစ်အတွက် အသက်ပင် သေသေဟူသော ဆိုရိုးစကားရှိခဲ့သည်မဟုတ်ပါလော။

ချစ်ချစ်အတွက် သူ့အသက်စွန့်ရန် ဝန်မလေးသော ဝံကြောင်ကလေးသည် လူငါးယောက်မပြောနှင့်-

လူငါးဆယ်နှင့်လည်း ရင်ဆိုင်ယှဉ်ပြိုင်မည်ဟု သန္နိဋ္ဌာန်ချ၍ လိုက်ပါလာခြင်းဖြစ်ပါသည်။



"ဝံကြောင်ကလေး တောင်ပေါ်တက်လေ၊ ဘာတွေ ငေးငိုင်နေတာလဲ"

ဝံကြောင်ကလေးသည် သူ တကယ်တွေးနေသည့် အချက်များကို မပြောလိုပါချေ။ ထို့ကြောင့် စကားကိုလွှဲ၍ဖြေလိုက်လေသည်။

"ခြေရာတွေကြည့်ပြီး ကျုပ်အံ့ဩနေလို့ပါ"

"ရှင်- အံ့ဩနေတယ်ဟုတ်လား ဘာတွေအံ့ဩနေတာလဲ"

"သူတို့က ဘာဖြစ်လို့ တရားဘက်တော်သားခြံဝင်းကို မသွားရတာလဲ၊ ဘာဖြစ်လို့ ဒီဘက်ကိုလာကြရတာလဲ-

အဲဒီအချက်က အံ့ဩစရာမကောင်းဘူးလား။ ဖြစ်သင့် ဖြစ်ထိုက်တာနဲ့လွဲချော်ပြီးဖြစ်နေတယ်ဆိုရင် တစ်ခုခုထူးခြားချက်ရှိတယ်လို့ ယူဆရတယ်ဗျ"

ဝံကြောင်ကလေး၏စကားကြောင့် ချစ်ချစ်မှာထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"ဒီလိုဆိုရင် သူ- သူတို့ ဒီတောင်ပေါ်တက်ပြီး ကျင်းစုမန်းကို သတ်မလို့များလားမှမသိတာ၊ ဒီနေရာက ခြေရာပျောက် လက်ရာပျောက်လုပ်လို့ သိပ်ကောင်းတယ်မဟုတ်လား"

ဝံကြောင်ကလေးက ခေါင်းတယမ်းယမ်းဖြင့်ပြောလိုက်သည်။

"ဘယ်မှာ ခြေရာပျောက် လက်ရာပျောက် လုပ်လို့ရမလဲ၊ အခု ကျုပ်တို့လိုက်လာတာ သူတို့ရဲ့ခြေရာတွေလိုက်ကြည့်ပြီး လိုက်လာတာမဟုတ်လား။ သတ်ချင်ရင် ဒီအထိရောက်အောင် ခေါ်မလာပါဘူး။ အောက်ဘက်တစ်နေရာရာမှာ သတ်လိုက်လည်း ဖြစ်တာပါပဲ"

"အင်း- ဒါလဲဟုတ်သားပဲ"

"ကဲ ပြောနေကြာတယ်- မျက်မြင်ကိုယ်တွေ့က အကောင်းဆုံးပဲ၊ တောင်ပေါ်တက်ကြစို့"

သူတို့နှစ်ယောက်သည် တစ်ယောက်လက် တစ်ယောက်ဆွဲရင်း တောင်ထိပ်ပေါ်သို့တက်လာကြလေသည်။

တောင်ကုန်းသည် အတော်ကလေး မြင့်မားသဖြင့် သူတို့နှစ်ယောက် အတော်ကလေးအချိန်ယူ၍တက်ကြရလေသည်။

တောင်ထိပ်သို့ရောက်သောအခါ မြေညီကွက်လပ်ကလေး၌ တည်ဆောက်ထားသော ဇရပ်တစ်ဆောင်ကို တွေ့လိုက်ရလေသည်။

တစ်လမ်းလုံး ကောက်လာခဲ့သောခြေရာများသည် ဤနေရာ၌ လုံးဝပျောက်ကွယ်သွားလေတော့၏။

ချစ်ချစ်ရော ဝံကြောင်ကလေးပါ ခြေရာများကိုအသေအချာ ရှာဖွေကြည့်ကြ၏။

မည်သည့် ခြေရာကိုမျှမတွေ့ကြရပါချေ။ နှစ်ယောက်စလုံး လက်မြှောက်လိုက်ကြရတော့သည်။

ဝံကြောင်ကလေးသည် ခြေရာများကိုရှာဖွေမတွေ့သောအခါ ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ပြန်သည်။ တောင်ထိပ်၏ လက်ဝဲဘက်တွင် မြင့်မားမတ်စောက်သော ကျောက်ဆောင်တစ်ခုကို တွေ့ရှိလိုက်ရသည်။

ဝံကြောင်ကလေးက-

"ကဲ အပေါ်ရောက်မှတော့ မထူးတော့ဘူး ဒီကျောက်ဆောင် တက်ကြည့်ရအောင်"

"ကောင်းသားပဲ၊ တက်ကြည့်တာ မမှားပါဘူး"



ထိုစဉ် ကျောက်ဆောင်ပေါ်မှ စူးရှကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာသည်။

"ကယ်တော်မူကြပါ- ကယ်တော်မူကြပါ"

ချစ်ချစ်နှင့်ဝံကြောင်လေးတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ကျောက်ဆောင်ပေါ်သို့ ပြေးတက်သွားမိကြတော့သည်။

ဤအသံသည် ကျင်းစုမန်း၏အသံမဟုတ်သည်ကိုမူ နှစ်ယောက်စလုံးက သိလိုက်ကြသည်။

သို့သော် သေရေးရှင်ရေး အော်ဟစ်အကူအညီတောင်းခံသံကြောင့် ဤသို့ပြေးတက်လာကြခြင်းဖြစ်လေသည်။

သူတို့နှစ်ယောက် ထိုကျောက်ဆောင်ပေါ်သို့ရောက်လာသောအခါ အဖြစ်မှန်ကို တွေ့ကြရလေသည်။

လူတစ်ယောက်သည် ချောက်ကမ်းပါးထဲသို့ ကျမသွားစေရန် ကျောက်ဆောင်အစွန်းကို ကုပ်တွယ်၍ အော်ဟစ်နေခြင်းဖြစ်တော့သည်။ မည်သို့မည်ပုံ ဤအခြေအနေဆိုက်ရောက်သွားသည်ကိုမူ ကာယကံရှင်မှတစ်ပါး မည်သူမျှ သိနိုင်လိမ့်မည်မဟုတ်ချေ။

"ကယ်တော်မူကြပါ- ကယ်တော်မူကြပါ၊ ချောက်ထဲကို ကျပါတော့မယ်၊ ကျုပ်ရဲ့လက်တွေလည်း လက်အံသေနေပါပြီ"

ထိုလူ၏အော်သံသည် လွန်စွာ သနားစရာကောင်းလှသည်။

သေဘေးကိုစိုးရွံ့လှသဖြင့် သူ၏အသံ၌ တုန်ယင်လှိုက်လှဲနေသည်။

ချစ်ချစ်သည် ထိုအဖြစ်ကိုမြင်လိုက်သည်နှင့် ထိတ်ထိတ်

ပျာပျာဖြစ်သွားတော့သည်။

ရင်ထဲ၌လည်း လွန်စွာ စိုးရိမ်သွားသည်။ လူတစ်ဦးတစ်ယောက် အချည်းအနှီးမသေစကောင်း။

"ရှင် ဘာတွေငေးနေတာလဲ- သွားဆွဲတင်လိုက်လေ"

ဝံကြောင်ကလေးက စဉ်းစဉ်းစားစားဖြင့်ပြောလိုက်သည်။

"နေပါဦးချစ်ချစ်ရဲ့ ဒါက မှုမှန်အခြေအနေ မဟုတ်ဘူး ကျုပ်စိတ်ထဲမှာ အများကြီးသံသယရှိနေတယ်၊ လူမရှိ သူမရှိတဲ့ ဒီတောင်ပေါ်မှာ သူကဘာဖြစ်လို့ ဒီလိုလာဖြစ်နေရတာလဲ၊ ဒါကိုက စဉ်းစားစရာဖြစ်နေတယ်"

"လူတစ်ယောက်လုံး ချောက်ထဲကျသေတော့မယ်၊ ရှင်က သံသယရှိနေသေးတယ်"

"မဟုတ်သေးဘူး ကျုပ်တစ်ခုခုကို စိတ်ထင့်နေတယ်၊ အဲဒီလို စိတ်ထင့်နေရင် အခြေအနေဆိုး တစ်မျိုးမျိုးပေါ်လာတတ်တာချည်းပဲ အခုဟာကလည်း တစ်ခုခုတော့ တစ်ခုခုပဲ"

ချစ်ချစ်က ဝံကြောင်ကလေးအား တွန်းလွှတ်ရင်း-

"နောက်မှစိတ်ထင့် အခုသွားပြီးဆွဲတင်နိုက်စမ်းပါ၊ ရှင်ရှိအရေးထဲ တောင်တွေးမြောက်တွေး လုပ်နိုင်တယ်"

ဝံကြောင်ကလေးမှာ မငြင်းဆန်နိုင်တော့ပါချေ။ ကျောက်ဆောင်အစွန်းသို့သွား၍ ဒူးထောက်ထိုင်ချကာ ထိုလူ၏လက်ကို လှမ်းဆွဲလိုက်သည်။

ထိုစဉ် ထိုလူ၏လက်တစ်ဘက်သည် ဝံကြောင်ကလေး၏ လက်အား တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး ချောက်ကမ်းပါးအောက်



ဘက်သို့ ဆွဲချလိုက်တော့၏။

"အား--"

ဝံကြောင်ကလေး၏ ထိတ်လန့်တကြား အော်လိုက်သံနှင့်အတူ သူ၏ခန္ဓာကိုယ်ကြီးသည် ချောက်ကမ်းပါးထဲသို့ လွင့်စဉ်ကျသွားလေတော့သည်။

အဖြစ်အပျက်ကား မြန်ဆန်လွန်းလှသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖြစ်ပွားသွားသည့်အတွက် ချစ်ချစ်မှာ ရုတ်တရက် မည်သို့မျှခံစားမှုမရှိဘဲဖြစ်သွားသည်။

မလှုပ်မယှက် မင်တက်ငေးကြောင်နေမိတော့သည်။

"ဟား- ဟား- ဟား- ဟား"

ကျောက်ဆောင်စွန်း၌ ကုပ်ကပ် တွယ်ဖက်ထားသူသည် ကျောက်ဆောင်စွန်းကို အသာအယာနင်းတက်လာတော့သည်။

အမှန်စင်စစ် ထိုလူသည် သူ၏တစ်ကိုယ်လုံးအားကို လက်နှစ်ဘက်၏ဆွဲအားပေါ်၌ တည်ထားခဲ့ခြင်းမဟုတ်ပါ။

ထိုကျောက်ဆောင်စွန်း၏ ဘေးဘက်တွင် သူခြေနင်းထားသည့်အငူစွန်းတစ်ခုက ထိုးထွက်တည်ရှိနေသည်သာဖြစ်သည်။

ထိုအငူစွန်းကိုခြေဖြင့်နင်းထားပြီး လက်နှစ်ဘက်က ကျောက်ဆောင်စွန်းကို နှိုတွယ်ထားခြင်းဖြစ်ပါသည်။

ထိုလူသည် ရယ်မောရင်း ချစ်ချစ်ထံသို့လျှောက်လာလေသည်။

"ဟား ဟား ဟား ဟား ငါ့အကြံ ဘယ်လောက်ကောင်းသလဲ၊

ဘယ်သူက ငါ့အကြံ့ရိပ်မိမှာလဲ၊ ဒါတောင် ဟိုအကောင်က စဉ်းစားနေသေးတယ်၊ မှင်းကိုတော့ ငါကျေးဇူးတင်ရမှာပဲ"

သူသည် ပြောရင်း ဆိုရင်း ချစ်ချစ်၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။

ပင်လယ်သမုဒ္ဒရာ၏အနက်ကို စူးစမ်းရန်မလွယ်သကဲ့သို့ လူယုတ်မာတို့၏ယုတ်မာကောက်ကျစ်လှသော စိတ်သဘောကိုလည်း ခန့်မှန်းရ မလွယ်ချေတကား။

"ကဲ- ဒီတစ်ခါတော့ မင်းဘယ်ပြေးမလဲ၊ ငါ့လက်ထဲက မလွတ်တော့ဘူး။ ဟား ဟား ဟား"

ချစ်ချစ်၏ မျက်လုံးအစုံသည် ကြောက်ရွံ့မှုကြောင့် ပြူးကျယ်ဝိုင်းစက်နေတော့၏။

ထိုသူ၏လက်မှ ကြောက်လန့်တကြား ရုန်းထွက်သော်လည်း သံမဏိလက်ချောင်းများအတွင်းမှ လုံးဝ ရုန်းထွက်၍ မရနိုင်ဘဲဖြစ်နေလေသည်။

"ရှင်--ရှင် ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် ယုတ်မာရတာလဲ၊ ရှင့်အသက်ကယ်တဲ့လူကို ဒီလိုပဲလုပ်ရသလား"

ထိုလူက တဟားဟားဖြင့် ရယ်မောလိုက်ပြန်သည်။

"ဩ ဘယ်သူလဲဆိုတာ မမှတ်မိတော့ဘူးလား။ မင်းကတယ်ပြီး သတိမေ့တတ်တာကိုး။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုသတိမေ့တတ်တာတော့ ဘယ်ကောင်းမလဲ၊ မင်းကို စကားမပြောစေဘဲနဲ့ ငြိမ်ငြိမ်သက်သက်ကလေးခေါ်သွားတဲ့ လူကိုတောင် မမှတ်မိတော့ဘူးလား"

ချစ်ချစ်သည် မျက်မှောင်ကုတ်၍စဉ်းစားလိုက်သည်။



ထိုလူသည် မိမိအား ဆွံ့အသွားစေရန် ဆေးခတ်၊ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ရုပ်ပြောင်းခဲ့သည့် အဘွားကြီးဟန်ဆောင်ခဲ့သည့် လူယုတ်မာဖြစ်ကြောင်း သိလိုက်ရလေသည်။

"ဪ- ရှင်ကိုး"

"အေး- မှတ်မိသွားပြီလား။ မင်းမှတ်မိသွားတာကို ငါဝမ်းသာတယ်ဟေ့၊ နို့မို့ရင် မင်းကို အမှတ်ရအောင် ချေးခြောက်ရေနှုးပေးနေရဦးမယ်"

"တော်- တိုတ် လူယုတ်မာတိရစ္ဆာန်"

သူမသည် ကျန်လက်တစ်ဘက်ဖြင့် တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

သူမဟန်ပြင်လိုက်သည်နှင့် ထိုသူကချစ်ချစ်အား ကောက်ယူပွေ့ချီလိုက်တော့သည်။ ချစ်ချစ်၏ သိုင်းပညာမှာ ထိုသူအား မည်သို့မျှ ထိခိုက်စေလိမ့်မည်မဟုတ်ပါ။ ချစ်ချစ်က ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

"တိရစ္ဆာန် လူယုတ်မာ- လွှတ် လွှတ် ကျွန်မကို လွှတ်"

ထိုလူက ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။

"ငါက မင်းနောက်ကို ခြေရာခံလိုက်နေရတာ ဘယ်နှစ်ရက်ရှိနေပြီ မှတ်သလဲ၊ တစ်နေရာမှ အကွက်မချောင်ခဲ့ဘူး-

အခုမှ ပရိယာယ်သုံးပြီး မင်းကိုဖမ်းလိုက်နိုင်တာ၊ ဒီလောက်အပင်ပန်းခံပြီးမှ ဘယ့်နယ် ပြန်လွှတ်ပေးနိုင်ပါ့မလဲကွာ၊ ငါက အဲဒီလောက် မမိုက်သေးဘူးကွ"

ချစ်ချစ်က အံကြိတ်၍မေးလိုက်၏။

"ဘာပြောတယ်၊ ရှင်က ကျွန်မကို ဖမ်းဖို့ လိုက်လာတာ ဟုတ်လား"

"ဟုတ်တယ်လေ၊ မင်းက မယုံသေးဘူးလား"

"ဒါဖြင့် ကျွန်မနဲ့ပါလာတဲ့အဖော်ကို ဘာဖြစ်လို့ ရက်ရက်စက်စက် လုပ်ကြံရတာလဲ၊ ရှင့်မှာ လူစိတ်သူစိတ် နည်းနည်းမှ မရှိဘူးလား။ တိရစ္ဆာန်စိတ်ပဲ ရှိသလား"

"ဟား- ဟား- ဟား- ငါ ဒီလိုမလုပ်ကြံရင် မင်းကို ဒီလောက်လွယ်လွယ်ကူကူ ဘယ်ဖမ်းနိုင်တော့မလဲကွ၊ မင်းရဲ့အဖော်နဲ့ အသေအကြေတိုက်နေရတာနဲ့ အချိန်ကုန်သွားမှာပဲ၊ ကံမကောင်း အကြောင်းမလှရင် ငါပါ သေချင်သေသွားဦးမယ်၊ ဒါပေမယ့် မင်း စိတ်မပူပါနဲ့ကွာ မင်းအဖော် မသေသေးပါဘူး"

"ရှင်- သူ သူ မသေသေးဘူးဟုတ်လား။ သူ- သူ- ချောက်ထဲကျတာတောင် မသေသေးဘူး ဟုတ်လား"

"ဟုတ်တယ်၊ သူမသေသေးပါဘူး။ သူ တစ်ခုခုကို ဖမ်းဆွဲထားနိုင်လိုက်လို့ ချောက်ကမ်းပါးထဲ မကျသေးပါဘူး။ သူ အသက်ရှင်ခွင့် ရဦးမှာပါလေ"

ထိုလူက ချစ်ချစ်အား ကျောက်ဆောင်အစွန်းသို့ ခေါ်သွားသည်။ ချောက်ကမ်းပါးထဲမှ ဝံကြောင်ကလေး၏အော်ဟစ်သံ ထွက်ပေါ်လာသည်။

"ချစ်ချစ် ခင်ဗျား ဘာဖြစ်သွားသေးသလဲ"

ချစ်ချစ်သည် အသံထွက်ပေါ်လာသည့် ချောက်ကမ်းပါး အောက်သို့ ငုံ့ကြည့်လိုက်သည်။ ချောက်ကမ်းပါး အလယ်လောက်တွင်



လူရိပ်တစ်ခုသည် သစ်ကိုင်းတစ်ကိုင်းအား လက်ဖြင့်ခိုတွယ်လျက် အော်ဟစ်နေသည်ကို တွေ့လိုက်ရလေ၏။

ချစ်ချစ်၏ မျက်လုံးအစုံတွင် မျက်ရည်များ ပြည့်လျှံလာလေတော့၏။

ချစ်ချစ်မှာ များစွာ ယူကျုံးမရဖြစ်မိတော့သည်။

တရားခံကား မိမိ။

ဝံကြောင်ကလေးက အခြေအနေ မှုမမှန်ပါဟု အတန်တန် ပြောနေလျက်က အတင်းအဓမ္မ တိုက်တွန်း ကယ်ဆယ်ခိုင်းသည်မှာ မိမိပင် မဟုတ်ပါလော။ ယခု မိမိကြောင့် ဝံကြောင်ကလေးတစ်ယောက် မကြာမီ သေဆုံးရပေတော့မည်။

"ဝံကြောင်ကလေး- ကျွန်မ ဒီမှာရှိတယ်"

သူမက ဝံကြောင်ကလေးအား ပြန်၍အသံပေးလိုက်သည်။ ထို့နောက် သူမအားပွေ့ချီထားသူအား တောင်းပန်လိုက်သည်။

"ကျေးဇူးပြုပြီး သူ့ကိုဆွဲတင်လိုက်စမ်းပါရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

ထိုလူက ရယ်မောရင်း-

"မင်းဟာ ဉာဏ်ထက်မြက်မလိုနဲ့ အတော့်ကို တုံးသေးတဲ့ မိန်းကလေးပါလား။ မင်းကို ငါပြောပြီးသားပဲ၊ သူမြေပြင်ပေါ် ကောင်းကောင်း ပြန်ရောက်လာရင် ငါ့အတွက် ဘယ်လွယ်ပါ့မလဲကွယ့်၊ သူ့ကို ဒီလိုဒုက္ခရောက်အောင် မနည်းအကွက်ဆင်ထားရတာ၊ ဒီအကွက်ထဲက သူ့ကို ဘယ်ပြန်နုတ်လို့ဖြစ်ပါ့မလဲ၊ ဟား- ဟား- ဟား-"

ထိုလူသည် ပြောပြောဆိုဆိုဖြင့် အနီးရှိ ကျောက်တုံးတစ်

တုံးအား ကန်ချလိုက်လေတော့၏။

"ဝုန်း"

ကျောက်တုံးသည် ချောက်ကမ်းပါးထဲသို့ လိမ့်ဆင်းသွားကျတော့သည်။

"အား---"

ဝံကြောင်ကလေး၏ စူးရှကျယ်လောင်သော အော်ဟစ်သံသည် ချောက်ကမ်းပါးအထက်သို့လျှံတက်လာတော့၏။

ဝံကြောင်ကလေး၏ကံကြမ္မာကား တွေးဝံ့စရာမရှိတော့ချေ။ ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

ချစ်ချစ်၏မျက်လုံးအစုံမှာ ကြောင်စီစီဖြစ်သွားသည်။

သူမ၏ ကြောင်စီစီမျက်လုံးများအတွင်း၌ မည်သည့်အရာကိုမျှ မတွေ့မမြင်နိုင်ဘဲ ဖြစ်သွားခဲ့ရသည်။ သူမ၏ဦးခေါင်းတစ်ခုလုံး ထုံထုံထိုင်းထိုင်းကြီး ဖြစ်သွား၏။ မျက်ရည်များပင် လုံးဝမကျတော့သည်အထိ စိတ်များ ကယောင်ချောက်ချားဖြစ်သွားရတော့သည်။

❋



## အခန်း (၂၅)
## ရွှေခုနစ်ဝိသသာတန် ပုလဲနှားကပ်တစ်ရံ

သူမ၏ဦးနှောက်များ ပုံမှန်အခြေအနေပြန်ရောက်လာ၍ …ရလာသောအခါ သူမအားပွေ့ချီလာသူသည် တောင်ကုန်း၏ …တက်သို့ လျှောက်သွားနေပြီဖြစ်ကြောင်း တွေ့လိုက်ရလေ၏။

သူမက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်သည်။

ထိုသူ သွားနေရာ ရှေ့တူရူတွင် အိမ်တစ်လုံးရှိနေကြောင်း …လိုက်ရသဖြင့် ထိတ်လန့်သွားတော့သည်။ ထို့ကြောင့် ကျယ် …င်စွာ အော်လိုက်၏။

"ရပ်လိုက်စမ်း"

"ဟား- ဟား- ဟား- ဘယ့်နှယ့် မင်းက ကျုပ်ကို ပြန်အမိန့် ပေးနေတာလဲ၊ မင်းက ရပ်ခိုင်းတာနဲ့ ငါကရပ်လိုက်ရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့---"

ချစ်ချစ်က နာကျည်းခံပြင်းစွာဖြင့် ကြည့်လိုက်သည်။

သူမ၏မျက်လုံးများသည်လည်း ဒေါသကြောင့် မီးဝင်းဝင်း တောက်လျက်ရှိချေပြီ။

"ရှင် ကျွန်မကို ခုလိုခေါ်လာတာ ဘာအကြောင်းရှိလို့လဲ"

"မင်းသိရင် မင်းပဲပြောစမ်းပါကွာ"

"ကျွန်မကို ရှင်ပျော့ပျော့ဖြိုဖျားကြီးဆီပို့မလို့ မဟုတ်လား- အရင်တစ်ခေါက်လည်း ဒီလိုပဲ ကြံခဲ့တာပဲ မဟုတ်လား"

ထိုလူက မျက်မှောင်ကုတ်ရင်းပြန်မေးသည်။

"ဒါတွေကို မင်းဘယ်လိုလုပ် သိသလဲ၊ မင်းကိုလည်း ငါတစ်ခါမှ မပြောမိပါဘူး"

"သိတာပေါ့၊ မဟုတ်တာလုပ်တဲ့လူတွေရဲ့ လျှို့ဝှက်ချက်ဟာ တစ်ချိန်မပေါ် တစ်ချိန်ပေါ်တာပဲရှင့်၊ ရှင်ဟာ ရှင်ပျော့ပျော့ဖြိုဖျားကြီး ရဲ့ ကိုယ်ရံတော်လေးယောက်အနက်က အမျိုးသမီးတွေကိုလိုက်ဖမ်း ပေးနေရတဲ့ လူယုတ်မာစုတုပင် မဟုတ်ဘူးလား"

စုတုပင်၏မျက်နှာ၌ အနည်းငယ် အံ့အားသင့်သွားသည့် အရိပ်အရောင်ပေါ်လာ၏။

သူသည် စကားဆက်မပြောတော့ဘဲ အိမ်ထဲသို့ဝင်လိုက်ပြီ



ပ်ခန်းတံခါးအား ခြေဖြင့်တွန်းကန်ဖွင့်လိုက်သည်။

ထို့နောက် အသင့်ရှိနေသည့်ခုတင်တစ်လုံးပေါ်သို့ ချစ်ချစ်အား ဝုန်းခနဲပစ်ချလိုက်ပြီး အခန်းထဲမှ ချက်ချင်းလှည့်ထွက်သွားလေတော့ ၏။

ချစ်ချစ်မှာ ခုတင်ပေါ်၌ ပက်လက်ကလေး ကျန်ခဲ့ရာမှ ထိုလူ၏နောက်ကျောပြင်ကို ကြည့်နေမိသည်။

သူမ၏စိတ်ထဲတွင် ထိုလူသည် အစိမ်းရောင်ဝတ်စုံ ဝတ် အဘွားကြီး၏ ခန္ဓာကိုယ်အချိုးအဆက်မျိုး မဟုတ်သည်ကို သတိပြု မိလာသည်။

ဤသို့ဆိုပါလျှင် ထိုသူ မည်သူဖြစ်မည်နည်း။

ရှိင်းစိုင်းရက်စက်ပုံကတော့ တူနေသည်။

ထိုစဉ် အခန်းဝ၌ ရိပ်ခနဲ လူတစ်ယောက်ကို တွေ့မြင်လိုက် ရသည်။

အသေအချာမြင်လိုက်ရခြင်းမဟုတ်သော်လည်း ထိုလူသည် မိမိနှင့် ကောင်းစွာသိကျွမ်းဖူးသည့် လူတစ်ယောက်ဖြစ်သည်ကို ကောင်း စွာသိရှိလိုက်သည်။

ထိုလူသည် မည်သူဖြစ်ပေမည်နည်း။

ချစ်ချစ်သည် သူမ၏ဦးနှောက်ကိုဖျစ်ညှစ်၍ စဉ်းစားလိုက် သည်။

ထိုအခါကျမှ ထိုလူ၏အမည်ပေါ်လာသည်။ ထိုလူကား လီချန်ချင်းပေတည်း။

"ဟင်- လီချန်ချင်းက ဘာဖြစ်လို့ ဒီကိုရောက်နေရတာလည်း

မသိဘူး”

လီချန်ချင်းတစ်ယောက် ဤအိမ်ထဲသို့ မည်သို့မည်ပုံရောက်ရှိနေသည်ကို ချစ်ချစ်အနေဖြင့် မည်သို့မျှဆက်စပ်စဉ်းစား၍မရ ဖြစ်နေသည်။ နောက်ဆုံး ဦးခေါင်းတစ်ခုလုံး နောက်ကျိဆူဝေ လာလေမှ သူမသည် စဉ်းစားခန်းဝင်နေခြင်းမှ ရပ်ဆိုင်းလိုက်တော့သည်။

ထိုအချိန်မှာပင် အခန်းထဲသို့ လူနှစ်ယောက်ဝင်ရောက်လာကြတော့သည်။

ဝင်လာသော လူနှစ်ယောက်၏ပုံသဏ္ဌာန်မှာ အဖြူနှင့်အမည်း။

အဝိုင်းနှင့်လေးထောင့်ကဲ့သို့ ကွဲပြားခြားနားလှ၏။

ရှေ့ဆုံးမှဝင်လာသူမှာ ပါးလျသောခန္ဓာကိုယ်ရှိပြီး ခြေဖျားဖုံးအုပ်သည်အထိ ရှည်လျားသောအင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားသည်။

အနက်ရောင်ခေါင်းစွပ်တစ်လုံးကိုလည်း ခေါင်း၌စွပ်ထားသေးသည်။

ထိုလူ၏မျက်လုံးနှစ်လုံးမှအပ သူ၏ပကတိအသားများဆို၍ တစ်လက်မမျှ မမြင်ရဘဲရှိနေသည်။

သူ၏လက်များကို အင်္ကျီအိတ်ထဲ၌ သိုဝှက်ထားခြင်းကြောင့် ထိုကဲ့သို့မမြင်ရခြင်းသာ ဖြစ်ပါသည်။

ထိုသို့ တစ်ကိုယ်လုံးကိုဖုံးကွယ်ထားသဖြင့် ထိုသူ မည်သူမည်ဝါဖြစ်မည်ကို လုံးဝ မှန်းဆ၍မရဘဲဖြစ်နေသည်။ ထိုသူ ဝတ်ဆင်လာပုံကလည်း သူ့ကိုခန့်မှန်း၍မရအောင် ကာကွယ်ရန်ရည်ရွယ်ထားပုံသာ ရသည်။



ထိုသူ့နောက်မှပါလာသည့်လူမှာမူ လူ့ဘီလူးကြီးတမျှ ကြီးမားထွားကျိုင်းသူပေတည်း။

ချစ်ချစ်က မျက်မှောင်ကုတ်ရင်းမေးလိုက်၏။

“ရှင်တို့ ဘယ်သူတွေလဲ၊ ဘာလာလုပ်ကြတာလဲ၊ ကျွန်မရှင်တို့နဲ့ လုံးဝမတွေ့ချင်ဘူး”

ခေါင်းစွပ်နက်စွပ်ထားသူက လေသံမာမာဖြင့်ပြောသည်။

“ငါ ဘယ်သူဘယ်ဝါဆိုတာ မင်းမေးဖို့ အလုပ်မရှိဘူး။ မင်းကိုသာ ငါကမေးရမှာ၊ ဒီတော့ မင်းကသာ ငါမေးတဲ့မေးခွန်းကို ကောင်းကောင်းဖြေပါ”

“ဟင့်အင်း- ရှင့်ခေါင်းစွပ်ကြီးချွတ်မပြသရွေ့ ရှင်မေးသမျှ ကျွန်မ မဖြေနိုင်ဘူး။ ရှင့်ခေါင်းစွပ်ကြီးချွတ်ပြရင်တော့ ရှင်မေးသမျှ ကျွန်မဖြေမယ်”

ခေါင်းစွပ်နက်စွပ်ထားသူက ဒေါသထွက်ဟန်ဖြင့်-

“မင်း တကယ်မဖြေဘူးလား”

“မဖြေဘူး”

“ဟား- ဟား- ဟား- မင်းက ငါတို့ လက်ခုပ်ထဲရောက်နေတာတောင် အာခံချင်သေးသကိုး- ဘယ်လောက်ကြာအောင် အာခံမယ်ဆိုတာ ကြည့်ကြသေးတာပေါ့၊ မင်းရဲ့ငွဲနဲ့ခံနိုင်ရည်ကိုစမ်းကြည့်ရတာပေါ့”

ထိုလူက နောက်ဘက်သို့လှည့်ကာ လူသန်ကြီးအား ပြောလိုက်၏။

“ကျားကြီးရေ၊ သူနည်းနည်းခေါင်းမာနေတယ်ကွ၊ ပျော့သွား

အောင် နည်းနည်းခုံးမလိုက်စမ်းပါ၊ နည်းနည်းဆိုလို့လည်း သိပ်မစိုးရိမ်ပါနဲ့၊ အဆုံးအမလွန်သွားလည်း ကိစ္စမရှိပါဘူး။ ကဲ- ကဲ- မင်း အလုပ်ဆက်လုပ်ပေတော့"

လူသန်ကြီးသည် ခြေလှမ်းကျဲကျဲဖြင့် ချစ်ချစ်ရှိရာလျှောက်လာသည်။

သူမ၏ လည်ကုပ်ကို ဆွဲကိုင်မြှောက်တင်လိုက်၏။ ချစ်ချစ်မှာ ကြက်ကလေး ငှက်ကလေးပမာ အဖမ်းခံလိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားသည်။

"ရှင်- ရှင်တို့ဘာ- ဘာလုပ်ကြမလို့လဲ"

ထိုလူသန်ကြီးက သူ၏ကြီးမားလှသော သွားကြီးများကို ဖြဲပြကာ-

"သခင့်ကို ဘာမှပြန်မေးခွန်းမထုတ်ရဘူး၊ သခင်က ပြောရင် နားထောင်၊ သခင်ကမေးရင် ဖြေ၊ နားလည်လား"

"မဖြေဘူး- ကျွန်မ မဖြေဘူး၊ ဘာဖြစ်လို့ဖြေရမှာလဲ"

လူသန်ကြီးက သွားများကိုဖြဲ၍ ရယ်လိုက်ပြန်သည်။

ထို့နောက် ချစ်ချစ်၏အင်္ကျီလက်ကို ဖြန်းခနဲ ဆွဲလိုက်လေတော့၏။

ထိုအခါ အင်္ကျီလက်တစ်ခုလုံး စုတ်ပြဲသွားပြီး ပန်းသားဖြူဖြူဖွေးဖွေးလေးပေါ်လာတော့၏။

"ကဲ- မင်းပြောမလား၊ မပြောဘူးလား"

ချစ်ချစ်က အံကိုတင်းတင်းကြိတ်လိုက်သည်။

ဤအခြေအနေအရ မပြော၍ မဖြစ်တော့ပေ။



မပြောဘဲ တင်းခံနေပါက မိမိသာ အရက်တကွဲ အကျိုးနည်းဖြစ်ရချေတော့မည်။

"ပြော- ပြောပါတော့မယ်"

ခေါင်းစွပ်နက်ဝတ်ဆင်ထားသူမှာ ခေါင်းစွပ်နက်အတွင်းမှ မဲ့ပြုံးပြုံးလိုက်သည်။

သူ့မဲ့ပြုံးမှာ-

မင်းဘယ်လောက် တင်းခံနိုင်မှာလဲ

ဟူသည့်အပြုံးမျိုးတည်း။ နှုတ်ကမူ အားပေးသယောင် ပြောလိုက်၏။

"အေး- အဲဒီလိုလိမ္မာမှပေါ့"

သူသည် ချစ်ချစ်အားစေ့စေ့ကြည့်၍-

"ငါမေးမယ်- မင်းဟာ ငါတို့မြို့စားကြီးရဲ့ နှစ်ဆယ့်ခုနစ်ယောက်မြောက် ကြင်ယာတော်အဖြစ် လက်ခံမလား--၊ ဒါက မင်းကောင်းစားဖို့ပြောနေတာလို့မှတ်"

ချစ်ချစ်က ဆတ်ဆတ်ထိမခံပြန်အော်လိုက်၏။

"တော်စမ်းပါ---၊ ရှင်တို့စကားကြားတာနဲ့ နားခါးတယ်၊ ဒီကိစ္စကို ကျွန်မသေတာတောင် လက်မခံဘူးရင့် လက်မခံဘူး"

ခေါင်းစွပ်နက်လူက လူသန်ကြီးအားလှမ်းပြောလိုက်ပြန်သည်။

"ဟေ့- ကျားကြီး၊ မင်းက မင်းလက်ထဲရောက်လာတဲ့ အကျဉ်းသားဆိုရင် တစ်ချက်တည်းနဲ့ဖော့ဖယောင်းလို ပျော့ပျောင်းသွားတယ်ဆိုကွ၊ ခုတော့ ဘယ်မှာဖယောင်းနဲ့တူလို့လဲ၊ သံချောင်းဖြစ်နေပါကလား"

"မဖြစ်ပါဘူး သခင်၊ ကျွန်တော်က မိန်းကလေးဖြစ်နေလို့ နည်းနည်းညှာလိုက်တာပါ"

"ကဲ- မင်းအခု တွေ့ပြီမဟုတ်လား---၊ မင်း ပညာပေးတာ အတော်လေး နည်းနေတယ်ဆိုတာ၊ ကဲ- ဆက်လုပ်လိုက်စမ်း"

လူသန်ကြီးသည် သူမ၏ပါးကို တစ်ချက်ရိုက်လိုက်၏။

ပြီးနောက် ကြမ်းပေါ်သို့ပစ်ချလိုက်ကာ ကျောပြင်ကိုခပ်ဖွဖွ နင်းထားလိုက်သည်။

ခပ်ဖွဖွနင်းထား၍သာ တော်ပေတော့သည်။

ခပ်ကြမ်းကြမ်းသာနင်းလိုက်ပါက ချစ်ချစ်မှာ ဆင်တစ်ကောင် အနင်းခံရသကဲ့သို့ အဖြစ်ဆိုးသွားရမည်ဖြစ်ပေသည်။

လူသန်ကြီး၏ပါးစပ်မှ မိုးခြိမ်းသံကဲ့သို့ဟိန်းဟောက်သံ ထွက်လာသည်။

"ပြောစမ်း- ဒီဂိုဏ်းကိုသဘောတူသလား မတူဘူးလား"

"အို- ကျွန်မက ရှင်တို့လက်ခုပ်ထဲကရေပဲ၊ မေးနေစရာ လိုသေးသလား"

ခေါင်းစွပ်နက်စွပ်ထားသူက-

"မေးရမှာပေါ့လေ၊ ငါတို့က အတင်းအဓမ္မ မလုပ်တတ်ပါဘူးကွယ့်၊ မင်း သဘောမတူဘဲနဲ့ အတင်းအကျပ်လုပ်ရင် တရားမျှတာ ရာရောက်ပါ့မလား။ ဒါကြောင့် မင်း သဘောတူ မတူ မေးနေရတာပေါ့"

"တိရစ္ဆာန်ပါးစပ်က နတ်စကားထွက်နေတယ်၊ ဒီလောက်ယုတ်ယုတ်မာမာ အနိုင်ကျင့်နေတာတောင်-

တရားမျှတာအောင် လုပ်နေတယ်ဆိုတဲ့စကားမျိုး ပြောနေ



တတ်တယ်၊ ရှင်တို့ တကယ် တရားမျှမျှတတဖြစ်စေချင်ရင် ကျွန်မကိုလွှတ်ပေးပါလား"

"ဒါတော့ ဘယ်ဖြစ်မလဲ၊ ငါတို့က မှားလည်းစွဲသာ၊ ရှုံ့လည်း လျှောက်သာအောင် လုပ်တဲ့သဘောပါ၊ မင်း သဘောတူတော့ အကောင်းဆုံးဖြစ်တာပေါ့ကွာ"

ချစ်ချစ်၏မျက်ဝန်းအိမ်မှ မျက်ရည်များစီးသွယ်ကျဆင်းလာတော့၏။

"ရှင်တို့ ပြုမှုသမျှ ကျွန်မခံရမှာပဲ၊ ရှင်တို့ လက်ခုပ်ထဲက ရေဖြစ်နေပြီကိုး-

ဒါပေမယ့်- တစ်ခုတော့ မှတ်ထားကြ၊ ကျွန်မ စိတ်ထဲမှာ ရှင်တို့ကို လုံးဝမကျေဘူး။ တစ်သက်လုံး မကျေဘူး-

အဲဒီ အပြစ်အတွက် ရှင်တို့ အသက်နဲ့ပေးဆပ်ရမယ်၊ အဲဒါကို မြဲမြဲမှတ်ထားကြ"

ခေါင်းစွပ်နက်စွပ်ထားသူက မျက်မှောင်ကုတ်လျက် အတန်ကြာ စဉ်းစားနေ၏။

"ကျားကြီးရေ- သူ့ကို ဒီအခန်းထဲမှာ မထားနဲ့တော့၊ မြေအောက်ခန်းထဲ သွားထည့်ထားလိုက်စမ်း။ ဒါမှ သူ့ရဲ့အတွေးအခေါ်တစ်မျိုးပြောင်းသွားမယ်၊ ဒီမှာဆိုရင် ခေါင်းမာမြဲ မာနေဦးမယ်"

ခေါင်းစွပ်နက်သည် အမိန့်ပေးပြီးသည်နှင့် လှည့်ထွက်သွားလေတော့၏။

ချစ်ချစ်မှာမြေအောက်ခန်းထဲသို့ ဝုန်းခနဲ ပစ်သွင်းခံလိုက်ရလေသည်။

စိုထိုင်းသောလေ-

အောက်သိုးသိုး ရနံ့များနှင့်-

မကောင်းသော အငွေ့အသက်များကို အခန်းထဲရောက်သည်နှင့် ချက်ချင်းခံစားလိုက်ရတော့၏။

ချစ်ချစ်သည် ဝမ်းနည်းပက်လက်ငိုကြွေး၍ နောက်ဆုံး အိပ်ပျော်သွားတော့၏။

သူမအနေဖြင့် မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ လွန်စွာ ချိုလွင်သောအသံတစ်သံကို ကြားလိုက်ရမှ အိပ်ရာမှနိုးလာတော့သည်။

သူမသည် လွန်စွာအံ့ဩဝမ်းသာသွား၏။ ထိုအသံကို သေသေချာချာ ထပ်မံနားထောင်လိုက်ပြန်၏။

"ချစ်ချစ်- ချစ်ချစ် မဟုတ်လား"

ထိုအသံသည် သူမနားထဲ၌ယဉ်နေသော အသံဖြစ်၏။ ထိုအသံကို မည်သည့် အချိန်၌ကြားကြား အမှတ်ရနေမည်သာဖြစ်၏။ ဤအသံထက် ရင်းနှီးကျွမ်းဝင်သော အခြားအသံမရှိပြီ။

ဤအသံသည် စင်လုံ၏အသံမဟုတ်ပါလား။

သူမသည် မြေအောက်ခန်းပတ်လည်သို့ ကမန်းကတန်းလှည့်ပတ်ရှာဖွေလိုက်၏။

တွေ့ပါလေပြီ။

တွေ့ရပါလေပြီ။

စင်လုံတစ်ယောက် အခန်းထောင့်တစ်နေရာတွင် ဒူးခေါင်းနှစ်လုံးကို လက်ဖြင့်ပိုက်လျက် ထိုင်နေချေသည်တကား။



သူမသည် ထိုင်ရာမှ ရုတ်ခြည်းထလိုက်ကာ စင်လုံထံသို့ အပြေးအလွှား သွားလေတော့၏။

စင်လုံ၏လည်ပင်းကို သိုင်းဖက်ကာ အမောတကော မေးလိုက်သည်။

"စင်လုံ- စင်လုံ- ရှင်မှ ဟုတ်ရဲ့လားဟင်"

"ဟုတ်ပါတယ် ချစ်ချစ်ရယ်၊ ကျုပ်ပါ စင်လုံအစစ်ပါ။ ကျုပ်က မင်းကို ဘာဖြစ်လို့ညာရမှာလဲကွယ်"

ချစ်ချစ်၏မျက်ဝန်းအိမ်များမှမျက်ရည်များ ပေါက်ပေါက်ကျဆင်းလာပြန်တော့၏။

ဤတစ်ကြိမ်ကျသည့်မျက်ရည်များကား ဝမ်းနည်း၍ကျသော မျက်ရည်များမဟုတ်ပါချေ။ ဝမ်းသာ၍ကျသော မျက်ရည်များသာ ဖြစ်ပါလေ၏။

"ကျွန်မဖြင့် မယုံနိုင်အောင် ဖြစ်နေတော့တာပဲ စင်လုံရယ်၊ ကျွန်မ အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်၊ ကျွန်မလေ ရှင့်ကို တမ်းတလိုက်ရတာ မောနေတာပဲ ရှင်ရယ်"

"တကယ်ပါ ချစ်ချစ်ရယ်၊ အိပ်မက်မက်နေတာ မဟုတ်ပါဘူး။ အိပ်မက်မက်နေရင် ဒီလို ထိလို့ကိုင်လို့ ဘယ်ရနိုင်ပါ့မလဲ"

"ဝမ်းသာလိုက်တာရှင်၊ ကျွန်မရင်ထဲမှာ ဘယ်လိုဖြစ်နေမှန်း မသိဘူး။ ဒီမြေအောက်ခန်းမပြောနဲ့ ဟို အဝီစိရောက်အောင် ပို့ပို့- ရှင်နဲ့အတူတူဆိုရင် ကျွန်မ မကြောက်ဘူး"

"ဒီလောက်တောင်ပဲလားကွယ်"

"ကျွန်မသိတယ်၊ ကျွန်မ အဖြစ်ဆိုးတစ်ခုခု ကြုံနေရင် ရှင်

လာကယ်မှာပဲဆိုတာ ကျွန်မစိတ်ထဲက အလိုလိုသိနေတယ်၊ ဒါကြောင့် ကျွန်မက ရှင့်ကိုပဲ မျှော်နေတာ၊ ယော- ခုကြည့်စမ်း ရှင် ရောက်လာပြီ မဟုတ်လား"

ချစ်ချစ်၏စကားများကို ကြားလိုက်ရသောအခါ စင်လုံ တစ်ယောက် ခေါင်းငိုက်စိုက်ကျသွားလေတော့၏။

ချစ်ချစ်၏စကားများက သူ၏အသည်းနှလုံးများကို ထိခိုက် သွားစေဟန်တူသည်။

ချစ်ချစ်သည် စင်လုံ၏အမူအရာကိုကြည့်၍ အလွန်တရာ အံ့ဩသွားတော့သည်။

"စင်လုံ- စင်လုံ- ဘာဖြစ်လို့လဲဟင်၊ ကျွန်မကိုကယ်ဖို့ ရောက် လာပြီလို့ ပြောလိုက်တာနဲ့ ဘာဖြစ်လို့ဒီလိုဖြစ်သွားရတာလဲဟင်- ကျွန်မ အသည်းထိတ်လိုက်တာ ပြောစမ်းပါဦး"

စင်လုံက ခေါင်းတယမ်းယမ်းဖြင့်-

"မင်း ကျုပ်ကို သိပ်ပြီးအထင်ကြီးထားတာကိုး။ တကယ် တော့ ကျုပ်ကမင်းကို မကယ်နိုင်သေးပါဘူးကွယ်"

ချစ်ချစ်မှာ သူမ၏ရင်ဝကိုလက်ဖြင့်ဖိ၍-

"ရှင်- ဘယ်လို- ဘယ်လို- ကျွန်မကို မကယ်နိုင်တော့ဘူး ဟုတ်လား"

သူမသည် ထိုစကားကိုမေးပြီးသည့်အခါကျမှ တစ်စုံတစ်ရာ ကို သတိရသွားဟန်ဖြင့် ဘေးပတ်ဝန်းကျင်သို့လှည့်ကြည့်မိတော့သည်။ သူတို့နှစ်ယောက်စလုံး ရောက်ရှိနေသည့်နေရာမှာ မြေအောက်အ ကျဉ်းခန်း မဟုတ်ပါလား။



ချစ်ချစ်သည် စင်လုံ၏လက်မောင်းကိုကိုင်လှုပ်၍ အလန့် တကြား မေးလိုက်မိတော့သည်။

"ရှင်- ရှင်လည်း အဖမ်းခံရတယ် ဟုတ်လားဟင်"

စင်လုံအနေဖြင့် မည်သည့်အဖြေကို ပြန်ပေးရတော့မည်နည်း။

အဖြေပေးရန်ကော လိုအပ်ပါသေး၏လော--။

စင်လုံတစ်ယောက် မတုန်မလှုပ် ကျောက်ရုပ်ဖြစ်နေပုံကို မြင်ရသောအခါ ချစ်ချစ်သည် အခြေအနေကို လုံးဝနားလည်သဘော ပေါက်သွားလေတော့၏။

သူမတစ်ကိုယ်လုံး တောင့်တင်းသွားကာ မည်သည့်စကားကိုမျှ မပြောနိုင်အောင် ဖြစ်သွားရလေ၏။

သူမအားကိုးရာ ရွှေတောင်ကြီးကား ပြိုလဲခဲ့ပေပြီ။

သူမအား ကယ်တင်မည့်သူကိုယ်တိုင် မြေအောက်ခန်းထဲ ရောက်နေမှတော့ သူမအဖို့ မည်သို့လွတ်မြောက်နိုင်ပါတော့မည်နည်း။

စင်လုံက သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ကာ---

"ကျုပ်ဘဝမှာ ဒီလိုအမှားအယွင်းမျိုး တစ်ခါမှမကျူးလွန်ဖူး သေးဘူး။ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့-

ကျုပ် အသုံးမကျလို့ အခုလို သူများ လက်ထဲရောက်ခဲ့ရ တာပဲ၊ ဘယ်သူမပြု မိမိမှုဆိုတာလို ကိုယ့်ကိုကိုယ်ပဲ အပြစ်တင် ရတော့မှာပဲ-

ခုလို ဘဝမျိုးထက် သေရတာကမှ ပိုကောင်းလိမ့်ဦးမယ် ထင်ပါရဲ့ကွာ"

"ဟင့်အင်း- ဟင့်အင်း- ရှင်မသေရဘူး။ ရှင်ဘယ်နည်းနဲ့မှ

မသေရဘူး။ ရှင်က ကျွန်မကို သိပ်အထင်သေးတာပဲ-

ကျွန်မက ရှင့်ဆို ရှင့်မှချစ်တာပါ။ ရှင့်အပေါ် ကျွန်မ ဘယ်တော့မှ စိတ်မပျက်ဘူးသိလား"

"အေး- မင်းဒီလိုပြောတော့ ကျုပ်ဝမ်းသာမိတာ အမှန်ပဲ၊ ဒါပေမယ့်--"

"အို- ရှင်စကား ဆက်မပြောနဲ့တော့၊ အခု ရှင့်ရင်ခွင်ထဲမှာ နေပြီး သေရတယ်ဆိုရင် ဆယ်သက်တောင် ကျွန်မသေရဲပါတယ်"

သူမသည် စင်လုံရင်ခွင်ထဲ တိုးဝင်လိုက်လေတော့၏။

စင်လုံသည်သာ သူမ၏ကမ္ဘာ
စင်လုံသည်သာ သူမ၏စကြာဝဠာ
စင်လုံမှတစ်ပါး အခြားမရှိတော့ပြီ။

ကျင်းစုမန်းက သူမအပေါ်ထားရှိခဲ့သော ကရုဏာ-
ဝံကြောင်ကလေးက သူမအပေါ်ထားရှိခဲ့သော အကြင်နာ
တို့သည် လေနှင့်တိမ်များနှယ် လွင့်ပါးပျောက်ကွယ်သွားရလေပြီ။

ကျင်းစုမန်းကိုလည်း သတိမရတော့၊ ဝံကြောင်ကလေးကိုလည်း သတိမရတော့။

သူတို့ကား ခေတ္တခဏအစားထိုးခဲ့သည့် လူနှစ်ဦးသာမဟုတ်ပါလော။

အစားထိုးပစ္စည်းဆိုသည်မှာ မူရင်းပစ္စည်းမရမီသာ အသုံးခံ၊ အဖြည့်ခံဖြစ်၏။

မူရင်းပစ္စည်းရသည်နှင့် အစားထိုးပစ္စည်းဟူသည် အမှိုက်ပုံသို့သာ ရောက်ရပေလိမ့်မည်။



အမှန်စင်စစ် ချစ်ချစ်သည် စိတ်လိုက်မာန်ပါ လုပ်တတ်သော မိန်းကလေးတစ်ဦးသာ ဖြစ်၏။

အသက်အရွယ် နုနယ်ငယ်ရွယ်သည်ကပင်လျှင် ကလေးစိတ်နှယ် ဖြစ်ကောင်းဖြစ်နေပြီလားမဆိုနိုင်ပေ။

အခြားသူတစ်ဦးဦးက သူမအပေါ် တဒင်္ဂကောင်းလိုက်လျှင် သူမကလည်း ထိုသူအပေါ် အလိုက်သည်းလိုက် ကောင်းလိုက်တော့သည်။ ယင်း အလိုက်သည်းလိုက်ဖြစ်မှုမှာ ထာဝရတည်ရှိနေသည် မဟုတ်-

တဒင်္ဂကလေးမျှသာ ဖြစ်ပြန်၏။

ဤကား ချစ်ချစ်၏စိတ်ဓာတ် မခိုင်မာမှုနှင့် မရင့်ကျက်မှုတို့ပင်ဖြစ်လေသည်။

သို့သော်-

သူမအသည်းနှလုံး၌ရှိနေပြီးဖြစ်သည့် စင်လုံ၏အမည်အက္ခရာကိုမူ မည်သူက ဖျက်ဖျက်၊ မည်သည့်နည်းနှင့်ဖျက်ဖျက် ပယ်ဖျက်၍ ရနိုင်လိမ့်မည် မဟုတ်ပါချေ။

သူမသည် စင်လုံအပေါ် ထာဝရမေတ္တာဖြင့် သံယောဇဉ် နှောင်ဖွဲ့ခဲ့ပြီးလေပြီ မဟုတ်ပါလော။

သူတို့နှစ်ဦး ရောက်ရှိနေခဲ့ကြသည့် မြေအောက်ခန်းကား မှောင်မည်းစိုထိုင်းလှပါချေ၏။

အေးစိမ့်နေခြင်းကလည်း ကျန်းမာရေးထိခိုက် စေနိုင်သည့် အချက်ဖြစ်သည်။

သို့သော် ချစ်ချစ်အဖို့မူ ဤဒုက္ခများကို လုံးဝမေ့လျော့နေ

တော့သည်။

သူမသည် ချစ်သူ၏ရင်ခွင်ထဲရောက်ရှိနေပြီ မဟုတ်ပါလော။

သူမက သူမတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်အလုံးစုံကို ပြန်လည်ပြောပြနေသည်။

စင်လုံကလည်း သူမအား ကြင်နာစွာကြည့်၍ ချစ်ချစ်ပြောသမျှ စိတ်ပါဝင်စားစွာနားထောင်နေ၏။

ချစ်ချစ်သည် သူမ၏အကြောင်းများကို ဖြစ်ကြောင်းကုန်စင် ပြောပြပြီးလေမှ စင်လုံအကြောင်းကိုမေးလိုက်သည်။

"ရှင်ကော ဘယ်လိုဖြစ်ပြီး ဒီမြေအောက်ခန်းထဲရောက်လာခဲ့ရတာလဲဟင်-

ကျွန်မဖြင့် ကိုယ်တွေ့မျက်မြင်မို့လို့သာ၊ သူများပြောတာဆိုရင် ယုံမှာတောင်မဟုတ်ဘူး"

စင်လုံက သက်ပြင်းရှိုက်လိုက်ကာ-

"ကျုပ် အဝိုက်မိခဲ့ရတာပါ၊ ရင်းလွန်းလို့ သူများကိုတောင် အပြစ်မတင်နိုင်ဘူး၊ ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်မိတယ်၊ ကျုပ်ခံရတာက ဒီလိုပါ- မင်းကိုလိုက်ရှာရင်းနဲ့ ဆိုင်တစ်ဆိုင်မှာ ပဲရည်ဝင်သောက်မိတယ်"

စင်လုံက မချိပြုံးပြုံးလိုက်သည်။

"ပဲရည်ပန်းကန်ထဲမှာ မေ့ဆေးပါနေတယ်ဆိုတာ ကျုပ်သတိမထားမိဘူးလေ၊ သတိထားမိရင်တော့ ဘယ်သောက်မိမလဲ၊ ကျုပ်လည်းသတိရလာရော ဒီမြေအောက်ခန်းထဲရောက်နေတာ တွေ့ရတော့တာပဲ၊ ကဲ--အပြစ်က မရင်းလွန်းဘူးလား"



ထိုစဉ် အပေါ်မှ အလင်းရောင်တန်းတစ်ခုထိုးကျလာသည်။

စင်လုံသည် ချစ်ချစ်အားပွေ့ချီလိုက်ပြီး နံရံဆီသို့ ခုန်ဆုတ်လိုက်သည်။

သတိဆိုသည် ပိုသည်မရှိဟူသည့်ထုံးကို နလုံးမူသည့်လူစားမျိုးမှာ စင်လုံကဲ့သို့သော လူမျိုးသာဖြစ်၏။

မြေအောက်ခန်း၏ အပေါ်ဘက်တည့်တည့်တွင် အပေါက်ဝတစ်ခုပေါ်လာ၏။

တစ်စုံတစ်ယောက်က အပေါက်ကိုဖွင့်လိုက်ခြင်းဖြစ်ဟန်တူသည်။

ထိုအပေါက်ဝသည် ချစ်ချစ်တို့ရပ်နေသည့်နေရာနှင့် ဝါးတစ်ရိုက်ခန့်မြင့်သည်။

ချက်ချင်းလိုလိုပင် လူသန်ကြီးတစ်ယောက်၏မျက်နှာကို မြင်လိုက်ရတော့၏။

ချစ်ချစ်က ထိုလူသန်ကြီးအား မော့ကြည့်ရင်း မေးလိုက်သည်။

"ဘာကိစ္စ ပေါ်လာပြန်ပလဲ- ရှင်တို့ ဘာလုပ်ကြဦးမလို့လဲ"

လူသန်ကြီးက တဟားဟားရယ်မောလိုက်၏။

"မင်းက ရန်စွယ်နဲ့ငေါ်ငေါ်ပါလား။ လူတွေ့ရင် ရန်စကားပြောဖို့ပဲ စဉ်းစားနေတာကိုး။ ငါတို့ကစေတနာနဲ့ မင်းတို့ကိုလာမေးတာပါ၊ မင်းတို့ ဗိုက်ဆာနေကြလို့လား"

"ရှင်တို့က ဘာတွေကျွေးမှာမို့လဲ"

"ကျွေးမှာကတော့ အကောင်းစားပါ။ ပေါဒီမှာတွေ့လား။ ခွေးကျွေးတဲ့ပေါက်စီတွေ၊ မင်းတို့စားချင်တယ်ဆိုရင်တော့ စေတနာ ထားပြီးကျွေးမလို့ပါ၊ မစားချင်ရင်လည်း ကိစ္စမရှိပါဘူး၊ ခွေးတွေ ပိုပြီး ဝဝလင်လင်စားရတာပေါ့"

ချစ်ချစ်မှာဒေါသထွက်လာသဖြင့် အသားများ တဆတ်ဆတ် တုန်လာသည်။

"ရှင်- ရှင်တို့ဟာ ခွေးတွေ၊ ကျွန်မတို့ ခွေးမဟုတ်ဘူး"

ချစ်ချစ်မှာ သူမ၏စကားကို ဆုံးအောင်ပင် မပြောလိုက် နိုင်ပါချေ။

စင်လုံက သူမ၏ပါးစပ်ကို ပိတ်ထားလိုက်သောကြောင့် ဖြစ်ပါ၏။ စင်လုံသည် အပေါက်ဝကို လှမ်း၍အော်လိုက်သည်။

"ကျုပ်တို့ ဘာမဆို စားရမှာပဲဗျာ၊ ကျေးဇူးပြုပြီး အဲဒီ ပေါက် စီတွေကိုပဲ ပစ်ချလိုက်ပါ၊ ကျုပ်တို့အဖို့ အားအင်ရှိနေဖို့ လိုအပ်နေ ပါတယ်"

လူသန်ကြီးက တဟားဟားရယ်မောလိုက်၏။

"အေး- အဲဒီလိုမှပေါ့ကွ၊ စေတနာနဲ့လာပေးတဲ့လူကို ကျေးဇူး ကန်းစကားမပြောရဘူးကွ"

လူသန်ကြီးသည် ပြောပြောဆိုဆိုနှင့် သူ့လက်ထဲမှ ပေါက်စီ သုံးလေးလုံးကို ပစ်ချလိုက်သည်။

ပေါက်စီများသည် ကြမ်းပြင်ပေါ်သို့ တဖုတ်ဖုတ်နှင့် ကျလာ သည်။

အလင်းရောင်တန်းလည်း ပျောက်ကွယ်သွားလေတော့၏။



အပေါ်မှ တံခါးပေါက်ကို ပြန်ပိတ်လိုက်ခြင်းသာ ဖြစ်ပေ လိမ့်မည်။ လူသန်ကြီး၏အသံကိုလည်း မကြားရတော့၊ သူလည်း ထွက်ခွာသွားပေလိမ့်မည်။

စင်လုံက ချစ်ချစ်၏ပါးစပ်ကို ပိတ်ထားရာမှ လွှတ်ပေးလိုက် ၏။ ချစ်ချစ်မှာ ဆွေ့ဆွေ့ခုန်ဒေါသထွက်နေတော့၏။

"ကေသရာဇာမှန်ရင် မြက်ကိုမစားဘူးရှင့်၊ ရှင်ကဒီပေါက်စီ တွေကို စားမလို့လား။ ကျွန်မတော့ ဒါတွေမစားဘူး။ အသက်ပဲအသေ ခံမယ်"

စင်လုံက အေးချမ်းစွာပြုံးလိုက်၏။

"မင်းက တယ်ဒေါသကြီးတာကိုး။ ဒီပေါက်စီတွေက စားလို့ မကောင်းတာ မှန်ပေမယ့် အသုံးချလို့တော့ ရနိုင်ပါသေးတယ်ကွယ့်၊ ဒါကြောင့် ကျုပ်က တောင်းလိုက်တာပါ"

ချစ်ချစ်မှာ မျက်ခုံးကလေးများ မြင့်တက်သွားသည်အထိ အံ့ဩသွား၏။

"ဘယ်လိုအသုံးချလို့ ရနိုင်မှာလဲ"

"အခွင့်အလမ်း တစ်ခုခုကြုံလာရင် အသုံးချနိုင်တာပေါ့၊ အခွင့်အလမ်းပေါ်လာချိန်ကျမှ ဒါတွေမရှိရင် ဘယ့်နယ်လုပ်မလဲ"

ချစ်ချစ်သည် စင်လုံ၏ တွေးခေါ်မြော်မြင်တတ်မှုအတွက် ပျော်ရွှင်ဝမ်းသာသွားသည်။

"ဟုတ်တယ်- ကျွန်မမှားတယ်၊ ရှင်မှန်တယ်၊ ရှင်လုပ်တဲ့ အလုပ်တိုင်းဟာ အဓိပ္ပါယ်ရှိတယ်ဆိုတာ ကျွန်မ သိဖို့ကောင်းတယ်၊

ကျွန်မ သိပ်ညှံ့တာပဲနော်"

"အင်း- မင်းကတော့ ငါ့အပေါ်မှာ အတိုင်းအဆမရှိ အထင်ကြီးနေတာပဲ"

"အို- ရှင့်ကိုမှ အထင်မကြီးရင် ဘယ်သူ့ အထင်ကြီးရမှာလဲ၊ ကျွန်မတာတော့ ကောင်းကောင်းကြီးယုံတယ်သိလား"

"အလို- ဘာတွေများယုံနေတာပါလိမ့်"

"ကျွန်မကို ဒီမြေအောက်အကျဉ်းခန်းထဲက ကယ်တင်နိုင်လိမ့်မယ်လို့ ယုံတာပေါ့၊ ကျွန်မလေ- ရှင့်ကို ဘယ်လောက် ယုံသလဲဆိုရင် ဟိုး ငရဲပြည်ထဲ ရောက်နေရင်တောင် ကျွန်မကို ရှင်ကယ်တင်နိုင်လိမ့်မယ်လို့ထင်တာပဲ"

သူမသည် စကားဆုံးသည်နှင့် စင်လုံ၏ရင်ခွင်ထဲသို့ တိုးဝင်သွားလေတော့၏။

စင်လုံကလည်း အသာအယာ ပွေ့ဖက်ထားလိုက်သည်။

ချစ်ချစ်သည် စင်လုံ၏ရင်ခွင်ထဲ၌ အဝ: နံကြာမှိနေပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့်-

"အို- ကျွန်မ မေ့နေလိုက်တာရှင်၊ ရှင့်ကို အရေးကြီးတဲ့ ကိစ္စတစ်ခုပြောရဦးမယ်"

ချစ်ချစ်၏အပြောကြောင့် စင်လုံမှာ ဆတ်ခနဲဖြစ်သွားသည်။

"ဘာကိစ္စများလဲ ချစ်ချစ်ရဲ့"

"ထင်အင်းရှန်တို့ကိစ္စလေ"

"သူတို့ ဘာဖြစ်လို့လဲ"

"ကျင်းစုမန်းက ထင်အင်းရှန်တို့လူစုကို တရားဘက်တော်



သား ခြံဝင်းထဲရောက်တဲ့အထိ လိုက်ပို့နိုင်ခဲ့ပါတယ်၊ ဒါပေမယ့် ထင်အင်းရှန်တို့လူစုဟာ တရားဘက်တော်သား ခြံဝင်းထဲရောက်သွားတာနဲ့ သေသွားကြတယ်တဲ့၊ ဘာအဆိပ်မှန်းလဲ မသိကြဘူးတဲ့၊ ကဲ-ကျွန်မ ပြောတဲ့ကိစ္စကို ရှင်သိပြီးပလား"

"ဟောဗျာ- ဘယ်လိုဖြစ်သွားကြရတာလဲ"

စင်လုံမှာ ခေါင်းကုတ်၍စဉ်းစားနေသည်။ ချစ်ချစ်က ဆက်၍ ပြောသည်။

"လီချန်ချင်းတို့ ထင်းယင်တို့ကတော့ ရှင့် လက်ချက်လို့ တထစ်ချမှတ်ထားကြတယ်၊ ရှင့်ကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲတဲ့၊ ရှင့်ကို မြေလှန်ရှာနေကြလေရဲ့"

စင်လုံမှာ မျက်မှောင်ကုတ်သွားတော့၏။

"ဟုတ်ကော- ဟုတ်ရဲ့လား ချစ်ချစ်ရယ်၊ ဒီသတင်းဟာ မသေချာရင် အားလုံး မကောင်းဖြစ်ကုန်မယ်"

"သြော်- ခက်နေပါပြီ၊ ဟုတ်သမှသိပ်ဟုတ်ပါသတဲ့ရှင်၊ ဘယ်လိုမှ မမှားနိုင်ကြောင်း ကျွန်မ အာမခံပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကိစ္စကို လီချန်ချင်းတို့ကိုယ်တိုင်က ကျွန်မကို ပြောပြလို့ ကျွန်မ သိရတာပါ၊ ဒီထက်နိုင်လုံတဲ့သတင်း ရှိပါဦးမလား"

စင်လုံက သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်သည်။

"အင်း- ဒါဟာ ကျုပ်အတွက် တော်တော်မကောင်းတဲ့ အချက်ပဲ၊ ကျုပ်ရဲ့ရန်သူတွေက ကျုပ်ကိုဘောင်ခတ်လိုက်တာပဲ၊ သူတို့ တွေဟာ တဖြည်းဖြည်းနဲ့ ထောင်ချောက်ထဲကိုမောင်းသွင်းကြလိမ့်မယ်၊ ကျုပ်ကို လှုပ်ရှားချင်တိုင်းလှုပ်ရှားလို့မရအောင် လုပ်လိုက်တဲ့သဘောပဲ"

စင်လုံသည် စဉ်းစဉ်းစားစားဖြင့်ဆက်ပြောသည်။

"ကျုပ် အခြေအနေကတော့ တကယ့်အကျဉ်းအကျပ် အခြေအနေပဲ၊ တော်တော့်ကို အခြေအနေဆိုးနေတယ်-

တစ်ဖက်က ရှင်ပျော်ပျော်မြို့စားကြီးနဲ့ ရင်ဆိုင်နေရတယ်၊ တစ်ဖက်ကျတော့လည်း ဝမ်းလင်းဝါးတို့ သားအမိနဲ့ရင်ဆိုင်နေရတယ်၊ ရှင်ပျော်ပျော်မြို့စားဘက်ကို ကြည့်စမ်းပါဦး၊ ဘယ်လောက် အင်အားတောင့်တင်းလိုက်သလဲလို့"

"ရှင် စိတ်မဆိုးနဲ့နော်၊ ကျွန်မ တစ်ခုအကြံပေးချင်တယ်၊ ရှင်ပျော်ပျော်မြို့စားကြီးကို ရှင့်ရန်သူစာရင်းထဲက ခေတ္တခဏဖယ်ထားလိုက်ပေါ့၊ ဝမ်းလင်းဝါးတို့သားအမိကို အရင်ရှင်းပစ်လိုက်ရင် မကောင်းဘူးလား၊ နောက်မှ ရှင်ပျော်ပျော်မြို့စားကြီးနဲ့စာရင်းရှင်းပေါ့"

"မင်းအကြံပေးသလို မဖြစ်နိုင်ပါဘူးလေ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဝမ်းလင်းဝါးတို့မှာ ဘာလက်နက်တွေ ရှိနေလို့လဲ"

"မဖြစ်နိုင်ပါဘူး ချစ်ချစ်ရယ်၊ ဝမ်းလင်းဝါးတို့ သားအမိကို ကျုပ် မဖြိုခွင်းနိုင်ပါဘူး"

ချစ်ချစ်က မဲ့ပြုံးပြုံးရင်းပြောလိုက်သည်။

"စင်လုံ- ရှင်ဟာလေ ဘာဖြစ်လို့ ဒီလောက်တောင် ကိုယ့်ကိုကိုယ် အထင်သေးနေရတာလဲ၊ ဒီလောက် အထင်သေးဖို့ကော လိုလို့လားရှင်၊ ရှင့်ရဲ့ သိုင်းပညာဟာ ဝမ်းလင်းဝါးထက် အများကြီးသာတယ်ဆိုတာ ကျွန်မသိပါတယ်၊ ရှင်က ဘာတွေကြောက်နေရတာလဲ"

စင်လုံက ခေါင်းတယမ်းယမ်းဖြင့်ရှင်းပြသည်။



"မဟုတ်သေးဘူး ချစ်ချစ်၊ မင်းတွေးနေတာက ကလေးတွေးပဲ၊ အခုလို တစ်ဖက်နဲ့တစ်ဖက် အပြတ်အသတ် အကြီးအကျယ်တိုက်ခိုက်နေတဲ့ပွဲမျိုးမှာ သိုင်းပညာတစ်ခုထဲနဲ့ မလုံလောက်တော့ဘူး၊ ငွေရေးကြေးရေးက စကားပြောလာတယ်၊ ငွေအင်အားလည်း တစ်ဖက်တစ်လမ်းကပြည့်စုံမှ သူတို့ကို အနိုင်တိုက်ခိုက်နိုင်မှာ"

စင်လုံသည် ခေါင်းကိုငုံ၍ မြေအောက်ခန်း၏ကြမ်းပြင်အား အဓိပ္ပါယ်မရှိ လက်နှင့်လျှောက်ခြစ်လိုက်သည်။

"ကျုပ်မှာငွေမရှိဘူးဆိုတာ မင်းလည်းသိသားပဲမဟုတ်လား"

ချစ်ချစ်၏မျက်လုံးကလေးများသည် တဖျပ်ဖျပ်နှင့် ဝင်းလက်တောက်ပလာသည်။

"အို- ဒါများ ပူနေတယ်ရှင်၊ ကျွန်မမှာ ငွေရှိတယ်ဆိုတာ ရှင်မေ့နေပြီထင်တယ်၊ ကျွန်မက သူဌေးကြီးကြူးရဲ့သမီး ကြူးချစ်ချစ်ပါရှင်၊ ရှင့်မှာ ငွေဘယ်လောက်လိုနေသလဲ"

"မမေ့ပါဘူးဗျာ မမေ့ပါဘူး၊ မင်းဟာ သန်းကြွယ်သူဌေးမလေးဆိုတာ ကျုပ်ကောင်းကောင်းကြီး သိပါတယ်၊ ဒါပေမယ့် မင်းချမ်းသာတာနဲ့ ကျုပ်နဲ့ ဘာဆိုင်တာမှတ်လို့"

"အို- ရှင်ဘယ်လိုပြောလိုက်တာလဲ၊ ဒီစကားမျိုး ကျွန်မ မကြားချင်ဘူး၊ ကျွန်မမှာရှိတာ ရှင့်မှာရှိတာနဲ့ အတူတူပဲပေါ့ရှင်"

"တော်စမ်းပါ၊ ဘယ့်နှယ် မင်းငွေက ကျုပ်ငွေဖြစ်ရမှာလဲ၊ မင်းရဲ့ငွေဟာ မင်းငွေပဲ၊ ဘယ်နည်းနဲ့မှ ကျုပ်ငွေမဖြစ်နိုင်ဘူး"

"ရှင်ကလဲနော် တော်တော့်ကိုပြောရခက်ပါလား၊ ရှင့်အဓိက ရည်ရွယ်ချက်အောင်မြင်ဖို့ကသာ အရေးကြီးဆုံးပါ၊ အဲဒီလို အောင်မြင်ဖို့

အရေးမှာ ငွေရေးကြေးရေးလို အသေးအဖွဲလေးတွေကို ဂရုစိုက်မနေစမ်းပါနဲ့၊ အဲဒါတွေ အရေးစိုက်နေရင်တော့ ရှင့်လုပ်ငန်းဟာ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်တော့ဘူး။ ကျွန်မပြောတာ စဉ်းစားပါရှင်"

စင်လုံသည် အတန်ကြာစဉ်းစားနေ၏။

"ကဲ- ထားပါတော့လေ၊ ဘယ်မှာလဲ မင်းငွေ၊ မင်းမှ ပါမလာပဲနဲ့ ဘယ်လိုလုပ်မလဲ၊ အဲဒီအချက်ကို မင်းမတွေးမိဘူးနဲ့တူတယ်၊ မင်းအဖေဆီပြန်ယူရမယ့်ကိစ္စကိုတော့ မစဉ်းစားနဲ့ချစ်ချစ် ဒီလောက်ဝေးလံတဲ့ခရီးကြီးကို ဘယ်လိုမှသွားယူလို့မဖြစ်နိုင်ဘူး။ နောက်ပြီး ကျုပ်တို့က အကျဉ်းသားတွေ"

ချစ်ချစ်က ကျေနပ်စွာပြုံးလိုက်သည်။

"ဟင်း- ဟင်း- ဟင်း ရှင်က အကြောင်းမှန်မသိသေးလို့ ဒီစကားမျိုးပြောတာပါလေ-

ဒီတော့ ကျွန်မကပြောပြရသေးတာပေါ့၊ ကျွန်မ ခဲအိုတစ်ယောက်က ကျွန်မဆီက ငွေချေးသွားခဲ့ဖူးတယ်ရှင့်-

ငွေချေးတုန်းက သူနဲ့ကျွန်မ နှစ်ဦးနှစ်ဖက် ကတိတစ်ခုထားခဲ့ကြတယ်-

အဲဒီ ငွေချေးတဲ့အတွက် ကျွန်မက လုံးဝအတိုးမယူဘူး။ ဒါပေမယ့် ကျွန်မက အဲဒီငွေလိုချင်လာရင်လည်း အချိန်မဆိုင်းဘဲ ချက်ချင်းပြန်ပေးရမယ်လို့ ကတိကဝတ်ထားခဲ့ကြတယ်ရှင့်"

"နေပါဦး မင်းခဲအိုက ဘယ်သူတုန်း"

"ဖန်ယန်းပါ"

စင်လုံက ပြုံး၍ပြောလိုက်သည်။



"ကျုပ် သိပါတယ်လေ- သံယပ်တောင် ဖန်ယန်းမဟုတ်ဘူးလား"

"အို- သူ့ကို ရှင်သိတယ်မဟုတ်လား"

"ဘယ့်နှယ် မသိရမှာလဲ- သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားတဲ့လူတိုင်းကို တခြားသိုင်းသမားတွေကသိကြတာပဲ၊ သူလည်း အကျော်အမော် ထိပ်သီးတစ်ယောက်ဆိုတော့ ဘယ်သူက မသိဘဲ ရှိပါ့မလဲ"

ချစ်ချစ်ကျေနပ်သွားသည်။

စင်လုံ၏ အကြားအမြင်ဗဟုသုတကို ယခင်ကတည်းက သံသယမရှိခဲ့၊

သူမ၏ခဲအိုကို စင်လုံကောင်းစွာသိလိမ့်မည်သာ။

"ကျွန်မခဲအိုက ကျွန်မကို အမှတ်အသားတစ်ခု ပေးထားတယ်ရှင့်"

"ဘာ အမှတ်အသားများလဲ ချစ်ချစ်ရဲ့"

"ငွေလဲလှယ်ခွင့် အမှတ်အသားလေ၊ အဲဒီအမှတ်အသားနဲ့ လှိုင်တဲ့ငွေကြေးလဲလှယ်ရေးဌာန(၃၇)ဌာနအနက်က ကြိုက်တဲ့ဌာနမှာ ငွေထုတ်ယူလို့ရတယ်ရှင့်"

စင်လုံ၏မျက်နှံမွေးတစ်စုံသည် နဖူးပေါ်သို့မြင့်တက်သွားလေတော့၏။

"ဟုတ်လား- မင်းတို့လုပ်ပုံကိုင်ပုံက ဘယ်ဆိုးလို့လဲ၊ အပေးအယူမျှတသားပဲ၊ ဒါနဲ့ မင်းရဲ့အမှတ်အသားကိုကော သေသေချာချာသိမ်းထားရဲ့လား။ အဲဒါမပျောက်စေနဲ့၊ ပျောက်သွားရင် စကားပြော

လို့ မကောင်းတော့ဘူး"

"အို- ဒါတော့မပူပါရင်၊ ကျွန်မ သေသေချာချာ သိမ်းထားပါ တယ်ရှင်"

စင်လုံက သူမအား သေချာစွာအကဲခတ်လိုက်သည်။

"နေပါဦး- ကျုပ်ပဲ အကဲခတ်ညံ့လို့လားမသိဘူး၊ အဲဒီ ငွေလဲလှယ်ခွင့်အမှတ်အသားနဲ့တူတဲ့အရာဆိုလို့ ဘာတစ်ခုမှ မင်း ကိုယ်ပေါ်မှာ မတွေ့မိပါလား"

ချစ်ချစ်သည် စင်လုံ၏နားနားသို့ တိုးကပ်လာသည်။

တိုးညင်းသောလေသံကလေးဖြင့် ပြောလိုက်သည်။

"ရှူး- သေသေချာချာနားထောင်၊ အကျယ်ကြီးမပြောနဲ့နော်၊ ကျွန်မနားထဲက ပုလဲနားကပ်တစ်စုံကိုတွေ့သလား"

စင်လုံက သေချာစွာကြည့်ရင်းခေါင်းညိတ်ပြ၏။

"အင်း- တွေ့တယ်၊ ဘာဖြစ်သလဲ"

"အဲဒီပုလဲနားကပ်တစ်စုံဟာ ငွေလဲလှယ်ခွင့်အမှတ်အသားပဲ၊ ပုလဲကတော့ တန်ဖိုးမရှိပါဘူး၊ တမင်တန်ဖိုးမရှိတဲ့ပုလဲကို နားကပ်လုပ် ထားတာပါ-

နားကပ်တစ်ဖက်စီမှာ ချစ်ဆိုတဲ့စာလုံးတစ်လုံးစီထွင်းထား တယ်၊ ဒီနားကပ်တစ်ရံထဲနဲ့ ရွှေခုနစ်ပိဿလဲလို့ရပါတယ်ရှင့်"

စင်လုံ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားပြီး ပါးစပ်အဟောင်း သား ဖြစ်သွားလေတော့၏။

ချစ်ချစ်တို့ ပြုလုပ်ထားသည့်အစီအစဉ်မှာ ထူးထွေတည့် အံ့ရာသော်ဖြစ်နေ၍ ဤမျှအံ့ဩသွားရခြင်းဖြစ်သည်။



သူမ၏နား၌ရှိသော ပုလဲနားကပ်သည် ရွှေစင်ခုနစ်ပိဿ တန်ဖိုးရှိသည့်ပုလဲနားကပ်ပေတကား။

ချစ်ချစ်သည် သူမ၏ ပုလဲနားကပ်ကိုချွတ်၍ စင်လုံ၏လက် ထဲသို့ထည့်ပေးလိုက်ပြီး-

သူမကမူ စင်လုံ၏ရင်ခွင်ထဲသို့သာ တိုးဝင်လိုက်တော့သည်။

သူမအဖို့ စင်လုံနှင့်ဆက်ဆံခဲ့သည့်သက်တမ်းတစ်လျှောက် လုံး ဤတစ်ကြိမ်သာ စိတ်အချမ်းသာဆုံးဖြစ်၏။

စင်လုံသည် သူမအား ယခုတစ်ကြိမ်သာ အပြေပြစ် အချော မွေ့ဆုံး စကားပြောခြင်းဖြစ်ပြီး-

ချစ်သူတို့သဘာဝအရလည်း-

ယခုတစ်ကြိမ်တွင်သာ အယုယဆုံးဖြစ်နေသည် မဟုတ် ပါလား။

ထို့ပြင် ထူးထူးခြားခြားပင် သူမပေးသည့်ရွှေခုနစ်ပိဿတန်ဖိုး ရှိသည့်ပုလဲနားကပ်ကို လက်ခံခဲ့ပေသည်။

✿

မည်မျှအချိန်ကြာသွားသည်မသိပေ။ စင်လုံ၏အော်သံကြောင့် ချစ်ချစ်မှာ လန့်ပင်လန့်သွားရ၏။

"ဗျို့ ရေပေးစမ်းပါ၊ ရေငတ်နေတယ်ဗျို့"

ချစ်ချစ်သည် စင်လုံ၏သဘောကို နားလည်လိုက်၏။ စင်လုံ တစ်စုံတစ်ခုကို ကြံစည်ပေတော့မည်။

ထို့ကြောင့်-

အခြေအနေတစ်ခုခုထူးခြားပါက သူမပါ အလွယ်တကူ ပါဝင်နိုင်အောင် တမင်ပြင်ထားလိုက်မိ၏။



မြေအောက်ခန်းအပေါ်မှ အပေါက်ကလေးတစ်ပေါက် ပွင့်သွားလေသည်။

စောစောက လူသန်ကြီး၏မျက်နှာပေါ်လာသည်။

"ဟေ့ကောင် ဘာတွေ အော်နေတာလဲ၊ အလကားနေရင်း မှည့်မှည့်လုပ်မနေစမ်းပါနဲ့"

"ကျုပ်တို့ရေငတ်လို့ပါ၊ ရေနည်းနည်းလောက် ပေးစမ်းပါ"

လူသန်ကြီးက ထိုစကားကိုကြားသောအခါ တဟားဟား ရယ်မောလေတော့သည်။

"ရေငတ်လို့ဟုတ်လား။ ဖြစ်ပါတယ်လေ၊ ငါတို့က အကျဉ်းသားတွေအပေါ် ရက်ရက်စက်စက် မလုပ်တတ်ပါဘူး။

စားစရာလိုရင်လည်း စားစရာပေးမယ်၊ သောက်စရာလိုရင်လည်း သောက်စရာပေးမယ်-

ဒါပေမယ့် ခြွင်းချက်ကလေးတွေတော့ ရှိတာပေါ့ကွာ၊ မင်းလိုချင်တဲ့ရေတော့ရမယ်၊

ဒါပေမယ့် လူသောက်တဲ့ရေတော့ မရဘူး။ ဝက်သောက်တဲ့ရေတော့ရမယ်၊ ဘယ့်နှယ်လဲ"

စင်လုံက စိတ်မဆိုးပါ။ စိတ်မဆိုးသည့်အပြင် ပြုံးပင်ပြုံးနေလိုက်သေးသည်။

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ကိစ္စမရှိပါဘူး။ သောက်လို့ရရင် ပြီးတာပဲ"

" အေး- ဘာပြောပြော မင်းလိုအကျဉ်းသားမျိုးကို ငါက

သဘောကျတယ်၊ အရိုးများသလေး ချေးခါးသလေးလုပ်နေတဲ့ အကျင့်၊ သားမျိုးကိုတော့ ငါမုန်းတယ်ကွ"

မကြာမီပင် ဝါးလုံးရှည်တစ်လုံး အောက်သို့ဖြည်းဖြည်းချင်း ကျလာသည်။

ထိုဝါးလုံးထိပ်တွင် ရေပုံးကလေးတစ်ပုံးပါရှိလာ၏။ စင်လုံသည် ထိုဝါးလုံးကို ရုတ်တရက် ဆောင့်၍ဆွဲချလိုက်သည်။

"ဝုန်း--"

လူသန်ကြီးမှာ ဤသို့ပြုလုပ်လိမ့်မည်ဟု လုံးဝမျှော်လင့်ခြင်း မရှိခဲ့ရာ အားလွန်၍ အောက်သို့ကျလာလေတော့သည်။ စင်လုံက လျင်မြန်စွာခုန်ထွက်သွားပြီး လူသန်ကြီး၏သွေးကြောများကို ပိတ်လိုက်တော့သည်။

ချစ်ချစ်၏ဝမ်းသာမှုကား ဆိုဖွယ်ရာမရှိတော့ချေ။

သူမ မျှော်လင့်ခဲ့သည့်အတိုင်း စင်လုံက ကြံနိုင်ဖန်နိုင်သည် မဟုတ်ပါလော။

စင်လုံသည် ဝါးလုံးကိုထောက်၍ အပေါ်သို့လွှားခနဲ ခုန်တက်သွားသည်။

လွန်စွာလျင်မြန်ဖျတ်လတ်လှသဖြင့် ချစ်ချစ်၏မျက်လုံးများ၌ အထင်ကြီးလေးစားမှုများနှင့် တဖျပ်ဖျပ်တောက်ပနေသည်။

သူမကမူ စင်လုံကဲ့သို့ မတက်နိုင်သဖြင့် ဝါးလုံးကိုတွယ်၍ တက်ရသည်။

သူတို့နှစ်ယောက်စလုံး အပေါ်သို့ရောက်သောအခါ ရောက်ရှိနေသည့်နေရာသည် အခန်းငယ်ကလေးတစ်ခုသာဖြစ်ကြောင်း တွေ့ကြ



ရသည်။

မြေအောက်ခန်း၏အထက်တွင်ရှိသော အခန်းငယ်ကလေး ဖြစ်၏။

လူသန်ကြီးနေထိုင်သည့် အခန်းပင်ဖြစ်ရပေမည်။

သူတို့သည် အခန်းတံခါးကလေးကို ဖွင့်လိုက်၏။

အပြင်ဘက် တွင် စင်္ကြံ၏လမ်းချိုးကိုတွေ့လိုက်ရသောအခါ နှစ်ယောက်စလုံး အထူးသတိထားလိုက်ကြ၏။ အသံတစ်သံက ထို လမ်းချိုးမှထွက်ပေါ်လာသည်။

"ဟေ့ ခင်ဗျားက သူ့ကို စင်လုံနဲ့ ဘာဖြစ်လို့အတူတူထား လိုက်ရတာလဲ"

ချစ်ချစ်၏အကြောများ တောင့်တင်းသွားလေတော့၏။ ဤ အသံကား ကျင်းပုဟန်၏အသံသာတည်း။

"ဘယ့်နှယ် မထားလို့ဖြစ်မလဲ၊ မြေအောက်ခန်းက ဒီမှာ တစ်ခုထဲရှိတာ၊ ဒီမှာမထားရင် ဘယ်မှာသွားထားမလဲ"

ထိုအသံက ရှုးရှုပြတ်သား၏။

လေသံကို ခန့်မှန်းခြင်းအားဖြင့်-

ထိုအသံရှင်သည် ချစ်ချစ်အား မြို့စားကတော်အဖြစ်လက်ခံ၊ မခံ လာရောက်မေးမြန်းသည့် ခေါင်းစွပ်နက်စွပ်ထားသည့် လူဖြစ်ရမည်ဟု ယူဆလိုက်သည်။

ထိုအသံများကိုကြားသောအခါ စင်လုံသည် လုံးဝရှေ့သို့ မတိုးတော့ဘဲ အသာအယာနောက်ဆုတ်လာသည်။ ရှေ့သို့ဆက်သွား ပါက ထိုလူများနှင့်ရင်ဆိုင်တိုးမိမည်ကိုစိုးရိမ်ရသဖြင့် နောက်ဆုတ်လာ

ခြင်းသာဖြစ်သည်။

ထိုစဉ် သူတို့နောက်မှ အသံတစ်သံကြားလိုက်ရပြန်သည်။

"ငါတို့ မြေအောက်ခန်းကို သွားကြည့်ကြမယ်"

ဤကား ထင်းယင်၏အသံတည်း။

စင်လုံမှာ အခက်ကြုံသွားတော့သည်။ ရှေ့တိုးလည်းအခက်၊ နောက်ဆုတ်လည်းအခက်ဖြစ်နေသည်။

ရန်သူများသည် ရှေ့ရော နောက်ရောပါ ရောက်ရှိနေကြသည် မဟုတ်ပါလော။

ဤနေရာ၌ ဇွဲဝေနေ၍မဖြစ်။

စင်လုံသည် အံကိုတင်းတင်းကြိတ်၍ ချစ်ချစ်၏လက်ကို ဆွဲကာ ပြေးထွက်သွားလေတော့သည်။

"ဟာ- စင်လုံ- စင်လုံ ဟိုမှာ စင်လုံ"

ချစ်ချစ်သည် အော်လိုက်သည့်အသံရှင်ကို ကောင်းစွာသိလိုက်ပါသည်။ ကျင်းပုဟန်သာဖြစ်ပါသည်။

ထိုအသံနှင့် ဆက်တိုက်လိုလို ထွက်ပေါ်လာသည့်အသံမှာ ထင်းယင်၏အော်သံဖြစ်ပါသည်။

"ဟုတ်တယ်ဟေ့ ဟုတ်တယ်- စင်လုံ စင်လုံ မြန်မြန်လိုက်"

ထင်းယင်၏အသံမှာ ဒရောသောပါးနိုင်လှ၏။

စင်လုံသည် ပြေးရင်းမှ မျက်လုံးကစားလိုက်သည်။ သူတို့၏ ရှေ့ဘက်၌ အခန်းတစ်ခုကိုတွေ့လိုက်ရသည်နှင့် သူ၏မျက်လုံးများသည် တောက်ပသွားတော့၏။



စင်လုံသည် ချစ်ချစ်၏လက်ကိုတင်းကျပ်စွာဆွဲ၍ ထိုအခန်းတံခါးကို ရုတ်ခြည်း တွန်းဖွင့်ဝင်ကာ တံခါးပြန်ပိတ်လိုက်တော့၏။ ရန်သူများ မမြင်လိုက်လျှင် ကောင်းလေစွ။

ချစ်ချစ်သည် အခန်းတွင်းမှနားစွင့်နေမိသည်။

ခြေသံများနှင့်အော်သံများ ဆူညံစွာဖြတ်ကျော်သွားသည်ကို ကြားလိုက်ရသောအခါ ချစ်ချစ်မှာ သက်မကြီးချမိတော့သည်။

ထို့ကြောင့် အခန်းတံခါးအား ဖြည်းညှင်းစွာ ဖွင့်လိုက်လေသည်။

ထိုအခါ ချစ်ချစ်၏မျက်လုံးအစုံမှာ ဝိုင်းဝိုင်းလည်သွားတော့၏။

အဘယ်ကြောင့်ပါနည်း။

အခန်း၏အပြင်ဘက်တွင် ကျင်းပုဟန်၊ ထင်းယင်နှင့် ခေါင်းစွပ်နက်စွပ်ထားသူတို့က ပြုံး၍မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

စင်လုံက အခန်းတံခါးကို ဝုန်းခနဲ ပြန်ပိတ်လိုက်၏။

စင်လုံ၏စိုးရိမ်ပူပန်မှုမှာ အချည်းအနှီးသာဖြစ်တော့သည်။

ကျင်းပုဟန်၊ ထင်းယင်နှင့်ခေါင်းစွပ်နက်တို့က အတင်းတိုးဖောက်ဝင်ရောက်ခြင်းမပြုဘဲ-

အခန်းတံခါးကိုသာ သော့ခလောက်ဖြင့် ခတ်လိုက်သည့် အသံကို အတွင်းမှကြားလိုက်ကြရလေသည်။

ထို့နောက် ထိုသူအားလုံး ရယ်ရယ်မောမောနှင့်ထွက်ခွါသွားကြသည့်အသံကို ချစ်ချစ်ကြားလိုက်ရသဖြင့် မယုံနိုင်လောက်အောင် ဖြစ်သွားမိတော့သည်။

စင်လုံသည် သူ၏နှုတ်ခမ်းကို လက်ညှိုးတစ်ချောင်းနှင့် ပိတ်ပြီး စကားမပြောရန် အချက်ပေးလိုက်သည်။

ပိတ်ထားသောတံခါးကို သူဖွင့်မည်ဖြစ်ကြောင်း လက်ဟန်ခြေဟန်နှင့် ပြလိုက်သည်။ ချစ်ချစ်က နားလည်သဘောပေါက်ကြောင်း ခေါင်းညိတ်ပြ၏။

စင်လုံက သူ၏လက်ဝါးအတွင်းသို့ အတွင်းအားထည့်ကာ ဝုန်းခနဲရိုက်ချလိုက်သည်။ တံခါးက တုတ်တုတ်မျှမလှုပ်။

အဘယ်မှာလျှင် လှုပ်မည်နည်း။

သာမန် သစ်သားတံခါးမျိုးမဟုတ်။ သံမဏိဖြင့် ပြုလုပ်ထားသည့် တံခါးဖြစ်လေသည်တကား။

စင်လုံမှာ မျက်မှောင်ကုတ်သွားလေသည်။

"ခုကွတော့ ရောက်ကုန်ပြီ၊ ဒီသံမဏိတံခါးကို ချိုးဖျက်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

ချစ်ချစ်လည်း စိတ်ညစ်သွားတော့၏။

သို့သော်-

သူမ ကြာရည် စိတ်ညစ်နေသည်မဟုတ်ပါချေ။

သူမ၏ချစ်သူ စင်လုံရှိနေသည်မဟုတ်ပါလား။

စင်လုံနှင့်အတူ သွားရမည်ဆိုလျှင် ငရဲသို့လည်း သွားရဲသည်။ ငရဲ၌လည်းနေရဲသည်။ ချစ်ချစ်က သူမ၏ဦးခေါင်းကလေးကို မော့လိုက်ကာ-

"ဘာပဲဖြစ်ဖြစ် ကျွန်မတော့ဝမ်းမနည်းဘူး၊ ဒီမှာ ရှင်နဲ့အတူတူ သေရတာကိုတောင် ကျွန်မ ဝမ်းသာမိသေးတယ်၊ အတူတူတွဲပြီး



သေရတော့ နောင်ဘဝမှာ တူတူပြန်ဆုံကြမှာပေါ့၊ မဟုတ်ဘူးလား"

"အို- မဟုတ်တာချစ်ချစ်ရယ်၊ ဘာဖြစ်လို့သေရမှာလဲ၊ မသေရဘူး၊ မင်းအသက်ငယ်ငယ်လေးရှိသေးတယ်၊ ရေ့လျှောက် လူလုပ်ဖို့ အများကြီးရှိသေးတယ်၊ ဒီလောက်လဲ အားလျှော့ဖို့မလိုသေးပါဘူး"

ချစ်ချစ်က စင်လုံအား မည်သည့်စကားမျှမပြောဘဲ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ အခန်းထဲရှိ ခုတင်ပေါ်သို့ ထုချလိုက်တော့သည်။

"ဝုန်း--"

ခုတင်တစ်ခုလုံး တုန်ခါသွားလေတော့သည်။

ချစ်ချစ်သည် သူမ၏လက်ဝါးကိုကြည့်လျက် အံ့ဩ ဝမ်းသာမှု ပြောလိုက်သည်။

"ဟာ- ကျွန်မရဲ့ ခွန်အားတွေပြန်ပြည့်လာပြီ၊ ဒါဆို တော်ရုံတန်ရုံရန်သူကို ကြောက်ဖို့မလိုတော့ဘူး- ကျွန်မကိုယ်ကျွန်မ ကောင်းကောင်းခုခံနိုင်ပြီရှင့်"

"မင်းရဲ့ ခွန်အားတွေ ပြည့်လာတော့လည်း ဘာလုပ်ရတော့မှာလဲ၊ ကျုပ်တို့မှာ ဘယ်ရန်သူမှမရှိတော့ဘူး၊ ဒီသံမဏိတံခါးပဲ ရှိနေတာ၊ ဒီတံခါးကြီးကို မင်းဖြိုနိုင်ပါ့မလား၊ ထွေထွေထူးထူး သိပ်ကျေနပ်စရာမရှိတော့ပါဘူးလေ"

ချစ်ချစ်က မျက်မှောင်ကုတ်ရင်းမေးလိုက်သည်။

"ဒါတွေ မစဉ်းစားရင်နေ၊ ကျွန်မနဲ့အတူတူ တွေ့ရတာကို ရှင် ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာပါတယ်ကွာ၊ ဒါပေမယ့်-"

ချစ်ချစ်သည် စင်လုံအား သိုင်းဖက်လိုက်သည်။

"ကဲပါ- ကျွန်မတို့နှစ်ယောက် ကံဆုံလို့ပြန်ကြုံခိုက်ကလေး မှာ စိတ်ပျက်စရာစကားတွေမပြောပါနဲ့တော့ရှင်- ကျွန်မလည်း မကြား ချင်ဘူး"

စင်လုံက သူမ၏ဆံပင်များကို ပွတ်သပ်ပေးရင်း နဖူးကို ငုံ့နမ်းလိုက်သည်။

ထိုမှတစ်ဆင့် ပါးပြင်-

ပါးပြင်မှနှုတ်ခမ်းများ ထိလုထိခင် ဖြစ်သွားသည်နှင့် ရုတ် တရက် ဆတ်ခနဲဖြစ်သွားကာ စင်လုံအား တွန်းဖယ်ပစ်လိုက်လေသည်။

စင်လုံမှာ ဤသို့ဖြစ်လိမ့်မည်ဟု လုံးဝမျှော်လင့်မထားချေ ဤသို့ ရုတ်တရက် အတွန်းခံလိုက်ရသောအခါ မြေပြင်ပေါ်သို့ဖင်ထိုင် လျက် လဲကျသွားလေတော့သည်။

စင်လုံက ချစ်ချစ်အား အံ့သြပြူးကြောင်သော မျက်လုံးမျ ဖြင့် ကြည့်လိုက်ပြီး-

"မင်း- ရူးနေသလား။ ဘယ့်နယ်လုပ်လိုက်တာလဲ"

ချစ်ချစ်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်လည်ကြ လိုက်ပြီး-

နောက်ဆုံးခုတင်ပေါ်ရှိ ဝွမ်းကပ်ကို ကောက်ယူလိုက် သူမရှေ့၌ အကာအကွယ်ပြုထားလိုက်လေသည်။

သူမက စကားများများမပြော။

ပြောလိုက်သည့်စကားမှာလည်း ထူးဆန်းလှသည်။ စင်



ပါးစပ်အဟောင်းသားဖြစ်သွားရတော့၏။

"ရှင်- စင်လုံမဟုတ်ဘူး"

စင်လုံ၏မျက်လုံးများသည် ပို၍ပြူးကျယ်သွားတော့၏။

"မင်း ဘာတွေလျှောက်ပြောနေတာလဲ"

ချစ်ချစ်၏တစ်ကိုယ်လုံးမှာ ဆတ်ဆတ်တုန်နေသည်။

ဒေါသထွက်နေသည်လား

ကြောက်လန့်နေသည်လား-

ဒေါသနှင့် အကြောက်တရားတို့ကို တပြိုင်နက်ရောထွေး ခံစားနေရသည်လား မဆိုနိုင်ပေ။

"ရှင်- လူယုတ်မာ၊ တကယ့်လူယုတ်မာ- ရှင်ဟာ စင်လုံ အစစ် မဟုတ်ဘူး။ စင်လုံလို ဟန်ဆောင်နေတာ၊ ပုံမှားရိုက်ပြီး ကျွန်မ ကို စော်ကားမလို့ပေါ့လေ- အတော့်ကို ယုတ်မာတဲ့လူ"

စင်လုံက ရယ်မောလိုက်သည်။

"သေချာလှချည့်လားချစ်ချစ်ရဲ့ ကျုပ်က စင်လုံမဟုတ်ဘူး ဆိုရင် ဘယ်သူလဲ"

"ဟင်း- ရှင်က လူကိုလိမ့်ချင်လို့ ဘယ်ရမလဲ၊ ရှင်ဟာ လူ ယုတ်မာ ဝမ်းလင်းဝါးဆိုတာ ကျွန်မကောင်းကောင်းကြီးသိတယ်ရှင့်"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

"တော်တော်လဲ ပြောရခက်ပါလားချစ်ချစ်ရယ်၊ သေသေ ချာ ချာ ကြည့်စမ်းပါဦး။ စင်လုံကို ဝမ်းလင်းဝါးလို့ ပြောလိုပြောနဲ့၊ စင်လုံမှ စင်လုံအစစ်ပါ"

ချစ်ချစ်က ခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

"ရှင် ဆက်မပြောနဲ့၊ ရှင့်စကားကြားရတာ အင်မတန် နားခါးတယ်၊ ရှင်ဟာ စင်လုံအစစ်မဟုတ်ဘူးလို့ ကျွန်မပြောနေတယ်၊ အဓိပ္ပါယ်မရှိဘဲနဲ့ စင်လုံ- စင်လုံလို့ ပြောမနေစမ်းပါနဲ့"

"ဟား ဟား- ဟား- ကျုပ် စင်လုံမဟုတ်ဘူးဆိုတာ မင်း ဘယ်လိုလုပ် သိသလဲ၊ ကျုပ်တော့ဖြင့် အံ့ရော- အံ့ရော"

"ဒါလား သိပ်သိတာပေါ့၊ ရှင့်လို လူယုတ်မာမျိုးကတော့ တကယ့်ကိုရှားပါတယ်၊ ကျွန်မရဲ့ငွေတွေကိုလည်း လိမ်သေးတယ်၊ ကျွန်မကိုလည်း အိုင်ကြံချင်သေးတယ်၊ ဘယ်လောက် ယုတ်မာလိုက်သလဲ၊ ရှင့်လိုလူမျိုးကတော့ ဒီလောကမှာ မရှိတော့ဘူး"

စင်လုံသည်ရယ်ကာမောကာဖြင့် သူ၏မျက်နှာဖုံးကိုခက်ခက်ခဲခဲ ခွါချလိုက်ရာ ဝမ်းလင်းဝါး၏မျက်နှာ ပေါ်လာလေတော့၏။ သူက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်လေသည်။

"မင်းက ကျုပ်ကို စင်လုံလို့တစ်ချိန်လုံး အသိအမှတ်ပြုနေတာပဲ၊ စင်လုံလို့ အသိအမှတ်ပြုလို့သာ မင်းရဲ့နားကပ်တွေ ဘာတွေ ချွတ်ပေးတာပေါ့၊ မဟုတ်ဘူးလား"

"ဟင်း- ရှင်က စင်လုံအစစ်မှ မဟုတ်ဘဲ၊ ခဏကလေးသာ ကျွန်မကို လိမ်လို့ရမယ်၊ ကြာရှည်လိမ်လို့ ဘယ်ရမလဲ၊ ကျွန်မက ဒီလောက် မထူ မအ သေးပါဘူး။ အမှန်တရားကို ကြာရှည်လိမ်လို့ ဘယ်ရမလဲ၊ အယောင်ဆောင်တဲ့လူဟာ နောက်ဆုံး သူ့ဘီလူးရုပ် ပြပေါ်ရတာပဲ"

ဝမ်းလင်းဝါးက လက်ခုပ်လက်ဝါးတီးလျက် တဟားဟား ရယ်မောရင်း မေးလိုက်သည်။



"မင်းကိုတော့ တကယ့်ကိုချီးကျူးပါတယ်ကွာ- ကျုပ်ကတော့ ကျုပ်ကိုယ်ကျုပ် ဟုတ်လှပြီအောင်းမေ့နေတာ၊ ခုတော့ ဘယ်မှာ ဟုတ်တော့လို့လဲ၊ ကဲ- ပြောစမ်းပါဦး။ ကျုပ် စင်လုံမဟုတ်ဘူးလို့ ဘယ်လို သိလိုက်တာလဲ"

"ဒါကို ရှင်သိပ်သိချင်လား။ သိချင်ရင် ပြောပြမယ် စိတ်ချ၊ ကျွန်မကလည်း သိပ်ပြောချင်တာ၊ စင်လုံမှာ မပြောင်းလဲတဲ့အချက် သုံးချက်ရှိတယ်ရှင့်၊ အဲဒီသုံးချက်ဟာ ဘယ်တုန်းကမှ မပြောင်းလဲခဲ့ဘူး၊ အခုလဲ မပြောင်းလဲဘူး၊ နောင်လဲ ပြောင်းလဲမှာမဟုတ်ဘူး"

"ဆိုစမ်းပါဦး- ဘာတွေများလဲ"

"ဟင်း- ရှင်က ဒီအချက်တွေသိရင် ဒီအချက်တွေနဲ့ သရုပ်ပါပါ ဟန်ဆောင်ဦးမယ်ပေါ့၊ စိတ်ချ- ရှင်ဘယ်တော့မှ သူနဲ့မတူပါဘူး၊ ရှင်က လူယုတ်မာပဲလေ"

"မင်းကတော့ စင်လုံအကြောင်း စဖွဲ့တဲ့နေရာမှာ ကဗျာတင်လောက်ပါပေတယ်"

"ဖွဲ့ရမယ်ရှင့်၊ ဖွဲ့ရမယ်၊ စင်လုံဟာ ဘယ်လောက်ပဲ ဆိုးရွားတဲ့ အခြေနေရောက်ရောက် ဘယ်တော့မှ စိတ်ပျက်တဲ့စကားမပြောဘူးရှင့်"

"ဟုတ်ပြီ ဒါကတစ်ချက်ပေါ့"

"ဟုတ်တယ်၊ နောက်ပြီး သူ့မျက်နှာဟာ အမြဲတမ်းပြုံးနေတယ်၊ အားငယ်တဲ့လူကို အပြုံးနဲ့အားပေးတယ်၊ စိမ်းနေတဲ့လူကို အပြုံးနဲ့ရင်နှီးအောင်လုပ်တယ်၊ သောကရောက်နေတဲ့လူကို အပြုံးနဲ့ ရွှင်လန်းစေတယ်"

“ဟုတ်ပြီ ဒါလည်း တစ်ချက်ဆိုပါတော့”

“နောက်တစ်ချက်ကတော့ တော်ရုံတန်ရုံယောကျ်ားတွေ တု လို့မရတဲ့ ယောကျ်ားပီပီသသနဲ့ ရင့်ကျက်တဲ့အပြုအမူပဲရှင့်၊ ရှင့်လို အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစား လူယုတ်မာမျိုး မဟုတ် ဘူး။ ကျွန်မကိုချစ်တဲ့နေရာမှာလဲ အင်မတန်စည်းကမ်းရှိတဲ့လူရှင့်”

ဝမ်းလင်းဝါးက ရှုံ့မဲ့ရင်းမှတ်ချက်ချလိုက်သည်။

“ဩ- မင်းက ဒီအချက်တွေနဲ့ ကျုပ် စင်လုံမဟုတ်ဘူးဆို တာ သိသွားတာကိုး။ အေး- ဘယ်လိုပဲသိသိ၊ ခုချိန်မှာ မင်းအနေနဲ့ ကျုပ် လက်ခုပ်ထဲကရေဖြစ်နေပြီ၊ မှောက်လိုမှောက်၊ သွန်လိုသွန် လုပ် နိုင်ပြီ၊ ကျုပ်လက်ထဲက ဘယ်လိုမှပြေးမလွတ်နိုင်တော့ဘူး”

ဝမ်းလင်းဝါးမှာ ချစ်ချစ်၏ အပြုအမူကြောင့် အနည်းငယ် အံ့ဩသွားသည်။

ချစ်ချစ်သည် သူပြောသည့်စကားများကို လုံးဝစိတ်ဝင်စား ဟန်မပြချေ။

သူ၏မျက်လုံးများကိုသာ စူးစူးစိုက်စိုက် ကြည့်နေကြောင်း တွေ့ရသည်။

ထို့ပြင် သူမ၏နှုတ်မှ မှတ်ချက်ချသံထွက်ပေါ်လာသည်။

“အင်း- ဟုတ်ပါတယ်၊ ဒီမျက်လုံးတွေပါပဲ”

ဝမ်းလင်းဝါးမှာ ချစ်ချစ်၏မှတ်ချက်ကို မည်သို့မျှနားမလည် နိုင်ချေ။

ထို့ကြောင့် မျက်မှောင်ကုတ်ရင်းမေးလိုက်သည်။

“မင်းဘာတွေ လျှောက်ပြောနေတာလဲ”



ချစ်ချစ်၏အသံမှာ တဖြည်းဖြည်းတုန်ယင်အက်ကွဲလာသည်။

“ခုနက ဝံကြောင်ကလေးကို ချောက်ကမ်းပါးထဲ ဆွဲချလိုက် တာ ရှင်ပဲ၊ ရှင်ရုပ်ဖျက်ပြီး ဆွဲချလိုက်တာမဟုတ်လား-

ရှင်ဘယ်လောက်ပဲရုပ်ဖျက်ဖျက် ဒီမျက်နှာကို ကျွန်မသေသေ ချာချာ မှတ်မိတယ်၊ ရှင် တော်တော်ရက်စက်တဲ့လူ- လူမဟုတ်ဘူး- ကိလူးသာသက်ပဲ၊ လူ့အသည်းနှလုံး လုံးဝမရှိတဲ့လူ”

“ဟဲ- ဟဲ- ဟဲ ဒါကတော့ မင်း ပြောချင်သလိုပြောပေါ့၊ ကျုပ်က တားပိုင်ခွင့်မရှိပါဘူး။ ဝံကြောင်ကလေးကို ဆွဲချလိုက်တာလဲ ကျုပ်ပဲ၊ ဘယ်သူ့ရုပ်ရည်ကိုမဆို ကျုပ်တစ်ခါပဲမြင်လိုက်ပါစေ၊ အဲဒီ ရုပ်နဲ့တူအောင် ကျုပ်က ရုပ်ပြောင်းရုပ်လွှဲလုပ်နိုင်တယ်၊ ဟဲ- ဟဲ- ဟဲ ဒီနေရာကျတော့ ကျုပ်က စင်လုံထက်မတော်ပေဘူးလား”

“ရှင် လူယုတ်မာ- ရှင်တော်တာက ယုတ်မာတဲ့နေရာမှာ တော်တာ၊ မွန်မြတ်တဲ့နေရာမှာ၊ သူတစ်ပါးကို ကူညီကယ်တင်တဲ့ နေရာမှာ တော်တာမှမဟုတ်တာ-

ဝံကြောင်ကလေးဟာ ရှင်နဲ့လည်း အတော်ရင်းနှီးတဲ့ မိတ်ဆွေ မဟုတ်လား။ ကျွန်မကိုစောင့်ရှောက်ဖို့လိုက်လာတဲ့သူ့ကို ရှင်က ဘာဖြစ် လို့ ခုလိုကြံရတာလဲ”

ဝမ်းလင်းဝါးက တဟားဟားအော်ရယ်လိုက်လေသည်။

“ဒါတွေထားလိုက်စမ်းပါ၊ တကယ့်အကြောင်းကို မင်း သဘော မပေါက်သေးဘူးနဲ့တူတယ်”

“ဘာကို သဘောပေါက်ရမှာလဲ”

“မင်းဟာ သန်းကြွယ်သူဌေးသမီးတစ်ယောက်ဆိုတာ ဖမ့်

နေပြီနဲ့တူတယ်-

နောက်ပြီး တော်တော်ကိုချောတဲ့ မိန်းကလေးတစ်ယောက်လည်း ဖြစ်နေသေးတယ်၊ ဒီလောက်စွယ်စုံဖြစ်နေတဲ့မင်းကို ကျုပ် ပိုင်ဆိုင်လိုက်ပြီဆိုရင်-

ဒီလောကကြီးထဲမှာ ကျုပ်လောက် ပွပေါက်တိုးတဲ့လူရှိပါဦးမလား။ အင်မတန်ချောမောလှပတဲ့ ဇနီးမယားတစ်ယောက်ရရုံတင်မကဘူး။ ဒီတိုင်းပြည်ထဲမှာ အချမ်းသာဆုံး လူတစ်ယောက်လည်း ဖြစ်သွားဦးမယ်၊ ဘယ့်နယ်လဲ မနိပ်ဘူးလား"

ချစ်ချစ်မှာဒေါသထွက်လွန်းသဖြင့် အသားများ တဆတ်ဆတ်တုန်လာသည်။

"လူယုတ်မာ ကမ်းကုန်အောင်ယုတ်မာတဲ့လူ၊ ရှင့်လို လူယုတ်မာမျိုးကို၊ တစ်သက်လုံးမယူဘူး။ ကိုယ့်ကိုကိုယ် သတ်သေမယ်"

"ဟား- ဟား- ဟား မင်း တကယ်သေရဲသလားဆိုတာကြည့်ရသေးတာပေါ့၊ အပြောကြီးတဲ့လူတွေဟာ နောက်ဆုံး အမျှားရှုံးသွားကြတာချည်းပဲ၊ အခုအချိန်မှာတော့ ဘာပဲပြောပြော မင်းဟာကျုပ်ရဲ့ လက်ခုပ်ထဲကရေပဲ"

ဝမ်းလင်းဝါးသည် တစ်လုမ်းချင်းတိုးလာလေတော့၏။

ချစ်ချစ်အနေဖြင့် ဤမျှကျဉ်းမြောင်းလှသော အခန်းတွင်းနှိ နောက်ဆုတ်စရာ နေရာမရှိနိုင်ပေ။ ချစ်ချစ်တစ်ယောက် ကျောပြင်နှင့် နံရံကပ်နေသည်ကို ကြည့်ရင်း ဝမ်းလင်းဝါးတစ်ယောက် ကျေနပ်အားရစွာ ရယ်မောနေလေတော့သည်။

သူမအနီးသို့ ရောက်ရှိလာသော ဝမ်းလင်းဝါးအား ရှိသမျှခွန်



အားသုံး၍ တစ်ချက်လွှတ်တိုက်ခိုက်လိုက်သည်။

သို့သော် သိုင်းပညာအဆင့်ချင်း အလွန်ကွာခြားလှရကား ချစ်ချစ်၏လက်နှစ်ဘက်အား ဝမ်းလင်းဝါးက အသာကလေး ဖမ်းဆွဲလိုက်သည်။

"ဟား- ဟား- ဟား- ဟား"

ဝမ်းလင်းဝါး၏ရယ်သံမှာ အခန်းကျဉ်းလေးအတွင်း ပွက်ပွက်ညံနေတော့သည်။

"မင်း ဘယ်ပြေးမလဲ ချစ်ချစ်ရယ်"

ဝမ်းလင်းဝါးက ကျေနပ်နစ်သိမ့်စွာ ပြောနေခိုက် ချစ်ချစ်လက်အား ကုန်း၍ကိုက်လိုက်လေတော့သည်။

"အား--"

ဝမ်းလင်းဝါးသည် နာကျင်လွန်းသဖြင့် ချစ်ချစ်၏လက်အားလွှတ်လိုက်မိသည်။

ဝမ်းလင်းဝါးသည် တစ်ဆက်တည်းဆိုသလို ချစ်ချစ်၏ပါးပြင်ကို ရိုက်ချလိုက်လေတော့သည်။

ချစ်ချစ်မှာ "ဝုန်း"ခနဲလွင့်စဉ်ထွက်သွားပြီး ခုတင်တိုင်နှင့် ဆောင့်မိကာ သတိလစ်သွားလေသည်။

ဝမ်းလင်းဝါး၏ရိုက်ချက် မည်မျှပြင်းထန်သည်ကို ချစ်ချစ်တစ်ယောက် ကိုယ်တွေ့သိရှိသွားလေပြီတည်း။

ချစ်ချစ်သည် သူမ၏မျက်လုံးများကို လေးပင်စွာဖွင့်ကြည့်လိုက်မိသည်။

စင်လုံ၏ ပြုံးနေသောမျက်နှာကြီးကို ဖြုန်းခနဲတွေ့လိုက်ရသောအခါ ရုတ်ခနဲထထိုင်လိုက်ပြီး စင်လုံ၏ပါးကို အားကုန်လွှဲရိုက်လိုက်လေသည်။

"ဖြန်း"

"လူယုတ်မာ သေပေတော့"

စင်လုံမှာ မည်သို့မျှမရှောင်နိုင်ဘဲ ဖင်ထိုင်လျက် လဲကျသွားရလေတော့၏။

ချစ်ချစ်သည် ခုတင်ပေါ်မှခုန်ထလျက် စင်လုံအား ပြင်းထန်လှသော လက်သီးဖြင့်ထိုးလိုက်လေသည်။

သို့သော် သူမ၏လက်သီးမှာ စင်လုံ၏မျက်နှာပေါ်သို့ မကျရောက်လိုက်ပါချေ။ လေထဲ၌တန်းလန်းကြီး ဖြစ်သွားရပါသည်။

အဘယ့်ကြောင့်ဆိုသော်-

လူနှစ်ယောက်တို့သည် ရိပ်ခနဲလှုပ်ရှားလာကြပြီး ချစ်ချစ်၏လက်များကို လေထဲ၌ ဖမ်းဆီးချုပ်ကိုင်လိုက်ကြသောကြောင့် ဖြစ်



သည်။

ချစ်ချစ်သည် ဒေါသတကြီးရန်းသည်။

"ဖယ်စမ်း။ ရှင်တို့ လူယုတ်မာတွေ၊ လူယုတ်မာအချင်းချင်း ပေါင်းပင်းကူညီနေကြတာပေါ့ဟုတ်လား။ လွှတ်- လွှတ်စမ်း။ ဒီလူယုတ်မာကို မဆုံးမရရင် မကျေနပ်ဘူး"

ထိုလူနှစ်ယောက်၏ လက်ချောင်းများသည် သံမဏိသံညှပ်များပမာနိုင်မြဲလှသဖြင့် အလန့်တကြားလှည့်ကြည့်လိုက်မိသည်။

ထိုအခါ ချစ်ချစ်၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ် သွားရလေတော့သည်။

အကြောင်းမှာ သူမ၏လက်များအား တစ်ယောက်တစ်ဘက်ဆွဲထားကြသူများမှာ ကျင်းစုမန်းနှင့်ဝံကြောင်ကလေးတို့ဖြစ်နေကြသောကြောင့်တည်း။

သို့သော်-

သူမ၏စိတ်ထဲတွင် အသိတစ်ခု လင်းခနဲလက်ခနဲပေါ်လာသည်။ ကျင်းစုမန်းသည် လီချန်ချင်းတို့ ကျင်းပုဟန်တို့၏ ငါးယောက်တစ်ယောက်တိုက်ပွဲတွင်-

သေသလော

ဒဏ်ရာရသလော မဆိုနိုင်။

ထိုအချိန်မှစ၍ သူ့ကိုမတွေ့ခဲ့ရတော့။

ဝံကြောင်ကလေးသည်လည်း ဝမ်းလင်းဝါး၏ကောက်ကျစ်ယုတ်မာမှုကြောင့် ချောက်ကမ်းပါးပေါ်မှကျ၍ အသက်ဆုံးပါးခဲ့ရပြီ။

ယခုတွေ့ရသည့် ကျင်းစုမန်းနှင့်ဝံကြောင်ကလေးတို့မှာ သေ

ရှာမှ ထလာကြသူများပေလော-

မဖြစ်နိုင်ပေ။

ဤလူနှစ်ယောက်သည် ဝမ်းလင်းဝါး၏ဘက်တော်သားများသာ ဖြစ်ရပေလိမ့်မည်။

ဝမ်းလင်းဝါးကဲ့သို့သော ရုပ်ပြောင်းရုပ်လွှဲ အထူးကျွမ်းကျင်သည့် ပါရဂူတစ်ဦးအဖို့ သူလူနှစ်ယောက်ကို ကျင်းစုမန်းနှင့်ဝံကြောင်ကလေးတို့၏ရုပ်ရည်များအဖြစ်ပြောင်းလဲရန် ခက်ခဲလိမ့်မည်မဟုတ်ချေ။

ထို့ကြောင့် သူတို့ဖမ်းဆွဲထားသည့်လက်ကို အတင်းရုန်းကန်နေခြင်းဖြစ်တော့သည်။

"လွှတ်စမ်းပါ။ ရှင်တို့ လူယုတ်မာတွေ၊ ရှင်တို့ ဘယ်သူတွေလဲ---"

ဝံကြောင်ကလေးက အံ့အားသင့်စွာပြောလိုက်သည်။

"ချစ်ချစ်၊ ခင်ဗျားရူးနေသလား။ ကျုပ်တို့ကိုတောင် မမှတ်မိတော့ဘူးလား။ ဘယ်လိုဖြစ်ရတာလဲ"

ချစ်ချစ်က မဲ့ရွဲ့ပြောလိုက်သည်။

"ရှင်တို့အားလုံး အတုတွေ ချစ်ချစ် ခဏခဏ အလိမ်ခံရလွန်းလို့ ပါးလုပ်နေပြီ၊ အခုတစ်ခါတော့ အလိမ်မခံနိုင်တော့ဘူး"

သူမကပြောရင်း ရုန်းကန်နေသည်။ ကျင်းစုမန်းကမျက်မှောင်ကုတ်ရင်း ညည်းညူလိုက်လေသည်။

"ချစ်ချစ် ကျုပ်တို့ကို သေသေချာချာကြည့်စမ်းပါဦး။ ကြည့်ပြီးမှ အစစ်အတုပြောပေါ့၊ ကျုပ်တို့က အစစ်တွေပါ။ မိန်းကလေးတော့ ခက်နေပါပြီ"



ဝံကြောင်ကလေးသည် မသက်မသာ သက်ပြင်းရှည်ကြီးချလိုက်သည်။

"အင်း- ချစ်ချစ်ကြည့်ရတာ သိပ်မဟုတ်ဘူးဗျို့ ကယောင်ကတမ်းဖြစ်နေပုံရတယ်၊ ကိုကြီးစင်လုံကိုတောင် ထပြီးပါးရိုက်ပစ်တယ်ဆိုတော့ နည်းနည်းပါးပါး စိတ်မမှန်တာမဟုတ်ဘူး။ တော်တော့်ကို စိတ်မမှန်တာ ဖြစ်ရမယ်"

ချစ်ချစ်သည် ထိုစကားကိုကြားလိုက်ရသောအခါ သူတို့အား သေချာစွာ အကဲခတ်ကြည့်လိုက်လေသည်။

ကျင်းစုမန်း၏ အေးတိအေးစက် အမူအရာများနှင့် တည်ငြိမ်လွန်းသောမျက်လုံးများကို ဘယ်သူက အတုခိုးနိုင်လိမ့်မည်နည်း။

ဝံကြောင်ကလေး၏ ပွင့်လင်းသောဟန်နှင့် တက်တက်ကြွကြွရှိသောအမူအရာတို့ကို မည်သူက အတုခိုးနိုင်လိမ့်မည်နည်း။

ဤသူများသည် ဝမ်းလင်းဝါး ဖန်ဆင်းထားသည့်အတုများ မဖြစ်နိုင်။ ကျင်းစုမန်းအစစ်နှင့် ဝံကြောင်ကလေးအစစ်တို့သာ ဖြစ်ရပေလိမ့်မည်။

တဖန် စင်လုံကိုလှမ်းကြည့်လိုက်မိသည်။ စင်လုံသည် သူမပါးရိုက်လိုက်သဖြင့် ဖင်ထိုင်ကျသွားသည့်နေရာ၌ပင် ထိုင်လျက်ရှိနေသည်။ စင်လုံ၏အသိကြွယ်သော မျက်လုံးများနှင့် ပြုံးယောင်သမ်းနေသောမျက်နှာထားသည် ချစ်ချစ်အဖို့ တစ်သက်မဟုတ်၊ ဆယ်သက်မမေ့နိုင်သောအရာများဖြစ်၏။

ထို့ပြင် စင်လုံမှာ ပြင်းထန်စွာ ပါးရိုက်ခံလိုက်ရသော်လည်း မည်သို့မျှ နာကျင်ခံပြင်းပုံမပေါ်။

နားလည်စာနာသော အကြည့်ဖြင့်သာ အေးဆေးစွာထိုင်ကြည့်လျက်ရှိနေသည်။

စကားတစ်လုံးမျှမဆိုသော်လည်း သူ၏ နားလည်ခွင့်လွှတ်နိုင်မှုကို ချစ်ချစ်၏ရင်ထဲမှ သိနားလည်လိုက်ပြီးဖြစ်ပါ၏။

အရူး၏အသည်းနှလုံးသည် သူ၏ပါးစပ်တွင်ရှိ၍ ပညာရှိ ပါးစပ်သည် သူ၏အသည်းနှလုံးတွင်ရှိသည် မဟုတ်ပါလား။

အသေးအဖွဲ့ကိစ္စကလေးများအတွက် စင်လုံက ရေကြီးခွင်ကျယ်လုပ်၍ပြောနေမည် မဟုတ်ချေတကား။

"စင်လုံ- ရှင်ဟာ တကယ့်စင်လုံပါနော်၊ ကျွန်မ အိပ်မက်များ မက်နေသလားရှင်"

ဝံကြောင်ကလေးက-

"ဘယ်ကလာ အိပ်မက်မက်ရမှာလဲ၊ ဒါက တကယ်ဖြစ်နေတာဗျ၊ ခင်ဗျားလုပ်လိုက်ရင် အရမ်းချည်းပဲ"

ကျင်းစုမန်းနှင့်ဝံကြောင်ကလေးတို့က ချစ်ချစ်အား လွှတ်ပေးလိုက်ကြသည်။ ချစ်ချစ်သည် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ထိုင်လိုက်ရင်း-

"စင်လုံ- ကျွန်မကို ခွင့်လွှတ်ပါရှင်၊ ဟိုလူယုတ်မာကြောင့် ကျွန်မလည်း အမှန်ကိုအမှားထင်၊ အမှားကိုအမှန်ထင်နဲ့ စိတ်တွေလည်း ကယောင်ချောက်ချားဖြစ်ကုန်ပါပြီ"

ချစ်ချစ်သည် ပြောရင်း ဝမ်းနည်းပက်လက် ငိုကြွေးမိလေတော့သည်။

ကျင်းစုမန်းနှင့်ဝံကြောင်ကလေးတို့သည် မည်သည့်စကားမျှ



ဝင်မပြောဘဲ သူမအား ကရုဏာသက်စွာကြည့်နေကြ၏။

ဟုတ်ပေလိမ့်မည်။

ဝမ်းလင်းဝါးကြောင့် သူမမှာ အတော်ကလေး စိတ်သောကရောက်ခဲ့ရရှာပေလိမ့်မည်။

စင်လုံက ထိုင်ရာမှထ၍ ချစ်ချစ်၏ပခုံးနှစ်ဖက်အား အသာအယာ ဆုပ်ကိုင်လိုက်၏။

"မငိုပါနဲ့တော့ကွယ်၊ မင်းခံစားနေရတဲ့ဒုက္ခတွေက လွတ်ကင်းသွားပါပြီ၊ ကျုပ်တို့ နည်းနည်းလေး အလာနောက်ကျသွားလို့ မင်း ဒီလောက် ဒုက္ခရောက်သွားခဲ့ရတာပါ၊ တိတ်ပါတော့ကွယ်၊ တိတ်ပါတော့"

ချစ်ချစ်သည် ပါးပြင်ပေါ်သို့မျက်ရည်စများဖြင့် စင်လုံအားမော့ကြည့်လိုက်သည်။

"ရှင်လေ- ကျွန်မအပေါ် သိပ်ကောင်းတာပဲနော်၊ ကျွန်မကတော့ ဘာကလေးတစ်ခုဖြစ်ဖြစ် ရှင့်ကို အရင်ဆုံး အပြစ်တင်တာပဲ၊ ရှင်ကတော့ ကျွန်မကို ဘယ်တော့မှအပြစ်မတင်ဘူး၊ ကျွန်မမိုက်မိတာပါ စင်လုံရယ်၊ နောက် ဒီလိုမဖြစ်စေရတော့ပါဘူး"

သူမသည် ပြောရင်း မျက်ရည်များ စီးသွယ်ကျဆင်းလာလေတော့၏။

စင်လုံက ပြုံး၍ပြောလိုက်သည်။

"ကဲ- ကဲ- မငိုပါနဲ့တော့၊ တော်ကြာ ဝံကြောင်ကလေးက မင်းကိုရယ်နေဦးမယ်"

ချစ်ချစ်သည် စိတ်လွတ်ကိုယ်လွတ်၊ ပြောနေ၊ ငိုနေမိသည်များကို ရှက်မိသွားလေတော့၏။

ထိုစဉ် ဖြူဖွေးနူးညံ့သောလက်ကလေးက သူမ၏ရှေ့သို့ ရေနွေးကြမ်းတစ်ခွက်လာချပေးသည်။

ချစ်ချစ်သည် ဆတ်ခနဲမော့ကြည့်လိုက်သောအခါ ဝေဝေ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ညည်းကိုး- "

"ဟုတ်ပါတယ်- ကျွန်မပါ မမ"

"ညည်းလဲ လိုက်လာတယ်ဟုတ်လား"

"ဟုတ်- ဟုတ်ကဲ့- ကျွန်မ ကျွန်မလိုက်ခဲ့တာပါ"

ချစ်ချစ်မျက်နှာမှာ ကောင်းစွာမကြည်သာတော့။

မှုန်မှိုင်းလာချေပြီ။

"စင်လုံက သူသွားတဲ့နေရာတိုင်း ညည်းကို ဒီလိုပဲခေါ်သွားတာပဲလား"

ဝေဝေသည် အဖြေမပေးဘဲ ခေါင်းကလေးငုံ့ထားလိုက်တော့သည်။ ချစ်ချစ်က ဒေါသဖြင့်အော်သည်။

"ပြောလေ- ဘာဖြစ်လို့ စကားမပြောတာလဲ"

"ကျွန်မ- ကျွန်မ- "

ထိုစဉ် စင်လုံကဝေဝေအား အမိန့်ပေးလိုက်၏။

"ဝေဝေ--မင်းအပြင်ဘက်ကိုသွား။ ငါစောင့်ခိုင်းထားတဲ့ လူတွေကို သေသေချာချာစောင့်ကြည့်၊ သူတို့ တစ်ခုခုလှုပ်ရှားမယ်ဆိုရင် ငါတို့ကို အသံပေးလိုက်"

"ဟုတ်- ဟုတ်ကဲ့-"

ဝေဝေသည် ချစ်ချစ်အားဦးညွှတ်အရိုအသေပေးပြီး အခန်း



ထဲမှ ထွက်သွားလေတော့၏။

ချစ်ချစ်က မဲ့ပြုံးပြုံးလိုက်ပြီး--

"အောင်မယ်- ဝေဝေတဲ့၊ ရှင်တို့က တော်တော့်ကိုရင်းနှီးနေကြတာပါကလား"

စင်လုံက သက်ပြင်းချမိသည်။

"သူမှာ အားကိုးအားထားမရှိဘူး ချစ်ချစ်၊ တစ်ကောင်ကြွက်ဖြစ်နေတဲ့မိန်းကလေးကို ငါတို့က စောင့်ရှောက်မထားရင် ဘယ်သူက စောင့်ရှောက်မှာလဲ၊ ဖျက်ဆီးမယ့်လူတွေက တစ်ပုံကြီးပဲ"

"ဩော်--သူ့ကိုတော့စောင့်ရှောက်ရမယ်၊ ကျွန်မကိုတော့ ဒီအတိုင်းပစ်ထားမယ်၊ တော်တော် တရားတယ်"

"မင်းနဲ့သူနဲ့က အခြေအနေချင်းမှမတူဘဲကွယ်၊ မင်းက သူ့ထက် အစစအရာရာသာပါတယ်"

"ရှင်က အမြဲတမ်း သူ့ဘက်ကနေပြီး ကာကွယ်ပြောတာချည်းပဲ၊ သူ့ကိုပဲဂရုစိုက်တယ်၊ ဒီလိုဆိုရင်လဲ ကျွန်မကိုဘာဖြစ်လို့ လာကယ်ရသေးသလဲ၊ ဒီအတိုင်းပဲ ပစ်ထားလိုက်ပါတော့လား"

ချစ်ချစ်၏မျက်လုံးအစုံမှ မျက်ရည်များစီးကျလာတော့၏။ စင်လုံမှာ ချစ်ချစ်၏အသိခေါက်ခက် အဝင်နက်သော စိတ်ဓာတ်ကို သက်ပြင်းချမိတော့၏။

"အေးလေ- ကျုပ်မှားပါတယ်လေ"

စင်လုံ၏ စိတ်ပျက်လက်ပျက် စကားသံကြောင့် ချစ်ချစ်က စိတ်မကောင်းဖြစ်သွားပြန်သည်။

"ရှင်မမှားဘူး၊ ကျွန်မမှားတာပါလေ၊ ကျွန်မကိုယ်ကျွန်မ သိ

တယ်၊ ကျွန်မ သိပ်သဝန်ကြောင်တယ်၊ ဒါပေမယ့် ကျွန်မလည်း မတတ်နိုင်ဘူးရှင်ရယ်-"

ဝံကြောင်ကလေးက တီးတိုးလေသံဖြင့်---

"ခင်ဗျားကသာ သူ့ကြောင့် စိတ်သောကရောက်ရတာမဟုတ်ဘူး။ သူကလည်း ခင်ဗျားအတွက် စိတ်သောကရောက်နေရတာဗျ"

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

"ကျုပ်က ဘာတွေပြောရမှာလဲ၊ အမှန်တွေ ပြောနေတာပေါ့၊ သူဟာ ခင်ဗျားအတွက်စိတ်ပူလွန်းလို့ ခုလို အသက်စွန့်ပြီး လာကယ်တာပေါ့၊ ဒါကို ခင်ဗျားနားမလည်ဘူး"

"အို- ဟုတ်ပါရဲ့ရှင်"

ချစ်ချစ်သည် ကျင်းစုမန်းကိုပါ ကြည့်၍ပြောလိုက်သည်။

"ရှင်တို့နှစ်ယောက်ကတော့ ကျွန်မကို အတော်ပဲဂရုစိုက်ကြတယ်နော်၊ ဒြော်- ဒါထက် ရှင်ကို ရန်သူလက်ထဲက ဘယ်လိုလွတ်မြောက်လာခဲ့ကြရတာလဲ"

ကျင်းစုမန်းထံမှ အေးတိအေးစက်လေသံထွက်ပေါ်လာသည်။

"သိပ်တော့ ထွေထွေထူးထူး မရှိလှပါဘူး။ မင်းထွက်သွားပြီးတဲ့နောက် ကျုပ် သူတို့လေးယောက်နဲ့ သဲကြီးမဲကြီး တိုက်ကြတာပဲ၊ ကြာရှည်ဆိုရင်တော့ ကျုပ်အဖို့ မလွယ်ဘူးပေါ့၊ ဒါပေမယ့် စင်လုံက အချိန်မီရောက်လာပြီး ကျုပ်ကို ကယ်တင်ထွက်ပြေးလာခဲ့ကြတာပဲ"

"နောက်ကော---"

"ဒါပါပဲ"

"ဟင်- ရှင့် အဖြစ်ကလည်း ဒါလေးပဲလား"



စင်လုံကပြုံးရင်း ကြားဖြတ်ပြောလိုက်သည်။

"သူ့စကားက တိုပေမယ့် အရေးကြီးတဲ့ အချက်အလက်အားလုံးပါသွားပြီမဟုတ်လား ချစ်ချစ်ရဲ့ မင်းက ဘာတွေထပ်သိချင်နေသေးလို့လဲ"

"ထားပါတော့လေ၊ ဝံကြောင်ကလေးကကော ဘယ်လိုလုပ်ပြီး အသက်ရှင်လာတာလဲ၊ ဒီလောက်နက်တဲ့ချောက်ထဲကျတော့ သေပြီလို့ ကျွန်မက ထင်နေတာ"

"ကျုပ် ချောက်ကမ်းပါးဘေးမှာ ပေါက်နေတဲ့ သစ်ကိုင်းတစ်ကိုင်းဆွဲထားတုန်း ဝမ်းလင်းဝါးက ကျုပ်ကိုခဲနဲ့ပစ်ချလိုက်တာ ခင်ဗျားတွေ့တယ်မဟုတ်လား-

ဒီခဲက ကျုပ်ကိုမထိပါဘူး။ ဒါပေမယ့် ထိသွားတဲ့ပုံစံမျိုး စူးစူးဝါးဝါးအော်လိုက်ရတယ်၊ ဒါမှ နောက်ထပ် မပစ်မှာကိုးဗျ၊ နောက်တော့ စင်လုံနဲ့ကျင်းစုမန်းတို့ ရောက်လာကြတာပဲ"

ထိုစဉ် စင်လုံက ဖြည့်စွက်ရှင်းပြသည်။

"တို့တတွေ မင်းကိုလိုက်ရှာရင်း ဒီတောင်ပေါ်ကိုရောက်လာတာပါပဲ၊ ဒါပေမယ့် မင်းကို ဘယ်လိုမှရှာမတွေ့နိုင်ဘဲ ဖြစ်နေရတယ်၊ ဝေဝေပါလာတာ မင်းအတွက်ကံကောင်းသွားတာပဲ"

"သူက ကျွန်မအတွက် ဘာများလုပ်ပေးနိုင်လို့လဲ"

"တို့တတွေ ယောကျာ်းကြီးသုံးယောက်က ဒီသော့ခတ်ထားတဲ့ တံခါးကို လုံးဝသတိမပြုမိကြဘူး။ ဒီအထဲမှာလည်း ရှိမယ်မှမထင်မိတာကိုး၊ ဝေဝေက ဒီသော့ကိုအတင်းဖွင့်ခိုင်းလို့ မင်းကိုတွေ့ကြရတာ"

ချစ်ချစ်မှာ ခေါင်းငုံ့သွားလေတော့၏။

ချစ်ချစ်က မပွင့်တပွင့်မေးလိုက်သည်။

“ဟိုလူယုတ်မာကော လွတ်သွားသလား”

ကျင်းစုမန်းက ဖြေသည်။

“သူပြေးလို့ ဘယ်လွတ်မလဲ၊ ကျုပ်တို့က သုံးယောက်တောင်ပဲဥစ္စာ”

ဝံကြောင်ကလေးက ဆက်၍ရှင်းပြသည်။

“ဝမ်းလင်းဝါးက ကျုပ်တို့ရောက်လာတော့ အသာတကြည်ပဲ အဖမ်းခံပါတယ်”

စင်လုံက ပြုံး၍-

“သူက အဲဒီလို အသာတကြည်နဲ့အဖမ်းခံတော့ ကျုပ်လည်း သိပ်အားနာသွားမိတယ်၊ နောက်ပြီး ကျင်းပုဟန်နဲ့ အတူတူထားပြီး စစ်မေးတော့လည်း ကောင်းကောင်းမွန်မွန်ပဲ ဖြေတယ်”

ချစ်ချစ်က မျက်နှာတစ်ပြင်လုံး တွက်တွက်ရဲလာတော့သည်။

“ဒါဖြင့် ကျွန်မကသူ့ကို ရှင်အောက်မေ့ပြီး ဆက်ဆံခဲ့တာတွေကိုပါ သူပြောပြမှာပေါ့”

“ပြောပြတာပေါ့”

ချစ်ချစ်သည် ပြောရင်းဒေါသထွက်လာသည်။

“ဒီလူယုတ်မာတွေ ကြိုးနဲ့တုပ်မထားဘူးလား”

“ဟင့်အင်း- မတုပ်ပါဘူး။ လီချန်ချင်း ဆရာတော်ထင်းဖန်နဲ့ ကျင်းပုဟန်တို့ဟာ သိုင်းလောကမှာကျော်ကြားထင်ရှားတဲ့ပုဂ္ဂိုလ်တွေပဲ သူတို့ကို သူခိုးဓားပြတွေလို ကြိုးနဲ့တုပ်လို့ဘယ်သင့်တော်ပါ့မလဲ”

“လူယုတ်မာဝမ်းလင်းဝါးကိုတော့ တုပ်ထားခဲ့တယ်ပေါ့”

“ဟင့်အင်း- အသာတကြည်အဖမ်းခံထားတဲ့လူကို ဘယ်နယ်



တုပ်ထားလို့ ဖြစ်ပါ့မလဲ”

“ဟင်- ရှင်တို့ဟာက ဘယ်လိုလဲ၊ တယ်လည်း လူကြီးလူကောင်းဆန်နေကြပါလား။ ဒီလူတွေဟာ သိုင်းလောကမှာ ကျော်ကြားတာမှန်ပေမယ့် လူယုတ်မာတွေရှင့်၊ လူယုတ်မာတွေ၊ သွေးကြောတွေတာတွေကော မပိတ်ဘူးလား”

“ဟင့်အင်း မပိတ်ဘူး”

“ကောင်းရော- ဟုတ်တယ်၊ သူတို့က ရှင်တို့ပြန်အလာကို သဘောထားကြီးမားစွာနဲ့စောင့်နေပါလိမ့်မယ်၊ ရှင်တို့လူတွေကို ပြန်ကြည့်စမ်းပါဦး။ ဖင်နေရာမှ ကျန်ရစ်ခဲ့သလားဆိုတာ”

“ဒီအတွက် မပူပါနဲ့လေ၊ ကျင်းစုမန်းဆီက အကြောအခြင်အားပျော့ဆေးတောင်းပြီး သူတို့ကိုတိုက်ထားပါတယ်”

ချစ်ချစ်မှာ စိတ်အေးသွားသည်။

အဘယ်ကြောင့်ဆိုသော်-

ကျင်းစုမန်း၏ဆေးစွမ်းကို သူမကိုယ်တိုင် ကောင်းစွာခံစားသိရှိရသည် မဟုတ်ပါလော။

ထိုစဉ် အပြင်ဘက်မှ ဂူးဂူးဝါးဝါးအော်လိုက်သည့် ဝေဝေ၏ အသံကိုကြားလိုက်ရသည်။ လူအားလုံး အသံကြားရာသို့ တဟုန်ထိုး ပြေးလွှားသွားကြလေတော့၏။

လီချွန်ချင်း၊ ထင်းယင်၊ ဆရာတော်ထင်းဖန်း၊ ကျင်းပုဟာ နှင့် ရေခဲမျက်နှာတို့အားလုံးသည် ကုလားထိုင်ပေါ်တွင် အင်အားချည့် စွာထိုင်လျက်ရှိနေကြ၏။ ထူးခြားချက် မည်သို့မျှမရှိ။

ထူးခြားချက်ရှိနေသည်မှာ ဝမ်းလင်းဝါးဖြစ်၏။

ဝေဝေ၏လည်ကုပ်ကိုဆွဲကိုင်ထားပြီး ထွက်ပြေးရန် ဟန်ပြ နေသည်။

သူသည် စင့်လုံအားပြုံးပြလိုက်၏။

မင်းတို့ ဘာတတ်နိုင်သေးသလဲ

ဟူသည့်အပြုံးမျိုး။

"ခင်ဗျားတို့ ပြောချင်တဲ့စကားတွေ ပြောပြီးကြပြီလား"

ဝံကြောင်ကလေးက---

"ဟေ့ကောင် ဝမ်းလင်းဝါး- သူ့ကိုလွှတ်လိုက်စမ်း"

"ဟား- ဟား- ဟား- သူ့ကို လွှတ်လိုက်လို့ ဘယ်ဖြစ်ပါ့မ သူက ကျုပ်ရဲ့ဓားစာခံပဲ၊ ခင်ဗျားတို့အားလုံး တစ်ယောက်မှ ရှေ့ မလာကြနဲ့၊ တိုးလာရင်တော့ ဒီမိန်းကလေးကိုသတ်ပစ်ရမှာပဲ"

"သူ့ကို လွှတ်လိုက်ပါ"



စင်လုံ၏ အေးဆေးသောအသံသည် ငြိမ်သက်တည်ကြည်စွာ ထွက်ပေါ်လာသည်။

"ဟား- ဟား- ဟား- ခင်ဗျားက မဖြစ်နိုင်တဲ့အလုပ်ကို ကျုပ်ကိုနိုင်းတာကိုးဗျ၊ သူ့ကိုလွှတ်လိုက်မှတော့ ကျုပ်က ဘယ်ပြေးလို့ လွတ်နိုင်တော့မှာလဲ"

စင်လုံ၏မျက်နှာ၌ တည်ကြည်လေးနက်မှုများ ပေါ်လာသည်။

"ခင်ဗျား သူ့ကိုလွှတ်လိုက်ပါ၊ ခင်ဗျားနောက်ကို ကျုပ်တို့ မလိုက်ပါဘူး"

"ခင်ဗျား တကယ်ပြောနေတာလား"

"ကျုပ်ပြောပြီးတဲ့ကတိစကားကို ဘယ်တော့မှ ကျုပ် မဖျက် တတ်ဘူး၊ ဒါပေမယ့် ခင်ဗျားယုံချင်မှယုံပါ"

ဝမ်းလင်းဝါးက အားရကျေနပ်စွာရယ်မောလိုက်၏။

"ကောင်းပြီ၊ ခင်ဗျားရဲ့ ကတိကိုယုံတယ်"

သူသည် ဝေဝေအားကြည့်၍-

"အမှန်ပြောရရင်တော့ မင်းကို ငါကမလွှတ်ချင်ဘူး၊ ဒါပေမယ့် တစ်နေ့တော့ မင်းကို ငါပြန်တွေ့ရဦးမှာပါလေ"

သူသည် ပြောပြောဆိုဆိုဖြင့် ဝေဝေ၏ပါးကို ရွှတ်ခနဲ နမ်းလိုက်ပြီး ထိုနေရာမှ လျင်မြန်သွက်လက်စွာ ထွက်ခွာသွားလေ တော့၏။

ဝေဝေကမူ မြေပေါ်၌ခြေပစ်လက်ပစ်ထိုင်ရင်း ဝမ်းနည်းစွာ ငိုကြွေးနေတော့သည်။ ချစ်ချစ်ကမူ "တောက်" တစ်ချက်ခေါက်လိုက် သည်။

"ဒီလူယုတ်မာလွတ်သွားတာ၊ သိပ်ဆိုးတာပဲ၊ တခြားလူတွေကို လျှောက်ပြီးဒုက္ခပေးဦးမှာ သေချာတယ်၊ သူတို့ဟာ လောင်မီးလိုပဲ ကျတဲ့နေရာ ရောက်တဲ့နေရာအားလုံး လျှောက်လောင်တာပဲ"

စင်လုံက ပြုံးလိုက်၏။

"မပူပါနဲ့ချစ်ချစ်ရယ်- ဒီကမ္ဘာမြေဟာ ကျဉ်းကျဉ်းလေးပါ။ သူကလည်း သူ့ကိုယ်သူ အထင်ကြီးနေတဲ့လူဆိုတော့ ဒီပတ်ဝန်းကျင်ကနေ သိပ်ခွာသွားမယ့်လူမျိုး မဟုတ်ပါဘူး။ ဒီတော့ သူ့ကို ကျုပ်တို့ နောက်တစ်ခါဖမ်းမိဖို့ သိပ်မခက်လှပါဘူး"

"အင်းလေ- မြန်မြန်ဖမ်းမိပါစေလို့ ဆုတောင်းရတာပဲ၊ အများသတ္တဝါတွေအတွက်ပဲပေါ့လေ"

ချစ်ချစ်သည် စကားဆုံးသည်နှင့် "ဟိုက်" ခနဲ ဖြစ်သွားတော့၏။

လူအားလုံးက ချစ်ချစ်အား အထိတ်တလန့် ဝိုင်းကြည့်ကြသည်။

"ဒုက္ခပဲ- ကျွန်မ ကျွန်မ နားကပ်သူ့ကိုပေးလိုက်မိပြီ"

စင်လုံက သူမ၏စကားကို နားမလည်ချေ။ ထို့ကြောင့် အသေအချာပြန်မေးလိုက်၏။

"ဘာနားကပ်လဲကွယ့်"

"ဒီနားကပ်က ငွေလဲလှယ်ခွင့် အမှတ်အသားနားကပ်လေ၊ သူက ရှင့်မျက်နှာနဲ့ရုပ်ပြောင်းလာတော့ ကျွန်မလည်း ရှင်ပဲအောက်မေ့ပြီး အဲဒီနားကပ် သူ့လက်ထဲထည့်ပေးလိုက်မိတယ်၊ သူဒီနားကပ်နဲ့ ရွှေခုနစ်ပိဿာတောင် ထုတ်သွားနိုင်မှာ"



သူမသည် စကားဆုံးသွားသည်နှင့် ဝမ်းလင်းဝါးနောက်သို့ ပြေးလိုက်လေတော့၏။

သို့သော်-

စင်လုံက သူမ၏လက်ကို ရုတ်တရက်ဖမ်းဆွဲလိုက်သဖြင့် သူမကနားမလည်နိုင်သလို ပြန်ကြည့်လိုက်၏။

"ရှင် သူ့လက်ထဲကို ရွှေခုနစ်ပိဿာစလုံး ထည့်ပေးလိုက်တော့မလို့လား"

"မလိုက်ပါနဲ့ချစ်ချစ်—သူ့နောက်ကို မလိုက်ပါဘူးလို့ ကတိပေးလိုက်တာ မင်းလည်း အကြားပဲ၊ ကတိဖျက်ပြီးလိုက်လို့ ဘယ်ဖြစ်မလဲ၊ သင့်လည်း မသင့်တော်ဘူး"

ချစ်ချစ်သည် ဝေဝေအား မကျေမနပ်ဖြင့်ကြည့်လိုက်သည်။

"ညည်းကြောင့် သူလွတ်သွားတာ၊ လွတ်သွားရုံတင်မကသေးဘူး။ ငါ့နားကပ်ပါ ပါသွားပြီ"

စင်လုံက အေးချမ်းစွာဝင်ပြောသည်။

"သူ့ကို အပြစ်တင်မနေပါနဲ့တော့၊ ဖြစ်ရမယ့်ကိစ္စဟာ ဖြစ်ကိုဖြစ်ရမှာပဲ၊ စောစောကဆို သူ့အသက်တောင် သေနိုင်တဲ့အခြေအနေပါ။ သူသေမှာ မင်းကြည့်ရက်သလား"

ချစ်ချစ်သည် လုံးဝမကျေနပ်ပါ။

သို့သော်-

ရေငုံနှုတ်ပိတ် နေလိုက်တော့သည်။

ကျင်းစုမန်းက ဝေဝေအား လိုရင်းအချက်ကိုမေးလိုက်သည်။

"သူ ဘာဖြစ်လို့ ချက်ချင်း လူကောင်းဖြစ်သွားရတာလဲ"

ဝေဝေမှာ ခေါင်းမဖော်ရဲအောင်ဖြစ်နေရှာတော့၏။

"ကျွန်- ကျွန်မ အပြစ်ပါ"

"မင်းကို အပြစ်မတင်ပါဘူး။ ဘယ်လို ဖြစ်သလဲ၊ အဲဒါကို ပြောပါ"

"သူက ညည်းညူနေတော့ ကျွန်မက မနေနိုင်တာနဲ့ သူ့ကို မေးပါတယ်၊ သူငယ်ငယ်ကတည်းက ဗိုက်နာရောဂါရှိပါသတဲ့-

အခု အဲဒီရောဂါပြန်ထနေလို့ အတော်ကလေး အခံရခက် နေပါတယ်တဲ့-

ဒါနဲ့ ကျွန်မက သူ့ကို ဘာလုပ်ပေးရမလဲလို့မေးတော့ သူ့ အိတ်ထဲမှာ ဗိုက်နာပျောက်ဆေးဗူးတစ်ဗူးရှိတယ်၊ အဲဒီ ဆေးဗူးကို ထုတ်ပေးပါလို့ အကူအညီတောင်းတာနဲ့-"

ချစ်ချစ်က သည်းမခံနိုင်တော့ဘဲဝင်ပြောလိုက်သည်။

"ဒါနဲ့ ညည်းက အဲဒီဆေးဗူးကိုနှိုက်ပေးလိုက်တယ်ဆိုပါတော့"

"ဟုတ်ပါတယ်- ကျွန်မက သူခံစားနေရတဲ့ဒုက္ခကို သနား တာနဲ့ ဆေးဗူးနှိုက်ပေးလိုက်မိပါတယ်၊ သူက ဆေးသောက်ပြီးတာနဲ့ တစ်ခါထဲထခုန်တော့တာပဲ"

ကျင်းစုမန်းက သက်ပြင်းချလိုက်၏။

"အင်း- ဒီလူ ကော်တော်ကြောက်စရာကောင်းနေပြီ ရုပ်ဖျက် ပညာတင်မကတော့ဘူး၊ မြွေဆေးပညာပါ တတ်ကျွမ်းနေပါကလား၊ ယုတ်မာကောက်ကျစ်တဲ့လူ အတတ်မျိုးစုံရင် ကြောက်စရာကောင်း တယ်၊ ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာဆိုသလိုဖြစ်တတ်တယ်"

ထိုအချိန် မီးခိုးနံ့များကို စတင်ရရှိလေတော့၏။

ဝံကြောင်ကလေး၏ နှာခေါင်းမှာ မီးခိုးနံ့ကိုခံရင်း တရှုံ့ရှုံ့



လုပ်နေတော့၏။

"ဟိုက်- မီး မီး မီး"

စင်လုံသည် အခြေအနေကို ချက်ချင်း နားလည်သဘော ပေါက်သွား၏။

ထို့ကြောင့် အားလုံးကိုညွှန်ကြားလိုက်၏။

"ကဲ- အားလုံး အပြင်ကို ထိုးဖောက်ထွက်ပြေးကြပေတော့၊ အိမ်ကို မီးလောင်နေပြီ"

"ဟေ့- ဟေ့- ကျုပ်ကိုတော့ ပစ်မထားခဲ့ကြပါနဲ့ဗျာ"

ကျင်းစုမန်းသည် ကျင်းပုဟန်၏ပါးကို တစ်ချက်လှမ်းရိုက် လိုက်၏။

ထို့နောက် ပခုံးပေါ်ထမ်းတင်လိုက်ပြီး ထင်းယင်ကို ကျန် လက်တစ်ဖက်ဖြင့် ပွေ့လိုက်သည်။

ထင်းယင်က ခေါင်းကိုခါယမ်းလိုက်သည်။

"ကျုပ်ကို မကယ်ကြပါနဲ့လေ၊ သေချင်သေပါစေတော့၊ သေ မှာကို ကျုပ်မကြောက်ပါဘူး"

"တိတ်- ခင်ဗျားကို ကျုပ်ကယ်မယ်၊ ခင်ဗျား ဘာတတ်နိုင် မှာလဲ"

စင်လုံကမူ လီချန်ချင်းနှင့် ဆရာတော်ထင်းဟန့်တို့အား ပွေ့ချီ လိုက်ပြီး ဝံကြောင်ကလေးဘက်လှည့်လိုက်၏။

"ကဲ- ခင်ဗျားကကော"

"ကျုပ်- သိပါတယ်ဗျာ"

သူသည် ချစ်ချစ်နှင့်ဝေဝေတို့၏ လက်တစ်ဖက်စီကို ဆွဲကာ ပြေးထွက်ရန် ဟန်ပြင်လိုက်၏။

ချစ်ချစ်က သူ့လက်ကိုအကိုင်မခံဘဲ ရုန်းထွက်လိုက်သည်။

"မလိုပါဘူး။ သူ့ကိုသာ ရှင်ထိန်းပါ။ ကျွန်မက ကိုယ့်ကိုကိုယ် ထိန်းသိမ်းနိုင်ပါတယ်၊ ရှင်သွားမှာသာ သွား"

ထိုစဉ် မီးတောက်မီးလျှံများက အခန်းအား ဝါးမျိုစပြုလေပြီ။

သူတို့အားလုံး မီးလွတ်ကင်းရာနေရာသို့ ရောက်ရှိသောအခါ အိမ်ကြီးတစ်ဆောင်လုံး မီးဒဏ်ကြောင့်ပြိုလဲကျသွားလေတော့၏။

စင်လုံနှင့်တကွ လူအားလုံးမီးတောက်မီးလျှံများကို ကြည့်၍ ငေးမောနေကြတော့၏။ ဝံကြောင်ကလေးက-

"အင်း- ဒါဟာ ဝမ်းလင်းဝါးရဲ့လက်ချက်ပဲ"

စင်လုံက ခေါင်းညိတ်သဘောတူ၏။

"ဟုတ်တယ်၊ ဒီလူဟာ မကောင်းတဲ့ဘက်မှာတော့ အတော့်ကို ဉာဏ်ကောင်းတာပဲ၊ ခပ်စောစောကတည်းက မီးလောင်အောင် လုပ်ပစ်ထားခဲ့ပုံရတယ်"

ထိုစဉ် မီးဒဏ်ကြောင့် ပြိုလုနေပြီဖြစ်သည့် အိမ်အတွင်းမှ စူးရှသော အသံတစ်သံကြားလိုက်ကြရသည်။

ကြောက်လန့်တကြား အော်ဟစ်အကူအညီတောင်းနေသည့် အသံပေတည်း။

ဝံကြောင်ကလေးက--

"ဟင်- အိမ်ထဲမှာ ဘယ်သူများကျန်ရစ်ခဲ့သလဲ မသိဘူး။ ကျုပ်တို့လူတွေကတော့ အကုန်ပဲ၊ ဝမ်းလင်းဝါးရဲ့လူတွေများ ကျန်နေသေးသလားမသိဘူး"

စင်လုံက အနည်းငယ်စဉ်းစားလိုက်သည်။

"ကဲ- ခင်ဗျားတို့အားလုံး ဒီမှာစောင့်နေကြ၊ ဘယ်သူပဲ ဖြစ်



ဖြစ် အသက်တစ်ချောင်း အလဟဿမဆုံးရှုံးကောင်းဘူး၊ ကျုပ် သွားကယ်လိုက်ဦးမယ်"

စင်လုံသည် စကားဆုံးသည်နှင့် သူ၏အပေါ်အင်္ကျီကို ချွတ်ကာ နှင်းများနှင့်လုံးထွေးလိုက်၏။ နှင်းမှုန်များနှင့် နှင်းဖတ်များရောထွေးသွားသည့်အင်္ကျီကို ခေါင်း၌ ခြုံလိုက်ပြီး မီးတောက်မီးလျှံများကြားထဲသို့ ပြေးဝင်သွားလေတော့၏။

ချစ်ချစ်သည် ခြေထောက်ကို ဆောင့်ရင်း မြည်တွန်တောက်တီးနေ၏။

"အရူး- အရူး- ကိုယ့်အသက်ကိုစွန့်ပြီး သူတစ်ပါးရဲ့အသက်ကို ကယ်သတဲ့၊ ကြည့်စမ်းပါဦး။ ဒီလောက်လောင်နေတဲ့မီးတွေကြားထဲမှာ ဘယ်လိုလုပ်ပြီးကယ်နိုင်မှာလဲ၊ ဆယ်ယောက်လောက် ဝင်ကယ်ရင် ကယ်တဲ့လူ ဆယ်ယောက်စလုံးသေမှာပဲ"

ထိုစဉ် အစဉ်အမြဲမှုန်တေတေနေ၍ အေးတိအေးစက် စကားပြောတတ်သောကျင်းစုမန်းထံမှ မှတ်သားဖွယ်ရာစကားများ ထွက်ပေါ်လာတော့၏။

"သူဟာ ယောကျာ်းမှ တကယ့် ယောကျာ်း။ အခုကြည့်စမ်း ဆွမတော် မျိုးမတော် မိတ်ဆွေမဟုတ်တဲ့အပြင်-

ရန်သူတောင်ဖြစ်နိုင်တဲ့ လူတစ်ယောက်ကို အသက်စွန့်ပြီး ပွားကယ်နေပြီ-

ကျုပ်တို့လို မိတ်ဆွေလို့ သတ်မှတ်ထားတဲ့လူမျိုးကိုတော့ ယ်လိုစွန့်စားပြီး ကယ်မယ်ဆိုတာ လုံးဝစဉ်းစားစရာမလိုတော့ဘူး"

သူသည် မီးတောက်မီးလျှံများကြားထဲသို့ ကြေကွဲဝမ်းနည်း ကြည့်၍ဆက်ပြောနေသည်။

"ဆင်းရဲဒုက္ခရောက်တဲ့အခါမှာ ဆွေမျိုးကောင်းကို သိနိုင်တယ်၊
ဥစ္စာပစ္စည်းပျက်စီးဆုံးရှုံးတဲ့အခါမှာ-
မယားကောင်းကိုသိနိုင်တယ်၊
ကြွေးမြီးတင်တဲ့အခါမှာ မှန်ကန်ရိုးဖြောင့်သူကိုသိနိုင်တယ်၊
စစ်ပွဲကြုံတဲ့အခါမှာ သူရဲကောင်းကိုသိနိုင်တယ်၊ ဘေးဒုက္ခ
ကြုံတဲ့အခါမှာ မိတ်ဆွေကောင်းကိုသိနိုင်တယ်၊
စင်လုံလို လူမျိုးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတဲ့အတွက်
ကျုပ်တော့သေပျော်ပါပြီဗျာ"

ကျင်းစုမန်း၏ စကားများကြောင့် တစ်စုတဝေးတည်း ရှိနေကြသော လူအားလုံး၏အသည်းနှလုံးထဲဝယ် စင်လုံအား ကြည်ညိုလေးစားစိတ်များ တဖွားဖွားပေါ်ပေါက်လာလေတော့၏။

ကြာရိုး ကြာနွယ်များ ကျိုးသွားသော်လည်း အမျှင်မပြတ်သကဲ့သို့-

စင်လုံ၏ မြင့်မြတ်သောစိတ်ထားသည် သူစိမ်းသူကျက်မရွေး ခွဲခြားပိုင်းဖြတ်ခြင်းမရှိ အသက်စွန့်ရန် အဆင်သင့်ရှိနေခဲ့ပေသည်။

ထိုစဉ် ဝံကြောင်ကလေးက ဦးတောက် ဦးလျှံများကြားသို့ ခွေးမြည်ကြေကွဲစွာဖြင့် အော်ဟစ်လိုက်မိတော့သည်။

"အစ်ကိုကြီးစင်လုံရေ- ခင်ဗျားကိုတော့ ကျုပ် ကြည်ညိုလေးစားလို့ မဆုံးတော့ပါဘူးဗျာ"

လီချန်ချင်းက သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။

"အင်း- ကျုပ်သိပါပြီလေ၊ စင်လုံဟာ သူတစ်ပါးအကျိုးကို အနစ်နာခံပြီး ကိုယ်ကျိုးကို မငဲ့ကွက်တဲ့လူတစ်ယောက်ပဲ၊ သူလို သိုင်းသမားမျိုးရှာဖို့ အင်မတန်ခက်ခဲမယ်ဆိုတာ ကျုပ်နားလည်ပါပြီ"

ကျင်းပုဟန်က မဲ့မဲ့ရွဲ့ရွဲ့ဖြင့်ဝင်ပြောလိုက်သည်။



"ဒါက ထွင်လုံးပါဗျာ၊ သူက ကျုပ်တို့ကို တမင်သက်သက် စတန့်ထွင်ပြီးလုပ်ပြတာဗျ၊ ဒါမှ သူ့ကိုအထင်ကြီးမှာကိုး"

ထင်းယင်က ဒေါသတကြီးအော်လိုက်လေသည်။

"ဒါဆိုရင်လဲ သူလုပ်သလို မင်းဝင်ကယ်ပြပါလား"

ကျင်းပုဟန်မှာ လုံးဝ ပါးစပ်ပိတ်သွားလေသည်။

မလိုတမာစကားများသည် ယခုအခါ၌ လုံးဝ အရာမရောက်တော့ပါချေ။

ဆရာတော်ထင်းဖန့်က နောင်တရစွာပြောလိုက်လေသည်။

"ကျုပ်တို့ သူ့ကိုအများကြီးအထင်မှားခဲ့ကြတယ်၊ ဒီလိုပဲလေ အမှန်တရားဆိုတာ တစ်ခါတလေ ချောင်ခိုနေတတ်တာကလား-

အခု သူ့ရဲ့မွန်မြတ်တဲ့စိတ်ထားကိုပြလိုက်ပြီ လူဆိုတာ ကိုယ့်အသက်ကို ကိုယ်အချစ်ဆုံးပဲ-

အခု သူ့အသက်ကို အဆုံးရှုံးခံပြီး သူတစ်ပါးအသက်ကို အကြောင်းမဲ့ ဘယ်လိုမှမသတ်နိုင်ဘူး။ သူ့ရဲ့ စိတ်သဘောရင်းကို ကျုပ်နားလည်ပါပြီလေ"

လီချန်ချင်းက ဝမ်းပန်းတနည်း ပြောလိုက်သည်။

" စင်လုံတစ်ယောက် အန္တရာယ်မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းကြရတော့မှာပဲ"

ဝံကြောင်ကလေးကလည်း အားတင်း၍ပြောလိုက်သည်။ သူပြောလိုက်သည့်စကားကို သူပင် ယုံပါလေစ။

"စိတ်ချစမ်းပါဗျာ၊ ကိုကြီးစင်လုံဟာ ဒီမီးလောက်တော့ လုံးဝ မမှုပါဘူးဗျာ။ ကိုကြီးစင်လုံ မသေနိုင်ပါဘူး။ ကိုကြီးစင်လုံ လုံးဝ မသေနိုင်ပါဘူး"

ဦးတောက်မီးလျှံများကို ကြည့်နေသော သူ၏မျက်လုံးများကမှ

မျက်ရည်များရစ်ဝဲလျက်။

သူတို့အားလုံးက စင်လုံတစ်ယောက် သောရန်ကင်းရှင်းစေရန် ဆုတောင်းနေကြစေကာမူ -

မီးတောက်မီးလျှံများက တဟူးဟူး တဟဲဟဲဖြင့် ဝို၍ပင် အရှိန်ပြင်းထန်လာသည်။

စင်လုံဝင်ရောက်သွားသည့်အချိန်မှာ အတော်ပင်ကြာနေပြီ။

ယခုအချိန်ထက်စော၍-

ထွက်လာလောက်ကောင်းနေပါလျက် ယခုအချိန်တိုင် ထွက်မလာဘဲ ရှိနေသေးသည်။

ချစ်ချစ်၏မျက်နှာကား-

မျက်နှာအားလုံးထက် ရုပ်အပျက်ဆုံးဖြစ်သည်။ သွေးရောင်ဟူ၍ လုံးဝမရှိတော့။

နှုတ်ခမ်းများကား ဖွေးဖွေးဖြူလျက်။ သူမထံမှ ခြောက်ကပ်သော စကားသံထွက်ပေါ်လာသည်။

"သူ- သူ- သူ ထွက်မလာသေးပါလား"

"ဘာလဲ- ခင်ဗျားက စင်လုံကိုစိတ်မချလို့လား"

ဝံကြောင်ကလေးက ချစ်ချစ်၏ပခုံးကိုပုတ်ကာ ပြုံး၍ ပြောလိုက်သည်။

ဝံကြောင်ကလေး သတိမထားမိသည်မှာ သူ့အပြုံးပင် ဖြစ်ပါ၏။

သူက ချစ်ချစ် စိတ်သက်သာစေရန် ပြုံးနေသည်ဟု သူ့စိတ်တွင် ထင်မှတ်ထားသော်လည်း တကယ်တမ်းအားဖြင့် အပြုံးက မပီသပါချေ။

သူကဆက်၍---



"စိတ်ချစမ်းပါဗျာ- ဒီမီးလောက်တော့ စင်လုံက--"

အယုတ်တမာကောင်ကျင်းပုဟန်က ဝံကြောင်ကလေး၏ နှစ်သိမ့်စကားများကို ကြားဖြတ်ဝင်ရောက် ဖျက်ဆီးလိုက်သည်။

"ဟဲ- ဟဲ- ဟဲ- ဒီလောက် အချိန်ကြာနေမှတော့ သံတောင် အရည်ပျော်လောက်ပြီကွ၊ မင့်စင်လုံက သံမဏိတုံးကြီးမို့လား"

"တိတ်စမ်း- ရင့်ပါးစပ်ပုပ်ကြီးကို ပိတ်ထား"

ချစ်ချစ်က ဒေါသတကြီးအော်ဟစ်လိုက်သံသည် တဖျပ်ဖျပ် မြည်လျက်တောက်လောင်နေသော မီးတောက်မီးလျှံသံများကို ဖောက်ထွင်း၍ ပေါ်ထွက်လာတော့၏။

ကျင်းပုဟန်၏ပါးစပ်မှာ ပြန်ပိတ်သွားသည်။

မပိတ်၍လည်း မဖြစ်။

ဤကျားသစ်မလေး၏ ဒေါသသည် ကြောင်တစ်ကောင်၏ ဒေါသနှင့် တူညီနိုင်မည် မဟုတ်ကြောင်း ကျင်းပုဟန် ကောင်းကောင်းကြီး သိပါ၏။

"ကြည့်ပါဦးလေ- ကိုကြီးစင်လုံ ထွက်လာမှာပါ"

ဝံကြောင်ကလေးက ကယောင်ကတမ်းပြောနေခဲ၊

သို့သော်-

မီးတောက်မီးလျှံကြီးများသည် ငြိမ်သက်စပြုလာပြီ။

မီးညွန့်မီးစွယ်များလည်း ကျိုးသွားပြီ။ လောင်စာများလည်း ကုန်သလောက်ရှိသွားပြီ။

စင်လုံကား ထွက်မလာသေး။

ချစ်ချစ်သည် ဟန်မဆောင်နိုင်တော့။

ဝံကြောင်ကလေးအား တစ်ချက်ကြည့်ကာ ချုံးပွဲချငိုကြွေး

လေတော့၏။

ဝံကြောင်ကလေးမှာလည်း ခေါင်းငိုက်စိုက်ကျနေလေပြီ။ သူ၏မျက်နှာတစ်ခုလုံး မည်းမှောင်နေ၏။

ကျင်းစုမန်းမှာ ကျောက်ဆစ်ရုပ်ကြီးတစ်ခုလား တောင့်တောင့်ကြီး ဖြစ်နေသည်။

သူ၏လက်သီးများမှာမူ ကျစ်ကျစ်ပါအောင်ဆုပ်ထား၏။

လက်ကြောကြီးများသည် ထောင်ထလျက် ရှိနေသည်။ ကျင်းစုမန်းတစ်ယောက် အသက်ရှူမှ ရှူပါလေစ။

ဝေဝေလည်း တဟင့်ဟင့် ရှိုက်စပြုလေပြီ။

ဤမျှ ကြာရှည်စွာလောင်နေသည့် မီးတောက်မီးလျှံအတွင်း မည်သည့်သက်ရှိမျှ အသက်ရှင်နေနိုင်မည် မဟုတ်ကြောင်း–

လူတိုင်း နားလည်သိရှိနေခြင်းကပင်လျှင် သူတို့၏ ပူဆွေးသောကကို တဟုန်ထိုး ပေါက်ကွဲထွက်စေခြင်းပင် ဖြစ်လေတော့၏။

၁၂၈



တငွေ့ငွေ့ တဝေ့ဝေ့။

မီးခိုးငွေ့များက တငွေ့ငွေ့ တဝေ့ဝေ့ တက်နေခြင်းသာ ဖြစ်ပါတော့သည်။

တောက်လောင်နိုင်သမျှပစ္စည်းများ ကုန်ခမ်းသွားပြီဖြစ်၍ မီးတောက်မီးလျှံဟူ၍ မရှိတော့။

လောင်ကျွမ်းရန်မတတ်နိုင်သည့် အုတ်နံရံများနှင့် အုတ်ပုံအကျိုးအပဲ့များသာ ကျန်ရှိတော့သည်။

လူအားလုံးသည် တငွေ့ငွေ့ တဝေ့ဝေ့ တက်နေသည့် မီးနိုးငွေ့များကို ကြည့်နေကြ၏။

ကြည့်သာ ကြည့်နေကြသော်လည်း သူတို့ အားလုံးပင် ထိုအရာများကို မြင်ကြဟန်မတူချေ။

ထိုအငွေ့များကြား၌ ကြည်လင် လန်းဆန်းသောအပြုံးများနှင့် ဝင်လုံကိုသာ မြင်ယောင်နေကြ၏။

ထိုငေးမောသူ အားလုံးကြား၌ ရှေးဦးစွာ လှုပ်ရှားလိုက်သူမှာ ကျင်းစုမန်းပင် ဖြစ်တော့သည်။

"စင်လုံ- ကျုပ်ရဲ့အသည်းနှလုံးထဲကသူရဲကောင်း၊ ခင်ဗျား သေပြီ ဒါပေမယ့် ခင်ဗျားမသေဘူး၊ ကျုပ်ရဲ့အသည်းနှလုံးထဲမှာ ခင်ဗျား အမြဲတမ်းရှင်သန်နေပါတယ်၊ စင်လုံ- ကျုပ် ကျုပ် ကျုပ်အသည်း နှလုံးထဲက သူရဲကောင်း--"

ကျင်းစုမန်း၏ နောက်ဆုံးစကားမှာ ပီပီသသထွက်မလာပါ တော့ချေ။

ဆို့နစ်ရှိုက်ငင်သွားသဖြင့် မည်သူမျှ ပီပီသသမကြားလိုက်ကြ ရတော့ခြင်းပင်-

ဝံကြောင်ကလေးကလည်း ဒူးထောက်ထိုင်ချလိုက်၏။ သူ သည် တစ်ခုခုပြောရန်ကြိုးစားနေသည်။ သူ၏နှုတ်ခမ်းများသည် တလှုပ် လှုပ်တရွရွ ဖြစ်နေ၏။

ထို့နောက် လက်ဝါးဖြင့်အုပ်ကာ ချုံးပွဲချ ငိုလေတော့၏။

သူ၏ ပခုံးများမှာသိမ့်သိမ့်ခါနေတော့သည်။

လီချန်ချင်းမှာမူ ခေါင်းငုံ့ထားသည်။ သေချာစွာ ကြည့်ရှုပါမူ သူ၏ မျက်လုံးများမှ မျက်ရည်များစီးသွယ်ကျနေသည်ကို တွေ့ရပေ လိမ့်မည်။

ထင်းယင်ကမူ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ က ယောင်ကတမ်း ထပ်တလဲလဲရေရွတ်နေသည်။

"စင်လုံ- မင်းဟာ ယောကျ်ားကောင်း၊ စင်လုံ- မင်းဟာ ယောကျ်ားကောင်း၊ စင်လုံ- မင်းဟာ---"

ရေခဲမျက်နှာကမူ စကားတစ်ခွန်းမျှမပြော။ မျက်စိကိုစုံမှိတ်၍



အံကိုသာ တင်းတင်းကိုက်ထား၏။

ဝေဝေခမျာ ငိုရလွန်းသဖြင့် အသံပင်မထွက်နိုင်ရှာတော့ပါ။

ချစ်ချစ်သည် ဝေဝေအား ဒေါသတကြီးဖြင့် လှည့်ကြည့်ကာ လက်ညှိုးတငေါက်ငေါက်ထိုးလေတော့၏။

သို့သော် သူမ၏အသံမှာ အက်ကွဲလှစွာ ထွက်ပေါ်လာခြင်း ဖြစ်သည်။

"ညည်းကြောင့် စင်လုံသေရတာ သိရဲ့လားဟင် ညည်းကြောင့် ညည်းကြောင့်--"

ဝေဝေက မျက်ရည်လည်ရွဲဖြင့် အော်လိုက်သည်။

"ဟုတ်တယ် အစ်ကိုစင်လုံသေရတာ ကျွန်မကြောင့် ကျွန်မ လည်းမနေဘူး၊ လိုက်သေမယ်"

သူမသည် အော်ရင်းဟစ်ရင်း အရူးသဖွယ် မီးပုံထဲသို့ပြေးဝင် သွားလေတော့သည်။

သို့သော် သူမ မီးပုံထဲရောက်မသွားပါချေ။

ဝံကြောင်ကလေးက လျှင်မြန်ဖျတ်လတ်စွာ ဖမ်းဆွဲလိုက် နိုင်သောကြောင့် ဖြစ်သည်။

ထိုစဉ် ချစ်ချစ်ကဆတ်ခနဲအော်ကာ-

"ကျွန်မလည်း မနေဘူး၊ သူ့နောက်ကိုလိုက်မယ်"

ချစ်ချစ်မှာ လျှပ်တစ်ပြက် မီးပုံထဲသို့ ပြေးသွားလေတော့ သည်။

ဝေဝေ၏လှုပ်ရှားပုံနှင့် ချစ်ချစ်၏ လှုပ်ရှားပုံမှာ မတူပါချေ။ ချစ်ချစ်မှာ သိုင်းပညာ အထိုက်အလျောက်တတ်မြောက်ထားသဖြင့် ပို၍ လျှင်မြန်မှုရှိပါသည်။ ကျင်းစုမန်းက ရုတ်တရက် ဖမ်းဆွဲလိုက်သော

လည်း မသိလိုက်ချေ။

ကျင်းစမန်းက ထိတ်ထိတ်ပျာပျာအော်လိုက်မိသည်။

"ချစ်ချစ် ပြန်လာခဲ့"

ဝံကြောင်ကလေးကလည်း နောက်မှ တဟုန်ထိုး ပြေးလိုက်သွားသည်။

"ချစ်ချစ် ခင်ဗျားမသေရဘူး။ ပြန်လာခဲ့"

ချစ်ချစ်၏နားထဲ၌ မည်သည့်အော်ခေါ်သံကိုမျှမကြားရပါ။

သူမနားထဲ၌ စင်လုံ- စင်လုံဟူ၍သာ ကြားနေရသည်။ သူမမျက်စိထဲ၌ စင်လုံကိုသာမြင်နေရသည်။ မည်သို့ပင်ဖြစ်စေ စင်လုံနောက်ကိုသာ လိုက်တော့မည်။

သူမသည် မီးပုံထဲသို့တိုဝင်ရန် အားယူလိုက်သည်။

ထိုစဉ် လူတစ်ယောက်နှင့် ရင်ဆိုင်ဝင်တိုးလေမိတော့သည်။

ချစ်ချစ်မှာ သူမ၏မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။

စင်လုံဖြစ်နေချေသည်တကား---။

စင်လုံသည် လူတစ်ယောက်ကို ပခုံးပေါ်၌ထမ်းတင်ထား၏။ သူ၏တစ်ကိုယ်လုံး၌လည်း ရေများစိုရွှဲနေသည်။ ရေစည်ပိုင်းတစ်ခုခု၌ ဝင်စိမ်နေသည်လား မပြောနိုင်ပါချေ။

ချစ်ချစ်သည် သူမ၏မျက်လုံးများကို မယုံနိုင်အောင်ဖြစ်နေသဖြင့် ပွတ်သပ်ကြည့်မိသည်။

ဟုတ်ပါ၏။

စင်လုံမှ စင်လုံအစစ်ဖြစ်နေသည်။

ချစ်ချစ်မှာ စင်လုံ၏ရင်ခွင်ထဲသို့ပြေးဝင်လျက် အားရပါးရ



ငိုကြွေးလိုက်လေတော့သည်။

မသေလို့တွေ့ရ မေ့နိုင်ပါ့မလား စင်လုံရယ်---

စင်လုံသည် တစ်ဘက်၌ လူတစ်ယောက်ကိုထမ်းရင်း တစ်ဘက်မှ ချစ်ချစ်ကိုပွေ့ဖက်ရင်း မီးပုံကြားထဲမှထွက်လာတော့သည်။

အားလုံး၏မျက်နှာများမှာ ရုတ်ချည်း ပြောင်းလဲသွားတော့သည်။ အားလုံးလိုလိုပင် စင်လုံထံသို့ ပြေးလွှားလာမိကြတော့သည်။ ဝေဝေကမူ ငိုလည်းငို၊ ရယ်လည်းရယ်နေလေတော့သည်။

"အစ်ကိုစင်လုံ မသေဘူး အစ်ကိုစင်လုံ မသေဘူး။ ဝေဝေတို့ ဝေဝေတို့---"

ဝေဝေမှာ ထိုမှ ရှေ့ဆက်၍စကားမပြောနိုင်တော့ပေ။ ဝံကြောင်ကလေးမှာလည်း ခြေဖျားလက်ဖျားများ တုန်တုန်ရင်ရင်ဖြစ်နေလျက် ဝမ်းသာအားရပြောလိုက်သည်။

"အစ်ကိုစင်လုံ၊ ကိုကြီး သိပ်ကံကောင်းတယ်ဗျာ"

ကျင်းစမန်း၏မျက်နှာထားကမူ အပြောင်းအလဲ သိပ်မရှိလှ။ သို့သော်-

သူ၏မျက်လုံးများကမူ ဝမ်းသာမှုကြောင့် ဝင်းလက်တောက်ပနေသည်။

"ဘုရားမ တာပဲ၊ စင်လုံ ခင်ဗျားကို ဘုရား မ တာပဲ"

ဟုပြောလိုက်လေသည်။

စင်လုံကမူ တဟားဟားရယ်မောလျက် သူ၏ပုံစံအတိုင်း ပြောလိုက်သည်။

"ဘယ်လိုဖြစ်နေကြတာလဲ၊ ခင်ဗျားတို့ပုံစံတွေ ကြည့်ရတာ ကျုပ်သေပြီလို့ ထင်နေပုံရတယ်"

လီချန်ချင်းက သက်ပြင်းတစ်ချက်ရှိုက်လိုက်ကာ--

"ကျုပ်တို့ထင်တာ မှားနိုင်ပါ့မလားဗျာ--၊ ဘယ်သူက ဒီမီးထဲမှာ ဒီလောက်ကြာတဲ့အထိ အသက်နဲ့ကိုယ်နဲ့ ဖြဲနေနိုင်ပါ့မလဲ၊ ပြာတောင်ဖြစ်လောက်တယ်မဟုတ်လား"

ချစ်ချစ်က စင်လုံ၏ရင်ခွင်ကို သူမ၏လက်သီးကလေးဖြင့် ဖွဖွထုကာ ကြည်နူးစွာပြောလိုက်၏။

"စင်လုံ ရှင်- တကယ်မသေဘူးနော်"

"မသေပါဘူးဗျာ"

စင်လုံသည် ပြောရင်းမှ သူ၏လက်နှစ်ဖက်ကို ဆုပ်ကိုင်၍ အားလုံးကိုဦးညွှတ်လိုက်ကာ အရိုအသေပေးလိုက်သည်။

"ကျုပ်ဟာ အမြဲတမ်း သူများအတွက်စိတ်ပူနေတဲ့လူပါ။ အခု ကျုပ်အတွက် ဒီလောက်လူများများက စိတ်ပူနေကြတယ်ဆိုတာ သိလိုက်ရတော့ ဝမ်းသာကျေးဇူးတင်လို့မဆုံးပါဘူး"

ကျင်းစုဖုန်းက စင်လုံအား ပြုံးယောင်ယောင်မျက်နှာထားဖြင့် လှမ်းမေးလိုက်သည်။

"နေစမ်းပါဦး- ခင်ဗျားက ငရဲမီးလောက်ပြင်းထန်တဲ့ ဒီမီးတောက်တွေထဲမှာ ဘယ်လိုလုပ် မသေမပျောက်ထွက်လာနိုင်ခဲ့တာလဲ၊ ကျုပ်တော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး"

စင်လုံက ပြုံး၍ရှင်းပြလိုက်လေသည်။

"ကျုပ်က ဒီလူကိုရှာတွေ့တဲ့အချိန်ကျတော့ မီးကအတော်လောင်နေပြီ၊ လုံးဝထွက်လို့မရတော့ဘူး။ မိုက်ရူးရဲလုပ်ပြီးထွက်လိုက်ရင် မီးစွဲပြီး ကျိန်းသေ သေမှာပဲ၊ ဒါနဲ့ ကျုပ်လည်း မြေအောက်ခန်းကို သတိရလိုက်တယ်-



မြေအောက်ခန်းရဲ့ခေါင်မိုးအင်္ဂတေတွေကလည်း တော်တော်ကလေးထူထူထဲထဲရှိနေတာ တွေ့လိုက်ရတော့ တော်တော် စိတ်အေးသွားတယ်၊ အဲဒီထဲ ဝင်ပုန်းနေလိုက်တာပဲ၊ အပူဒဏ်ကတော့ သိပ်သက်သာလှတာ မဟုတ်ပါဘူး။ ဒီမီးတောက်တွေ ငြိမ်းလောက်တော့မှ ခုလိုအပြင်ထွက်လာခဲ့တာပဲ"

လီချန်ချင်းက ခေါင်းညိတ်၍ပြောလိုက်သည်။

"အင်း- ခင်ဗျားရဲ့စိတ်ဓာတ်ကတော့ တကယ့်ကိုစံနမူနာယူလောက်တာပါပဲ-

ဘာပဲဖြစ်ဖြစ် အရေးအကြောင်းကြုံတဲ့အခါ ခေါင်းအေးအေးထားပြီးစဉ်းစားတတ်တဲ့အလေ့အကျင့်မျိုးရှိရင် အသက်ဘေးအန္တရာယ်ကလွတ်မြောက်နိုင်တယ်ဆိုတာ ခင်ဗျားကနမူနာပြလိုက်တာပဲ၊ အင်း- အသက်ငယ်ငယ်ရွယ်ရွယ်နဲ့တော်ပါပေရဲ့ဗျာ"

ထိုစဉ်မှာပင်-

စင်လုံကယ်တင်လာသည့်လူသည် သတိပြန်ရလာတော့သည်။ သူသည် ထထိုင်လိုက်ပြီး ဘေးဘီကို ကြောင်ငေးငေး ကြည့်နေပါလေသည်။

ထို့နောက် စင်လုံအား မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။

ဤလူသည် ရဲရင့်သူတစ်ယောက်ဖြစ်ကြောင်း သံသယရှိရန်မလိုတော့ပါချေ။

စင်လုံက--

"မင်း ဘာကြည့်နေတာလဲ"

"ခင်ဗျားက ကျုပ်ကို ဘာလုပ်မယ်ဆိုတာ ကြည့်နေတာပေါ့

ဗျာ"

"ကြံကြံဖန်ဖန်ကွာ၊ မင်းကိုငါက ဘာလုပ်ရမှာလဲ၊ ငါက မင်းကို ဓားဗိုထဲ ပြန်ထည့်ရမှာလား"

ထိုလူက မဲ့ပြုံးပြုံး၍--

"ခင်ဗျားက ကျုပ်အသက်ကိုကယ်လာခဲ့လို့ ခင်ဗျားကို ကျေးဇူးတင်မယ်လို့ထင်နေသလား။ မထင်နဲ့ဗျို့. ကျုပ်ဆီကဘာသတင်းမှ အစ်အောက်လို့မရဘူးဆိုတာ ခင်ဗျားတို့ စွဲစွဲမြဲမြဲမှတ်ထားကြပါ"

ချစ်ချစ်က သူမ၏ဒေါသကို မထိန်းနိုင်တော့ချေ။

ကျေးဇူးကန်းသူ၏စကားလုံးများသည် သူမ၏နားထဲ၌ ခါးသီး လွန်းလှပေသည်။

"ရှင်- ရှင် အတော်မိုက်မဲတဲ့လူပါလား။ ဒီလောက်တောင် ရိုင်းပုံထောက်ရင် ဝမ်းလင်းဝါးလူပဲဖြစ်ရမယ်"

"ဟုတ်တယ်လေ- ဒါဘာဖြစ်သလဲ၊ ခင်ဗျားတို့က ကျုပ်ကို ဘာလုပ်ချင်သလဲ၊ ကျုပ်က ဘာမှမကြောက်ပါဘူးဗျ၊ ကြောက်ပြီး ခင်ဗျားတို့ စစ်ဆေးမေးမြန်းနေတာကို ပြောမယ်မထင်နဲ့၊ မကျေနပ်ရင် ကျုပ်ကို သတ်ပစ်လိုက်"

လီချန်ချင်းက အေးအေးဆေးဆေး ဝင်မေးလိုက်လေသည်။

"နေစမ်းပါဦး သေရဲတဲ့သူရဲကောင်းကြီးရဲ့ ဓားလောင်တဲ့အိမ် ကြီးထဲမှာ အံကြိတ်ပြီး အသေခံလိုက်ပါလား။ ဘာဖြစ်လို့ ရူးရူးဝါးဝါး အော်ဟစ်အကူအညီတောင်းနေရတာလဲ"

စင်လုံက သူ့လူများအားလက်ကာပြလိုက်ပြီး ထိုလူအား ပြောလိုက်သည်။

"ကဲ- ကဲ မင်းလည်း တစ်ယောက်တည်း စကားတွေအတော်



ပြောပြီးပြီ၊ ကဲ မင်းသွားနိုင်ပါပြီ"

ထိုလူမှာ ကြောင်အမ်းအမ်းဖြစ်သွားတော့သည်။

"ဗျာ--"

"မင်းသွားချင်ရာ သွားနိုင်ပါပြီ"

"ဗျာ- ခင်ဗျား ဘာပြောတယ်"

စင်လုံက အေးဆေးစွာပြုံးလိုက်သည်။

"မင်းကိုသွားတော့လို့ ပြောနေတာ၊ ငါလည်း ဒီထက် ဒီစကား ကို ရှင်းအောင်မပြောတတ်တော့ဘူး"

"ခင်- ခင်ဗျားက ကျုပ်ကို ဘာဖြစ်လို့ ကယ်လိုက်ရတာလဲ၊ အကြောင်းမဲ့ ကျုပ်ကို ကယ်တာပေါ့"

စင်လုံက သူ၏ပခုံးကို တစ်ချက်တွန့်လိုက်သည်။

"အကြောင်းမဲ့တော့ ဘယ်ဟုတ်မလဲကွာ၊ လူတစ်ယောက် ရဲ့အသက်တစ်ချောင်း အချည်းအနှီးမသေကောင်းဘူးဆိုတဲ့ စေတနာနဲ့ ကယ်တာပါ၊ ဒီသဘောထက် ဘာမှမပိုပါဘူးကွာ"

ထိုလူမှာ အံ့အားသင့်ရင်း ငေးကြောင်သွားလေသည်။

"ဒီသဘောတစ်ခုထဲနဲ့ကယ်တာ ဟုတ်လား"

စင်လုံက ခေါင်းညိတ်လိုက်သည်။

"ဒါပဲပေါ့"

ထိုလူမှာ ယုံရအခက် မယုံရအခက်ဖြစ်သွားသည်။ သူ့ကို ပေးနေသည့်လူ၏မျက်နှာကမူ ကြည်လင်ဝင်းပ သန့်စင်နေသည်ကို တော့ သူသိ၏။

ထိုလူ့ဘေးမှလူများ၏မျက်နှာများ၌မူ သူ့အား ဒေါသ အရိပ်အရောင်များဖုံးလွှမ်းနေကြောင်း သူသတိပြုမိသည်။

ထို့ကြောင့်-

သူသည် စင်လုံအား တစ်ချက်ကြည့်လိုက်ပြီး မဝံ့မရဲဖြင့် ထိုနေရာမှ ထွက်ခွါသွားလေတော့သည်။

သူသည် အတန်ကြာလျှောက်လှမ်းသွားလေသည်။ သူ၏ စိတ်ထဲတွင် တစ်ယောက်ယောက်က ဟန့်တားကောင်း၊ ဟန့်တားတော့ မည်ဟု ထင်နေသည်။

အတန်ကြာ ခပ်လှမ်းလှမ်းရောက်သွားမှ လှည့်ကြည့်သည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ဟန့်တားမည့်အရိပ်အရောင်မရှိကြောင်း သူသတိပြုမိလိုက်သည်။

သူသည် ရှေ့ဆက်မလျှောက်တော့ဘဲ နောက်သို့ ပြန်လှည့်ကာ ရပ်လိုက်သည်။

"စင်လုံက ပြုံး၍မေးလိုက်သည်။

" မင်းဘာဖြစ်လို့ ရပ်နေတာလဲ၊ မင်း ဒီလို တုံ့နှေး တုံ့နှေး လုပ်နေရင် မင်းသွားရမယ့်ခရီးကို ဘယ်လိုရောက်နိုင်တော့မှာလဲ၊ သွားစရာရှိတာ သွက်သွက်လက်လက်သွားမှပေါ့"

ထိုလူသည် ခေါင်းတယမ်းယမ်းဖြင့်ပြောနေသည်။

"အခုလို ဘာကိုမှမျှော်လင့်ခြင်းမရှိဘဲနဲ့ ကျုပ်ကိုကယ်တင်တယ်ဆိုတာ ကျုပ်တော့ မယုံနိုင်လောက်အောင်ကို ဖြစ်နေတာပဲ ဗျာ၊ အထူးသဖြင့် ကိုယ့်အသက်နဲ့ရင်းပြီးကယ်ရတဲ့ ကိစ္စမျိုးဖြစ်နေတော့ ကျုပ်က ပိုပြီး တွေးရခက်နေတာပေါ့ဗျာ"

စင်လုံက ထိုလူအား ကြင်နာစွာကြည့်လိုက်သည်။

"ဥဳကိုယုံစမ်းပါကွာ၊ မင်းကို ငါကယ်တာ ဘာမျှော်လင့်ချက်မှ မရှိဘူးဆိုတာ ကျိန်တွယ်ပြောဆို ပြောပုံမယ်၊ စိတ်ချလက်ချသာ မင်း



ခရီးကို မင်းသွားပါတော့"

ထိုလူက ခေါင်းကိုခါယမ်းလိုက်ပြီး--

"ဟင့်အင်း ကျုပ်မသွားနိုင်သေးဘူး"

"ဘုရားရေ- ဘယ်လိုဖြစ်တာပါလိမ့်"

"ဘယ်လိုမှ မဖြစ်ပါဘူးဗျာ- ကျုပ်တစ်သက်မှာ လူကောင်းသူကောင်းတွေနဲ့ တစ်ခါမှမကြုံခဲ့ရဘူးတော့ သူတော်ကောင်းကြီးတွေနဲ့ စကားပြောပါရစေဦးဗျာ"

ချစ်ချစ်က ပြုံး၍ပြောလိုက်သည်။

"ပြောပါရင် ပြောပါ၊ ရှင့်စကားကို ဘယ်သူကမှ တားမြစ်ပိတ်ပင်ကြမှာ မဟုတ်ပါဘူး။ ရှင့်စကားကို အားလုံးက လေးလေးစားစား နားထောင်နေကြမှာပါ"

စင်လုံသည် ချစ်ချစ်၏အပြောကြောင့် ပြုံးလိုက်မိသည်။ သည်မိန်းကလေးသည် သူ အဆင်ပြေအောင်ပြောချင်သည့် ကိစ္စမျိုးတွင် အကောင်းဆုံးဖြစ်အောင်ပြောတတ်သည့် မိန်းကလေးပေပဲ၊

ထိုလူက ရင်ဖွင့်တော့သည်။

"ကျုပ်ဟာ ဝမ်းလင်းဝါးလက်အောက်မှာနေခဲ့တာ ဆယ်နှစ်ကျော်ကျော်ရှိခဲ့ပါပြီ၊ ဒီဆယ်နှစ်အတွင်းမှာ ကျုပ်ဟာ ဝမ်းလင်းဝါးအတွက် ဒုစရိုက်လုပ်ငန်းတွေချည်း လုပ်ပေးခဲ့ရတယ်-

ကျုပ်လုပ်ခဲ့တဲ့ အလုပ်တွေကို အသေးစိတ်ပြောရရင်၊ ခင်ဗျားတို့တောင် ယုံမှာမဟုတ်ဘူး-

အင်း- ခုတော့ ကျုပ် နေဝင်တ တရား ရခွင့်ကြုံလာခဲ့ရတယ်၊ လောကမှာ လူကောင်းသူကောင်းတွေ ရှိနေပါသေးသလားဆိုတာ ကျုပ် ယုံကြည်နားလည်ခဲ့ပါပြီ"

လီချန်ချင်းက-

"အင်မတန် လျော့ကန်သင့်ဖြတ်တဲ့ နောင်တ တရားပေါ့ ကွာ၊ ကိုယ်အမှားကိုယ်မြင်တဲ့လူဟာ လူတော်ပဲ"

"ဟုတ်တယ် အခုဆိုရင် ကျုပ်တစ်ခု ဆုံးဖြတ်လိုက်တယ်"

ချစ်ချစ်က-

"ဘာများ ဆုံးဖြတ်လိုက်တာလဲရှင်"

"ကျုပ်အသက်ကို ကယ်ခြင်းကယ်ရင် ကျုပ်ရဲ့ဆရာဖြစ်တဲ့ ဝမ်လင်းဝါးက ကယ်ရမှာပေါ့။ ခုတော့ သူက ကျုပ်ကို ခွေးသေကို စွန့်ပြီးပြေးသလို ပြေးသွားတယ်-

သူ့အစား ခင်ဗျားတို့က ကျုပ်ကိုကယ်ခဲ့တယ်၊ ဒီတော့ ခု အချိန်ကစပြီး ဝမ်လင်းဝါးဟာ ကျုပ်ဆရာ မဟုတ်တော့ဘူး။ သူ့ကို သစ္စာမခံတော့ဘူး။ ကျုပ်ကို ကယ်ခဲ့တဲ့ ဟောဒီပုဂ္ဂိုလ်ရဲ့ သစ္စာကိုပဲ ခံတော့မယ်လို့ ကျုပ်ဆုံးဖြတ်လိုက်ပါပြီ"

ထိုစဉ် စင်လုံက အေးချမ်းစွာဝင်ပြောလိုက်သည်။

"မဆုံးဖြတ်ပါနဲ့ကွာ၊ ဒါကို ငါကတော့ အားမပေးပါဘူး။ မင်းကို သူ့တပည့်မှန်းလည်း မသိဘူး။ လူသားအချင်းချင်း စာနာတဲ့စိတ်ဓာတ်နဲ့ မင်းကို ကယ်ခဲ့တာပဲ၊ ဒီအတွက် ဘာမှ တန်ရာတန်ကြေး ပြန်ပေးစရာမလိုပါဘူး။ သွားပါ၊ မင်းသွားစရာရှိတဲ့နေရာကိုသာ သွားပါ"

ချစ်ချစ်က ပြုံးရင်းမေးလိုက်သည်။

"ဒါနဲ့ ရှင့်နာမည် တဆိတ်လောက် မသိရဘူးလား"

"သိရပါတယ်ခင်ဗျာ- နာမည်ကတော့ ယန်းတာလီ လို့ခေါ် ပါတယ်"

ချစ်ချစ်သည် စင်လုံဘက်သို့လှည့်ကာ---



"စင်လုံ သူ့အစား ကျွန်မကပဲ တောင်းပန်ပါတယ်ရှင်၊ သူက လူကောင်းသူကောင်းတွေနဲ့တွေ့ပြီး သူ့ဘဝကိုပြောင်းလဲဖို့ ကြိုးစားနေ နိုက်ဟာ လူတစ်ယောက်အတွက် အင်မတန်အရေးကြီးတဲ့ အလှည့်အပြောင်းကလေးဖြစ်ပါတယ်ရှင်၊ တကယ်လို့ ရှင်က သူ့ကို လက်မခံလိုက်ရင် သူ့စိတ်လေပြီးလျှောက်သွားနေလို့ ဝမ်လင်းဝါးတို့လို လူမျိုးတွေနဲ့ ပြန်တွေ့သွားရင်၊ သူဟာ လူဆိုးပြန်ဖြစ်သွားနိုင်ပါတယ်။ ဒီတော့ သူ့ကို လက်ခံလိုက်ပါရှင်"

ချစ်ချစ်၏စကားများမှာ ကျိုးကြောင်းဆီလျော်မှု ရှိလှသဖြင့် စင်လုံမှာ မည်သို့မျှမငြင်းပယ်နိုင်ဘဲ ဖြစ်သွားရသည်။

"ကဲပါလေ- မင်းက ငါတို့နဲ့ ပူးပေါင်းချင်တယ်ဆိုရင်လည်း ငါတို့ လက်ခံလိုက်ပါ့မယ်၊ စိတ်အေးချမ်းသာစွာ နေတော့ကွာ"

ယန်းတာလီသည် ဝမ်းသာအားရပြောလိုက်သည်။

"ကျေးဇူးတင်လိုက်တာဗျာ"

ထိုလူသည် စင်လုံအား ကပ်၍ဦးညွှတ်လိုက်လေသည်။

"ဒီကနေ့ကစပြီး ကျွန်တော်ဟာ ခင်ဗျားရဲ့တပည့် တစ်ယောက်ဖြစ်သွားပါပြီ-

ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ကျွန်တော့်ဆရာသမားအပေါ် ထိန်ဝှက်ထားစရာ၊ လျှို့ဝှက်ထားစရာ တစ်ခုမှမရှိတော့ဘူး။ ဒီတော့ ကျွန်တော့်ကိုမေးစရာရှိတာ မေးပါ၊ ကျွန်တော်သိသမျှ အားလုံး မချွင်းမချန်ပြောပါ့မယ်ခင်ဗျာ"

စင်လုံက ခေါင်းခါယမ်းပြလိုက်သည်။

"ငါ့မှာ ဘာမှ မေးစရာမရှိပါဘူးကွာ"

"ဟင့်အင်း ခင်ဗျားမမေးလဲ ကျွန်တော်ကတော့ပြောရမှာပဲ၊

ကျွန်တော့်ဝမ်းထဲမှာ ပြောချင်လွန်းတဲ့ စကားတွေရှိနေပါတယ်”

စင်လုံက ပြုံးလိုက်သည်။ ကျောင်းစုမန်းကမူ မျက်နှာထားတည်တည်ဖြင့် ကြည့်နေလေသည်။

ဝံကြောင်ကလေးနှင့် အားလုံးသောလူများမှာ ယန်တာလိ၏ စကားကို စိတ်ဝင်စားကြသဖြင့် နားစွင့်နေကြသည်။

ထိုလူက မည်သည်ကစ၍ ပြောရမည်ကို စဉ်းစားနေဟန်ဖြင့် ငြိမ်သက်စွာတွေးနေလေသည်။

“အင်း- တိမ်မင်းသမီးကို ပောဒီက အားလုံးကြားဖူးကြမယ်ထင်ပါတယ်၊ ဝမ်းလင်းဝါးရဲ့မိခင်ဟာ တိမ်မင်းသမီးရဲ့ညီမပါ-

လူတော် တော်များများဟာ ဒီလျှို့ဝှက်ချက်ကိုမသိကြပါဘူး။ ဝမ်းလင်းဝါးရဲ့မိခင်ကို သာမန်အရပ်သူတစ်ယောက်ပဲလို့ ထင်ချင်ထင်နေကြပါလိမ့်မယ်”

ထိုလူက သူ့စကားများကို လူအများ စိတ်ဝင်စား မစား အကဲခတ်ကြည့်လိုက်သည်။

လူများ စိတ်ဝင်စားကြောင်းတွေ့လိုက်ရသဖြင့် ပြောအားပို၍ ရှိသွားသည်။

“ဝမ်းလင်းဝါးဟာ သိုင်းပညာမှာ တော်တော်ကလေးကို တော်ပါတယ်၊ ဒီပညာတွေကို သူ့အမေကသင်ပေးတာပါ။ သူ့အမေက ဘယ်သူ့ဆီက သိုင်းပညာသင်ယူတယ်ဆိုတာတော့ ကျွန်တော် မသိပါဘူး-

ဒါပေမယ့် ကျွန်တော်သိထားတာ တစ်ခုတော့ရှိတယ်၊ သူတို့သားအမိတတ်ထားတဲ့သိုင်းပညာရပ်အချို့ဟာ သိုင်းလောကထဲက ပျောက်ဆုံးနေတဲ့ သိုင်းပညာရပ်တွေဆိုတဲ့အချက်ပါပဲ”



ချစ်ချစ်က ထောက်ခံလိုက်သည်။

“ကျွန်မ သတိရပြီ၊ ပေယန်းမြို့ပြင်ကဂူထဲမှာ ခရမ်းရောင်လက်ဝါးသိုင်းနဲ့ပတ်သက်ပြီး အားလုံး ယုန်ထင်ကြောင်ထင်ဖြစ်ကုန်ကြတယ်မဟုတ်လား-

အဲဒါ ဝမ်းလင်းဝါးရဲ့လက်ချက်ဖြစ်ရမယ်၊ အဲဒီဂူထဲမှာ လူတွေသတ်ထားတဲ့ လူသတ်သမားဟာလည်း ဝမ်းလင်းဝါးဖြစ်ရမယ်”

ယန်းတာလိက သူ့စကားကိုဆက်လိုက်သည်။

“အခု မီးလောင်သွားတဲ့အိမ်ဟာ၊ ဝမ်းလင်းဝါးပိုင်တဲ့အိမ်ပါ၊ ကျွန်တော်သိသလောက်ဆိုရင် အခုလို လျှို့ဝှက်တဲ့အိမ်မျိုး ဝမ်းလင်းဝါးတို့ဆီမှာ လေးငါး ဆယ်လုံးလောက်ရှိပါတယ်၊ ဒီအိမ်တွေမှာ ခုလို ဒုစရိုက်ကိစ္စတွေကို လုပ်လေ့ရှိပါတယ်-”

ဝံကြောင်ကလေးက စဉ်းစဉ်းစားစားမေးလိုက်သည်။

“ဝမ်းလင်းဝါးရဲ့ လုပ်ပုံကိုင်ပုံ၊ နေပုံထိုင်ပုံတွေဟာ သိပ်မရိုးသားဘူးဆိုတာ ကျုပ်သိတယ်၊ သူတို့မှာ ဘယ်လိုအကြံအစည်မျိုးရှိသလဲ၊ ဆိုလိုတာက ကြီးကြီးကျယ်ကျယ်အကြံအစည်မျိုးကိုပါ”

ယန်းတာလိက ခေါင်းခါယမ်းပြလိုက်သည်။

“ဒါတော့ ကျွန်တော်လည်း မသိဘူး။ သူတို့က ကျွန်တော့်ကို အဲဒီလောက် အတွင်းကျကျတော့ အသိမပေးဘူး။ သူတို့မှာ လျှို့ဝှက်ချက်တွေ ရှိနေတယ်ဆိုတာတော့ ကျွန်တော်ရိပ်မိတယ်၊ ဒီတော့ ခင်ဗျားပြောတဲ့ ကြီးကျယ်တဲ့အကြံအစည်ကြီးလည်း ရှိချင်လည်းရှိနေမှာပေါ့၊ ကျွန်တော် မသိလို့ဖြစ်ပါလိမ့်မယ်၊ တစ်ခုတော့ရှိတယ်၊ သိုင်းလောကထဲက ကျော်ကြားတဲ့သိုင်းသမားတော်တော်များများကတော့ သူတို့လက်အောက်ရောက်နေကြတယ်-”

ထိုလူက ချစ်ချစ်ကိုကြည့်၍ ပြောလိုက်သည်။

"ခင်ဗျားကို ပထမဦးဆုံးဖမ်းလာတုန်းက အင်္ကျီရှည်ကြီးဝတ်၊ ခေါင်းစွပ်နက်စွပ်ထားတဲ့လူကို ခင်ဗျားသတိရရဲ့လား"

"မှတ်မိတယ်၊ သိပ်မှတ်မိတာပေါ့၊ သူက ဘာထူးခြားလို့လဲ"

"ကျုပ်ပြောချင်တာက အဲဒီလူဟာလည်း ထိပ်သီးသိုင်းသမား တစ်ယောက်ဖြစ်မယ်ထင်တဲ့အကြောင်း ပြောမလို့ပါ။ တော်တော်အရေး ကြီးတဲ့ကိစ္စတစ်ခုဆိုရင် သူတာဝန်ယူရတယ်၊ ဒီတော့ သူဟာ သာမည သိုင်းသမားတစ်ယောက်ဖြစ်နိုင်ပါ့မလား"

"ရှင်က သူ့အကြောင်း သေသေချာချာမသိဘူးလား"

"ဟင့်အင်း မသိဘူး။ ကျုပ်အဆင့်က သူ့လောက်မှမရှိတာတဲ့"

"သူ့နာမည်ကို မသိဘူးလား"

"ရှွေငါးလို့ ပြောသံကြားဖူးတာပဲ"

ချစ်ချစ်မှာ တအံ့တသြဖြစ်သွားလေတော့၏။

"ဩော်- လက်စသတ်တော့ ရှွေငါးလည်း သူတို့လက်အောက် ရောက်နေတာကိုး။ တော်တော်ကျေးဇူးကန်းတဲ့လူပဲ၊ ဒါကြောင့် ကျွန်မ မသိအောင် ခေါင်းစွပ်နက်ကြီးစွပ်ထားတာကိုး။ ခုတော့ သိရပြီပေါ့လေ ဟင်း--"

ဝံကြောင်ကလေးက ကြားဖြတ်မေးလိုက်သည်။

"သူ့ကို ခင်ဗျားကသိလို့လား"

"သိသပေါ့ရှင်၊ သိပ်သိတာပေါ့၊ သူဟာ ကျွန်မတို့အိမ်မှာ အတော်ကြာအောင် နေထိုင်စားသောက်သွားခဲ့သေးတာပဲ၊ အင်မတန် ကျေးဇူးကန်းတဲ့လူမှန်း ခုတော့ သိရတာပေါ့လေ---"

"ဒီလောက်တင် ကျေးဇူးကန်းမှာ မဟုတ်ဘူးနဲ့တူတယ်၊



ခင်ဗျားတို့တစ်အိမ်လုံးကို တစ်ချိန်ချိန်မှာ ကောင်းကောင်းကြီး ဒုက္ခ ပေးလိမ့်ဦးမယ်နဲ့တူတယ်"

"ဟုတ်တယ်- ကျွန်မလည်း ဒီအချက်ကိုတွေးမိတယ်"

ကျင်းစုမန်းက လီချန်ချင်းဘက်သို့ လှည့်၍ပြောလိုက်သည်။

"ကဲ- ကျုပ်တို့ ဘာရှင်းပြစရာလိုသေးသလဲ"

ဟုမေးလိုက်လေ၏။

လီချန်ချင်းက သက်ပြင်းချရင်းပြောလိုက်သည်။

"ကျုပ်တို့က ထန်းပလက်စုတ်ကို နတ်ရုပ်ထင်ခဲ့မိသကိုး၊ဗျ ဝမ်းလင်းဝါးဟာ ဒီဂလောက်ကောက်ကျစ်စဉ်းလဲလိမ့်မယ်လို့ လုံးဝမထင် ခဲ့မိတာကတော့ ကျုပ်တို့ အမှားပါပဲ၊ အင်းလေ- အခုတော့ သိရပြီ ပေါ့၊ ဘယ်သူမဆို မိမိရဲ့ပင်ကိုယ်မူလ ဇာတ်သဘာဝကို စွန့်နိုင်ခဲတာ ချည်းပဲ၊ ခွေးကိုမင်းခြောက်ထားပေမယ့် တစ်ချိန်ချိန်မှာ ဒီခွေးဟာ ဖိနပ်ကိုကောက်စားမှာပါပဲ၊ ခုတော့ လူယုတ်မာဝမ်းလင်းဝါးရဲ့ သဘာဝ ကို အချိန်မီသိလိုက်ရတာပေါ့လေ"

စင်လုံက လီချန်ချင်းတို့လူစုအားကြည့်၍ လှမ်းမေးလိုက် သည်။

"ကဲ---ခင်ဗျားတို့အနေနဲ့တော်တော်ကလေး ရှင်းရှင်းလင်း လင်း ဖြစ်သွားလောက်ကြပါပြီ၊ ကျုပ်အပေါ်မှာ ဘာသံသယရှိကြသေး သလဲ၊ ရှိယင်လည်း ပြောကြပါဗျာ၊ ဘယ်ကိစ္စမဆို ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြေရှင်းတာဟာ အကောင်းဆုံးပါပဲ"

လီချန်ချင်းတို့အားလုံး ခေါင်းကို ငြိမ့်တုခါယမ်းလိုက်ကြသည်။

"မရှိတော့ပါဘူးဗျာ- လုံးဝမရှိတော့ပါဘူး"

သို့သော်-

လီချန်ချင်းပုံစံက တစ်စုံတစ်ခုကိုစဉ်းစားမိဟန်ဖြင့်-

"ဒါပေမယ့် တစ်ခုတော့ရှိသေးတယ်၊ ထင်အင်းရှန်တို့ သေဆုံးတဲ့ကိစ္စက တော်တော့်ကိုထူးဆန်းနေပါတယ်၊ အဲဒါ ခင်ဗျားလိုက်ကြည့်ရင် ကောင်းမယ်နဲ့တူတယ်"

"ခင်ဗျားပြောတာလည်းမှားတယ်လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် ခုချိန်မှာတော့ သိပ်ထူးခြားမှာမဟုတ်တော့ဘူးလို့ ကျုပ်ထင်ပါတယ်၊ သူတို့သေပုံကိုကြည့်ပြီးလည်း တရားခံကို ရုတ်တရက် ခန့်မှန်းနိုင်မှာမဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျားအနေနဲ့ ဘယ်လိုလုပ်ဖို့ စိတ်ကူးထားသလဲ"

"ကျုပ်သဘောကတော့ အခြေအနေကို စောင့်ပြီးအကဲခတ်တာဟာ အကောင်းဆုံးလို့ပဲထင်ပါတယ်၊ ကျုပ်အနေနဲ့ ခင်ဗျားပေးတဲ့ အကြံအတိုင်း အလောင်းတွေကိုလိုက်မကြည့်နိုင်တာက စောစောက သိပ်ထူးခြားမှာ မဟုတ်တဲ့အပြင် အဲဒီကို လိုက်ကြည့်ဖို့ ကျုပ်မှာ အချိန်မရလို့ဘဲ ဖြစ်ပါတယ်"

"ကိစ္စမရှိပါဘူးလေ၊ ကျုပ်တို့ သဘောပေါက်ပါတယ်၊ ဒီတော့ ကျုပ်တို့တွေ တရားဘက်တော်သားခွဲပဲ ပြန်သွားကြပါမယ်၊ အကြောင်းထူးယင်တော့ ကျုပ်တို့ကို သတင်းပို့ဖို့ မမေ့ပါနဲ့လို့ မှာကြားချင်ပါတယ်"

"စိတ်ချပါဗျာ- သိသင့်သိထိုက်တဲ့သတင်းမှန်သမျှ ခင်ဗျားတို့ သိရပါစေ့မယ်"

လီချုန်ခင်းသည် စင်လုံ၏စကားဆုံးသည်နှင့် ကျင်းစုမန်းဘက်သို့ အဖြေတောင်းသည့်အနေဖြင့် လှမ်းကြည့်လိုက်သည်။

ကျင်းစုမန်းက မည်သည့်စကားမျှမဆိုဘဲ ပခုံးကိုသာ တစ်ချက်တွန့်ပြလိုက်သည်။

လီချုန်ချင်းကြည့်သည့် အကြည့်မှာ-

ကျင်းစုမန်းခပ်ထားသည့် အကြောအခြင်အားပျော့စေသည့်



အဆိပ်ဖြေဆေးတောင်းခံသည့် အကြည့်ဖြစ်သည်။

ကျင်းစုမန်းက ဖြေဆေး သူ့၌မရှိကြောင်း အမူအရာဖြင့် ပြလိုက်ခြင်းသာဖြစ်သည်။

သူတို့၏ အမူအရာများဖြင့်ပြောဆိုနေသည်ကို တွေ့လိုက်ရသဖြင့် စင်လုံမှာ များစွာ အားတုံ့အားနာဖြစ်သွားလေသည်။

"ဒီဆေးဟာ ဖြေဆေးမရှိပါဘူး။ ဝမ်းလင်းဝါးကတော့ တော်တော်ကလေးနှံ့နှံ့စပ်စပ်ရှိတဲ့လူမို့ ထူးထူးခြားခြားဆေးဖော်ထားနိုင်တာပဲ၊ ကျုပ်တို့ မသိတဲ့ပညာတစ်ချို့ကို ဝမ်းလင်းဝါးရထားတာတော့ အမှန်ပဲ၊ ဒါပေမယ့် ခင်ဗျားတို့စိတ်ပူစရာမရှိပါဘူး-

တစ်နေ့တစ်ည အချိန်ကြာသွားတာနဲ့ သူ့အလိုလို အဆိပ်ပြေသွားမှာပါ"

လီချုန်ချင်း သက်ပြင်းချလိုက်သည်။

"အင်း- ဒီပုံအတိုင်းဆိုရင် ကျုပ်တို့ပြန်ဖို့ ခပ်ခက်ခက်ပဲ"

ဝံကြောင်ကလေးက ချစ်ချစ်အား မသိမသာတစ်ချက်လှမ်းကြည့်လိုက်ပြီး-

"ဒီအတွက်တော့ စိတ်မပူပါနဲ့ဗျာ၊ တရားဘက်တော်သားမြဝင်းရောက်တဲ့အထိ ကျုပ်လိုက်ပို့ပေးပါမယ့်"

ဟုပြောလိုက်လေ၏။

စင်လုံသည် ဝမ်းသာအားရဖြင့် ဝံကြောင်ကလေး၏ပခုံးကို ပုတ်လိုက်၏။

"ဒါဆိုရင် သူတို့အတွက် ကျုပ်စိတ်အေးသွားရပြီ၊ ကျေးဇူးတင်ပါတယ်ဗျာ"

စင်လုံသည် ယန်းတာလီဘက်သို့လှည့်၍ ညွှန်ကြားလိုက်သည်။

"မင်းကတော့ ဆရာတော်ထင်းဖန့်ကို လိုက်ပို့ပေးပါ။ နောက်ပြီး ဆရာတော်ထင်းဖန့်ဆီကပဲ ငါတို့ကိုစောင့်နေစေချင်တယ်၊ ငါတို့ မင်းဆီမှာ လာဆုံမှာပေါ့"

ယန်းတာလီက ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့၊ စိတ်ချပါ။ ခင်ဗျားရဲ့အမိန့်အတိုင်း တသွေမတိမ်း ဆောင်ရွက်ပါမယ်"

စကားဆုံးသည်နှင့် ယန်းတာလီသည် ဆရာတော်ထင်းဖန့်ကို ပေးမ၍ ထွက်ခွာသွားလေတော့သည်။

"ကောင်းလိုက်တဲ့ အစီအစဉ်တွေ၊ အားလုံးစနစ်တကျပဲ၊ ဒါပေမယ့် ဆိုးနေတဲ့တစ်ကွက်တော့ ရှိနေတယ်၊ ကျုပ်ကိုလုံးဝမေ့ထားကြတာပဲ၊ ကျုပ်ကိုတော့ ဘယ်သူက လိုက်ပို့မှာလဲ"

"မင်းအတွက် ဘာမှမပူနဲ့၊ မင်းကို ငါလိုက်ပို့ပေးမယ်"

ထိုစကားများကို ပြောလိုက်ကြသူများမှာ ကျင်းပုဟန်နှင့် ကျင်းစုမန်းတို့ဖြစ်ကြပါသည်။

ကျင်းစုမန်း၏ရေပိတ်စကား-

ပြောလိုက်သည့် အေးတိအေးစက်စကားသံကြောင့်-

ကျင်းပုဟန်မှာ လုံးဝ ဆက်မပြောရဲတော့ဘဲ ပါးစပ်ပိတ်သွားလေတော့သည်။

ချစ်ချစ်သည် ဝံကြောင်ကလေးအနီးသို့ လျှောက်သွားရင်း မေးလိုက်သည်။

"ရှင်- တကယ်ပဲ သွားတော့မလို့လားဟင်"

ဝံကြောင်ကလေးက ဦးခေါင်းကိုငုံ့ထားရင်း ဖြေလိုက်သည်။

"ဟုတ်တယ်- ကျုပ်သွားသင့်နေတာ ကြာနေပါပြီ"

"ကျွန်မ--ကျွန်မ စိတ်မကောင်းပါဘူးရှင်"



ချစ်ချစ်မှာ ပြောရင်း မျက်ရည်များစီးသွယ်ကျဆင်းလာလေတော့၏။

ဝံကြောင်ကလေးက ရယ်မောလိုက်ပြီး အားလုံးကိုနှုတ်ဆက်လိုက်သည်။

"ကဲ- အားလုံးပဲ နှုတ်ဆက်ခဲ့ပါတယ်ဗျာ၊ ကျုပ်သွားပြီ"

လီချန်ချင်းနှင့်ထင်းယင်တို့ကို တစ်ဘက်က ထိန်းလျက်၊ တစ်ဘက်က ရေခဲမျက်နှာကိုထိန်းကာ တောင်အောက်သို့ ဖြည်းညင်းစွာ ဆင်းသွားလေတော့၏။

ကျင်းစုမန်းက မှတ်ချက်ချလိုက်သည်။

"တကယ်တော့- ဝံကြောင်ကလေးဟာလည်း တကယ့်ယောကျ်ားကောင်းတစ်ယောက်ပါပဲလား"

ချစ်ချစ်က-

"စင်လုံ ရှင်ဘယ်သွားဦးမလို့လဲဟင်"

"အခုလောလောဆယ်တော့ ဘယ်မှမသွားသေးဘူး။ ဒီနေရာမှာပဲ နေရဦးမယ်"

"ရှင်- ဘာဖြစ်လို့"

"ဒီမှာနေစရာအကြောင်းရှိနေတယ် ချစ်ချစ်၊ ဒီဝီးလောင်သွားတဲ့အိမ်မှာ သဲလွန်စတွေ ရလိုရငြားရှာရဦးမယ်၊ ဝမ်းလင်းဝါးလို လူမျိုးကို ပေါ့ပေါ့လေးတွက်လို့မရဘူး။ သူနဲ့ပတ်သက်သမျှကို အဆက်အစပ်ရနိုင်သမျှရအောင် လုပ်ထားမှတော်ရုံကျမယ်"

ကျင်းစုမန်းက ကျင်းပုဟန်ကိုမေးငေါ့ပြရင်း-

"စင်လုံ- ဒီကောင့်ကိုရော ဘယ်လိုလုပ်မလဲ"

ဟုမေးလိုက်၏။

"ခင်ဗျား သဘောအတိုင်းပဲ စီရင်လိုက်ပါဗျာ-၊ ကျုပ်သ

ဘောတူပါတယ်"

ကျင်းစုမန်းထံမှ အတော်အတန် ရှည်လျားသောစကားသံကို ကြားလိုက်ရပြန်သည်။

ကျင်းစုမန်းသည် စကားရှည်ရှည်ပြောခဲလှ၏။ ပြောလျှင်လည်း မှတ်သားလောက်သည့် စကားများဖြစ်နေတတ်သည်။

"လူယုတ်မာကို နေ့တိုင်း နေ့တိုင်း နှစ်သိမ့်ဖျောင်းဖျနေပေမယ့် ဘယ်တော့မှ သူတော်ကောင်းဖြစ်မလာနိုင်ဘူး။

ခွေးမြီးကို မီးနဲ့ကင်၊ ဆီနဲ့နယ်၊ ကြိုးနဲ့ဖြောင့်မတ်အောင် ချည်ပြီး ဆယ်နှစ်ကြာအောင်ထားပြီးမှ ကြိုးကို ပြန်ဖြေကြည့်- ခွေးမြီးဟာ ကောက်မြဲ ကောက်သွားမှာပဲ၊

ဒီလူယုတ်မာပ..ာ ခွေးမြီးနဲ့တစ်ပုံစံထဲမို့လို့ ဒီလိုကောင်မျိုးကို သတ်ပစ်တာပဲ ကောင်းမယ်"

ကျင်းစုမန်းသည် စကားဆုံးသည်နှင့် ကျင်းပုဟန်၏လည်ကုပ်ကိုဆွဲ၍ ကျောက်ဆောင်အနောက်ဘက်သို့ ထွက်ခွာသွားလေတော့သတည်း။

စာစဉ်(၄)ပြီး၏။

စာစဉ်(၅) ဆက်လက်ဖတ်ရှုပါရန်